လွန်ခဲ့သောနှစ်ပေါင်း(၇၀)ကျော်က
စာရေးဆရာမကြီးဒဂုန်ခင်ခင်လေး၏
သီးခြားကလောင်အမည်တစ်ခုဖြစ်သည့်

# ကိုကိုလေး

ဟူသောအမည်ဖြင့်
ရေးသားခဲ့သော

# မော်ဆရာမှတ်တမ်း

## ပေါင်းချုပ်

အမှတ်(၈)

ဒုတိယအကြိမ်

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က
စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၏
သီးခြားကလောင်အမည်တစ်ခုဖြစ်သည့်

# ကိုကိုလေး

ဟူသောအမည်ဖြင့် ရေးသားခဲ့သော

# မော်ဆရာမှတ်တမ်းပေါင်းချုပ်

# အမှတ်(၈)

**တစ်ပြည်လုံးဖြန့်ချိရေး**

တော်ဝင်မြို့မစာအုပ်တိုက် နှင့်

အမှတ်(၁၅၉)၊ ၃၉–လမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း – ၃၈၈၆၂၃၊ ၃၇၉၂၃၈၊ ၀၉ ၄၉၅၀၈၈၃၄

# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ** - ဒေါ်သင်းသင်းမွန် (မြဲ-၀၄၂၃၂)
အမှတ်- ၁၀၊ ရတနာမြိုင်လမ်း၊
(၁၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးလှိုင်ဝင်းမိုး (အဌာရသပုံနှိပ်တိုက်)
အမှတ်- ၁၅၉၊ ၃၉ လမ်း၊
ကျောက်တံတားမြို့နယ်။

**စာအုပ်ချုပ်** - ဝင်းပပ

**ထုတ်ဝေခြင်း** - ပထမအကြိမ်
ဗမာ့ခေတ်သတင်းစာတိုက်
၁၉၆၀ - ခုနှစ်တွင် ပုံနှိပ်သည်။
ဒုတိယအကြိမ်
တော်ဝင်မြို့မစာအုပ်တိုက်
၂၀၁၂ - ခုနှစ်၊ ဒီဇင်ဘာလ

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၁၅၀၀ ကျပ်

ကိုကိုလေး ၈၉၅.၈၃

မော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ်- ၈ / ကိုကိုလေး - ရန်ကုန်။
တော်ဝင်မြို့မစာပေ၊ ၂၀၁၂။

၁၅၅ စာ၊ ၁၀.၅ စင်တီ × ၇.၃ စင်တီ

(၁) မော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ်- ၈

# မာတိကာ


၁။ သွေးသောက်ပတ္တမြားကြီး ၅

၂။ တို့ရှမ်းရွာ ၃၂

၃။ ဝိပါက ၅၅

၄။ လူခြောက်ကလေး ၈၇

၅။ ကဝေ့ငှီတာ ၁၁၈


❖ ❖ ❖

# သွေးသောက်ပတ္တမြားကြီး

(၁၉၃၅-ခု၊ ဧပြီလတွင်ရေးသားခဲ့သည်။)

ကျွန်တော်နှင့်ကျေးဇူးရှင်ဆရာကြီးတို့လည်း တပည့်လေးလှမောင်နှင့် အတူ ထီးလင်းရွာမှ ထဘီခြုံဆရာကြီး ဦးဖိုအမှူးရှိသော အောက်လမ်းသမား များကိုနိုင်နင်းအောင် ချေချွတ်ဆုံးမ တရားပြပြီးကြသည့်နောက် အနောက် မြောက်အရပ်သို့ ရှေးရှုထွက်လာခဲ့ကြရာ တောစခန်းတွင်စားချည် အိပ်ချည် သွားချည်နှင့်ပင် သုံးနေ့ဝင်၍ သုံးလထွက်ပြီး သုံးရက်တည်းဟူသော အချိန်ကို သွားရင်း လာရင်းနှင့်ပင် ကုန်ပြီးနောက် နောက်တစ်နေ့တွင် တစ်ခုသော ရွာကလေးအတွင်းသို့ ချင်းနင်းဝင်ရောက်မိကြလေ၏။

ထိုရွာကလေး၏အခြေအနေကို ကြည့်ရခြင်းအားဖြင့်ကား အထက် တစ်ကြိမ်တွေ့ကြုံခဲ့ရသော ထီးလင်းရွာကလေးကဲ့သို့ပင် ရွာသူရွာသားတို့မှာ ဆိုးဝါးရက်စက်၍ အောက်လမ်းပညာဘက်တွင် တစ်ဖက်ကမ်းခတ် တတ် မြောက်သူတွေဟု အကဲခတ်မိပေ၏။ သို့ရာတွင် ၎င်းတို့မှာ အထက်ရွာကဆရာ ကြီးဦးဖိုကဲ့သို့ ရန်လက်စမရှိခဲ့သည်တစ်ကြောင်း ဆရာကြီး၏အစွမ်းသတ္တိကို ပညာသည်တို့ဘာဝ အကဲခတ်မိသည်တစ်ကြောင်း၊ ၎င်းတို့မှာ ကျွန်တော် တို့အား တစ်စုံတစ်ရာရန်ရှာခြင်းအမှုကို မပြုကြပါ။ အမှုမဲ့ အမှတ်မဲ့အားဖြင့် သွားလာလုပ်ကိုင်လျက်ရှိလေ၏။

အထက်လမ်းနှင့် အောက်လမ်းပညာတို့မှာ "တစောင်းဆေးနှင့် မျက်ချေး" ကဲ့သို့ တစ်ဖက်တစ်လမ်းစီ ရှိကြလေရာ အထက်လမ်းဆရာတို့က ပဥ္စသီငါးပါး ခါးဝတ်ကဲ့သို့မြဲလျက် သရဏဂုံသုံးပါး လက်ကိုင်ထားကာ ကရုဏာ မေတ္တာတို့သည်လည်း အမြဲပွားများကြသူများဖြစ်၍ ၎င်းတို့အပေါ် ညှာတာသ နား ကရုဏာစိတ်ထားသော်လည်း ကမ္ဘာ့သစ်ငုတ် - ကမ္ဘာ့ခလုတ်ဟု အခေါ်ခံ ထားကြရသော အောက်လမ်းသမားတို့မှာ မေတ္တာ ကရုဏာ ခေါင်းပါးလျက် မည်သူ့အားမှ သနားကြင်နာ စိတ်မထားကြဘဲ မနိုင်ကာမှ ရှုံးချင်ရှုံး စုန်းကဝေ တို့၏ ဝါသနာအတိုင်း သတ္တိပြချင်သောအလေ့ ပညာပြိုင်ချင်သောအလေ့များ မှာ ၎င်းတို့တွင်များစွာပင် စိတ်အားထက်သန်ကြသည့်အတိုင်း အခုရေးသား ဖော်ပြလတ္တံ့သော အကြောင်းများဖြင့် ကောင်းစွာသိနိုင်ပေတော့အံ့သတည်း။

ကျွန်တော်တို့လည်း ဆရာကြီး၏အမိန့်အတိုင်း တည်းခိုနေထိုင်ရန်ရ နိုင်မည်ထင်သော အိမ်တစ်အိမ်သို့ ဝင်ရောက်ကာ ကျွန်တော်တို့မှာ ခရီးသည် များဖြစ်၍ တစ်ရက်နှစ်ရက် တည်းခိုနေထိုင်ရပါမည့်အကြောင်း တောင်းပန် လေရာ အိမ်ကြီးရှင်နှင့်တူသော အဒေါ်ကြီးလည်း မျက်နှာဆိုးဆိုး ရှုသိုးသိုးကြီး နှင့် ကျွန်တော်တို့အား ကြည့်ပြီးသော် -

"ဩော် - မောင်ရင်တို့က ခရီးသည်တွေလား တည်းချင်ရင် ကျုပ်တို့ အိမ်ပေါ်မှာ တော့ နေစရာမရှိဘူးတော်၊ ရွာလယ်ခေါင်မှာ တလင်းပြောင်ပြောင် နဲ့ မန်ကျည်းပင်ကြီးတစ်ပင်အောက်မှာ ဝါးဇရပ်ကတုံးကလေး ရှိလေရဲ့ အဲဒီ ဝါးဇရပ်ကတုံးကလေးဟာ ကျုပ်တို့ရွာလာသမျှ ခရီးသည်တွေ တည်းခိုသွားနေ ကျပဲ။ ရေအိုးစင်လည်း အပြည့်နဲ့ရှိလေရဲ့"

ဟု ကွမ်းစားလွန်းသဖြင့် ဂွတ်တက်ကာမည်းနေသော သွားခေါ်ကြီးကို ဖော်ကာ ကြောက်စရာအပြုံးကြီးပြုံး၍ ပြောလိုက်သောကြောင့် ကျွန်တော်လည်း ထိုအဒေါ်ကြီးကို ကြည့်ရခြင်းအားဖြင့် အသုဘ မကောင်းဆိုးဝါးကောင်ကြီးကို တွေ့မြင်ရသည်အလား များစွာစိတ်လေးလံမိလေ၏။

ထို့နောက် ဆရာကြီးထံသို့ပြန်၍ ၎င်းအဒေါ်ကြီးညွှန်ပြရာကို ပြော ပြလျှင် ကျေးဇူးရှင်ဆရာကြီးလည်း အနည်းငယ်ပြုံးရယ်လျက် -

"အေး- အေး သူတို့ပေးတဲ့နေရာမှာပဲ တည်းခိုကြတာပေါ့ တပည့်ရယ်"

ဟုဆိုကာ အဆိုပါရွာလယ်ရှိ ဇရပ်ကတုံးလေးသို့ လာခဲ့ကြရာ ပုဆိုးတစ်ပတ်ခန့်မျှရှိသော အရိပ်အာဝါသကောင်းလှသည့် မန်ကျည်းပင်ကြီးတစ်ပင်အောက်တွင် ပြောင်စင်သန့်ရှင်းသော မြေတလင်းနှင့် ဝါးဖြင့်ဆောက်လုပ်ထားသောဇရပ်ကတုံးလေးကိုတွေ့ရလျှင် -

ကျွန်တော်တွင် များစွာစိတ်ပျော်ရွှင်ခြင်း ဖြစ်မိလေ၏။ မန်ကျည်းပင်ရင်းရှိ ရေအိုးစင်ကလေးမှာလည်း သစ်လွင်နီရဲသော ရေအိုးကလေးတွင် ကြည်လင်အေးမြသော ရေတို့ဖြင့်ပြည့်လျက် ငှက်ပျောဖက်စိမ်းစိမ်းကလေးနှင့် ရေအိုးပေါ်တွင်အုပ်ထားသော ရေအိုး၏အောက်ခြေမှာလည်း စိမ်းလဲ့သောစပါးပင်များ ဝိုင်းအုံပေါက်နေခြင်းဖြင့် ပူပြင်းသောရာသီလည်းဖြစ်ပြန် ခရီးကလည်းအတန်ပန်းလာကြသည်ဖြစ်၍ ကျွန်တော်နှင့် လှမောင်တို့မှာ ကပျာကယာရေအိုးရှိရာသို့သွား၍ အားပါးတရသောက်တော့မည်ဟု ရေမှုတ်ကို အိုးအတွင်းသို့ ထိုးသွင်းလိုက်ပြီးနောက် ဆွဲနုတ်ယူလိုက်သောအခါ ကျွန်တော်နှင့် လှမောင်တို့မှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ အံ့သြခြင်းမက အံ့ကြီးသြ၍ နေရပေတော့၏။ ရေမှုတ်မှာ အိုးထဲကို စိုက်လိုက်ပြီးနောက် ပြန်နုတ်၍မရဘဲ ကျောက်တိုင်ကျောက်ခဲလို စွဲမြဲလျက် ဆွဲမရသောကြောင့် ကျွန်တော်လည်း

"ဟော့ - လှမောင်ရေ ဘယ့်နှယ်ဟာလဲကွ" ဟုမေးမိရာမှ ဆရာကြီးလည်း-

"ဟော့ - တပည့်တို့လာကြကွယ် ကိုယ့်မှာပါတဲ့ရေကိုသာ သောက်ကြပါ အမြင်လှတာကို မမက်ပါနဲ့"

ဟုပြောသောကြောင့် ကျွန်တော်တို့လည်း ကြောက်ရွံ့လာကာ ရေမှုတ်ကို လက်လွှတ်ပြီး ဆရာကြီးအနီးသို့ လာခဲ့ကြလေ၏။

ဆရာကြီးလည်း အရိပ်အာဝါသကောင်းသော မန်ကျည်းပင်ကြီးအားမော့ကြည့်ကာ -

"အင်း - တယ်ပြီး မျက်စိပသာဒအေးမြပေတယ်"

ဟု တစ်ယောက်တည်း ချီးမွမ်းကာ တစ်ဖန် ဇရပ်ကတုံးလေးကိုကြည့်လျက် ထိုဇရပ်ပေါ်တွင် တည်းခိုသွားသောခရီးသည်တို့ ခေါင်းအုံးသဖွယ် အသုံးပြုကြသဖြင့် ပြောင်လက်ချောမွေ့သော ကျောက်တုံးကြီးတစ်တုံးကို တွေ့ရပြန်သောကြောင့် အနည်းငယ်ပြုံးလိုက်သည်ကို မြင်လိုက်ရသောအခါ ကျွန်တော်လည်း ကျေးဇူးရှင်ဆရာကြီးကား အကြောင်းမဲ့ပြုံးရယ်ခြင်း မပြုတန်ရာ တစ်စုံတစ်ခုသော အကြောင်းကြောင့်သာဟု တွေးမိသဖြင့် ရှေးအဖို့ မည်သို့သော အရေးကိစ္စများတွေ့ကြုံရလေဦးမည်ဟု စဉ်းစားမိလေ၏။ ထို့နောက် ဆရာကြီးလည်း ဇရပ်ပေါ်သို့ ရှေ့မှနေ၍ တက်မည်ပြုရာ ဇရပ်သို့ တက်ရန်မှာ လှေကားမရှိ၊ လှေကားထစ်ကဲ့သို့ အသုံးပြုထားသော ကျောက်တုံးကြီးများသာရှိသဖြင့် ၎င်းကျောက်တုံးပေါ်မှနင်း၍သာ ဇရပ်ပေါ်သို့ရောက်ရန်ရှိရာ ဆရာကြီးလည်း မည်သို့သောအကြောင်းကြောင့်ဟုမသိ "တပည့်တို့ ဒီကျောက်တုံးပေါ်ကနင်းပြီး မတက်ကြနှင့် ဟိုဘက်ကတိုင်ငုတ်ကို အားပြုပြီးလွှားတက်ခဲ့ကြ"ဟု ပြောသောကြောင့် ကျွန်တော်နှင့်လှမောင်လည်း ကျေးဇူးရှင်ဆရာကြီးအမိန့်ရှိသည့်အတိုင်း ဇရပ်တစ်ဖက်မှ လွှား၍ တက်ကြလေ၏။

ဆရာကြီးသည်ကား ကျောက်တုံးများကို ခြေဖြင့်သုံးချက်စီ ဆောင့်နင်းတက်လာပြီးလျှင် ဇရပ်၏ ခေါင်းရင်းဘက်တွင်ထိုင်၍ ပုတီးစိပ်လျက် ဆိတ်ဆိတ်နေလေရာ ကျွန်တော်သည်ကား ဆရာကြီး၏ ထူးခြားစွာအမိန့်ရှိခြင်းကြောင့် ထိုကျောက်တုံးကိုနင်း၍ မတက်ရသည်ကိုသိလိုသဖြင့် ဇရပ်အစွန်းတွင်ထိုင်၍ ယခင်လှေကားထစ်သဖွယ် အသုံးချထားသော ကျောက်တုံးကြီးများကို စေ့စေ့စပ်စပ်ကြည့်ရှုရာ ကျောက်တုံးကြီးတွေမှာ ပကတိကျောက်တုံးအရိုင်းသက်သက်မဟုတ်ဘဲ အချို့မှာ ပေါင်လုံး၊ တင်လုံး၊ ရင်ဘတ်၊ ပခုံး စသောသဏ္ဌာန်များနှင့်တူနေ၍ ထပ်မံသေချာစွာ ကြည့်မိပြန်ရာမှ ကျောက်ရုပ်ကြီးတစ်ခု၏ အပိုင်းအစ အကျိုးအပဲ့တွေဖြစ်ကြောင်း ရိပ်မိသိရှိလေတော့၏။ သို့သော်ရွာကလေးမှာ တောင်ပေါ်ရွာကလေးဖြစ်သောကြောင့် အနိမ့်အမြင့် ကျောက်တုံးကျောက်ပြားများမှာ အတော်ပင် ထူထပ်ပေါများခဲ့သဖြင့် -

ထိုဇရပ်လှေကားလုပ်၍ထားသော ကျောက်တုံးများကိုလည်း သတိမထားမိသူတို့မှာ အခြားကျောက်တုံးများနှင့် အလားတူပင်ဖြစ်မည်ဟု ထင်မှတ်ကြရမည်ဖြစ်လေ၏။

ထို့နောက် ကျွန်တော်လည်း ဆရာကြီးအတွက်ပါလာသော ကော်ဇောတစ်ခုကို ဖြန့်ခင်းပြီးလျှင် လှမောင်လွယ်ထားသော ရေဘူးထဲမှရေများကို ခွက်ငယ်နှင့်ငှဲ့ကာ ဆရာကြီးအား အမောပြေသောက်ရန် အလိုက်သိစွာ သွား၍ပေးပြီးနောက် -

ကျွန်တော်တို့လည်း အမောအပန်းဖြေ ပါသောရေကိုပင်သောက်ကြလျက် ကိုယ်လက်ဆန့်တန်းကာ အညောင်းအညာများဖြေမိရင်း ဇရပ်၏ခေါင်းရင်းဘက်ရှိ ခေါင်းအုံးသဖွယ် အသုံးပြုထားဟန်ရှိသော ကျောက်တုံးကြီးကို ဂရုစိုက်၍ကြည့်မိပြန်ရာ ထိုကျောက်တုံးကြီးမှာ လူ၏ လက်နှင့် တွေ့ထိဖန်များသဖြင့်ပြောင်စင်ချောမွတ်၍ နေသော်လည်း တစ်ခုလုံးစင်းလုံးချောမဟုတ်ဘဲ ကျောက်တုံးမှာ အဖုတွေ အခွက်တွေ ပိန်ပိန်ဖောင်းဖောင်း နှာခေါင်းလိုလို၊ မျက်လုံးလိုလို၊ မသဲမကွဲသဏ္ဌာန်များကို တွေ့ရပြန်သဖြင့် ထပ်ဆင့်စုံစမ်းပြန်မိသောအခါ ထိုကျောက်တုံးကြီးမှာ လှေကားသဖွယ် အသုံးပြုထားသော ကျောက်ရုပ်ကြီးမှ ဦးခေါင်းပြတ်ကြီးဖြစ်နေမှန်းသိရလျက် ထိုခေါင်းပြတ်ကြီးမှာလည်း ရိုးရိုးလူရုပ်မျိုး မဟုတ်ဘဲ အစွယ်ကြီးများပြူးထွက်နေလျက် ဒေါသထွက်၍ အံကိုက်နေသော ပါးစပ်ကြီးမျိုးတွင် ကောက်ကွေ့ဖုချိုင့်သော နှာယောင်ကြီးသည်လည်းကောင်း၊ ခေါင်းမှဆံလိပ်သဖွယ် အဖုအဖု အတွန့်အတွန့်နှင့် ဘီလူးခေါင်းကဲ့သို့ ပုံသဏ္ဌာန်များဖြစ်ပေါ်နေပြီးလျှင် မျက်ခုံးကဲ့သို့ မကွေးမကောက်ရှိသော သဏ္ဌာန်အောက်တွင် မျက်လုံးသဏ္ဌာန်မှာ ကျောက်သားတွင် ဂုံညင်းခန့်မျှ မောက်ကြွကြွ အဖုတစ်ခုကိုတွေ့ရလျက် ဘယ်ဘက်မျက်လုံးနေရာတွင်ကား ထိုအဖုမျိုးကို မတွေ့ရဘဲ ဟောက်ပက်ကြီးဖြစ်ကာ ထိခိုက်ပွန်းပဲ့ရာတို့သာလျှင် ရှိလေရာ ၎င်းကိုအတိုချုပ်၍ ရုပ်လုံးပေါ်အောင် ရေးရမည်ဆိုသော် ကျောက် ဘီလူးခေါင်းပြတ် မျက်စိတစ်ဖက်လပ်ကြီးပင် ဖြစ်ပေ၏။

ကျွန်တော်လည်း ထိုအရုပ်ကြီးမှာ မည်ကဲ့သို့သော အရုပ်ပျက်ကြီး ဖြစ်ပါလိမ့်မည်နည်း။ ကျောင်းကန်ဘုရားနားတွင် ထားလေ့ရှိသော ဝသုန္ဒြေရုပ်နှင့် အလားတူသင်ပုတ်ခွက်ကို ရွက်သော ဘီလူးရုပ်မျိုးပေလော၊ သို့တည်းမဟုတ် အဘယ်ကဲ့သို့သော အရုပ်မျိုးဖြစ်လေသနည်းဟု တွေးတောစဉ်းစားလျက် ထိုကျောက်ရုပ်ခေါင်းပြတ်ကြီးပင် တစိမ့်စိမ့်ကြည့်နေမိရာ အရုပ်ကြီးမှာ ကြည့်ရင်းကြည့်ရင်းပင် ပီသလာလျက် အစွယ်နှစ်ဖက်နှင့် မဲ့ခွက်သောပါးစပ်ကြီးမှာလည်း နီညိုညစ်ပုတ်သော အစေးတွေပေလျက်ရှိသည်ဖြစ်ရာ ထိုနီညိုသော အစေးတို့မှာ ကျွန်တော်၏စိတ်ထင်အားဖြင့် သွေးစ သွေးနများသာဖြစ်မည်ဟု တွေးထင်မိပြီးလျှင် အကယ်၍ သွေးများဖြစ်လည်း ဤကျောက်ရုပ်ကြီးသို့ မည်သည့်နည်းနှင့်ပေကျံနေလေသနည်းဟု တစ်နည်းအားဖြင့် စဉ်းစားပြန်ရာလည်း တွေး၍မရ အစမပေါ်နိုင်အောင်ရှိလေသတည်း။ ထိုကဲ့သို့ရှိစဉ်လှမောင်လည်း ထိုကျောက်ရုပ်ကြီးကိုကြည့်မိပြီး ရုတ်တရက် "အလို ဟိုကျောက်တုံးကြီးဟာ ဘီလူးခေါင်းပုံကြီးပါလား ဆရာရဲ့" ဟု ပြောကာ ထသွားပြီး ကိုင်ကြည့်မည်လုပ်လျှင် ဆရာကြီးလည်း ပုတီးစိပ်ရာမှ လှည့်ကာ -

"ဟဲ့ ဟဲ့ ဒါကိုသွားမကိုင်နဲ့"

ဟုအမိန့်ရှိလိုက်သဖြင့် လှမောင်လည်း ဆရာကြီးအကြောင်းမဲ့ မပြောတန်ရာဟု နောက်တွန့်ကာ အသာငြိမ်၍နေပြီးလျှင် ထိုကျောက်ဘီလူးခေါင်းပြတ်ကြီးကိုပင် ကြောက်ရွံ့သောမျက်နှာဖြင့်စိုက်ကာ ကြည့်နေသောကြောင့် ကျွန်တော်လည်းတစ်စုံတစ်ခု ထူးခြားလေပြီဟု သိရှိရိပ်မိသဖြင့် ဆရာကြီးက မည်ကဲ့သို့ဆက်လက်အမိန့်ရှိမည်ကိုသာ စောင့်စားမျှော်လင့်၍ နေမိလေ၏။

သို့နှင့် ဆရာကြီးလည်း နောက်ထပ်မည်ကဲ့သို့မျှ မပြောသေးဘဲ တိတ်ဆိတ်စွာ ပုတီးစိပ်၍နေခဲ့ရာ ညနေ (၅) နာရီအချိန်မျှလောက်ရှိလာလေ၏။ ရွာ၏ဓလေ့အတိုင်း ရွာသူရွာသား ကလေးသူငယ်တို့၏ အော်သံ၊ ခေါ်သံ ကစားသံတို့ဖြင့်လည်းကောင်း၊ ကလေးငိုသံ၊ ပုခက်လွှဲသံ၊ ဆဲရေးသံတို့ဖြင့်လည်း

ကောင်း စားကျက်မှနွားများသွင်းလာချိန်ဖြစ်၍ နွားသံ၊ ဆိတ်သံ၊ အိပ်တန်း တက်မည့် ကြက်ငှက်သံတို့ဖြင့် ဆူညံ၍နေလေ၏။ ထိုခဏ၌ ရွာရှိမိန်းမများ အနက် အသက်အရွယ်ကြီးသော မိန်းမကြီးလေးငါးယောက်မှာ ယောထဘီ ရင်လျားနှင့် ပေရေညစ်နွမ်းသော ပဝါကြီးများကို လောဘဲတင်၍ခြုံကာ ထမင်း အုပ်များ ကိုယ်စီပိုက်လျက် ဇရပ်ပေါ်သို့ တက်လာကြပြီးလျှင် ကျွန်တော်အား-

"ဟော့ -မောင်ရင်၊ ရော့-ရော့၊ မင်းတို့က ဧည့်သည်မို့ တို့ကဧည့်ဝတ် ကျေအောင် တမင်လာပို့ရတာဟေ့၊ ကဲ-ကဲ အုပ်ပါယူထားလိုက်ပါကွယ်။ မင်း တို့ပြန်မှ ငါတို့လာသယ်ပါမယ်"

ဟု ဆိုးဝါးသောမျက်နှာထားကြီးတွင် မာနသံခပ်ပါပါနှင့် ပြောလေရာ ကျွန်တော်လည်း-

"ဩော်-ဩော်၊ ကောင်းပါပြီခင်ဗျာ၊ အင်မတန်ကျေးဇူးတင်ပါတယ်"

ဟု သာ . . .

အလိုက်သင့်ပြောလျက် ၎င်းတို့ ရွက်ယူလာသော ထမင်းအုပ်များကို ယူထားလိုက်ရလေ၏။

ကျွန်တော်လည်း အကြောင်းကိုမရိပ်မိသဖြင့် ကျေးဇူးရှင်ဆရာကြီး အား ညအံလို့ငှါ သက်သတ်လွတ်ဟင်းများ ပါလိုပါငြားဟု ထမင်းအုပ်များကို ဖွင့်ကြည့်လိုက်လျှင် တောခေါင်ခေါင်ရွာငယ်ကလေးတွင် ဖြစ်လင့်ကစား ချက် ပြုတ်ထားသော ဟင်းလျာတို့မှာ မွှေးကြိုင်သင်းပျံ့သော ရနံ့တို့ဖြင့် ပူပူနွေးနွေး အငွေ့ကလေးတွေသင်းလျက်ရှိကြသော ကြက်ကောင်လုံးကြော်၊ ငါးကောင်လုံး ကြော်၊ ပုဇွန်ထုပ်ကွေးကြီးများအပြင်၊ ဝက်သားနှင့် အမဲနှပ်တို့သာဖြစ်နေ၍ ဟင်းသီးဟင်းရွက်ဟူ၍ကား တစ်ခွက်မျှမပါသဖြင့် ထိုထမင်းဟင်းတို့မှာ ကျွန်တော်တို့အဖို့သာဖြစ်သောကြောင့် အမှတ်မဲ့ထားလိုက်ရာ-

တစ်နေ့လုံးခရီးပန်းသဖြင့် ဆာလောင်မွတ်သိပ်လာသော လှမောင် လည်း ထမင်းအုပ်များကိုဖွင့်ကြည့်ကာ-

"ဟာ- တယ်နိပ်ပါကလား၊ စားချင်စရာတွေချည်းပဲဆရာရေ၊ ကျွန်တော်တော့ ဆာဆာနဲ့ သွားရည်တွေတောင်ကျလာပြီ"

ဟု ပြောကာ အစားအတွက် ကြွေပျက်နေသည်ကိုတွေ့ရလျှင် ကျွန်တော်လည်း-

"ဟေ့ -လှမောင်၊ မင်း- သိပ်ဆာနေပြီလား။ အေး- အေး-ဆာရင်လဲ ထမင်းအုပ်တစ်ခု ယူစားနှင့်ကွယ်။ ငါတော့ ဆရာကြီးပြီးတော့မှ စားမယ်ဟေ့"

ဟု ပြောလိုက်သောကြောင့် လှမောင်လည်း စားချင်ဇောနှင့် ကတောကမျော ထမင်းအုပ်ကိုဖွင့်ကာ အားပါးတရစားတော့မည်ပြုစဉ် ပုတီးစိပ်နေသောဆရာကြီးလည်း-

"ဟဲ့ -ဟဲ့ -သူငယ်၊ ဆိုင်းဦး ဆိုင်းဦး၊ မစားနဲ့ဦး ဟဲ့"

ဟု ပြောပြောဆိုဆို ထလာသဖြင့် လှမောင်လည်း အံ့အားသင့်လျက် စားတော့မည်ပြုရာမှ ကြောင်ကြည့်နေလေ၏။

ကျေးဇူးရှင်ဆရာကြီးသည်ကား ချထားသောထမင်းအုပ်အားလုံးကို ဖွင့်စေလျက် တစ်စုံတစ်ခုကိုရွတ်မန်းကာ ဟင်းပန်းကန်၊ ထမင်းပန်းကန်တို့ကို လက်ဖြင့်စေ့အောင်လိုက်၍တို့လေရာ ယခင်ပူပူနွေးနွေး မွှေးမွှေးကြိုင်ကြိုင်၊ ရှိကြကုန်သော ဟင်းလျာတို့မှာ ရွံစရာအတိ ပိုးလောက်တို့ဖြင့် ပြည့်သော မစင် ဘင်ပုပ်နှင့် အမှိုက်သရိုက်တို့သာလျှင်ဖြစ်လေကုန်၏။ အကျယ် ဝိတ္ထာရ ဖွင့်၍ ရေးသားရမူ ပူနွေး၍အငွေ့ တထောင်းထောင်းထလျက် ဖြူရွှသော ထမင်းတို့မှာ ရွံစရာနွားချေးချပ်ကြီးဖြစ်သွားပြီးလျှင် မွှေးကြိုင်သောဝက်သားနှပ်၊ အမဲနှပ်တို့ကား၊ ကျင်ငယ်ရေတွင်ပေါလောမျောနေသော ပိုးလောက်တဖွားဖွားနှင့် မစင်တုံးတွေဖြစ်သွားပြီး ကြက်ကောင်လုံးကြော်ကြီးမှာလည်း ပေရေညစ်ညမ်းသော ထဘီစုတ်ကြီးတစ်ခု လုံးထွေးထားသည့်မျှသာဖြစ်ပြီးလျှင် ငါးကြော်ကောင်ကြီးများမှာလည်း ဖိနပ်မီးတိုရန်စုံကြီးဖြစ်လျက် ပုဇွန်ထုပ်ကြော်ကွေးကွေးကြီးကား နွားသားရေအတိုအစတွေ စုထည့်ထားသည့်မျှသာ ဖြစ်နေသည်ကို ကွင်းကွင်းကွက်ကွက် မျက်လှည့်ပြသလို တွေ့မြင်ရလျှင် ကျွန်တော်ကလည်း များစွာအံ့အားသင့်၍သွားလျက် မြိန်ရှက်စွာစားမည်ချိန်နေသော လှမောင်တွင်ကား သွားရည်ယိုခဲ့သည်များ ပျောက်ပျက်ကာ အဆိုပါ

အညစ်အကြေးတို့ကိုကြည့်လျက် တဝေါဝေါပျို့၍နေလေရာ ကျွန်တော်လည်း လှမောင်ကိုကြည့်ပြီး တခိ ခိရယ်မောမိလေ၏။

ကျေးဇူးရှင်ဆရာကြီးလည်း . . .

"ကဲကဲ-တပည့်တို့ သူတို့ထမင်းအုပ်ကိုပြန်ဖုံးထားလိုက်ပါကွယ်။ လာယူတဲ့အခါ သူတို့ပေးတာမစားတဲ့အပြင် ဇာတိရုပ်ဖော်ထားလို့ အတော်ဝမ်းနည်းသွားရှာကြမှာ မြင်သေးတယ်"

"ဟော့- သူငယ်၊ လာဦး-လာဦး၊ ဟောဟိုရေအိုးစင်က ရေအိုးထဲကို သွား၍ကြည့်ချေဦး"

ဟုဆိုသဖြင့် လှမောင်လည်း ပျို့အန်ရာမှရေအိုးစင်ဆီသို့သွား၍ ကြည့်ပြီး မျက်နှာကြီးရှုံ့မဲလျက် ကျွန်တော့်မျက်နှာလှမ်းကြည့်ပြီး-

"ထွီ"- ဆရာလေး တစ်အိုးလုံးလောက်တွေမှဖွေးလို့ဗျ၊ အရင်ကအေးပြီး ကြည်နေတဲ့ရေလေးဟာ စင်စစ်တော့ ဒီလောက်တွေပါလား။ အမယ်လေး- သောက်မိရင် ငါးပါးအမှောက်ပါပဲဗျ"

ဟု ပြောရာ ကျေးဇူးရှင်ဆရာကြီးလည်း ပြုံးလျက်-

"အေး-အေး-ငါတပည့်တို့ သတိလက်မလွတ်စေနဲ့၊ သူတို့ဟာ တို့ကို ပညာစမ်းတာပဲ၊ ကဲ-ကဲ- ကိုယ့်မှာပါတဲ့ ငှက်ပျောသီးကလေး မုန့်ကလေးများသာ စားကြဟေ့ ဘာတွေ့တွေ့ထူးတယ်လို့ မကိုင်မတွယ် မစားမသောက်လိုက်လေနဲ့ ကြားလားဟေ့"

ဟုအမိန့်ရှိသဖြင့် ကျွန်တော်တို့လည်း ဆရာကြီးအမိန့်အတိုင်း လိုက်နာနေထိုင်ရာ နေလည်း တဖြည်းဖြည်းမှောင်ကျလာသည်ကိုတွေ့ရလေ၏။

ကျွန်တော်တို့လည်း ပါလာသောငှက်ပျောသီး မုန့်များကို ညစာအဖို့ စားသောက်ကြပြီးနောက် ဆရာကြီးမှာခေါင်းရင်းဘက်တွင်ထိုင်ကာ ပုတီးစိပ်နေပြီဖြစ်၍ ခြေရင်းဘက်တွင် ဖယောင်းပုဆိုးတစ်ခုကို ဖြန့်ခင်းကာ လွယ်အိတ်ကိုခေါင်းအုံးပြုလျက် အညောင်းပြေလဲလျောင်းနေရင်း ညနေခင်းကမျက်လှည့်ပြသောထမင်းပွဲတို့အကြောင်းကို လှမောင်နှင့်ပြောဆိုနေကြလေ၏။

ထိုနေ့ညကား လပြည့်နေ့ဖြစ်သဖြင့် ကောင်းကင်တွင် ဘော်ငွေစင် အဆင်းနှင့်တူသော လပြည်ဝန်းကြီးမှာ အရှေ့လောကဓာတ်မှ ထင်ထင်ရှားရှား ကြီး ထွက်ပေါ်လာသဖြင့် ကျွန်တော်တို့တည်းခိုသော ဇရပ်လေးမှာ မီးမထွန်းရ သော်လည်း များစွာမှောင်မိုက်ခြင်းမရှိလှပေ။ လှမောင်လည်း စကားပြောရာမှ တစ်ရွာလုံးတိတ်ဆိတ်ငြိမ်သက်လျက် ဘယ်အိမ်ကမျှလည်း မီးရောင်လက် လက်မမြင်ရသည်ကိုတွေးမိကာ-

"ဒါနဲ့ဆရာ၊ ဒီရွာကအိမ်တွေဟာလဲ မီးလဲမထွန်းပါလားဆရာရဲ့၊ ဘယ့်နှယ်ဟာတွေလဲ"

ဟုပြောသောကြောင့် ကျွန်တော်လည်း-

"အေး- ဟုတ်ပါရဲ့ ဒါပေတဲ့ကွယ် ဒီလောက်တောခေါင်ခေါင်ကျတဲ့ နေရာဆိုတော့ ရေနံဆီတွေ၊ ဖယောင်းတိုင်တွေ ရှားရှားပါးပါးဝယ်ရလို့ စရိတ် ကုန်သက်သာအောင် မီးမထွန်းဘဲနေတာထင်ပါရဲ့"

ဟုပြောလိုက်သဖြင့် ကျေနပ်ကာ တစ်ဖက်သို့ ငြိမ်သက်စောင်း၍ နေလေ၏။

သို့နှင့် အတန်ကြာလျှင် တစ်ရွာလုံးမည်းမှောင်နေသော အိမ်များ သည် တစ်ပြိုင်နက်တည်း ပြိုးပြိုးပြောင်ပြောင်အရောင်တွေနှင့် ဝင်းထိန်လာ လေ၏။ တချို့အိမ်များမှာ မီးစိမ်း၊ မီးဝါ၊ မီးနီစသည်ဖြင့် မီးပန်းရှို့ထားဘိအလား လင်းလင်းလက်လက် အရောင်မျိုးစုံထွက်၍နေသည်ကိုတွေ့ရလျက် တချို့ လည်း ကောင်းကင်သို့တက်ကာပင် ဝင်းလက်သောအရောင်များ ပျံထွက် ကွန့်မြူးနေသည်ကိုတွေ့ရလျှင် ကျွန်တော်လည်း အငြိမ်မနေနိုင်ဘဲ-

"ဟော့ -ဟော့ -လှမောင်၊ အိပ်ပြီလားကွ- ထပါဦး၊ ဒီမှာကြည့်စမ်း၊ မီးမထွန်းဘူးလို့ မင်းကပြောတယ်မဟုတ်လား။ ကဲ- အခုကြည့်စမ်း၊ ထွန်းလိုက် တဲ့မီးတွေမှ သီတင်းကျွတ်လမီးထွန်းပွဲကျနေတာပဲ"

ဟုပြောလိုက်လျှင် လှမောင်လည်းထကြည့်ကာ အံ့အားသင့်လျက်-

"ဟာ-ဟုတ်ပါရဲ့ဆရာ၊ ကျွန်တော်တို့ကဲ့ရဲ့တာမခံချင်လို့ ထထွန်းကြ

တာထင်တယ်။ သူတို့ကပညာသည်တွေဆိုတော့ ကျွန်တော်တို့ပြောတာ ကြားချင်ကြားမှာဆရာရဲ့၊ ဖွဟဲ့- ဒူးမပြောနဲ့ ပေါင်မပြောနဲ့"

ဟုဆိုသောကြောင့် ကျွန်တော်လည်းအတော်ပင် ရယ်လိုက်ရလျက်

"မဟုတ်ဘူးကွ ဒီဟာကိုမင်းက တကယ်မီးထွန်းတယ်ထင်လို့လား၊ စုန်းတောက် စားတာခေါ်တယ်ကွဲ့။ လပြည့် လကွယ်မှာစုန်းမှန်ရင် မတောက်စားဘဲမနေနိုင် ဘူးကွဲ့။ ဒီနေ့လပြည့်နေ့မို့လို့ စုန်းတို့ဘာဝတောက်စားကြတာကလား"

ဟုပြောသောအခါမှ လှမောင်လည်းကြောက်ရွံ့စွာဖြင့်-

"ဟင်-ဆရာ ဒါဖြင့်ဒီရွာဟာလဲ စုန်းရွာကြီးပေါ့"

ဟုဆိုသောကြောင့်-

"အေး-စုန်းရွာပေါ့၊ စုန်းရွာမို့ညနေက သူတို့ပညာနဲ့ ရွံစရာမစင်တွေကို ဝက်သားဟင်းထင်အောင် ဖန်ဆင်းပြီးလာပို့တာပေါ့၊ မင်းတောင်တကယ်မှတ်ပြီးစားတော့မလို့ ကံကောင်းလို့"

ဟု ဆိုလျှင်-

"ဟာ- ဆရာကလဲ ကျွန်တော်ကမသိလို့စားမယ်လုပ်ထားဦး၊ ဆရာကကောဘာဖြစ်လို့စားခိုင်းရတာလဲ၊ ခိုင်းတာက မင်းဆာရင်စားနှင့်ဆိုတော့ ဆရာလဲဆာရင်စားဦးမလိုကိုး၊ ဒီတော့ ကျွန်တော်က စားမယ်လုပ်တာပေါ့"

ဟုဆိုသောကြောင့် ကျွန်တော်လည်းရယ်မောကာ-

"အေးကွာ- ငါကလဲ မတွေးမိသေးဘဲကိုကွဲ့၊ အမှတ်တမဲ့ဆိုတော့ ဒီလိုပေါ့"

ဟုပြောရင်း အဆိုပါစိမ်းစိမ်း ဝါဝါတွေကိုကြည့်နေရာမှ တဖြည်းဖြည်းညဥ့်နက်လာခဲ့ရာ လပြည့်ဝန်းကြီးမှာလည်း တဖြည်းဖြည်းမြင့်၍မြင့်၍ တက်ခဲ့သည်ဖြစ်သောကြောင့် ဇရပ်ပေါ်သို့မန်ကျည်းပင်ရိပ်များဖုံးလွှမ်းကာ အနည်းငယ်မှောင်မိုက်၍နေလေ၏။

လှမောင်လည်း စကားပြောရာမှ သန်းဝေကာ-

"ကဲ-ကျွန်တော်အိပ်တော့မယ်ဆရာ"

ဟု ဆို၍ တစ်ဖက်သို့စောင်းပြီးလျှင် အတန်ငယ်ငြိမ်သက်၍သွားသောကြောင့် ကျွန်တော်လည်း တစ်ယောက်တည်းကြောင်၍နေလေ၏။ ခေါင်းရင်းတွင် လဲလျောင်းကာ ပုတီးစိပ်နေသောကျေးဇူးရှင်ဆရာကြီးကား ညဥ့်နက်မှန်နက်အထိ အဓိဋ္ဌာန်ပုတီးဖြည့်ပြီး မည်သူကိုမျှ စကားပြောမြဲမဟုတ်သည့်အတိုင်း ငြိမ်သက်တိတ်ဆိတ်၍နေလေ၏။

ထိုသို့ အဖော်မရှိဘဲ တိတ်ဆိတ်သောအခါတို့တွင်ကား ကျွန်တော်၏မေ့မေ့ပျောက်ပျောက် လုပ်ထားသော ကိုယ်တွင်းရေးကိစ္စများကို တပြုံတခေါင်းကြီး ပြန်၍သတိရပြန်ကာ တွေးတောဆွေးမောခြင်းတည်းဟူသော ရေယဉ်ကြောတွင် နစ်မျောခြင်းကြီးမက နစ်မျော၍နေပေတော့၏။

ထိုသို့ ငြိမ်သက်တိတ်ဆိတ်စွာရှိစဉ် ကျွန်တော့်ဘက်သို့ ကျောပေး၍အိပ်နေသော လှမောင်၏လက်သည် ကျွန်တော်၏လက်မောင်းကို ကုတ်၍ကုတ်၍နေသည်ကို သိရသဖြင့် ကျွန်တော်လည်း မည်သည့်အကြောင်းကြောင့်နည်း သို့တည်းမဟုတ်ယောင်၍ပင်နေလေသလောဟု တွေးတောနေမိစဉ်ယခင်ကဲ့သို့လက်ဖြင့် ကုတ်ပြန်ကာ ပါးစပ်မှတီးတိုးလေသံဖြင့်-

"ဆရာ-ဆရာ- ကျွန်တော့်ဘက်ကို အသာလေးလှည့်ကြည့်စမ်းပါဆရာ"

ဟုဆိုမှ ကျွန်တော်လည်း လှမောင်တွင် တစ်စုံတစ်ခုထူးခြားတာကို မြင်ရပြန်ပြီဟုတွေးမိလျက် တဖြည်းဖြည်းခြင်းငြိမ်သက်စွာ တစ်ဖက်သို့လှည့်ကြည့်ရာ ရုတ်တရက်ကား ဘာမျှမမြင်ရသောကြောင့် တီးတိုးလေသံဖြင့်ပင်-

"ဟေ့- လှမောင် ဘာလဲကွ၊ ငါဘာမှမမြင်ရပါလား"

ဟု ဆိုရာ

"အို- သေသေချာချာကြည်ပါဦး ဆရာရဲ့ ဟို- ကျောက်ဘီလူးခေါင်းကြီးလေ ကြည့်ဆရာ ကြည့်ကြည့်၊ ဟော-မြင်ရဲ့လား။ ပါးစပ်ကြီးလှုပ်နေတယ်၊ လျှာကြီးနဲ့ နှုတ်ခမ်းကို သိမ်းနေပြီဆရာ ဘာလုပ်မလို့လဲမသိဘူး"

ဟု ပြောသဖြင့် ကျွန်တော်လည်းညနေကပင် အတော်မသက်ာဖြစ်နေသော ကျောက်ဘီလူးခေါင်းကြီးကိုကြည့်လိုက်ရာ ကျွန်တော်၏တစ်သက်တွင်

မကြုံဖူး မကြားဖူးသော အခြင်းအရာတို့ကို တွေ့မြင်ရသောကြောင့် ရုတ်တရက် အံ့ဩ၍ မကုန်နိုင်အောင်ရှိလေ၏။

ညနေက ကျောက်သားပကတိတွင် မပီမပြင်သော ကျောက်ဘီလူး ခေါင်းပြတ်ကြီးမှာ လူပကတိကဲ့သို့ အသက်ဝင်၍လာပြီးလျှင် ပါးစပ်ကြီးကို တလှုပ်လှုပ် တပြင်ပြင်လုပ်နေပြီး လျှာကြီးဖြင့် အစွယ်များ နှုတ်ခမ်းများကို လျက်၍နေသောကြောင့် ညနေက မသက်ာရုံမျှတွင်ရှိ၍ ယခုမှတိုးတက် ကြောက်လန့်မိပြန်တော့၏။

ကျွန်တော်လည်း မလှုပ်ဝံ့ဘဲ တစ်ယောက်ကို တစ်ယောက်လက် ကုတ်ကာ ငြိမ်သက်စွာ ကြည့်နေကြစဉ် ထိုကျောက်ဘီလူးခေါင်းကြီးမှာ တိုး၍ လှုပ်ရှားကာ တစ်ဖက်တည်းသာရှိသော မျက်လုံးကြီးမှာလည်း ညနေကမပီမသ မျက်ခမ်းချင်း တစ်သားတည်းထိစပ်နေပါလျက် ယခုမှာမူ လူကဲ့သို့ သွက်လက် စွာ မျက်တောင် ခတ်၍လာပြီးလျှင် မျက်တောင်ခတ်တိုင်း ခတ်တိုင်းလည်း မီးခဲ တမျှ နီရဲလှစွာသော အတွင်းက မျက်လုံးအိမ်ကို ရဲခနဲ၊ ရဲခနဲ၊ မြင်လိုက်ရပေ၏။

ထိုသို့မျက်တောင်ခတ်ရာမှ ခဏကြာလျှင် ကျောက်ဘီလူးခေါင်းကြီး မှာ ခတ်နေသော မျက်တောင်ကိုရပ်လျက် မျက်တောင်မခတ်တော့ဘဲ မီးခဲတ မျှ နီရဲလှသော မျက်လုံးကြီးကို ပြူးပြဲ၍စိုက်ကြည့်နေပြန်ရာ ကျွန်တော်တို့မှာ လူကိုလူချင်း မကြောက်ငြားသော်လည်း ထိုကျောက်ခေါင်းပြတ်ကြီးကိုမူကား တထူးတခြား ပိုမိုကြောက်လန့်မိလေ၏။

သို့နှင့် ဟင်္သာပြဒါးတမျှ မီးကျီးခဲအသွင် ရဲရဲတောက်အရောင်ထွက်၍ နီရဲသောမျက်လုံးကြီးဖြင့် မျက်တောင်မခတ်ဘဲ ပြူးပြဲစူးစိုက်ကြည့်နေရင်းပင် အဆိုပါနီလွင်သော မျက်စိကြီးသည် မျက်လုံးအိမ်အတွင်းမှ လှုပ်လှုပ်ရွရွဖြစ် လာပြီး ကျောက်သားမျက်လုံးအိမ်ကြီးထဲမှ ပိတုန်းပမာ ထွက်လာပျံဝဲလျက် ကျွန်တော်တို့ကိုယ်ပေါ်သို့ နီရဲသောအရောင်နှင့် နှစ်ပတ်သုံးပတ်မျှ ပျံဝဲနေ ပြီးနောက် ယခင်လှေကားအဖြစ် အသုံးပြုထားသော ကျောက်ရုပ်၏ကိုယ်ပိုင်း အပြတ်ကြီးရှိရာသို့ ပျံဝဲကာ အတော်ကြာ ရစ်ဝဲနေပြန်လျက် ကျောက်ရုပ်အကျိုး

အပဲ့တွေမှာ တဖြည်းဖြည်းလှုပ်ရှားလာလျက် တစ်ခုနှင့်တစ်ခု အလိုလို ဆက်သွားရာ ထိုခဏ၌ပင် လူ၏ နှစ်ရပ်စာခန့်မျှရှိသော ခေါင်းမပါသည့် ကျောက်ဘီလူးရုပ် လည်ပင်းငုတ်တိုကြီးမှာ အသက်ရှိသော သတ္တဝါကဲ့သို့ မိုးမိုးမတ်မတ်ရပ်ကာ ဇရပ်အနီးတွင် ရပ်လာလေ၏။ ကျွန်တော်နှင့် လှမောင်မှာ ကြောက်လန့်အံ့ဩခြင်းဖြစ်ကာ မှင်သက်မိသလိုငေးလျက် ထိုကျောက်ရုပ်ကြီး လှုပ်ရှားသမျှ ကြည့်၍နေမိလေတော့၏။

ထိုခဏ၌ပင် ထိုကျောက်ရုပ်ကြီးလည်း လက်ကြီးနှစ်ဖက်ကို အထက်သို့မြှောက်ထားလျက် ဇရပ်ပေါ်တွင်ရှိသော ကျောက်ဘီလူးခေါင်းကြီး ကို ၎င်း၏လက်ကြီးနှစ်ဖက်နှင့် ပင့်ယူကိုင်မပြီး ထိုခေါင်းကြီးကို ၎င်း၏လည် ပင်းငုတ်တိုကြီးပေါ်သို့တင်လိုက်လျှင် အရှင်ပကတိကဲ့သို့ လှုပ်လှုပ်ရှားရှား ပြု နိုင်ကာ ခေါင်းနှင့်ကိုယ် ဆက်ကာသွားသောကြောင့် အံ့ဩသည်ထက် အံ့ဩ မိပေ၏။ ပလူပျံသလို ပျံ့ဝဲနေသော မီးခဲတမျှရဲလှသော မျက်လုံးသည်ကား တောင် မြောက်လူးကာ ပျံ့ဝဲလျက်ရှိရာ အဆိုပါကျောက်ဘီလူးရုပ်ကြီးလည်း မျက်နှာ ကြီးကိုမော့ကာ မျက်လုံးကိုစောင့်မျှော်နေသကဲ့သို့ရှိလေ၏။

နီရဲသောမျက်လုံးကလေးလည်း တဖြည်းဖြည်းကျောက်ဘီလူးရုပ်ကြီး နှင့် နီးကပ်လာပြီးနောက် မျက်လုံးအိမ်အတွင်းသို့ တစ်ဖန်ပြန်၍ဝင်ကာငြိမ် သက်သွားလျှင် ကျောက်ဘီလူးကြီးလည်း ကျွန်တော်တို့ရှိရာသို့ ကြည့်ပြီးလျှင် ပါးစပ်ကြီးကို တစ်ဖန်ပြင်လျက် လက်ကြီးနှစ်ဖက်ကိုဆန့်တန်းကာ ဇရပ်ပေါ်သို့ တက်လာလျှင် ဇရပ်တစ်ခုလုံး သိမ့်သိမ့်တုန်၍ ပြိုကျလုနီးနီး ဖြစ်သွားလေ၏။

ကျောက်ဘီလူးရုပ်ကြီးလည်း ကျွန်တော်တို့အနီးသို့ ရောက်လာလျှင် စုံရပ်ကာ ခေတ္တငုံ့ကြည့်ပြီးနောက် လှမောင်ကိုမျှားစွာခံတွင်းတွေ့သည့်အလား ပြုံးပြုံးကြီးဖြစ်သွားပြီး ကိုယ်ကြီးကို ကိုင်းညွတ်လျက် လက်ကြီးနှစ်ဖက်နှင့် ဆွဲယူတော့မည်လုပ်ရာ နဂိုကပင် ကြောက်ရွံ့စွာ ကြည့်နေသောလှမောင်မှာ ရုတ်တရက်ငယ်သံပါအောင် အော်လိုက်လျှင် ဖြုန်းခနဲကြမ်းကို တစ်စုံတစ်ခုနှင့် ရိုက်လိုက်သော အသံကိုကြားလိုက်ပြီးနောက် ကျောက်ဘီလူးရုပ်ကြီးမှာ

ရုတ်တရက်လန့်သွားပြီး ပျာယီးပျာယာနှင့် အောက်သို့ဆင်းပြေးကာ ခေါင်းကြီးကို ကပျာဖြုတ်၍ သူ့နေရာအတိုင်း ချထားခဲ့ပြီးလျှင် ကိုယ်ကြီးမှာ မူလနေရာ လှေကားသို့ ရောက်အောင် သွားပြီးကိုယ်ကြီးကို သိမ့်သိမ့်ခါချလိုက်လျှင် ယခင်က တစ်ဆက်တည်းသော ခြေ၊ လက်၊ ဝမ်း၊ ရင် စသည်တို့မှာ မူလအတိုင်း အပိုင်းပိုင်း ပြတ်လျက် နေရာမပျက် လှေကားတက်ခုံဖြစ်မြဲဖြစ်သွားသည်ကို တွေ့ရလျှင် ကျွန်တော်နှင့် လှမောင်တို့မှာ ထူးဆန်းကြောက်မက်ဖွယ်ရာ ထိုအဖြစ်အပျက်များကို ထိတ်လန့် အံ့သြစွာကြည့်နေမိရာမှ လှမောင်မှာ မောကြီးပန်းကြီးနှင့် . . .

"ကံကောင်းလို့ ဆရာ စိတ်ချလက်ချ အိပ်လို့များ ပျော်နေရင် အခက်ပဲ၊ သြော် ဒါကြောင့် ညနေက ဆရာကြီးက ဒီကျောက်တုံးကြီးမကိုင်နဲ့ ဇရပ်ပေါ် တက်တုန်းကလဲ နင်းမတက်နဲ့လို့ ပြောပေတာကိုးနော်၊ သြော် ဆရာကြီး ဆရာကြီး ပညာကြီးပါပေရဲ့"

ဟု ချီးမွမ်းကာ ဆရာကြီးကို ကြည့်လိုက်လျှင် ကျွန်တော်၏ ကျေးဇူးရှင်ဆရာကြီးလည်း အချိန်မဲ့တွင် ဆေးကြိမ်လုံးကြီးကို ကိုင်လျက် တင်ပျဉ်ခွေ ထိုင်နေသည်ကို တွေ့ရမှ မကြာမီက ကြမ်းကိုဖြန်းခနဲ ချလိုက်သောအသံကိုသွား၍ သတိရကာ ဆရာကြီး၏ ဂုဏ်သိက္ခာကို အထူးချီးမွမ်းအံ့သြလျက် နေမိပေ၏။

ထိုကျောက်ဘီလူးရုပ်ကြီးမှာ မည်သည့်အတွက် သက်ဝင်လှုပ်ရှားပါသနည်း။ နီရဲသော မျက်လုံးကြီးသည် အဘယ်အတွက် ထွက်လာ ပျံဝဲနိုင်ပါသနည်း။ ထို့ပြင် ကျောက်ရုပ်ကြီးမှာ ကိုယ်တခြား ခေါင်းတခြား ပျက်စီးကျိုးပဲ့နေပါလျက် ဘယ်အတွက်ကြောင့် တစ်ခုနှင့်တစ်ခု ဆက်စပ်ပေါင်းစုံကာ လှုပ်ရှားနိုင်ရုံမျှမက လူတစ်ဦးတစ်ယောက်၏ အသွေးကိုပင် စားသောက်ဦးမည်ပြုခြင်းမှာ မည်သည့်အတွက်ပါနည်း။ တစ်ဖန်သည် အရုပ်ပကတိဆက်စပ်မိပြီးမှ အဘယ်ကြောင့် မူလပျက်စီးသည့်အတိုင်း ခေါင်းတခြား ကိုယ်တခြား သွား၍ အနေအထားမပျက် နေရလေသနည်း စသော မေးခွန်းများကို

ဆရာကြီးအား လျှောက်ထား မေးမြန်းချင်ပါသော်လည်း ဆရာကြီးမှာ ညစ္စ အဖွဲ့တွင် စကားမပြောသောအဓိဋ္ဌာန်ဖြင့် စိပ်ပုတီးကိုမှန်မှန်ကြီး စိပ်နေကျဖြစ် သောကြောင့် ထူးဆန်းကြောက်မက်ဖွယ် ကောင်းလှသော ထိုကျောက်ဘီလူး ရုပ်ကြီး၏ အကြောင်းကို ထိုညအဖို့ မမေးမြန်းနိုင်တော့ဘဲ နံနက်လင်းမှ မေးရ တော့မည်ဟု စိတ်နှလုံးဒုံးဒုံးချနေစဉ် ဆရာကြီးလည်း တစ်စုံတစ်ရာ စကား မပြောဘဲ ဆေးကြိမ်လုံးကို ကျွန်တော့်ထံသို့ ပစ်ပေးလိုက်သောကြောင့် ရိုသေ စွာ ကောက်ယူပြီး ခေါင်းရင်းတွင် တရိုတသေ ခေါင်းအုံးသော မျက်နှာသုတ် ပုဝါနှင့် ဖိ၍အိပ်ကာ နောက်တစ်ကြိမ် အနှောင့်အယှက်လာလျှင် ကာကွယ်ရန် စောင့်စား၍ နေသော်လည်း ကျောက်ဘီလူးခေါင်းကြီးမှာ ထပ်မံလှုပ်ရှားခြင်း မရှိသဖြင့် အိပ်ပျော်ခြင်းသို့ပင် ရောက်သွားပေတော့၏။

အရုဏ်ကျင်း၍ နံနက်လင်းခဲ့သော် ကျွန်တော်နှင့် လှမောင်တို့ သည်လည်း ညက အအိပ်ပျက်ခဲ့ကြသောကြောင့် စောစောစီးစီး ဆရာကြီး၏ ဝေယျာဝစ္စကိုပင် ထ၍ မဆောင်ရွက်နိုင်တော့ဘဲ အိပ်ပျော်နေကြသည်မှာ ဆရာကြီးကိုယ်တိုင်လာနှိုးမှပင် နိုးကြပေတော့၏။

ကျွန်တော်လည်း ကပျာကယာ လူးလဲထပြီး ပါသောရေနှင့်ပင် မျက်နှာများသစ်ပြီးနောက် ဆရာကြီးအနီးတွင်ထိုင်ကာ ပြောမည့်အမိန့်ကို နာခံလျက်ရှိစဉ် ဆရာကြီးမှာ ကျောက်ဘီလူးခေါင်းကြီးကို သေချာစွာကြည့် ပြီးလျှင် . . .

"ညက တပည့်တို့ကံကောင်းလို့ ဆရာများအိပ်ပျော်ခိုက်ဆိုရင် ဟို သူငယ်ဟာ ရေတိမ်တွင်နစ်ရတော့မယ်၊ စုန်းပယောဂဖြစ်ရင်လဲ လွန်ပြီးမှပေတဲ့ ကုနိုင်သေးတယ်။ ဒီကျောက်ရုပ်ကစားရင်တော့ ဆရာလဲနတ်သိကြားမဟုတ်လို့ အသက်ပြန်၍ သွင်းပေးနိုင်မှာမဟုတ်ဘူးကွဲ့"ဟု အမိန့်ရှိလေမှ ကျွန်တော် လည်း စကားစရသည်နှင့် ထိုကျောက်ရုပ်ကြီးအကြောင်းကို မေးမြန်းလျှင် ဆရာကြီးလည်း ထိုအရုပ်ကြီးတွင် အပဝင်၍လည်း လှုပ်လှုပ်ရှားရှားဖြစ်နိုင် ကြောင်း သို့မဟုတ် တစ်စုံတစ်ခု ထူးခြားသော အကြောင်းတစ်ခုနှင့်လည်း

ဆက်သွယ်ပေါင်းဆက်ကာ ဖြစ်နိုင်ကြောင်းများကိုပြောလျက် ဆရာကြီး၏ လက်ဖြင့် ကျောက်ဘီလူးခေါင်းကြီးကို စမ်းသပ်ကိုင်တွယ် ကြည့်ရှုလေရာ ရုပ်လုံးမှာ များစွာ မပီသဘဲ ရှိတော့သည့်အပြင် ညက မျက်တောင်ခတ်သော မျက်လုံးကြီးမှာလည်း ထင်ရှားပီသခြင်းမရှိဘဲ မျက်လုံးဟူ၍ ဆိုလောက်ရုံမျှသာ ရှိကြောင်း တွေ့ရသောအခါ မျက်တောင်ခတ်ခြင်းနှင့် အထဲက နီရဲသော မျက်စိအပြင်သို့ပင် ထွက်လာ ပျံဝဲနိုင်ခြင်းတို့ကို အံ့ဩ၍ မဆုံးနိုင်အောင် ရှိပေတော့၏။

ထိုသို့ရှိစဉ် ကျွန်တော်တို့တည်းခိုသောဇရပ်နှင့် မလှမ်းမကမ်းတွင် ရှိသော ရေတွင်းပျက်တစ်ခုသို့ လှမောင်တို့ အရွယ်မျှသာရှိသေးသော ယောကျ်ားပျိုလေးတစ်ယောက်သည် ညှိုးငယ်ဝမ်းနည်းသောမျက်နှာဖြင့် ရေပုံးကြီးကို မနိုင့်တနိုင် လက်နှင့်ဆွဲကာ ရေသယ်ခပ်နေရာမှ ကျွန်တော်တို့ကို မြင်လျှင် အံ့ဩစွာကြည့်နေပြီးမှ တစ်စုံတစ်ခု သတိရသကဲ့သို့ လက်က ရေပုံးကြီးကိုချကာ ဇရပ်ဆီသို့ လျှောက်လာလေ၏။

ကျွန်တော်လည်း ထိုသူငယ်၏ ရူပလက္ခဏာကို မြင်ရခြင်းအားဖြင့် ရိုးသားသော သူငယ်တစ်ယောက်ဖြစ်ကြောင်း သိရှိရပြီးလျှင် အလွန်လည်း ထိတ်လန့်ကြောက်ရွံ့နေဟန် လက္ခဏာရှိသည်ဟု ကြိုတင်တွေးတော ထားမိလေ၏။

သူငယ်လည်း ဇရပ်အောက်မှ ရပ်ကာ ကျွန်တော့်အား

"ဒီကအစ်ကိုကြီးတို့က ဘယ်ကလာလို့ ဘယ်ကို သွားကြမလို့လဲ ခင်ဗျာ"

ဟု မေးသဖြင့် ကျွန်တော်လည်း

"မန္တလေးမြို့က လာကြသော ဧည့်သည်များဖြစ်ကြောင်း ယောနယ် တစ်ဝိုက်သို့ အခိုက်အတန့် ကြုံကြိုက်သဖြင့် လှည့်လည်လာရောက်ကြောင်း" ပြောပြရာ သူငယ်လည်း စိုးရိမ်သောမျက်နှာနှင့် . . .

"ဒါဖြင့် ဆရာရယ် ဒီဇရပ်မှာတည်းခိုတာ ဒီရွာက လူများက လမ်းညွှန်လို့လား၊ အေးလေ သူတို့ထုံးစံအတိုင်း လုပ်မှာပါပဲ အထူးမေးနေ

စရာမလိုပါဘူး။ ဆရာတို့ ညအိပ်ပြီးပလား၊ မအိပ်ရသေးရင် ဒီရွာက မြန်မြန် ထွက်သွားပြီး တခြားအိမ်မှာအိပ်တာက အန္တရာယ်ကင်းပါလိမ့်ဦးမယ်။ ဆရာ ရယ် ကျွန်တော်က သနားလွန်းလို့ ပြောတာပါ"

ဟု ဆိုသောကြောင့် ကျွန်တော်လည်း တစ်ညအိပ်ပြီးကြောင်း ပြော ကြားရာ သူငယ်မှာ များစွာအံ့ဩလျက် . . .

"အို အိပ်ပြီးပြီ ဟုတ်ကဲ့လား၊ အမလေး ဆရာတို့ တယ်ကံကောင်း ပါကလား၊ ဒါနဲ့ ညက ဘာများ ထူးထူးခြားခြားဖြစ်ကြသေးသလဲခင်ဗျာ"

ဟု မေးသောကြောင့် ကျွန်တော်လည်း ပြုံးရယ်ကာ

"ဟာ ထူးထူးခြားခြားတွေတော့ တွေ့ရပြီလားကွယ်၊ မင်းတို့ရွာက တယ်ထူးဆန်းတာပဲ။ အဲ ဟို ကျောက်ဘီလူးကြီးဟာ ညက တို့ကိုလာဆွဲတယ်ကွဲ့ တို့ကျေးဇူးရှင် ဆရာကြီးရှိပေလို့သာပေါ့မောင်၊ ဆေးကြိမ်လုံးနဲ့ တစ်ချက်ရိုက် ရုံနဲ့ ကတိုက်ကရိုက် ဆင်းပြေးလိုက်တာ"

ဟု ပြောသောအခါ အဆိုပါသူငယ်လဲ အံ့ဩခြင်းကြီးမက အံ့ဩ လျက် . . .

"အလိုလေး ဒါဖြင့် ကျောက်ဘီလူးကြီးဟာ ဆရာတို့ကို အရှုံးပေးရ တာပေါ့။ ဝမ်းသာလိုက်တာဆရာရယ် ဆရာတို့ဟာ ပယောဂနိုင်တဲ့ ဆရာတွေ များလား"

**ကျွန်တော်** ။ ။ "အေးပေါ့ကွယ် ဟောဒီ ကျေးဇူးရှင်ဆရာကြီးဟာ စုန်း၊ နတ်၊ တစ္ဆေဆိုတဲ့ ပယောဂတွေကို ထုံးလိုချေပြီး၊ ရေလိုနှောက်နိုင်တဲ့ ဆရာကြီးတစ်ပါးပေါ့"

**သူငယ်** ။ ။ "အမလေး ဒီလို အစွမ်းထက်မြက်တဲ့ ပုဂ္ဂိုလ်နဲ့ တွေ့ရတာ ကျွန်တော် ဝင့်ကျွတ်ချိန်ကျလို့ ထင်ပါရဲ့ခင်ဗျာ။ ကျွန်တော့် ဒုက္ခကို တဆိတ် ကယ်ဆယ်တော်မူကြပါဆရာတို့ရဲ့"

**ကျွန်တော်** ။ ။ "ဩော် ဒုက္ခသည်ဆိုရင် ငါတို့ဆရာကြီးက ကယ်ဆယ် နေကျပေါ့ကွယ်။ မင်းအဖြစ်အပျက်ကို ပြောဦးမှပေါ့"

သူငယ် ။ ။ "ပြောပါ့မယ်ခင်ဗျာ၊ အကြောင်းကတော့ ဒီလိုပါ . . ."
စကားမဆုံးမီ လှမောင်က ဝင်တည့်၍

"ဗျို့ကိုယ့်လူ ခင်ဗျားအဖြစ်အပျက် ပြောလို့ရှိရင် ဒီကျောက်ဘီလူးကြီးအကြောင်းကော ပါဦးမှာလား၊ မပါရင် ခင်ဗျားအကြောင်းကို နောက်မှ ပြောဗျာ ဒါကြီးအကြောင်းကို အရင်သိစမ်းပါရစေ"

သူငယ် ။ ။ "ကျွန်တော့်အကြောင်းကိုပြောရင် ဒီအရုပ်ကြီးအကြောင်းကစပြီး ပြောရမှာဗျ ပါပါတယ် စိတ်ချပါ။ ကဲ ရေခပ်စရာတွေက အတော် ကျန်သေးတယ်။ အချိန်မှန် အလုပ်မပြီးရင် ကျောပြင်တစ်ခုလုံး ချင်းချင်းနီအောင် အရိုက်အနှက်ခံရဦးမှာပါခင်ဗျာ"

ဟုဆိုကာ ကျောက်ရုပ်ကြီးကို သေသေချာချာကြည့်ပြီး သက်ပြင်းကြီး တစ်ချက်ရှိုက်လျက် . . .

"ကျွန်တော် ကိုးနှစ်အရွယ် ဆယ်နှစ်သားတုန်းကပေါ့ ခင်ဗျာ ကျွန်တော်တို့ မိဘများဟာ ဆင်းရဲသားဘဝ လှည်းနှင့်လှည်ပြီး ကုန်သည်ဘဝ ရောင်းဝယ်စားသောက်ရပါတယ်။ ရောင်းတဲ့ကုန်များကတော့ ဒီနယ်မှာ ရှားပါးတဲ့ ငါးပိ၊ ငါး၊ ငါးခြောက်များပါပဲ။ လှည်းနှင့်လှည်ပြီး တစ်ရွာဝင် တစ်ရွာထွက်ဆိုသလို ရောင်းချတာပေါ့လေ။ တောဘုရားပွဲတွေလည်း ကြုံကြိုက်ရင် လိုက်တာပဲ။ ဘုရားပွဲမရှိတဲ့အခါ ရွာတကာ့ရွာလှည့်ပြီး လှည့်ပြီး ဝိုင်းဖွဲ့လို့ ချက်ပြုတ်စားသောက်ကာ နားနားနေနေ ဆိုသလိုပေါ့ဗျာ။ ရောင်းဝယ်လာကြတယ်။ အဲဒီလိုသွားကြတဲ့အခါတိုင်းလဲ ကျွန်တော်တို့ချည်း မဟုတ်ပါဘူး။ ကျွန်တော့်အဖေရဲ့ အမျိုးများနဲ့ အမေရဲ့အမျိုးများလည်း ကိုယ့်စီးပွားနှင့်ကိုယ်ပေါ့လေ။ ကိုယ့်လှည်း ကိုယ့်နွားနှင့် သွားတူလာတူ တစ်အုပ်တစ်သင်းတည်း ရောင်းကြရတယ်ဗျ။ အဲဒီလိုရောင်းပြီးတဲ့ တစ်ယောက်ရောင်းတဲ့ ကုန်မျိုးကို တစ်ယောက်က မရောင်းဘူး။ ဥပမာ ကျွန်တော်က ငါးပိ၊ ဆား၊ ငါးဆိုရင် ဦးကြီးများက အထည်အပြား၊ အဒေါ်များက ကုန်သေး၊ ဦးလေးများက

ပရဆေးပေါ့လေ။ တစ်မျိုးစီ ရောင်းကြတယ်။ သွားကြလာကြတာ စိတ်သဘော ချင်းကလည်း ညီကြတော့ တပျော်တပါးကြီး တယ်ပျော်တာကလားခင်ဗျာ။ ဒါနဲ့ပဲ တိုတိုပြောပြရစေတော့။ တစ်နေ့ကျတော့ အရောင်းအဝယ်ကလည်း ခါတိုင်းလိုမကောင်း၊ ညဲ့ဖျင်းလာတာနဲ့ ဆွေမျိုးတစ်စုတိုင်ပင်ပြီး တောထဲအထိ တက်ကြစို့ရဲ့လို့ ထွက်လာခဲ့ကြတာ နောက်ဆုံးတော့ ဒီရွာကို ရောက်လာတာ ပါပဲဗျာ။ ဆရာတို့ ဒီရွာရဲ့ အမည်ကိုသိရဲ့လား။ "ပျဉ်တလားရွာ" တဲ့ ခင်ဗျ။ တချို့ကတော့ ယဉ်ကျေးအောင်လို့ "ပျဉ်းတလရွာ" လို့ ခေါ်ကြတယ်။ အမည်မှန် က ပျဉ်တလားရွာတဲ့၊ နာမည်နဲ့ကို ကြောက်စရာကောင်းနေပြီ။ အဲဒီတုန်းက ကျွန်တော်တို့လည်း ရွာနာမည်ရယ် ဘာရယ် ဘယ်သိမလဲ၊ ထုံးစံအတိုင်း ဆူးတပ်ကာတဲ့ ရွာမြင်ရင် ဝင်ပြီးရောင်းကြတာကိုး၊ ရွာသူရွာသားတွေကို တည်း ခိုဖို့နေရာတောင်းတော့ သူတို့က ဒီဇရပ်ကိုပဲ ညွှန်ပြကြတယ်။ ကျွန်တော်တို့ ကလည်း ရေအိုးစင်နဲ့ မန်ကျည်းပင်ရိပ်ကြီးနဲ့ ဇရပ်ဆိုတော့ လှည်းဝိုင်းချပြီး ချက် ပြုတ်စားသောက်ဖို့ သိပ်ဟန်ကျတာပဲ။ မနီးမဝေးကလည်း အဲ ဟိုရေတွင်း ကလေးနဲ့ကိုး၊ ရွာကလူတွေကလည်း ကြည်ဖြူလေဟန်နဲ့ စားစရာတွေ ဟင်း ချက်စရာတွေပေးကြ ကမ်းကြပေါ့ဗျာ။ ကျွန်တော်တို့ပါလာတာတွေလည်း ဝယ်ကြပေါ့ဗျာ။ သူတို့ပေးတဲ့ စားစရာတွေလည်း ကျွန်တော်တို့ ဆွေမျိုးမိဘ တွေဟာ မြိန်ရည်ရှက်ရည် စားကြတာပဲ။ အဲဒါတွေဟာ နောက်မှသိတယ်။ အညစ်အကြေးတွေကို စားကောင်းသောက်ဖွယ်လို သူတို့ပညာနဲ့ ဖန်ဆင်းပြီး အပင်းသွင်းထားလိုက်တာပေါ့ဆရာရယ်။

ကျွန်တော်တို့ လူသိုက်ဟာ စုစုရရ ၁၂ ယောက်ရှိပါတယ်။ လှည်း လေးစီးဆိုတော့ နွား ၈ ကောင်ပေါ့ဗျာ။ ပထမညက နွားတစ်ကောင်လည် ပင်းမှာ အစွယ်ရာအပေါက်ကြီးလေးခုနှင့် သွေးတစ်စမှမရှိတော့ဘဲ ဖြူရော်ပြီး သေနေတာတွေ့ရတယ်။ ပြီးတော့ လူတွေလည်း နောက်တစ်နေ့ကစပြီး ဘာရယ်လို့ မဟုတ်ပါဘူးဗျာ။ ခေါင်းခဲဝမ်းနာဆိုသလို သရိုးသရီ နေထိုင် မကောင်းလိုက်ကြတာ လွန်ရော တစ်နေ့တခြား သည်းလာတယ်။ နွား ၈ ကောင်လဲ တစ်ညတစ်ကောင်ကျ ဤနည်းအတိုင်းနဲ့ ချောခဲ့တာ -

- ရှစ်ရက်ရှိတော့ တက်တက်ပြောင် တစ်ကောင်မှ မကျန်ဘူးဗျ။ အဲဒီနွားတွေ ကုန်တဲ့နောက်ကျတော့ ကျွန်တော့်အဒေါ် တစ်ယောက် လည်ပင်းမှာ အပေါက်ကြီးလေးခုနဲ့ သွေးတစ်စက်မှမရှိဘဲ တစ်ကိုယ်လုံး ဖြူဖပ် ဖြူရော် ဖြစ်ပြီး သေနေပါရော ဒီကျောက်ဘီလူးကြီး လက်ချက်တွေဗျ။ အဲ ဟိုတုန်းကတော့ ဘယ်သူမှ ဒီအကြောင်း မသိကြပါဘူးဗျာ။ ဒီလိုနဲ့ ညတိုင်း ဆက်ဆက်ပြီး လူလေးငါးယောက်ထိပါရော သေတာကလည်း ဒီနည်းအတိုင်း လည်ပင်းမှာ အစွယ်ရာကြီးနဲ့ သွေးဖောက် အစုတ်ခံရပြီး သေကြတာတွေချည်းဆိုတော့ နောက်ညတွေမှာလည်း အလှည့်ကျနဲ့ တစ်ယောက်က အမြဲ စောင့်အိပ်ကြဖို့ တိုင်ပင်ကြတာပေါ့လေ။ ကျွန်တော်တို့အထင်ကတော့ အစွယ်ရှိတဲ့ တိရစ္ဆာန် တစ်ကောင်ကောင်ဟာ အမြဲကိုက်သတ်တယ်ထင်တာပေါ့။ ဒါကြောင့် စောင့်တဲ့လူကလည်း ဓားရှည်ကြီးထမ်းပြီး လာတဲ့အကောင် ဖမ်းခုတ်မယ်လို့ စောင့်နေတာပေါ့ဗျာ။ ဒါပေမဲ့ ဆရာတို့တွေ့ရသလို ခေါင်းတခြား ကိုယ်တခြားနေတဲ့ ကျောက်ရုပ်အကျိုးအပဲ့ကြီးက တစ်ခုနဲ့တစ်ခုဆက်ပြီး ထလာတော့ အံ့သြပြီး အကြောက်ကြီး ကြောက်သွားမှာပေါ့။ တကယ်လို့ ဓားနဲ့ခုတ်တော့ ကျောက်ရုပ်ဆိုတော့ ဘယ်အရေးစိုက်မလဲ။ အလှည့်ကျစောင့်တဲ့လူကိုပဲ ဆွဲပြီး သွေးစုပ်သွားတာပေါ့။ ဒီလိုနဲ့ချည်း အလှည့်ကျစောင့်တဲ့လူတွေ သေလာလိုက်တာ နောက်ဆုံး ကျွန်တော့်အဖေနဲ့ အမေသာကျန်တော့တယ်။ သူတို့မှာလည်း ပြေးချင်ရက်နဲ့ လှည်းတွေ ကုန်တွေချည်း ထားပစ်ခဲ့ရမှာအခက် ယူသွားစရာလည်း လှည်းဆွဲမဲ့ နွားတစ်ကောင်မှ မရှိလေတော့တစ်ခက်။ ရုတ်တရက်မပြေးနိုင်ဘဲ နေကြတုန်း နှစ်ရက်ဆက်ပြီး နှစ်ယောက်စလုံး သေကြပြန်ပါရော -

- ဒီတော့ ကျွန်တော်လည်းကလေးဆိုတော့ ငိုငိုရယ်ရယ် ရှာရိုးလျှောက် ပြေးနေတာပဲ။ အဲ ဒီဇရုပ်လည်း လူတွေတသောသောသေနေတော့ ကလေးဘာဝကြောက်တာနဲ့ ပြန်မအိပ်ဝံ့ဘူး။ ဒီလိုနေတုန်း ကဝေမကြီး တစ်ယောက်က ကျွန်တော်တို့ပါတဲ့ ကုန်စည်ပစ္စည်းနဲ့ လှည်းတွေကိုပါ သိမ်းပိုက်ပြီး ကျွန်တော့်ကိုပါ ဂရုစိုက်ကျွေးမွေးထားတယ်ခင်ဗျ။ ဒါပေမဲ့ သူ့အိမ်နေတဲ့ နေ့ကစပြီး မသေရုံကျွေးပြီး ရိုက်လိုက်၊ နှက်လိုက်၊ နှိပ်စက်လိုက်နဲ့ ခိုင်းလိုက်

တဲ့ အလုပ်ကလည်း နေဝင်နဲ့နေထွက် နားပဲမနားရတော့ဘူးခင်ဗျာ။ ဒီလိုနဲ့ပဲ ကသိ ကအောက်နဲ့ ကြီးပြင်းခဲ့ရပါတယ်။ ပြီးတော့ ဒီဇရပ်ကို မသွားဖို့ အကြောင်းလည်း တားမြစ်ထားတယ်ခင်ဗျ။ ဒါကတော့ မတော်တဆသေသွား ရင် ကျွန်တော်တစ်ယောက် ဆုံးသွားမှာစိုးတဲ့အနေနဲ့ ပြောတာပါ။ ချစ်လှ လို့တော့ မဟုတ်ပါဘူး။ ပြီးတော့ ကျွန်တော့်ကို စုန်းအတတ်၊ ကဝေအတတ် တွေတတ်အောင်ဟာ ဘူးသွင်းမယ်ဆိုပြီး ပညာသွင်းသွင်းပေးတယ်ဆရာရဲ့ -

- ကျွန်တော်က ဒီပညာဟာ ကမ္ဘာ့ခလုတ်ဆိုတဲ့စကား လူကြီးများ ပြောထားလို့ ကြားဖူးတာနဲ့ မတတ်ချင်တာနဲ့ ငါးပါးပဥ္စသီလနဲ့ ရတနာသုံးပါးကို ခေါင်းပေါ်မှာ အမြဲတင်ထားတယ်။ ဒီတော့ ဒီပညာတွေဟာ ကျွန်တော့်မှာ ဘာမြဲမလဲ သူကသွင်းရင်း ပျက်လိုက်ရင်း ဖြစ်ကုန်တာပေါ့။ ဒီတော့လည်း သူ့ကို ပညာလက်မခံကောင်းလို့ ရိုက်လား နှက်လား လုပ်လိုက်တာဆရာရယ်။ ကနေ့ထက်ထိပါပဲ။ တစ်နေ့မှ အရိုက်အနှက်မခံရတဲ့ နေ့ရယ်လို့ မရှိသေးပါဘူး။ အခုလိုအရွယ်ကလေးရောက်ပြီး လူလားမြောက်လာတော့ ကိုယ့်ကိုယ်ကိုယ် အားထားပြီး ထွက်ပြေးမယ် လုပ်ပါရဲ့၊ ဒါပေမဲ့ သူတို့ရဲ့ ရက်စက်တဲ့ အောက် လမ်းပညာက တယ်စွမ်းတာကလား၊ မထင်ရင် နေတဲ့အရပ်ကို လိုက်သတ်ချင် သတ်နိုင်တာမို့ မရဲဘဲနဲ့ ကျွဲပြဲမစီးဝံ့ဘူးဆရာရဲ့။ ဒါကြောင့် ကျွန်တော်ပြေးသည့် တိုင်အောင် လိုက်ပြီး မနှောင့်ယှက်နိုင်တဲ့ အကာအကွယ်ကလေးများ ပြုလုပ် ပေးမဲ့သူရှိရင်ဖြင့် ဒီလောက် ဆိုးရွားယုတ်မာတဲ့ အရပ်က မကြာခင်ပဲ ထွက် ခွာပြေးချင်ပါတယ် ဆရာရယ် ကယ်တော်မူကြပါ -

- ပြီးတော့ တစ်မျိုးခက်နေတာကလည်း ရှိသေးတယ်ခင်ဗျ။ ကျွန်တော့်ကို ခေါ်မွေးထားတဲ့ ကဝေမကြီးမှာ မယ်နီဆိုတဲ့ သမီးပျိုကလေး တစ်ယောက် ရှိတယ်ခင်ဗျ။ ကျွန်တော်ကတော့ ငယ်ငယ်က ကစားဖော် ကစား ဖက် လည်ပင်းဖက် ကြီးခဲ့ကြတာပေါ့လေ။ အဲဒါ ခုလို အရွယ်ရောက်လာတဲ့ အခါ ကျွန်တော်က သူ့အပေါ်မှာ နှမကလေးကို သဘောထားပေတဲ့ သူကတော့ ဆန်းပြားပြီး ကျွန်တော့်ကို သူ့ကြင်ရာအဖြစ် အမြဲတမ်း မှန်းထား

နေတယ်။ ဘယ်အခါမဆို နှစ်ယောက်ချင်းတွေ့မှဖြင့် ဖွတ်ရော အတင်းရော သူ့စကားလိုက်နာဖို့ ပြောနေတာပဲ။ ကျွန်တော်ကလည်း သူ့အမေကဝေမကြီး ကြောက်တာတစ်ကြောင်း၊ ခေါင်းခါငြင်းရမှာတစ်ခက်၊ သူ့စကား နားထောင် ရမှာတစ်ခက်၊ မယ်နီကိုယ်၌ကလည်း ဝမ်းတွင်းစုန်း ဖြစ်နေမှန်းသိရလို့ ကြောက် တာတစ်ကြောင်း၊ ခေါင်းခါငြင်းရမှာတစ်ခက် သူ့စကား နားထောင်ရမှာ တစ်ခက်၊ အသက်မရှူဝံ့အောင် ကျပ်နေတာပဲခင်ဗျ။ ဒါကြောင့် ဆရာတို့ လည်း ဒီမှာ ကြာကြာမနေကြပါနဲ့ခင်ဗျာ။ ကျွန်တော့်ပါ တစ်ပါတည်း ခေါ်သွားကြပါတော့။ ပြီးတော့ ဒီကျောက်ဘီလူးကြီးဟာလည်း အင်မတန် ကြမ်းတာခင်ဗျ။ တစ်နေ့ မတွေ့ တစ်နေ့သွားတွေ့မှာ စိုးရိမ်ရပါတယ်။ ဒီအရုပ် ကြီးဟာ စားနေကျ ကြောင်ပါးကြီးခင်ဗျ။ မရရင် ဒသကချိုင်နေကျ ကျွန်တော် က ဒီရွာမှာ အနေကြာတာတစ်ကြောင်း၊ မယ်နီက ဇာတ်စုံခင်းနေကျမို့ အစစ သိနေရတာတစ်ကြောင်း၊ ဒါတွေကြောင့် ဆရာတို့အတွက်လည်း အင်မတန် စိုးရိမ်တယ်”

**ကျွန်တော်** ॥ ॥ “သြော် ဒီကျောက်ဘီလူးကြီးဟာ မင်းပြောသလိုဖြင့် တယ်ကြမ်းပါကလား၊ ဘယ်လိုနည်းနဲ့ ဒီအရုပ်ကြီးဟာ မင်းတို့ရွာမှာ ရောက် နေတယ်ဆိုတာ မင်းမသိဘူးလား။ မင်းစကားအတိုင်းဆိုရင် ဒီရွာက ပညာသည်တွေပါ သဘောတူမဟုတ်လားကွဲ့ မင်းသိရသလောက် ပြောပြ စမ်းပါ”

**သူငယ်** ॥ ॥ “ဒီအရုပ်ကြီးအကြောင်းက ဒီလိုတဲ့ခင်ဗျ။ ဒီရွာကထွက် သွားပြီး အနောက်မြောက်ဘက် တည့်တည့်ကိုသွားရင် ကျောက်တုံးကြီးတွေ အထူးပေါ်တဲ့ တောကြီးတစ်ခုကို ရောက်လိမ့်မယ်တဲ့။ အဲ . . ဒီတောထဲက ကျောက်တုံး ကျောက်ခဲကြီးတွေဟာ အများအားဖြင့် စုန်းပညာပါတဲ့ အတွက် ကျောက်စုန်းလို့ခေါ်တဲ့ ကျောက်လုံးကြီးတွေ

ရှိသတဲ့။ သစ်ပင်ကြီးတွေမှာလည်း စုန်းပညာဝင်နေတဲ့ သစ်တုံးတွေ၊ စုန်းတတ်တဲ့သစ်ပင်တွေရှိသတဲ့။ အဲဒီတော ထဲမှာရှိတဲ့ချောင်းရေများဟာလဲ အချို့ဟာ စုန်းပညာပါတဲ့ ရေတွေရှိသတဲ့။ အဲဒီတောကြီးဟာဗျာ တိုတိုပြောရရင် တောစုန်း၊ ကျောက်စုန်း၊ ရေစုန်း၊ သစ်ပင်စုန်းတွေ အင်မတန်ပေါများတယ်။ အဲဒီအရှေ့တိုးသွားပြန်တော့ တောင်စုန်းဆိုတဲ့ အထိကရတောင်ကြီးလည်းရှိသတဲ့။ အဲဒီတောင်စုန်းပေါ်မှာ ရှေးကထွက် ရပ်လမ်းပေါက်သွား ကြတဲ့ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတွေက ကျောက်စုန်းကြီးတစ်ခု ကို ကျောက်ဘီလူးရုပ်ကြီးသဏ္ဌာန်ထုပြီး မျက်လုံးတစ်ဖက် မှာ ပြဒါးပြာဖြင့်စီ ရင်ထားတဲ့ ဓာတ်လုံးတစ်ခုကိုထည့်ပြီး မျက်လုံးတစ်ဖက်ကတော့ ရက္ခိုက်ဘီလူးစောင့်တဲ့ ပတ္တမြားနီတစ်လုံးကိုထည့်ထားပြီး ဆေးဝါးအင်းအိုင်တို့နဲ့ စီရင်ထားသတဲ့ခင်ဗျ -

- အဲဒါကိုတစ်နေ့ကျတော့ အထက်လမ်း သိုက်ဆရာတစ်ယောက်က သူနိုင်တဲ့ဆေးဝါးနဲ့ချုပ်ပြီး မျက်လုံးတစ်ဖက်မှာရှိတဲ့ဓာတ်လုံးကို ဖောက်ယူ မယ်လုပ်တော့ ဒီကျောက်ဘီလူးရုပ်ကြီးဟာ စူးရှကျယ်လောင်စွာအော်ပြီးတစ် ခါတည်း ထပြေးပါရောတဲ့။ သိုက်ဆရာကနောက်ကလိုက် ကျောက်ဘီလူးကြီး ကရှေ့ကပြေးနဲ့ နောက်ဆုံးဒီရွာထဲရောက်လာတော့ သိုက်ဆရာက မှီရာကလှမ်း ပြီး ဆေးဒါန်းမြင်းသီလာနဲ့ စီရင်ထားတဲ့ ဆေးဓားနဲ့ခေါင်းကို လှမ်းခုတ်လိုက် တာ ကျောက်ဘီလူးရုပ်ကြီးရဲ့ခေါင်းဟာ တစ်ခါတည်းပြတ်ကျသွားရောတဲ့။ သိုက်ဆရာလည်း ကျောက်ရုပ်ကြီးကို အပိုင်းပိုင်းခုတ်ထားခဲ့ပြီး မျက်လုံးကဓာတ် လုံးကိုသာ ကော်ထုတ်ပြီးယူသွားတယ် -

- တစ်ဖက်ကပတ္တမြားကိုတော့ ယူမသွားဘဲ ထားပစ်ခဲ့သတဲ့။ အဲဒီ ပတ္တမြားကလည်း အင်မတန်ဆိုးတဲ့ ရက္ခိုက်ဘီလူးစောင့်ပတ္တမြားမို့ လူသွေး

လူသားကိုမစားရရင် မနေနိုင်ဘူး။ သူ့ကိုနိုင်တဲ့ ဓာတ်လုံးကလည်းမရှိတော့ သာပြီးသောင်းကျန်းနေတာပဲတဲ့။ ညညကျရင် ကျောက်ဘီလူးရုပ်ရဲ့ မျက်လုံးထဲက သွေးသောက်ပတ္တမြားကြီးဟာ ပျားများလိုထွက်ပျံပြီး လူသားရှာတာပဲ။ လူတွေ့ရင် ကျိုးပွဲနေတဲ့ ကျောက်ဘီလူးရဲ့ကိုယ်များကို ဆက်စပ်စေပြီး လူရှိရာသွား သွေးဖောက်စားတာပဲတဲ့။ ဒီရွာမှာ အဲဒီဘီလူးကြီးရဲ့ရန်ကြောင့် တစ်နေ့တစ်ယောက်ကျ ပျက်စီးကြတာ။ နောက်ဆုံးတော့ စုန်းတတ်တဲ့ပညာသည်များသာ ကျန်တော့တာပဲ။ အဲဒါတောင် အသွေးမသောက်ရတဲ့ ညရောက်ပြီဆိုရင် ကျောက်ဘီလူးရုပ်ကြီးဟာ ရွာရိုးလျှောက်ပြီး အသံနက်ကြီးနဲ့အော်ရင်း ဟိုအိမ်ဝင် ဒီအိမ်ထွက်နဲ့ အင်မတန်နှောင့်ယှက်သတဲ့၊ ဒါနဲ့ရွာကလူများလည်း ကိုယ့်အသက်မှ ချမ်းသာပါစေတော့လို့ စားစရာမရှိတဲ့အခါ ဆိတ်တို့၊ နွားတို့၊ ခွေး၊ ဝက်၊ ကြက်ငှက်တို့ကို တစ်ညတစ်ကောင်ကျ သွားပို့ရသတဲ့ -

- ဒီရွာကစုန်းကဝေများကတောင် သူ့ကိုရွံ့ရတယ်။ ဒါကြောင့် သူနေတဲ့မန်ကျည်းပင်အောက်မှာ အကြောင်းမသိတဲ့ တရန်ဆံသူများ ခိုဝင်နားနေချင်စရာကောင်းအောင် တလင်းပြောင်ပြောင်ကလေးလုပ်ထားပြီး ဇရပ်ကတုံးကလေးပါ ဆောက်ထားရတယ်။ ရွာကိုလာတဲ့ဧည့်သည်မှန်ရင် ဘယ်အိမ်ကမှ လက်မခံဝံ့ဘူး။ ဒီဇရပ်ကို ညွှန်းရတာချည်းပဲဆရာရဲ့။ ကျွန်တော်ဒီရွာရောက်တာ (၇) နှစ် (၈) နှစ်လောက်ရှိပြီ။ လာသမျှဧည့်သည်တွေ သူချည်းခံတွယ်နေတာပဲ။ ဧည့်ပြတ်တဲ့အခါ ရွာထဲကနွားတို့ ဆိတ်တို့ပေးရတာကလည်း ကြာရင်ပြောင်ရုံရှိတော့တယ်ဆရာ။ အဲဒါတွေကျွန်တော်သိတာမဟုတ်ဘူး။ မယ်နီကပြောပြလို့ တစ်ဆင့်ကြားရတာ။ ကဝေမတွေလည်း ဒီဟာကြီးကို အတော်ကြောက်နေကြတာ။ ကိုင်လည်းမကိုင်ဝံ့၊ ရွှေ့လည်းမရွှေ့ဝံ့နဲ့ သူတို့အပေါ် အညွန့်ခူးနေတာလည်း မကျေနပ်ဘူးထင်ပါရဲ့။ ဒါပေမဲ့ ကြောက်တဲ့အတွက် ဘယ့်နှယ်မှ မလုပ်ဝံ့ဘူးတဲ့ဆရာရဲ့"

ဟုပြောသောအဆုံး၌ ကျေးဇူးရှင်ဆရာကြီးသည် ဘီလူးခေါင်းနားသို့ သွားကာ ဆေးကြိမ်ဖြင့် ဘီလူးခေါင်းကြီးကို သုံးချက်ချလိုက်လျှင် ကျောက်ဘီ

လူးခေါင်းကြီးမှာ နာကျင်စွာရှုံ့မဲ့လျက် မျက်လုံးကြီးတစ်ဖက်ကိုဖွင့်လိုက်လျှင် အတွင်းကနီရဲသော ပတ္တမြားကြီးပေါ်လာသဖြင့် လက်ညှိုးဖြင့်အသာကလေး ကော်ထုတ်လိုက်သောအခါ မိုးချုန်းသံကဲ့သို့ ပြင်းထန်သောအသံကြီး မြည်ဟီးလျက် အဆိုပါပတ္တမြားကြီး ထွက်ကျလာလေ၏။

ဆရာကြီးလည်း ပတ္တမြားကြီးကိုလက်ဝါးပေါ်တွင်တင်လျက် ကျွန်တော့်အား "ငါတပည့်မျက်ကွင်းဆေးနဲ့ကြည့်စမ်း" ဟု အမိန့်ရှိသဖြင့် ကျွန်တော်လည်း ထုံးစံအတိုင်း ဆေးကွင်း၍ကြည့်လိုက်သောအခါ ဆီးဖြူသီးတစ်မျှ အရည်ကောင်းလှသော ပတ္တမြားကြီးအတွင်းတွင် သန်လျက်ကိုထမ်းကာ ဆောင့်ဆောင့်ထိုင်၍နေသော ရက္ခိုက်ဘီလူးရုပ်ကလေးတစ်ခုကိုတွေ့ရသဖြင့် တွေ့ရသည့်အတိုင်း ပြန်ပြောလျှင် ဆရာကြီးလည်း ပါးစပ်အနီးသို့ကပ်၍ တီးတိုးမေးမြန်းပြီးနောက် ခေတ္တနားစိုက်ထောင်ကာ ကျွန်တော့်ဘက်သို့လှည့်၍

"ဒီဘီလူးကို လောကပါလနတ်ကြီးတွေက အပြစ်တစ်ခုအတွက် ဒဏ်ခပ်၍ ဤပတ္တမြားအတွင်းမှာ ပိတ်လှောင်ထားသဖြင့် ကျဉ်းကျပ်စွာနေရကြောင်း၊ ဘီလူးတို့ဘာဝ အစာရှာဖွေစားခွင့်မရသဖြင့် လူသွေးများကို ရှာကြံစုပ်ယူနေရကြောင်း၊ တတ်နိုင်လျှင် ထိုနတ်ကြီးလေးပါးအား တောင်းပန်၍ ပတ္တမြားအတွင်းမှ ထုတ်ပေးနိုင်လျှင် ဝေးရာသို့သွားမည်ဖြစ်ကြောင်း" နှင့်ဘီလူးကပြောကြောင်း ပြန်ပြောသဖြင့် သိရပေ၏။ ထိုနောက် ဆရာကြီးလည်း လောကပါလနတ်ကြီးတို့အား အခွင့်ပြုရန်တောင်းပန်၍ ပတ္တမြား၏ ချိုင့်ဝှမ်းသောနေရာကလေးကို ပိတ်ဆို့နေသည့် အမွေးကလေးအား ဖယ်ရှားလိုက်သည့်ခဏ၌ အတွင်းက ဘီလူးရုပ်ကလေးလည်း ရုတ်တရက်ပျောက်ကွယ်၍သွားသည်ကို တွေ့ရလေသတည်း။

ကျောက်ဘီလူးကြီးအော်သံကြားသဖြင့် ရွာရှိစုန်းကဝေများကလည်း စုရုံးရောက်လာကြကာ အကျိုးအကြောင်းများ မေးမြန်းသိရှိကြလျှင် မိမိတို့ကို အမြဲနိုင်နင်းသော ဘီလူးကြီးရန်မှ အေးကြပြီဖြစ်သောကြောင့် ဆရာကြီးကို များစွာ ကျေးဇူးတင်ကာ လက်အုပ်မိုး၍ ရှိခိုးပြီး မိမိတို့အပြစ်များကို သည်းခံ

ရန်တောင်းပန်ကြလျှင် ဆရာကြီးလည်း ရွာကလူများကို တရားဟောသကဲ့သို့ ဟောပြောဆုံးမလေရာ ပျဉ်တလားရွာတစ်ရွာလုံး အကျွတ်တရားရကြလျှင် မောင်မျှင်ခေါ်အဆိုပါသူငယ်ကလေးကို မိမိအားပေးရန် အလှူခံလျက် လက်ကပတ္တမြားကြီးကိုလည်း လူသားများအသုံးပြုရန် မထိုက်တန်သဖြင့် ထို ဇရပ်ကလေးအနီးတွင် ကျောက်စေတီငယ်ကလေးတစ်ဆူ အမြန်ပြီးစီးအောင် တည်ပြီးလျှင် ဌာပနာတိုက်တွင် ပတ္တမြားကြီးကို ထည့်သွင်းဌာပနာကာ ရွာသူ ရွာသားတို့ ကိုးကွယ်ရန်စီမံခဲ့ပြီးနောက် ကျွန်တော်နှင့်တကွ နောက်ပါလှမောင် အပြင် မောင်မျှင်ကိုလည်းခေါ်ခဲ့ပြီး ရှေ့ခရီးသို့ ဆက်လက်ထွက်ခွာလာခဲ့ကြ တော့သတည်း။

# တို့ရှမ်းရွာ

## (၁၉၃၆-ခု၊ နိုဝင်ဘာလတွင် ရေးခဲ့ပါသည်။)

ကျွန်တော်တို့သည် အောက်လမ်းဆရာလက်ချက်ဖြင့် မျောက်ဝံမကြီး ဖြစ်နေရှာသူ မနန်းဆွေကို ကယ်ဆယ်ပြီးလျှင် ကြပ်မတ်စောင့်ရှောက်ကာ ကျေးဇူးရှင်ဆရာကြီးနောက်ပါးမှ အတူလိုက်လာခဲ့ကြရာ ရက်မကြာမီ နန်းခမားရွာ ဦးစောနန်းအိမ်သို့ ရောက်လာကြလျှင် အိမ်ရှင်ဦးစောနန်းမှာလည်း ပျာယီးပျာယာ ဝမ်းမြောက်ဝမ်းသာ ဆီးကြိုပြုရှာပြီးလျှင် အတူပါသူ မနန်းဆွေကလေး အားလည်း ၎င်းဦးစောနန်းက သမီးမစောမြနှင့်မခြား သနားချစ်ခင် ဖော်ရွေစွာ ခေါ်ငင်၍ အကျိုးအကြောင်းများ မေးမြန်းကာ မစောမြကလေး၏ အင်္ကျီထဘီများကို ထုတ်ပေးရှာလေ၏။

ကျွန်တော်ကလည်း မနန်းဆွေကို မည်သို့မည်ပုံ ကျေးဇူးရှင်ဆရာကြီး ကကယ်ဆယ်ခဲ့ကြောင်း၊ လမ်းတွင် မနန်းဆွေကို မတရားနှိပ်စက်ထားသော ဆရာကြီးညီအစ်ကိုနှင့်တွေ့ခဲ့၍ ညီဖြစ်သူမှာ ကြောက်လန့်ထွက်ပြေးသွား သော်လည်း အစ်ကိုကြီးဖြစ်သူမှာ မနန်းဆွေအတွက် ရန်လက်စအငြိုးမပြေ ကြိမ်းဝါးနေရစ်ကြောင်းပြောလျှင် ဦးစောနန်းလည်း စိုက်နားထောင်နေရာ-

"အင်း . . ဦးတို့အရပ်က အင်မတန်ဆိုးတယ်မောင်ရယ် မဆိုးဘဲနေမလား၊ ဒီအရပ်သူအရပ်သားတွေဟာ အနည်းဆုံးမတတ်ပါဘူးဆိုတောင် ကိုယ်ခံကလေးလောက်တော့ ရှိကြတာမို့ သူတို့လို အဓိပတိလူတွေလည်း အင်မတန်ပေါ်များတာပဲ။ အဲဒီလို နိုင်ရာနှိပ်စက် ထူးထူးထွေထွေ ဖြစ်ပျက်ရတာတွေ မနည်းလှဘူးမောင်ရေ့။ ဦးတို့တွေ့ရသလောက်တွေ တဖြည်းဖြည်းတော့ပြောဦးမယ်။ ကဲ . . ကဲ ခရီးရောက်မဆိုက် စားသောက်ပြီး တစ်ရေးတစ်မော အိပ်ကြဦး"

ဟုပြော၍ ကျွန်တော်တို့လည်း ခရီးကပန်းခဲ့သည်တစ်ကြောင်း ထမင်းနှင့်ရက်အတော်ကြာ ကင်းခဲ့ရသည်ဖြစ်သည်တစ်ကြောင်း ဦးစောနန်းပြင်ဆင် ကျွေးသမျှ အားရပါးရ စားသောက်ကာ ဆရာကြီးမှတစ်ပါး အိပ်ရာကိုယ်စီနှင့် ထိုး၍အိပ်လိုက်ကြလေသည်။

နောက်နေ့များတွင်လည်း ဦးစောနန်း၏ မေးမြန်းချက်အရ ကျွန်တော်တွေ့ခဲ့ရသော ဂမုန်းအမျိုးမျိုး၏ အကြောင်းများနှင့် တယင်္ဂတောင်ကြားသို့ မည်သို့မည်ပုံ ခဲယဉ်းစွာသွားကြရကြောင်းများကို တစ်ဆင့်ပြောကာ အပြန်တွင် ဦးစောနန်းပြောသော ကျောက်ဖြစ်နေသည့်ရွာကို ဆရာကြီးကိုယ်တိုင် မေတ္တာရှေ့ထားသနားသဖြင့် ကယ်ဆယ်ခဲ့ကြောင်းများနှင့် ကျေးဇူးရှင်ဆရာကြီး၏ အစွမ်းသတ္တိများကို ပြောပြရခြင်းဖြင့်ပင် တစ်ရက် နှစ်ရက်ကြာမျှ ဖြစ်လာခဲ့ရာ မနန်းဆွေကလေးမှာလည်း မစောမြနှင့် မိန်းမပျိုရွယ်တူချင်း ဖြစ်သည့်အပြင် အမျိုးတူချင်းလည်းဖြစ်သဖြင့် အထူးခင်မင်နေကြပြီး အိမ်တွင်းမှုလုပ်ကိုင်စရာရှိသည်များကို မစောမြနှင့်အတူ ကူညီလုပ်ကိုင်ပေးလျက် ကျေးဇူးရှင်ဆရာကြီးအတွက်လည်း အသက်သခင်ဖြစ်သည့်အားလျော်စွာ ဝေယျာဝစ္စများကို တတ်အားသမျှ လုပ်ကိုင်ဆောင်ရွက်ပေးရှာလေ၏။

နောက်တစ်နေ့ညမှာပင် မီးဖိုကြီးအနီး လက်ဖက်ရည်ကြမ်းဝိုင်းနှင့် အိမ်ရှိလူကုန်ထိုင်ရင်း စကားစပ်မိစပ်ရာ ပြောနေစဉ် ဦးစောနန်းလည်း မနန်းဆွေကိုလှမ်းကြည့်ကာ -

"ဩော် . . ဒါနဲ့ ဒီကင်္ဂါတူမအကြောင်း မေးရဦးမယ်၊ ရောက်တဲ့နေ့ကပဲ ဆရာကြီးက ဒီသူငယ်မရဲ့ မိဘရပ်ဌာနီကိုမေးပြီး ဦးကြီးကိုယ်တိုင် လိုက်ပို့ပေးလိုက်ပါလို့ အမိန့်ရှိထားတယ်။ ဦးကြီးကလည်း ခရီးပန်းလာတယ်လေ ဖြည်းဖြည်းတော့မှပဲ မေးတော့မယ်ဆိုပြီး နေခဲ့တာ။ ခုမှသတိရလို့ မေးရတော့မယ်။ ငါ့တူမဘယ်ရွာက ဘယ်သူ့သမီးလဲ ဦးကြီးတို့က လူကြီးဆိုတော့ ကလေးမရဲ့မိဘများနဲ့ အသိမိတ်ဆွေ ဖြစ်ချင်ဖြစ်နေမှာကွဲ့"

ဟုပြောလျှင် မနန်းဆွေလည်း မစောမြနှင့် စကားပြောနေရာမှ -

"ကျွန်မ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွယ်ခန်းမြို့စား ဦးနန်းမွန်သမီး ဖြစ်ပါတယ်ဦးကြီးရဲ့"

ဟုပြောရာ ဦးစောနန်းလည်း အတန်ကြာစဉ်းစားပြီး -

"ဦးနန်းမွန်တဲ့ဟုတ်လား"

"ဩော် . . ဦးကြီးဘယ်သိမလဲလေ ရှမ်းပြည်နယ်ပေတဲ့၊ တောင်ပိုင်းနဲ့ မြောက်ပိုင်းဆိုတော့ နီးတဲ့ခရီးမှမဟုတ်ပဲ"

"နို့ ငါ့တူမက မြောက်ပိုင်းကို ဘယ်နည်းနဲ့ ရောက်ခဲ့ရတာတုံး"

ဟုမေးလျှင် မနန်းဆွေမှာ အတန်ကြာစဉ်းစားတွေဝေပြီးမှ -

"ကျွန်မလည်း ဘယ်လိုနဲ့ ရောက်ခဲ့တယ်ဆိုတာ ကောင်းကောင်းမမှတ်မိတော့ဘူးဦးကြီးရဲ့။ အစကတော့ ကျွန်မတို့အိမ်ကို အဲဒီအောက်လမ်းဆရာကြီးဆိုတာ ဝင်ထွက်နေတယ်။ သူဝင်တာ ထွက်တာကလဲ ကျွန်မကို မျှော်လင့်ပြီး ကျွန်မရဲ့အဖေကြီးကို သူတော်ကောင်း ဆေးဆရာယောင်ဆောင် ပေါင်းလို့ အဖေကြီးကလဲ ဆရာသမားရယ်ဆိုပြီး အိမ်ဦးကထား၊ သူပေးတဲ့ဆေးဝါး ဓာတ်စာတွေစားနဲ့ အင်မတန် ယုံကြည်နေတဲ့အခိုက်မှာ ကျွန်မကို သူ့အရွယ်နဲ့မလိုက်အောင် ကြံစည်တာပါပဲ။ ကျွန်မကလည်း လူကြီးမျက်စိ မျက်နှာဟာ အဖေ့ကိုကြည့်တော့တာတစ်မျိုး ကျွန်မကိုကြည့်တော့တစ်မျိုးမို့ မရိုးဘူးထင်ပြီး အင်မတန် နှလုံးနာရတဲ့အထဲမှာ သူက အတင့်ရဲသထက်ရဲလာပြီး တစ်နေ့တော့ အဖေမရှိတုန်း ကျွန်မကို အတင်းဘလက္ကာယ ကြံပါရော။ ကျွန်မကလည်း

ဒေါသဖြစ်ဖြစ်နဲ့ ဆဲဆိုရုန်းကန်ပြီး ငြင်းဆန်တော့ ယုတ်မာတဲ့လူကြီးဟာ ဣန္ဒြေကြာကြာမဆောင်နိုင်ဘဲ သူ့ရဲ့ သဘာက်လိုက်ကွဲအက်တဲ့ သူ့မျက်နှာကြီး ရှုံ့မဲ့ရင်း "နင် ငါ့လက်တွင်းက ဘယ်နည်းနဲ့မှ မလွတ်နိုင်ဘူး။ နင့်အဖေလာ လို့များ တိုင်လားတောလားလုပ်ရင် သိကြမယ်။ ငါဟာ အောက်လမ်းဆရာကြီး ဘိုးတော်နန်းဆိုတာငါပဲ။ နင့်အဖေကိုလည်း ငါအလိုရှိတဲ့အခါ ပြုစားလို့ရ အောင် အပင်းအမျိုးမျိုး သွင်းထားတယ် -

- ငါ့အကြောင်း နင်တိုင်လို့ နင့်အဖေက ငါ့ကိုမြို့စားဆိုတဲ့ဂုဏ်နဲ့ အမှုရှာရင် တစ်ခါတည်း အူအသည်းတွေ မီးတောက်ကုန်အောင် ငါလုပ်နိုင် တယ်။ နင့်အဖေ ဒုက္ခဖြစ်စေချင်ရင် တိုင်ပေတော့"လို့ ကြိမ်းဝါးပြီး သူ့ပါးစပ်ကြီး ဝါးခနဲ ဟပြလိုက်ရင်ပဲ ပါးစပ်ထဲက ဝင်းဝင်းလက်လက်တွေမြင်ရလို့ ဧကန္တအောက် လမ်းဆရာကြီးပဲဆိုတာ စိတ်ချယုံကြည်ပြီး အကြောက်ကြီးကြောက်သွားမိ တယ်။ ကျွန်မအရေးထက် ဖခင်ကြီး ဘေးဖြစ်မှာမြင်တာလည်းတစ်ကြောင်း၊ ကျွန်မမှာအမိမဲ့သမီးမို့ ဒီဖခင်ကြီးကိုပဲ ဆိုးတိုင်ပင် ကောင်းတိုင်ပင် လုပ်နေရပေ တဲ့ အဖေနဲ့သမီး မအပ်စပ်တဲ့စကားမို့ ပြောလိုက်ရင် ရှက်ရှက်နဲ့ ဒေါသ သိပ်ထွက်သွားမှာ ကြောက်ရတာတစ်ကြောင်း -

- သူအင်မတန်အထင်ကြီးတဲ့ဆရာကြီးကို ဘုရားမှတ်လို့ ကိုးကွယ်ပါ ဖွတ်ထွက်လာမှ တောင်ပို့မှန်းသိဆိုသလို ဖြစ်နေရင် ဖခင်ကြီးစိတ်ကလည်း ထက်ထက်မို့ ကသုတ်ကသက် ဖြစ်ကုန်ကြမှာ စိုးရိမ်တာတစ်ကြောင်းကြောင့် ကျွန်မလည်း ဖခင်ကြီးရှေ့မှာ ဟန်မပျက် နေခဲ့ရတယ်။ မသိရှာတဲ့အဖေကြီး ကတော့ ဒီအယုတ်ကောင်ကြီးနဲ့ စားလည်းအတူ သွားလည်းအတူပေါ့။ ကျွန်မ ကိုလည်း "ဟဲ့သမီးရဲ့ ဆရာကြီးဝေယျာဝစ္စ လုပ်ကိုင်ပေးပါဟဲ့။ သက်ကြီးဝါကြီး သူတော်ကောင်းကြီးဆိုတာ ပြုစုရခဲတယ်။ ဘာမဆိုအဖေ့ကိုပြုစုသလို စေတနာနဲ့ ရိုရိုသေသေပြုစုပါ"လို့ မကြာမကြာ ပြောရှာသေးတယ်။ ကျွန်မက လည်း အဖေစိတ်ချမ်းသာပါစေလို့ အဖေ့ရှေ့ကျရင် အဖေ့အကြိုက်လုပ်ပြီး နောက်ကွယ်ရာကျရင် ဂွတိုက်တာချည်းပဲ၊ သူကလည်းကြိတ်ပြီးခံတယ်။ "နင် ငါ့ကို ကြိုက်ရင်ကြိုက် မကြိုက်ရင် တစ်နေ့ကျသိစေ့မယ်"လို့ လူလစ်တိုင်း

ကြိမ်းဝါးတယ်။ ကျွန်မလည်းမှုန်းလိုက်တာ သူ့မျက်နှာမြင်ရတိုင်း မီးတောက်မီးလျှံကြီးများကြည့်ရသလို ပူနေတာပဲဦးကြီးရဲ့။ ဒီလိုနဲ့နေခဲ့လို့ တစ်နေ့မှာ အဖေအိပ်ပျော်နေတုန်း ကျွန်မအခန်းထဲဝင်လာပြီး အတင်းအဓမ္မ ချစ်ရမယ် ကြိုက်ရမယ်ဆိုပြီး လက်ကိုအတင်းဆွဲတော့ ကျွန်မလည်း ဒေါသဖြစ်ဖြစ်နဲ့ အသက်ကြီးတာကို သတိမရဘဲ လူယုတ်မာကြီးရဲ့ပါးကို တအားကုန် ဘယ်ပြန် ညာပြန်ရိုက်ပစ်လိုက်မိတော့ သိပ်စိတ်ဆိုးသွားပြီး ကျားကြီးများမာန်ဖီသလို ကျွန်မကိုစိုက်ကြည့်လိုက်တာ ကျွန်မစိတ်ထင်ဖြင့် သူ့မျက်လုံးကြီးဟာ ကိုက်ငါးရာပြေးတဲ့ လက်နှိပ်ဓာတ်မီးနှစ်ခုနဲ့ ထိုးကြည့်လိုက်သလို ကျွန်မတစ်ကိုယ်လုံး ဝင်းခနဲ လင်းသွားရာက ကျွန်မသတိတွေ လစ်ခနဲဖြစ်သွားလိုက် ပြန်ကောင်းသွားလိုက်နဲ့ ငါးမိနစ်အတွင်း အခါသုံးဆယ်လောက် လစ်သွားမယ်ထင်တာပဲ-

- အဲဒါနဲ့ နောက်ဆုံးတော့ ကျွန်မစိတ်တွေဟာ အားငယ်သည်ထက် ငယ်သွားပြီး အမှတ်သညာများလည်း မရှိတော့လောက် တုံးသွားရာက သတိရသလောက်ဖြင့် ကျွန်မဟာ အခါလည်ရွယ်ကလေးလေးရဲ့စိတ်မျိုးဖြစ်သွားပြီး တစ်ခါတည်းငိုချင် ရယ်ချင် ကုတ်ချင် ဖဲ့ချင်နဲ့ဖြစ်ပြီး အရူးကြီးရူးတာပါပဲ။ အဖေသော ဘာသော ဘာမှမမှတ်မိဘဲ ကြမ်းချင်တိုင်းကြမ်း ရမ်းချင်တိုင်း ရမ်းနေရာကနေ တစ်နေ့ ၂၄ နာရီရှိတဲ့အတွင်းမှာ ဖြုန်းခနဲ တစ်မိနစ်လောက် သတိရလိုက်တဲ့အခါ ကျွန်မအဖြစ်အပျက်တွေ အကုန်ပေါ်လာပြီး သတိရလို့ စဉ်းစားငြိမ်နေရင်း အကျိုးအကြောင်းလည်း ပြောမယ်ကြံရော ဟောဆို တစ်ခါတည်းမေ့ပြီး သတိအလစ်ကြီး လစ်သွားပြန်ရော။ အဲဒီလိုနဲ့တစ်နေ့တော့ အိမ်ကထွက်ပြေးလာပြီး ဘယ်ခရီးက ဘယ်ခရီးရောက်တယ်ဆိုတာလည်း မမှတ်မိဘူး။ ရောက်ရာ ရောက်ထွက်လာလိုက်တာ တစ်ခါတစ်ခါလဲ ရွာတွေတွေ့သလိုလို တောတွေတွေ့သလိုလို စိတ်ထဲမှာ မှုန်စီမှုန်မွှားသာ သိရတယ်။ ဒီအယုတ်တမာကောင်ကြီးဟာလည်း ကျွန်မရဲ့ နောက်နားက အမြဲပါလာတယ်ထင်ရတာပဲ။ အဲဒီအတွင်း ကျွန်မသတိရတဲ့နေ့တစ်နေ့ဟာ အင်မတန် နက်ခေါင်တဲ့ တောကြီးတောင်ကြီးထဲ ရောက်နေမှန်းသိရပြီး -

- အဲဒီဆရာကြီးလည်း ကျွန်မအနား ဘွားခနဲပေါ်လာရာက ကျွန်မကိုချစ်ရမယ် ကြိုက်ရမယ်ပြောပြန်လို့ မချစ်နိုင်ကြောင်း ပြောရုံမက ဆဲလိုက်ဆိုလိုက် တွေ့ရာနဲ့ကိုင်ပေါက်လိုက် လုပ်တာနဲ့ တစ်ခါစိတ်ဆိုးသွားပြန်ပြီး "နင့်ကို အသေမသတ်သေးဘူး။ အရှင်လတ်လတ်နဲ့ လူညွန့်တုံးအောင် လုပ်ထားဦးမယ် ဒီလောက်ခေါင်းမာတဲ့ကောင်မ သိကြရောပေါ့"လို့ ကြိမ်းဝါးပြီး အနားကသစ်ပင်ကြီးပေါ်မှာ ကလေးနို့တိုက်နေတဲ့ မျောက်ဝံမကြီးတစ်ကောင်ကို ဖနောင့်နဲ့ မြေကိုပေါက်လိုက်ရုံနဲ့ ဖုတ်ခနဲ မြေကြီးပေါ်ကျလာစေပြီး လတ်လတ်ဆတ်ဆတ်ကြီး သေရတော့မယ့် မျောက်ဝံမကြီးရဲ့အသက်ကို သူ့လက်ကြီးနဲ့ ကွေးချည်ဆန့်ချည် သပ်ခေါ်ပြီး ကျွန်မကိုယ်ထဲသို့ သွင်းလိုက်တာနဲ့ တစ်ချက်တည်း ကျွန်မမှာ သတိလစ်သွားပြီး အရင်ကစိတ်နဲ့မတူဘဲ ခုန်ချင်ပေါက်ချင်၊ ကုတ်ချင်ဖွဲ့ချင်စိတ်ဖြစ်ရင်း တစ်ခါတစ်ခါလည်း ငယ်သံပါအောင်မျောက် အော်သလိုအော်ပြီး တောကြီးထဲ လျှောက်ပြေးနေရာက ဂူကြီးတစ်ခုထဲလှောင် သွင်းထားတာခံရပြီး နေ့ရှိသမျှ ဆင်းရဲခံနေရတုန်း ကျွန်မဝဋ်ကျွတ်ရမယ့်နေ့ကျတော့ ကျေးဇူးရှင်ဆရာကြီးနဲ့ ဟောဒီက ဆရာကလေးတို့နှင့်လာတွေ့ပြီး ရခဲတဲ့လူ့ဘဝကို ပြန်ရောက်ခဲ့ရပါတယ်။ ကျွန်မအသက်ဟာ ဒီကကျေးဇူးရှင် ဆရာကြီးများလက်ထဲမှာ ရှိပါတော့တယ်။ ကျွန်မဖခင်ကြီးလည်း ဘယ်လိုဖြစ်ပြီး ကျန်ရစ်ခဲ့တယ်မသိဘူး။ ကျွန်မအတွက် အင်မတန်ပူနေရှာမှာပဲ ဦးကြီးရဲ့"

ဟုပြောရှာလျှင် ဦးစောနန်းလည်း ခေါင်းကြီးတညိတ်ညိတ်နှင့် နားထောင်နေရာက -

"အင်း . . တယ်လည်းယုတ်မာတဲ့ အကျင့်အကြံပေပဲနော်။ အင်း သူတို့လို ကမ္ဘာ့သစ်ငုတ်၊ ကမ္ဘာ့ခလုတ်ကောင်တွေဟာ ဘာမှအကြောက်အလန့်မရှိ ထင်ရာတဇောက်ကန်းလုပ်နိုင်တဲ့သတ္တိကြောင့် ကျားရဲသတ္တဝါထက်ကြောက်လန့်စရာကောင်းတာပဲ။ ကဲ . . ကဲ ဘာမှမပူပါနဲ့ ငါ့တူမ ဒုက္ခတွေနဲ့ဝေးပြီ၊ ပျော်ပျော်ပါးပါးသာနေ။ မင်းအဖေဆီကို အကျိုးအကြောင်း စာရေးလိုက်မယ်"

ဟုပြောသောကြောင့် မနန်းဆွေလည်း များစွာ ကျေးဇူးတင်ပါကြောင်း အကြိမ်ကြိမ်ပြောရှာလေ၏။

မနန်းဆွေကလေးကား အမှီအတွယ်ကင်းမဲ့ရှာသော မာလာနွယ်ညွန့် ကလေးပမာ ကြီးစွာသောဒုက္ခညွန့်ဗွက်အတွင်းမှ ကျွန်တော်တို့ဆွဲဆောင် ကယ်တင်ခဲ့ခြင်းအတွက် ချမ်းသာရာရလာရှာသူကလေး ဖြစ်သည့်အားလျော်စွာ ကျွန်တော့်ကို များစွာအားကိုးချင်ရှာသော မျက်လုံးကလေးများဖြင့် ရိုးသားသော ရှမ်းမကလေးပီပီ ပလီပလာ မတတ်ရှာသည့်အတိုင်း ခပ်ရိုင်းရိုင်းပင် ကြည့်တတ်ရှာသည်ဖြစ်ရာ ကျွန်တော့်မှာလည်း ကျေးဇူးရှင်ဆရာကြီး၏ ကျင့်ဝတ်ညီစွာ သစ္စာရှိရမည့် တပည့်ကြီးဖြစ်သည့်အပြင် ကျွန်တော်၏ နဂိုစိတ်ရင်းကလည်း အသက်ပင်များစွာ မကြီးသေးသော်လည်း ထိုနေရာမျိုးတွင် အထူးရှောင်ကြဉ်တတ်လျက် အသက်တမျှချစ်လှစွာသော ဇနီးကလေး မခင်ယုံမှ တစ်ပါး မည်သည့်မိန်းမ ကလေးတစ်ဦးတစ်ယောက်ကိုမှ ဖောက်ပြားလော်မာ မရိုးသားသောစိတ်များ မရှိလာဘဲ တွေ့သမျှ မြင်သမျှ ကိုယ့်အစ်မ ကိုယ့်နှမ ကလေးများပမာ ကရုဏာရှိ၍ လာခဲ့သူဖြစ်ရာ ကျွန်တော့်မှာ ထိုသစ္စာတစ်ခု လုံခြုံခဲ့သောကြောင့်ပေလားမသိ ကျေးဇူးရှင်ဆရာကြီး၏ နောက်ပါးမှ မြောက်မြားလှသော ဘေးအန္တရာယ်အမျိုးမျိုးတို့ကို ကျော်နင်းလွန်မြောက်ခဲ့နိုင်သည်မှာလည်း ကျေးဇူးရှင်ဆရာကြီး၏ ဂုဏ်ကျေးဇူးကို ခိုလှုံရ၍တစ်ကြောင်း၊ ကျွန်တော်၏ သစ္စာသမာဓိကြောင့်တစ်ကြောင်းဟု ယုံကြည်မိသူ ဖြစ်သည့်အတိုင်း ကျွန်တော်၏သစ္စာတံတိုင်းကြီးကို မည်သည့်နည်းနှင့်မျှ မကျိုးမပေါက်စေလိုလှသဖြင့် မနန်းဆွေအားလည်း နှမငယ်အရင်းကဲ့သို့မခြား ချစ်သနားခဲ့ပြီးလျှင် ကျွန်တော်၏အကြောင်းကို မသိရှာသဖြင့် အားကိုးရှာချင်သည်တို့ကို ပိုမို တွေးဆ သနားရလေတော့၏။

မနန်းဆွေက ၎င်း၏ ဒုက္ခရောက်ခဲ့ပုံများကို စကားစပ်မိ၍ ပြောသောအခါတွင်လည်းကောင်း၊ သူ့ကို နှိပ်စက်ခဲ့သည့် ယုတ်မာသော အောက်လမ်းဆရာကြီးအကြောင်းကို ပြောလိုက်သည့်အခါတွင်လည်းကောင်း၊ ကျွန်

တော်ကလည်း တစ်နည်းနည်းနှင့် ကျွန်တော့်တွင် သားမယားရှိကြောင်း သိစေလိုသောကြောင့် ယခု မနန်းဆွေကို မတရား ညှင်းဆဲထားသော အောက်လမ်းဆရာကြီး၏ညီပင် ကျွန်တော်၏ဇနီး မခင်ယုံကို နှိပ်စက်ပြုစားဖူးကြောင်းနှင့် ကျွန်တော်တို့တွင် မည်၍မည်မျှ ဒုက္ခရောက်ခဲ့ကြောင်းများနှင့် တစ်နေ့သ၌ ကျေးဇူးရှင်ဆရာကြီးနှင့် သွား၍တွေ့သဖြင့် ကျွန်တော်၏ဇနီးမခင်ယုံမှာ အသက်ချမ်းသာရာရကြောင်းများနှင့် ၎င်းအောက်လမ်းဆရာကြီးမှာ ကျေးဇူးရှင်ဆရာကြီး၏အစွမ်းကို မခံနိုင်သဖြင့် အလျှော့ပေး၍ ပြေးရရာတွင် နောက်တစ်ခါ အနှောင့်အယှက်မပြုပါဟု သစ္စာရေ သောက်သွားရကြောင်းများကို ပြောလိုက်သောအခါ မနန်းဆွေ၏မျက်နှာကလေးမှာ ညှိုးငယ်သွားရှာသည်ကို တွေ့ရလေလျှင် ကျွန်တော့်တွင် ရင်ထုမနာ သနားကရုဏာများစွာ ဖြစ်မိပေတော့၏။

သို့နှင့်ရောက်၍ နှစ်ရက်သုံးရက်မျှ ရှိလာခဲ့ကြရာ ဦးစောနန်းလည်း မနန်းဆွေ၏ဖခင် မြို့စားကြီးထံသို့ စိတ်နောက်ထွက်လာသော မနန်းဆွေအား အထက်လမ်းဆရာကြီးတစ်ပါးက သနားသဖြင့် ကုသ၍ ပျောက်ကင်းချမ်းသာစွာရှိကြောင်း၊ မနန်းဆွေကို မိမိကိုယ်တိုင် လိုက်ပို့ချင်သော်လည်း အလုပ်တစ်ဖက်နှင့် မအားလပ်သောကြောင့် မလာရကြောင်းများ စာရေးသား၍ စာတိုက်မှ ထည့်လိုက်ပြီး မြို့စားကြီးလိုက်လာမည်ကို စောင့်ဆိုင်းမျှော်လင့်၍ နေကြလေ၏။

ထိုအတွင်း မနန်းဆွေမှာ တစ်ခါတစ်ရံ မျက်နှာကလေး ညှိုးငယ်နေသည်မှတစ်ပါး အခြားသော အခါများတွင် စိတ်အေးချမ်းသာ ပျော်ရွှင်ပုံရကာ မစောမြကလေးနှင့်အတူ ဦးစောနန်း၏ခြံကြီးထဲတွင် ပျော်ရွှင်စွာ သနပ်ဖက်ခူးသည့်အခါခူး၊ ဟင်းရွက်ဟင်းသီးပင်များကိုလည်းကောင်း၊ ကြက်သွန်ခင်းကြီးများကိုလည်းကောင်း၊ ရေငင်မောင်းနှင့် ရေများကို ခပ်လောင်းနေကြသည့်အခါ လောင်းနေကြပြီး လိမ္မော်သီး၊ ရှောက်သီး၊ ကျွဲကောသီးစသည့် အပင်များအောက် နှစ်ယောက်သား ခူးဆွတ်စားသောက်နေကြသည့်အခါ နေကြလျက် တစ်ခါတရံ တောပွဲစားတို့ အဝယ်အခြမ်းရောက်လာလျှင် ခြံထဲမှ မစောမြ

ကိုယ်တိုင် စုဆောင်းသိမ်းဆည်းထားသော သနပ်ဖက်များ၊ လက်ဖက်စို၊ လက်ဖက်ခြောက်များနှင့် ခြံထွက်လိမ္မော်၊ ရှောက်၊ ကမ္ဘလာစသည့် အသီးအနှံများကို ထုတ်၍ရောင်းချပြီး ထိုသူတို့ထံမှ ရသောငွေနှင့်ပင် အထည်အလိပ် အဆန်းအပြားကလေးများဝယ်လျက် အပျိုဖော်ဖြစ်သော မနန်းဆွေနှင့်အတူ တိုင်တိုင်ပင်ပင်ပျော်ရွှင်စွာ ချုပ်လုပ်ဝတ်ဆင်လျက် တစ်ခါတရံလည်း ရွာထဲတွင် နှစ်ယောက်သား လျှောက်၍လည်ကြသည်ကို တွေ့ရပေ၏။

ကျေးဇူးရှင်ဆရာကြီးကား ကျွန်ုပ်တို့ရောက်၍ သုံးရက်မြောက်သောနေ့မှပင် ရွာဦးတောင်ပေါ်ရှိ ဆုတောင်းပြည့်ဘုရားပေါ်သို့တက်၍ သုံးရက်သုံးလီ အဓိဋ္ဌာန် သီလဆောက်တည်ရမည်ဖြစ်၍ မည်သူမျှ မလာစေရန် မှာကြားပြီး၍ နံနက်ထမင်းအတွက်မူ ဦးစောနန်းတို့ ချက်ပြုတ်ပြီးစီးလျှင် ကျွန်တော်တစ်ယောက်တည်း တောင်ပေါ်သို့တက်၍ ပို့လာရမည်ဟု အမိန့်ရှိကာ ထိုအတောအတွင်း အရေးတစ်စုံကြုံက အစစ အရာရာ ကျွန်တော်သာလျှင် ဆောင်ရွက်ရမည်ဟု တာဝန်လွှဲအပ်ထားပြီး တောင်ထိပ်ဆုတောင်းပြည့်ဘုရားပေါ်သို့ သွားရောက်နေထိုင်သဖြင့် ကျွန်တော်လည်း တပည့်ကလေးနှစ်ယောက်ကို အုပ်ချုပ်ကာ ကျေးဇူးရှင်ဆရာကြီး၏ ဝတ်ကြီးဝတ်ငယ်ကို ပြုစုရင်း စောင့်ဆိုင်းနေထိုင်ကြရလေ၏။

တစ်နေ့သောအခါ ကျွန်တော်သည် ဦးစောနန်းနှင့်အတူ အိမ်တံစက်မြိတ်အနီး ဝါးကွပ်ပျစ်ကလေးတွင်ထိုင်ကာ လက်ဖက်ရည်အကြမ်းခရားနှင့် စကားကောင်းနေစဉ် မနန်းဆွေနှင့် မစောမြတို့လည်း ခြံကြီးအတွင်း မလှမ်းမကမ်းနေရာတစ်ခု၌ အလုအယက် သနပ်ဖက်ရွက်များ ခူးခြွေရင်း တံချူတစ်စင်းစီနှင့် အလုပ်ရှုပ်နေသည်ကို တွေ့မြင်ရလေ၏။ ဦးစောနန်းလည်း သမီးကလေးကို တစ်ချက်ကြည့်ရင်း -

"အင်း . . ဦးကြီးတို့လည်း ဟောဒီသမီးကလေး ငယ်ငယ်က ပညာသည်တစ်ယောက်နဲ့တွေ့လို့ အတော်ပဲဒုက္ခဖြစ်လိုက်ကြသေးတယ် မောင်ရယ်။ ကံကြီးလို့ပဲ"

ဟုပြောနေစဉ် မနန်းဆွေက စူးစူးဝါးဝါးဟစ်အော်လိုက်သော အသံ တစ်ချက် ကြားလိုက်ရပြီး မစောမြ၏အသံဖြင့်လည်း "အမယ်လေး လာကြပါ ဦး၊ အဖေရေ စား . . စားယူခဲ့ပါ။ မနန်းဆွေကို မြွေကြီးပတ်နေတယ်အဖေရဲ့" ဟု အရေးတကြီး အော်လိုက်ပြန်သောကြောင့် ဦးစောနန်းနှင့် ကျွန်တော်တို့ လည်း နီးရာက တုတ်၊ ဓားလက်နက်များကို ဆွဲကိုင်ကာ မနန်းဆွေရှိရာသို့ ပြေးခဲ့ကြလျှင် မစောမြမှာ ခြံစည်းရိုးနားကို လက်ညှိုးထိုးပြပြီး -

"ဟိုမှာ . . ဟိုမှာ မြွေကြီးမှ ဧရာမမြွေကြီးပဲအဖေရဲ့"ဟုဆို၍ ကျွန် တော်တို့လှမ်းကြည့်လိုက်သောအခါ လူ၏ပေါင်လုံးတမျှကြီးမားလှသော ငန်း မြွေကြီးတစ်ကောင်မှာ မနန်းဆွေတစ်ကိုယ်လုံးကို ခြေဆုံး ခေါင်းဆုံး ရစ်ပတ် ထားသည်ကို တွေ့ရလေ၏။

ဦးစောနန်းလည်း လက်ထဲတွင်ပါလာသော မိုန်းချွန်ကြီးဖြင့် မြွေကြီး ၏လည်မျိုကို အဆက်မပြတ် ချိန်၍ထိုးလေရာ မြွေကြီး၏လည်ပင်းမှ သွေး ချင်းချင်းနီအောင် ပန်းထွက်လျက်ရှိသော်လည်း မြွေကြီးမှာ ဖွဲမာန်ကိုမလျှော့ ဘဲ အရိုးများကွဲလုမတတ် ရစ်ပတ်လျက်ရှိလေရာ ကျွန်တော်လည်း မြွေကြီး ၏ပါးစပ်အတွင်းမှ မနန်းဆွေကို အတင်းဆွဲထုတ်မည်ကြိုးစားလျက် အပြင် ထွက်နေသော ခြေဖျားနှစ်ဖက်ကို ဆွဲယူလိုက်လျှင် မလှုပ်နိုင်အောင် ချုပ်ထား သလို တင်းတင်းကျပ်ကျပ် ရစ်ပတ်ထားသော မြွေကြီးကိုယ်တွင်းမှ မွေးညှင်း တစ်ပင်စာမျှ မရွေ့မလျားသဖြင့် အခြားနည်းနှင့်ရအောင် ကြိုးစားရပြန်ရာ ကျွန်တော့်မှာ ဆရာကြီးဆေးအစ်အတွင်းရှိ ဆေးတစ်လက်ကို ရုတ်တရက် သွား၍သတိရလေ၏။ ထိုဆေးမှာ မြွေများကိုအစိုးရသည့် ရွှေနပေနတ်အမြဲ စောင့်ကြပ်ရသောဆေးဖြစ်၍ ပခုက္ကူနယ်တွင် မြွေများနှင့် တိုက်ခိုက်စဉ်က ကျေးဇူးရှင်ဆရာကြီး၏လက်ဝါးတွင် ထိုဆေးကို ပင့်ကူရုပ်ရေး၍ မြွေများပြေး အောင် လုပ်ရဖူးကြောင်း သွား၍တွေးမိသဖြင့် အိမ်သို့ကပျာကယာ ပြေးပြီး ထိုဆေးကို ကျွန်တော်၏ညာလက်ဝါးတွင် ပင့်ကူငယ်အသွင်ရေးလျက် အထက်နတ်မင်းကြီးများကို တိုင်ကြားကာ ရွှေနပေမြွေနတ်ဘုရင်မကို အမိန့် ပြန်ပြီး မနန်းဆွေရှိရာသို့ ပြန်လာခဲ့ရာ မြွေကြီးမှာလည်း သွေးချောင်းစီးသော

အောင်ထွက်နေသည့် အထဲကပင် အလျှော့မပေးဘဲ ဇွဲကောင်းကောင်းနှင့် ပတ်ညှစ်ထားမြဲဖြစ်သည်ကို တွေ့ရသဖြင့် ကျွန်တော်လည်း ပင့်ကူရုပ်ပါသော ညာလက်ဝါးနှင့် မြွေကြီး၏ခေါင်းနားသို့ကပ်၍ ထောင်ပြလိုက်သည်တွင် မာန်သွင်း၍ အပြင်းရစ်ပတ်ထားသော မြွေကြီးမှာ တစ်ခါတည်း ခေါင်းလျှိုးကျသွားပြီး ရစ်လိမ်ထားသော ကိုယ်ကြီးကို တဖြည်းဖြည်း လျှော့ဖြေကာ စင်းစင်းကြီးဖြစ်၍ နေလေတော့သည်။

မနန်းဆွေလည်း ပူပြင်းတင်းကျပ်လှသော မြွေကြီးဒဏ်ကို မခံနိုင်သဖြင့် မြောမေ့လျက်ရှိသဖြင့် မစောမြကြပ်မ၍ ဝိုင်းအုံပွေ့ထူကာ အိမ်ဆီသို့ ယူသွားကြပြီး အချို့လာရောက်ကြည့်ရှုသူတို့အထဲမှလည်း မြွေကြီးကို ဝိုင်း၍ ရိုက်ကြ နှက်ကြခြင်းဖြင့်တစ်ကြောင်း၊ ဦးစောနန်းက လည်မျိုတွင် အကြိမ်ပေါင်းများစွာ မှိန်းနှင့်ထိုးထားသော ဒဏ်ရာတို့ကြောင့်တစ်ကြောင်း ခေါင်းမထူနိုင်ဘဲ သေပွဲသို့ ဝင်ရှာလေလျှင် ရွာသူရွာသားတို့မှာ မြွေကြီးကို ဖျက်ဆီးခုတ်ထစ်လျက် အရေခွာသူခွာ အစွယ်ရှာသူရှာနှင့် ဖြစ်နေလေတော့၏။

ဦးစောနန်းကား အားရကျေနပ်ခြင်းမရှိသောမျက်နှာနှင့် မြွေကြီးကို စိုက်ကြည့်ကာ -

"ဦးကြီးတော့ သိပ်အံ့ဩတာပဲဆရာလေးရယ်၊ ဦးကြီးဒီအရပ်မှာနေလာတာ အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးရှိလာပြီ တောကြီးတောင်ကြီးထဲလည်း ကိစ္စရှိတိုင်း သွားလာနေခဲ့တာ တစ်ခါမှ ဒါလောက်ကြီးတဲ့မြွေကြီးမတွေ့ဖူးသေးဘူး။ ဒီရွာထဲဝင်ဖို့မပြောနဲ့ ရွာနီးနားချင်းမှာပဲ မြွေကြီးကြီးမားမားတွေ့ရတာအနည်းသား ဧကန္တအစိမ်းတိုက်လွှတ်လိုက်လို့သာ ဒီကိုဖြောင့်ဖြောင့်တန်းတန်း လာနိုင်တာဆရာလေးရဲ့"

"ဦးကြီးထင်တဲ့အတိုင်းပါပဲ မနန်းဆွေကို အခဲမကျေတဲ့ ဘိုးတော်နန်းလက်ချက်ပေါ့။ ဒီတော့ ကျွန်တော်တို့ကလည်း မနန်းဆွေကလေးကို သူ့ရန်လက်စ မအေးသေးသမျှ ကြပ်ကြပ်ဂရုစိုက် ထိန်းသိမ်းထားမှဖြစ်မယ်။ အခုဘယ်လိုနေတယ်မသိရသေးဘူး"

ဟုပြောကာ အိမ်ဆီသို့ ပြန်လာခဲ့ကြလေ၏။

မနန်းဆွေမှာ မစောမြပြုစုခြင်းဖြင့် ကောင်းစွာသတိရလာသော်လည်း မြွေကြီး၏ ပြင်းထန်စွာ ရစ်ပတ်ခြင်းခံရသောဒဏ်က အရိုးကွဲမတတ်ခံခဲ့ရလေရာ တစ်ကိုယ်လုံးရှိ အသားအရေတွေမှာ ကြေမွနာကျင်လှသည်နှင့် အိပ်ရာထဲက မထနိုင်သေးအောင်ရှိပြီး အိမ်နီးနားချင်း ရှမ်းမကြီးများက မိဿလင်၊ သက်ရင်းကြီးစသောဆေးများ လိမ်းကျံပေးခြင်းပြုမှ တစ်စတစ်စနှင့် ပယောဂအတက် ကျလာလေတော့၏။

"ဆရာလေးရယ် ကျွန်မကို ဘိုးတော်နန်း လိုက်နှောင့်ယှက်နေတာတော့အမှန်ပဲ။ မြွေကြီးပေါ်မှာ သရဲမည်းမည်းအကောင်ကြီးနှစ်ကောင် စီးလျက်ပါလာတာ ကျွန်မမျက်စိနဲ့ တပ်အပ်မြင်လိုက်ရပါတယ်။ ကျေးဇူးရှင်ဆရာကြီးမရှိတုန်း ကျွန်မကိုမရ,ရအောင် ပြန်ခေါ်မလို့ထင်တယ်။ တဆိတ်တတ်နိုင်သမျှ စောင့်ရှောက်ပါဦး ဆရာလေးရယ်။ ဒီတစ်ခါမှ သူ့လက်ပါရရင် ကျွန်မကိုရှေးကထက်ပိုပြီး နှိပ်စက်ပါလိမ့်မယ်"

ဟု ကြောက်ရွံ့အားငယ်စွာ ပြောရှာသဖြင့် ကျွန်တော်ကလည်း ဘာမျှအားမငယ်ရန် မကြောက်ရွံ့ရန် အားပေးလျက် အထက်မြက်ဆုံးသော အကာအကွယ်ဆေးများကိုထိုးပေးခြင်း၊ အထက်ဆုံးသော ဆေးလက်ဖွဲ့များ၊ ပရိတ်ချည်မျှား ဆွဲဆင်ရန်ပေးထားခြင်းဖြင့် မနန်းဆွေ၏ဘေးအန္တရာယ်ကို လုံခြုံစွာကာကွယ်ပေးထားရလေ၏။

ဦးစောနန်းကလည်း မစောမြအား မနန်းဆွေကို အိမ်ပေါ်က အိမ်အောက်သို့မဆင်းစေရန် ကျပ်တည်းစွာ မှာကြားထားလေ၏။

ဘိုးတော်နန်းကား များစွာအငြိုးကြီးနေကြောင်း ကျွန်တော်ကိုယ်တိုင်ကောင်းစွာသိရပေ၏။ မနန်းဆွေတွင် ကျွန်တော်ကာကွယ်ပေးထားသော ဆေးဝါးအကာအကွယ်တို့ကြောင့် အနည်းငယ်မျှ မကြံစည်နိုင်ရှိခဲ့ရာ ဘိုးတော်နန်းမှာ များစွာအခံရခက်နေသည့်အလား အိမ်အနီးတွင် ရုပ်အမျိုးမျိုးပြောင်းပြီး တစေ့တစောင်း ရစ်သီ ရစ်သီလုပ်နေသည်ကို တွေ့ရပေ၏။

ကျွန်တော်ကလည်း မနန်းဆွေအား အိမ်တံစက်မြိတ်အပြင်သို့ပင် မထွက်စေရန် မှာကြားထားသည်နှင့် ရန်သူတော်ဘိုးတော်နန်းမှာ မနန်းဆွေကို ရန်ရှာနိုင်ဖို့မဆိုထားဘိ မနန်းဆွေ၏ အရိပ်အရောင်ကိုမျှ မမြင်ရဘဲရှိခဲ့လျှင် ယုတ်မာရိုင်းပြသောစိတ်ထားနှင့် အိမ်တွင်းသို့ ဝင်ရောက်နှောင့်ယှက်သည့်တိုင်အောင်လည်း စောစောစီးစီးကပင် ကျွန်တော်ကိုယ်ကိုင် ပရိတ်သဲများဖြင့် ခြံစည်းရိုးပတ်လည်နှင့် အိမ်တံခါးဝများတွင် စည်းတားထားသဖြင့် ဘိုးတော်နန်းမှာ မည်မျှစွမ်းသော အောက်လမ်းဝိဇ္ဇာ အယုတ်တမာကြီးပင် ဖြစ်လင့်ကစား ထိုပရိတ်သဲများကို မကျော်ဝင်ဘဲ ရှားမီးခဲကို စီးနင်းဝံ့ဘိသကဲ့သို့ ကြောက်ရွံ့ထိတ်လန့်လျက် ရှိလေ၏။

မိမိကိုယ်ကို ဆရာတစ်ဆူပါရဂူဟု အထင်ကြီး၍ စိတ်ကြီးဝင်နေသော ဘိုးတော်နန်းမှာ ထင်တိုင်းမပေါက်သဖြင့် ဒေါသစိတ်အလျောက် တောက်ဘခေါက်ခေါက်လုပ်၍နေပြီး ညအချိန်မှဲ့၌ ၎င်း၏ပြင်းထန်သောတောက်ခေါက်သံကြီးများမှာ တစ်အိမ်လုံး သိမ့်ခါသွားသကဲ့သို့ ထင်ရလေ၏။ ကျွန်တော့်အားလည်း များစွာ မျက်မုန်းကျိုးနေလေရာ သူ၏စိတ်ထဲတွင် တွေ့ရာသင်္ချိုင်းသဘောထားအနေဖြင့် နံနက်တိုင်း တောင်ပေါ်တက်၍ ထမင်းပို့ရသည်ပင် များစွာသတိထားရလေ၏။ အောက်လမ်းပညာနည်းဖြင့်ကား ကျွန်တော့်ကို တတ်နိုင်မည်မဟုတ်သဖြင့် ရုတ်တရက် တုတ်၊ ဓား စသော လက်နက်ဖြင့် အသက်ကိုချောင်း၍ ရန်ရှာမည်ဟု တကဲကဲဖြစ်နေကြောင်း ကျွန်တော်၏ အစောင့်အရှောက်များက သတိပေးသောကြောင့် ကျွန်တော့်တွင် ကျေးဇူးရှင်ဆရာကြီးထံသို့သွားတိုင်း တပည့်ငယ်နှစ်ယောက်ကို လက်နက်များဖြင့် အစောင့်အရှောက် လိုက်ပါရစေတော့၏။ ဦးစောနန်းနှင့်တကွ ရွာသူရွာသားဟူသမျှတို့ကား ဘိုးတော်နန်း သွားလာနေထိုင်လျက် အချက်ရှာနေသည်ကို တွေ့မြင်ကြရသော်လည်း မည်သူကမျှ မနန်းဆွေကို ရန်ရှာနေသူ အောက်လမ်းဆရာကြီးမှန်း မသိကြဘဲ ရှိလေ၏။ ကျွန်တော်ကလည်း ဆရာသမားတို့ထားအပ်သော သစ္စာတရားကို စောင့်ထိန်းကာ မည်သူ့ကိုမျှ ပြော၍မပြခဲ့ချေ။

အစစအရာရာ တစ်ကိုယ်တည်းသာကြိတ်၍ထားပြီး ရှောင်သင့်လျှင်ရှောင်၊ ရှားသင့်လျှင်ရှား၊ တားသင့်သည်တို့ကို တားမြစ်ရင်းနှင့်ပင် သုံးလေးရက်ရှိလာခဲ့လေရာ နောက်တစ်နေ့တွင် အိမ်ရှေ့သို့ မြင်းကိုယ်စီနှင့်လာသော ရှမ်းတိုင်းရင်းသား လေးငါးယောက်တို့သည် မြက်ခမောက်ကြီးများ ကိုယ်စီဆောင်းလျက် ခြံအတွင်း ဘက်သို့ ဝင်လာကြသည်ကို တွေ့ရလေ၏။

ဦးစောနန်းတို့လည်း ဝင်လာသောသူများကို တစ်ခါမျှ မမြင်ဖူးသဖြင့် ငေးကြည့်နေစဉ် -

"ဦးစောနန်းအိမ်ဆိုတာ ဒီအိမ်ပဲလားခင်ဗျာ"

နောက်ပါ တစ်ယောက်ကမေး၍ ဦးစောနန်းလည်း -

မိမိပင်ဖြစ်ကြောင်းပြောလျှင် -

"လွယ်ခန်းမြို့စားကြီး လိုက်လာပါတယ်ခင်ဗျာ"

ဟုပြောမှ ဦးစောနန်းလည်း ပျာယီးပျာယာနှင့် ခရီးဦးကြိုပြုကာ နေရာထိုင်ခင်းများ ပြင်ဆင်ပေးလေ၏။

မြို့စားကြီးမှာ အသက် (၅၀) ခန့်မျှရှိလျက် ၎င်းနှင့်ယှဉ်လျက်ထိုင်သူမှာ အသက် (၃၀) လောက်ရှိသည့် သားနားသော ရှမ်းလူပျိုတစ်ယောက်ဖြစ်လျက် အခြားသူတို့မှာ နောက်ပါအရာရှိနှင့် တပည့်ငယ်သားများဖြစ်ကြောင်း သိရှိရလေ၏။

မြို့စားကြီးလည်း သမီးအတွက် များစွာသောကရောက်နေဟန် လက္ခဏာနှင့် -

"ဦးစောနန်းဆီက စာရောက်လာတာနဲ့တစ်ပြိုင်နက် ထွက်လာခဲ့တာပဲ။ ဒီရွာကို ကားနဲ့တိုက်ရိုက်မလာနိုင်ဘူးဆိုလို့ ကျောက်မဲကတစ်ဆင့် မြင်းနဲ့ အမြန်စိုင်းလာခဲ့ကြတဲ့အတွက် ရက်အနည်းငယ်နဲ့ရောက်ရတယ် ဦးစောနန်းရဲ့။ ကျုပ်သမီးကို ကောင်းမွန်စွာစောင့်ရှောက်ထားတဲ့အတွက် များစွာပဲ ကျေးဇူးတင်ပါတယ်။ နို့ . . ဒါထက်ခရီးရောက်မဆိုက် ကျုပ်သမီးကလေး တွေ့ပါရစေ။ မှန်လိုအရိပ်ကြည့်နေရတဲ့ သမီးကလေးမို့ သူစိတ်နောက်ထွက်ကတည်းက (၂) နှစ်ကျော်မျှ ကြာတဲ့အတောအတွင်းမှာ ခြေရာချင်းထပ်အောင် အရှာအဖွေ

လွတ်ခဲ့တာ သေတာလည်းမသိရ၊ ရှင်တာလည်းမသိရနဲ့ စိတ်ဒုက္ခဖြစ်ရလွန်းလို့ ကိုယ့်မြို့ကိုမှ ပြန်မကြည့်နိုင်တဲ့အခြေ ရောက်နေတာနဲ့ ဟောဒီကကျုပ်တူတော် စောရွှေဦးကို မြို့စားအရာလွှဲအပ်ပြီးထားရတာ တစ်နှစ်ကျော်ကြာပြီ သူ့ခမျာလည်း ရှာနိုင်သလောက် ထောက်လှမ်းရှာဖွေတာ ဘယ်ကမှ သဲလွန်စ မရခဲ့လို့ လက်လျှော့ရတော့မယ်လုပ်တုန်း ဦးစောနန်းဆီက စာရောက်လာတော့ ကျုပ်သမီး သေရာက ရှင်လာသလောက် ဝမ်းမြောက်ဝမ်းသာနဲ့ ပြေးလာခဲ့တယ်။ ဘယ်မှာလဲ ဦးစောနန်းရယ် ကျုပ်သမီးဘယ်မှာလဲ"

ဟု အထပ်ထပ်မေးလျှင် ဦးစောနန်းလည်း အခန်းထဲတွင်အိပ်ပျော်နေသော မနန်းဆွေကို နှိုးယူခေါ်လာလေရာ မနန်းဆွေမှာ ဖခင်ကိုမြင်သည်နှင့်တစ်ပြိုင်နက် ဝမ်းသာဝမ်းနည်းဖြစ်ကာ မျက်ရည်တွေ တွေတွေကျလာပြီး အဖေကြီးကိုပြေး၍ဖက်ကာ . . .

"ဘဘ ဘဘ အမယ်လေးမသေလို့တွေ့ရတယ် ဘဘရဲ့"

ဟုပြော၍ ငိုရှာလျှင်မြို့စားကြီးမှာလည်း သမီး၏ခေါင်းကလေးကို သပ်ကာ . . .

"ငါ့သမီး ငါ့သမီး ဘဘရှာလိုက်ရတာသမီးရယ်။ ဘဘဖြင့် သမီးကို တွေ့ရတော့မယ်လို့တောင် မထင်ဘူး"

ဟုပြောကာ သားအဖ အားရအောင် နှုတ်ဆက်၍ဝမှ မြို့စားကြီးက အကျိုးအကြောင်းမေးရန် သတိရပြီး -

"နို့ . . ငါ့သမီးဘယ်လိုဖြစ်လို့ ရောဂါတွေ ဘယ်လိုဘာတွေ ပျောက်ရတာလဲကွယ်။ ငါ့သမီး တယ်ကုသိုလ်ကံကြီးပါကလား။ မသေကောင်း မပျောက်ကောင်း။ ဩော် . . ဒါဖြင့် ဘဘနဲ့အတူနေတဲ့ ဆေးဆရာကြီးလည်း ငါ့သမီးထွက်ပြေးလို့ ဘဘစိတ်မကောင်းဘဲ တမှိုင်မှိုင်တတွေတွေဖြစ်နေတာ မကြည့်နိုင်ရှာလို့ သူလည်း မရရအောင်လိုက်ရှာမယ် ငါ့သမီးမတွေ့ရသမျှ ပြန်မလာခဲ့ဘူးဆိုပြီး ထွက်သွားလိုက်တာ ယနေ့ထက်ထိ ပေါ်မလာရှာတော့ဘူးသမီးရဲ့။ သမီးကို ခုလို ကောင်းကောင်းမွန်မွန် ပြန်တွေ့ရတယ်ဆိုတာများသိရရင် ဘယ်လောက်များ ဝမ်းသာရှာမလဲ"

ဟုပြောလျှင် ကျွန်တော့်မှာ အကြောင်းမသိရှာ၍ ပြောနေသည်ကို ထိုင်ရာမှ နားထောင်ရင်း စိတ်တွင်းက ပြုံးမိလေ၏။

မနန်းဆွေလည်း အဖေကြီးမသိရှာ၍ သူယုတ်မာအား သူတော်ကောင်း ထင်နေသည်ကို အရင်းကပြန်၍ ဇာတ်လှန်ပြောရှာလျှင် မြို့စားကြီးမှာ အသား များ ဆတ်ဆတ်တုန်လာအောင်ပင် ရှက်၊ စိတ်နာ၊ ဝမ်းနည်းဒေါသမီး အပြင်း တောက်ကာ တွေ့ရာတွင် သတ်မည်ဟု ကြိမ်းဝါးလေတော့၏။

ထိုနောက် မနန်းဆွေလည်း မိမိမှာ လူစင်စစ်က မျောက်ဝံရိုင်းကြီး ဖြစ်နေရပုံများနှင့် ဒုက္ခဝေဒနာ ခံစားနေရသည်များကို ပြောပြကာ နောက်ဆုံး တွင် ကျေးဇူးရှင်ဆရာကြီးနှင့်တကွ ကျွန်တော်တို့ကိုတွေ့ရ၍ ရခဲလှသောလူ့ ဘဝသို့ မိမွေးတိုင်း ဖမွေးတိုင်းနှင့် ပြန်ရောက်ရကြောင်း၊ ယခုအခါ၌ အိမ်တွင် ဦးစောနန်းတို့က ကောင်းစွာစောင့်ရှောက်ထားစဉ်မှာပင် ဘိုးတော်နန်း၏ ဘေး ရန်ပြုခြင်း၊ နှောင့်ယှက်ခြင်းကို ခံရပြန်၍ ကျေးဇူးရှင်ဆရာကြီး အဓိဋ္ဌာန်ဝင် နေသည့်အတောအတွင်း ဆရာလေးခေါ် ကျွန်တော်က မည်သို့မည်ပုံ စောင့် ရှောက်ကာကွယ်ထားရသည်များပါ ကရားရေလွှတ် တတွတ်တွတ်ပြောရှာလျှင် မြို့စားကြီးနှင့် မြို့စားကလေးတို့မှာ ရောက်ခါစက သာမညလူတစ်ဦးထင် သဖြင့် အမှတ်မထင် ဂရုမထားမိသော ကျွန်တော့်အား များစွာအရေးတယူ နှုတ်ခွန်းဆက်ကြပြီး ကျေးဇူးကြီးစွာတင်ပါကြောင်းနှင့် အထပ်ထပ် ထပ်လောင်း ၍ ပြောကြကာ ကျေးဇူးရှင်ဆရာကြီးကိုလည်း ကန်တော့ချင်ကြောင်း ပြော သောကြောင့် ကျွန်တော်ကလည်း အလိုက်အထိုက်ပြန်ပြောရကာ ကျေးဇူးရှင် ဆရာကြီးမှာ အဓိဋ္ဌာန်ဝင်နေဆဲဖြစ်၍ ယခုအခါ လူတွေ့မခံသော်လည်း နောက် ၂ ရက် ၃ ရက်ရှိက အဓိဋ္ဌာန်ရက်စေ့၍ အိမ်သို့ပြန်ကြွလာမည်ဖြစ် ကြောင်း ပြောပြရလေ၏။ မြို့စားကြီးလည်း ဦးစောနန်းနှင့် သမီးကလေး မစော မြအား မိမိသမီးကို စောင့်ရှောက်သည့်အတွက် ဆင်းရဲပင်ပန်းရှာသော သား အဖဖြစ်၍ ချက်ချင်းပင် ငွေသုံးထောင်ထုတ်၍ မ,စလေရာ ဦးစောနန်းတို့ သားအဖမှာ ကျေးဇူးရှင်ဆရာကြီးဂုဏ်ကျေးဇူးကြောင့် ဤငွေများကို ရပေ သည်ဟု ကျေးဇူးတင်၍ မဆုံးနိုင်အောင် ရှိရှာကြလေ၏။

ယင်းသို့နှင့် အချင်းချင်းဇာတ်ရေလည်စွာ အမျိုးမျိုးအဖုံဖုံ ပြောသော အခိုက်တွင် ကျွန်တော့်မှာ မြို့စားကြီးအတွက် စိတ်မအေးနိုင်အောင်ရှိတော့၏။ အကြောင်းမူကား ကျွန်တော်စွမ်းဆောင်နိုင်သလောက် တတ်သိနားလည်ထားသော ပညာအခံနှင့်ပင် မြို့စားကြီး၏ ဝမ်းထဲတွင် ဘိုးတော်နန်းသွင်းထားသော အပင်းလုံးကြီးများကို မြင်ရသောကြောင့်ဖြစ်လေ၏။ ထို့ကြောင့် ကျွန်တော်လည်း ကြာရှည်မဆိုင်းနိုင်တော့ဘဲ -

"မြို့စားကြီး၏ ဝမ်းထဲတွင် ဘိုးတော်နန်းသွင်းထားသော အပင်းလုံးများရှိကြောင်း အကယ်၍ ယခုအခါ ဘိုးတော်နန်း တစ်စုံတစ်ခုဖြစ်၍ သေဆုံးသွားခဲ့သည်ရှိသော် မြို့စားကြီး၏ ဝမ်းထဲတွင်ရှိသော အပင်းလုံးများသည် မီးဟုန်းဟုန်း တောက်လောင်သလို ပူပြင်းကာ ဝမ်းဗိုက်ကို ဖောက်ထွက်၍ အသက်ကို သေစေနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ၎င်းအတွက် အပင်းများကျစေရန် ကျွန်တော်ပေးသောဆေးတစ်ခွက်ကို အမြန်သောက်စေလိုကြောင်းပြောလျှင် မြို့စားကြီးမှာ "ပေးပါဆရာလေးရယ် ကြာကြာမဆိုင်းပါနဲ့ ခုချက်ချင်းသောက်ပါရစေ" ဟုဆိုသောကြောင့် ကျွန်တော်လည်း မခင်ယုံကို တိုက်ဖူးသည့် အထက်မြက် အပြင်းထန်ဆုံးသော အပင်းချဆေးတစ်ခွက်ကို မြို့စားကြီးအား တိုက်လိုက်ကာ ပိတ်ဖြူတစ်ခုကို မြို့စားကြီးကိုယ်အောက်က ဖြန့်ခင်းထားလိုက်သည့်ခဏ၌ မြို့စားကြီးမှာ ဝေ့ါခနဲ ဝေ့ါခနဲ အန်၍ချလေ၏။

မြို့စားကလေးသည်လည်းကောင်း၊ ၎င်းတို့၏ အဖော်များသည်လည်းကောင်း ဦးစောနန်းနှင့်မစောမြ၊ မနန်းဆွေ အစရှိသူတို့မှာ ပိတ်ဖြူပေါ်တွင်ကျလာသော အန်ရာပါပစ္စည်းများကိုကြည့်ပြီး ခေါင်းနားပန်းကြီး ကြက်သီးများထ၍ နေကြကုန်၏။ မြို့စားကြီး၏ ဝမ်းထဲမှထွက်လာသော ပစ္စည်းစုကား သွေးစက်စက်နှင့် နွားသားရေလိပ်ကြီးတစ်ခု၊ လူ၏အူစုံသည်းစုံတစ်တွဲ၊ လူသေခေါင်းခွံရိုးတစ်ခု၊ လူသေ၏လျှာပြတ်ကြီး ၅ ခု၊ သံအပ်အစင်းပေါင်း ၃၀၀ ကျော်ကျော်နှင့် သံဖြူခေါင်းအတိုအစများဖြစ်လေ၏။ မြို့စားကြီးလည်း မိမိဝမ်းထဲမှထွက်လာသော ရွံစရာအပင်းလုံးတွေကိုကြည့်ပြီး ကျွန်တော်၏ ဂုဏ်ကျေးဇူးကို ဟအံ့တသြပြောဆို၍နေလျှင် ကျွန်တော်လည်း ကျေးဇူးရှင်

ဆရာကြီးသင်ကြားပြသသော နည်းနာနိဿယကို အနည်းငယ်ရရှိထားသူဖြစ် ကြောင်း ဆရာကြီးမှာ ဒီထက်မက အဆဆယ်ပြန်ကြီးကျယ်သော ကိစ္စ ကြီးများ၌ပင် လက်ဖျစ်တစ်တီးနှင့် ခရီးရောက်အောင် စွမ်းဆောင်နိုင် ကြောင်းများ ပြောဆိုပြီး အပင်းလုံးကြီးများကို ရွာပြင်ထုတ်၍ မြှုပ်နှံပစ်ရန် တပည့်ငယ်နှစ်ယောက်တို့အား ရွာခံလူများနှင့်အတူ စေလွှတ်လိုက်လေ၏။

သို့နှင့်ကျွန်တော်တို့လည်း မြို့စားကြီးဦးနန်းမွန်၊ မြို့စားကလေး စောရွှေဦးတို့နှင့် ထူးလှသည့်အဖြစ်အပျက်များကို ပြောဆိုနေကြစဉ် အောက် လမ်းဆရာကြီးဘိုးတော်နန်းမှာ အခါတိုင်းကဲ့သို့ အလစ်တွင်ရန်ရှာရန် လမ်းပေါ် မှအိမ်အနီးသို့လျှောက်လာနေရာ မြို့စားကြီးဦးနန်းမွန်က လှမ်းအကြည့်နှင့် မျက်နှာချင်းဆုံသွားသောကြောင့် မြို့စားကြီးမှာ -

"ဟော . . ဟော . . ဟိုမှာ ငါ့ကိုသူတော်ကောင်းယောင်ဆောင်ပြီး လိမ်သွားတဲ့ ငတော်နန်း"

ဟု ဆိုဆိုပြောပြော ဒေါသတကြီးနှင့် ခါးထဲကလက်နက်ကိုနှိုက်ရင်း ဆင်းပြေးလျှင် ဘိုးတော်နန်းလည်း မြို့စားကြီးနှင့်မျက်နှာချင်းမဆိုင်ဝံ့ဘိအလား ရှေ့ကကြိုတင်၍ပြေးသွားသောကြောင့် မြို့စားကြီးလည်း အငြိုးကြီးစွာ အပြေး လိုက်သွားသည်ကိုတွေ့ရပြီး ရွာအပြင်ဘက်ဆီမှ ဒိန်း . . ဒိန်းဟု နှစ်ချက် ဆင့်၍ပစ်လိုက်သော ခြောက်လုံးပြူးသေနက်သံကြားရသဖြင့် မည်သို့ဖြစ်ပျက် ကြရသည်ဟု မသိရသောကျွန်တော်တို့လူတစ်စုမှာ နောက်မှထက်ကြပ်မကွာ ပြေးလိုက်ရလေတော့၏။

ရွာပြင်တောစပ်သို့ရောက်ကြလျှင် ခြောက်လုံးပြူးကြီးကိုင်ကာ ဒေါသ စိတ်မပြေသေးသော မြို့စားကြီးကိုတွေ့ရပြီး -

"သူယုတ်ကောင်ကြီး နှစ်ချက်ထိသွားတယ်။ ပြေးပြီ ပြေးပြီ ဟော . . ဒီမှာသွေးစက်တွေ လာကြ လာကြ ဒင်းသွေးစက်ကိုခြေရာခံပြီး လိုက် သတ်ဦးမယ်။ တယ်ဝေးဝေးကြီးတော့ ပြေးနိုင်မယ်မဟုတ်ပါဘူး"

ဟုပြောကာ မြို့စားကြီးကိုယ်တိုင် ထိပ်ဆုံးကနေ၍ သွေးစက်ကျရာ ခြေရာခံလိုက်သဖြင့် ကျွန်တော်တို့တစ်စုလည်း ၎င်းနှင့်အတူ လိုက်ကြရလေ၏။

သွေးစက်တို့ကား ကျွန်တော်တို့ကို တောနက်ရာသို့သယ်၍သွားသကဲ့သို့ရှိလေ၏။ တစ်ခါတရံ ကမ်းပါးယံစွန်းကလေးကို သီကာလျှောက်ရပြီး တစ်ခါတရံလည်း နက်စောက်ကျဉ်းမြောင်းသော ချောင်းကမ်းပါးထဲသို့ ဝင်သွားရလျက် တစ်ချက် တစ်ချက်တောင်ထိပ်ဆီသို့ တက်ရလေ၏။ သို့နှင့် နောက်ဆုံးတွင် အလွန်တရာနက်စောက်လှသော တောကြီးအတွင်း ချောက်ကမ်းပါးကြီးတစ်ခု၏ထိပ်မြေညီကုန်း ပြန့်ကလေးတစ်ခုတွင် ဖြူဖွေးသော ဝင်းထရံလေးကာ၍ သပ်ရပ်စွာဆောက်ထားသော သစ်သားတဲငယ်တစ်ခုအတွင်းသို့ သွေးစက်တွေဝင်သွားသည်ကို တွေ့ရလေ၏။ ကျွန်တော်လည်း တဲငယ်၏အခြေအနေကို လိုက်လံကြည့်ရှုမှ ကြက်သီးများထကြလေတော့သတည်း။

အဆိုပါတဲငယ်တွင် မိုးကာထားသမျှ သစ်သားစများမှာ လူသေထည့်မြှုပ်သော ပျဉ်ခေါင်းများကိုဖြတ်၍ အမိုးအကာအတွက် အသုံးပြုထားသည်ကို တွေ့ရပြီးလျှင် ဖြူဖွေးသောဝင်းထရံကလေးမှာ သစ်သားကိုထုံးဖြင့်သုတ်ထားသည်မဟုတ်၊ လူသေတို့၏ ဒူးဆစ်ရိုးပေါင်ရိုးများကို မြောက်မြားစွာစိုက်ထောင်ကာရံထားခြင်းဖြစ်လျက် ခြံအတွင်းရှိလူသွားလမ်းငယ်ကလေးများ တစ်ဖက်တစ်ချက်တွင် အစီအရီ ညီညီညာညာ စီချထားသော လူ၏ခေါင်းခွံရိုးကလေးတွေမှာလည်း သွားဖြီးကလေးတွေနှင့် ကြည့်လှောင်နေကြသကဲ့သို့ တွေ့မြင်ရပြီး နှီးကြိုးကြီးနှင့်သီ၍ လှန်းထားသည့် များစွာသောလူ၏ မျက်လုံးခြောက်များကိုလည်း တွေ့မြင်ရမှ အမင်္ဂလာ အယုတ်တမာကောင်ကြီးစံမြန်းရာ မသာစံအိမ်တော်ကြီးမှန်း သိရပေတော့၏။

သို့နှင့် သနမည်စိုးသောကြောင့် မည်သူမျှအိမ်ထဲသို့မဝင်ဘဲ အပြင်မှနေ၍ တံခါးများကို တွန်းထိုးကန်ကြောက်ကြည့်ရာမှ လည်မျိုတည့်တည့်တွင်မှန်ထားသော သေနတ်ဒဏ်ရာချက်မှ သွေးပွက်ပွက်အိုင်ထွက်ကာ မသက်မသာမျက်နှာကြီးနှင့် အသက်ခန္ဓာကိုယ်မှုံခွာသွားသော ဘိုးတော်နန်း၏ မည်းနက်ထူအမ်း ကြမ်းတမ်းခက်ထရော်သော အလောင်းကောင်ကြီးကို တွေ့မြင်ကြရမှ -

"အင်း . . ကမ္ဘာ့သစ်ငုတ်ကြီးတစ်ခုတော့ ဘဝပြောင်းသွားရှာပြီ ငရဲပြည်နဲ့ လက်ဝါးရိုက်ပြီးသားမို့ ခုနေဘယ်လိုများ ယမမင်းကို အစစ်ခံနေရှာမလဲ"

ဟု ပြောပြခြင်းဖြင့် စကားအဆုံးသတ်ကာ အမင်္ဂလာကောင်ကြီးနှင့် ၎င်း၏နေထိုင်ရာ ဌာနကြီးကို လောကကြီးတွင်အထင်အရှား မထားလိုကြ၍ သစ်ကိုင်းခြောက်များကို ရှာဖွေစုအုံပြီး အလောင်းကောင်ကြီးနှင့် တဲအိမ်ပါ တစ်ပါတည်း မီးလောင်တိုက်သွင်းလိုက်ပြီး အပြီးအစီးပြာကျမှပင် ကျွန်တော်တို့လည်း ရွာသို့ပြန်လာခဲ့ကြလေ၏။

အိမ်သို့ရောက်ကြလျှင် မြို့စားကြီးမှာ မိမိရန်သူကို ဂလဲ့စားချေလိုက်ရပြီဖြစ်၍ များစွာကျေနပ်လျက်ရှိနေလေ၏။

"ဆရာလေးရေ . . ဆရာလေး ကျေးဇူးအင်မတန်ကြီးပါတယ်။ ဆရာကြီးဆိုတာတော့ ပြောစရာမရှိပါဘူး။ ကျေးဇူးတင်လွန်းလို့ ကျေးဇူးဆပ်ချင်ပေတဲ့လည်း လက်မခံတော့ အင်မတန်ခက်တာပဲ ဒီတော့ကျုပ်တို့ အရပ်ကိုလာရင် ဆရာကြီးကို အားရပါးရပြုစုရမှာ ပဲဆရာလေးရဲ့ အခုတစ်ခါတည်းများလိုက်နိုင်ရင် အင်မတန်ကောင်းပါကလား"

ဟူသောစကားကို အခါများစွာပြော၍နေရှာလေတော့၏။

နောက်တစ်နေ့တွင် ကျေးဇူးရှင်ဆရာကြီး ပြန်လာပြီဖြစ်၍ မြို့စားကြီးနှင့်တွေ့ဆုံအကြောင်းကုန်ပြောပြီး ကျေးဇူးကြီးလှကြောင်း လွယ်ခန်းသို့ တစ်ခေါက်တစ်ခါ ကြွလာမည့်အကြောင်း တောင်းပန်လျှင် ကျေးဇူးရှင်ဆရာကြီးကလည်း ခရီးကြုံက ရောက်အောင်ဝင်ခဲ့မည်ဖြစ်ကြောင်း အမိန့်ရှိသဖြင့် မြို့စားကြီးလည်း နောက်တစ်နေ့ပြန်ကြရန် ပြင်ဆင်ကြလေ၏။ မြို့စားကြီးလည်းထိုနေ့ည အိမ်ရှိသူများနှင့် စကားပြောလျက်ရှိရာမှ ဦးစောနန်းနှင့်ကျွန်တော်တို့အား မိမိတူ စောရွှေဦးအကြောင်း စကားစပ်သွားရာက မိမိမှာအသက်ကြီး၍ မြို့သို့ရောက်လျှင်ရောက်ချင်း တူတော်စောရွှေဦးကို လုံးဝရာထူးလွှဲအပ်ပြီး သမီးစောနန်းဆွေနှင့် လက်ထပ်ပေးဘော့မည်ဖြစ်ကြောင်းများ ထုတ်ဖော်ပြောလျှင် ကျွန်တော့်မှာ များစွာအံ့အားသင့်ပါကြောင်းဖြင့် ဝမ်းမြောက်စွာ

ပြောဆိုရသော်လည်း မနန်းဆွေလည်း မျက်နှာကလေးညှိုးသွားသည်ဟု ထင်လိုက်ရလေ၏။

ထို့နောက် စောရွှေဦးသည် ကျွန်တော့်အနီးသို့ လာ၍ထိုင်ကာ လူငယ်ချင်းဖြစ်သည်အတိုင်း အရောတဝင်စကားများပြောခြင်း၊ မနန်းဆွေကို စောင့်ရှောက်သည်ကို ကျေးဇူးများအထူးတင်ပါကြောင်း၊ မိမိတို့ကလည်း တစ်လှည့်ကျေးဇူးသိလိုသဖြင့် တစ်ခေါက်တစ်ခါ ရောက်လာမည့်အကြောင်းများ ပြောဆိုလျက်ရှိလေရာ မနန်းဆွေကား အိမ်ခန်းထဲတွင် အပျိုဖော်မစောမြနှင့် မည်သည့်စကားကိုပြောနေသည်မသိရဘဲ တီးတိုးတီးတိုးနှင့် များစွာစကားလက်ဆုံကျ၍နေသည်ကို တွေ့မြင်ရပေ၏။

သို့နှင့်နောက်တစ်နေ့တွင် မြို့စားကြီးများ ခရီးထွက်ရန် ပြင်ဆင်ပြီး ရှိကြလေ၏။ အသီးသီးပင် မြို့စားကြီး မြို့စားကလေးတို့က အိမ်ရှိလူများကို နှုတ်ဆက်နေကြစဉ် မနန်းဆွေလည်း အသီးသီးနှုတ်ဆက်ကာ ကျေးဇူးရှင်ဆရာကြီးကိုလည်း ကန်တော့ခဲ့လျက် ကျွန်တော့်ကိုကား နောက်ဆုံးထားကာ ကန်တော့ရှာလေ၏။

ထိုအခိုက်တွင် အသီးသီးမြင်းများပေါ်သို့ တက်ပြီးဖြစ်လျက် အိမ်သားများလည်းလိုက်ပို့ရင်း အောက်တွင်စကားပြောမှာထား၍ အိမ်ပေါ်တွင် ကျွန်တော်နှင့်မနန်းဆွေ၊ မစောမြတို့သာ ကျန်ရစ်လေ၏။ မနန်းဆွေမှာ ညှိုးငယ်သောမျက်နှာကလေးဖြင့် ကန်တော့ရှာရင်း ပြင်းပြသောမျက်ရည်အဟုန်တို့သည် နှစ်စုံသောမျက်လုံးအတွင်းမှ တလိမ့်လိမ့်ကျဆင်းလျက် ဝမ်းနည်းပက်လက်ငိုရှာလျှင် ကျွန်တော့်မှာ မနန်းဆွေငိုခြင်း၏အဓိပ္ပာယ်ကို ကောင်းစွာနားလည်သူဖြစ်သူဖြစ်သည့်အတိုင်း သနားကရုဏာကြီးစွာနှင့်ပင် -

"ကဲ . . ကဲ မနန်းဆွေသွားပေတော့နော် ဆရာလေးလည်း မနန်းဆွေကို အစဉ်အမြဲစောင့်ရှောက်ချင်တဲ့စိတ် ရှိပေမယ့် ဆရာလေးမှာ ခရီးသွားနေရတဲ့လူဖြစ်တယ်။ လွတ်လွတ်လပ်လပ် ကိုယ့်စိုးကိုယ်ပိုင် ပြုနိုင်တဲ့ဘဝမျိုးနဲ့ မဟုတ်တဲ့အတွက်လည်း စိတ်ရှိလို့ကိုယ်မပါနိုင်တာ ဝမ်းနည်းပါတယ်။ မနန်းဆွေအတွက်လည်း အနှောင့်အယှက်ရန်သူကြီး မရှိတဲ့အပြင် မြို့စားကလေး

စောရွှေဦးကလည်း အထူးစောင့်ရှောက်နိုင်တော့မှာမို့ စိတ်ကောင်းကောင်းထား လို့သာ လိုက်သွားပါတော့ကွယ်။ မနန်းဆွေရဲ့ဖခင်ကြီးမှာ သမီးအတွက်အင်မတန်မှ စိတ်ဒုက္ခဖြစ်ခဲ့ရရှာတယ်။ ဒီတော့ ရှေ့အဖို့ ကိုယ့်မိဘစိတ်အေးရအောင် လိမ္မာတဲ့သားကောင်း သမီးကောင်းဝတ္တရားနဲ့ ဘုရားတစ်ဆူ ဂူတစ်လုံးအမှတ်နဲ့ ကိုးကွယ်ပြုစုနေပေတော့။ ဆရာလွေးတို့လည်း လမ်းကြုံကြိုက်တဲ့အခါ မနန်းဆွေတို့မြို့ကို ဝင်လာခဲ့ကြမှာပဲ။ ကဲ . . ကဲ သွားပေတော့ သွားပေတော့"

ဟုနှစ်သိမ့်ကျေနပ်အောင် ဖျောင်းဖျချော့မော့ပြောလိုက်သဖြင့် မနန်းဆွေမှာ မျက်ရည်ကလေးများကို သိမ်းဆည်းလျက် မစောမြကိုလည်း နှုတ်ဆက်ကာ အိမ်ပေါ်မှဆင်းပြီး မိမိအတွက် ပြင်ထားသောမြင်းကို တင်ပါးလွှဲစီးရင်း လက်ကလေးတပြပြနှုတ်ဆက်ကာ ထွက်ခွာသွားရှာလေတော့သတည်း။

ကျွန်တော်တို့လည်း ဦးစောနန်း၏ တောင်းပန်ချက်အရ ထိုအိမ်တွင် နောက်ထပ် လေး၊ ငါး ဆယ်ရက်ခန့်မျှနေထိုင်ရင်း အချိန်ကုန်သွားခဲ့ပြန်သည်တွင် တစ်နေ့သောအခါ မြင်းတစ်စီးနှင့် ရှမ်းတိုင်းရင်းသားတစ်ယောက် ရုတ်တရက် ပေါ်လာပြီး-

"မြို့စားကြီးသမီး မြို့စားကလေးကတော်လေး စောနန်းဆွေက ဆရာလေးထံသို့အပ်ခိုင်းပါသည်"

ဟုပြောကာ အထုပ်ငယ်တခုကို လာ၍ပေးသွားသဖြင့် ကျွန်တော်လည်း ဘာအကြောင်းများပါနည်းဟု သိလိုဇောနှင့် အထုပ်ကိုဖွင့်၍ ကြည့်လိုက်ရာ စောရွှေဦးနှင့် စောနန်းဆွေတို့ လက်ထပ်မင်္ဂလာဖိတ်စာတစ်စောင်၊ မနန်းဆွေလက်ရေးနှင့် ရေးထားသောစာတစ်စောင်၊ အင်းလုံချည်ယောကျ်ားဝတ်တစ်ထည် မိန်းမဝတ်တစ်ထည်နှင့် အလွန်တရာ အရည်အသွေးကောင်းသော ကျောက်နီပတ္တမြား ဆံထိုးတစ်ချောင်းကိုတွေ့ရသဖြင့် အကြောင်းသိရန် မနန်းဆွေကိုယ်တိုင်ရေးသော စာဟလေးကို ဖတ်ကြည့်သောအခါ ၎င်းစာ၏ လိုရင်းအဓိပ္ပာယ်မှာ -

*"ကျေးဇူးရှင်ဆရာကလေးအား လုပ်ကျွေးသမှု မပြုလိုက်ရသဖြင့် များစွာဝမ်းနည်းကြောင်းနှင့် ကျွန်မတစ်သက်တွင် နှစ်သက်မြတ်နိုးသော ဖူးစာရှင်နှင့် အကြောင်းဆက်ရသည့်အခါ ဝမ်းမြောက်ခြင်းအထိမ်းအမှတ်ဖြင့် မင်္ဂလာဦးတွင် နှစ်ယောက်အတူ ဝတ်ဆင်မည်ဟု အဓိဋ္ဌာန်နှင့်ကိုယ်တိုင်အပင်အပန်းခံ၍ ရက်လုပ်ထားသော လုံချည်နှစ်ထည်ကို ကျွန်မရည်ရွယ်ချက်နှင့် မကိုက်၍ ကျေးဇူးရှင်ဆရာလေးနှင့် ဆရာကတော် မခင်ယုံတို့အဖို့သာ ထိုက်တန်တော့သည်ဟု စိတ်ပိုင်းဖြတ်ကာ ပို့လိုက်ပါသည်။ ၎င်းအပြင် ကျွန်မအနှစ်သက်ဆုံးသော ပတ္တမြားဆံထိုးကြီးတစ်ချောင်းကိုလည်း ဤဘဝတွင် ကျွန်မနှင့် မထိုက်တန်တော့ပြီဟု အယူရှိကာ ဆရာကတော်မခင်ယုံအား ကန်တော့ပန်းဆက်လိုက်ပါတော့သည်။ ကျွန်မကိုအရှည်သဖြင့် သနားကရုဏာရှေ့ထားပါက ယခုပို့လိုက်သော ပစ္စည်းများကို ဆရာနှင့်ဆရာကတော်နှစ်ပါးစုံ အမြတ်တနိုးဆင်မြန်းကြရန် အသနားခံပါသည်"*

ဟု ပါရှိသဖြင့် ကျွန်တော်လည်း မနန်းဆွေအား အသနားပိုရတော့ကာ သူ၏ ဘဏ္ဍာပစ္စည်းကလေးများကို သူမှာသည့်အတိုင်း ကျွန်တော်၏ဇနီး မခင်ယုံနှင့် ပြန်တွေ့ကြမှ အမှာအတိုင်း အသုံးပြုရတော့မည်ဟု ရိုသေစွာ သိမ်းဆည်းထားခဲ့ရာ နောက်ဆုံးမခင်ယုံထံပြန်ရောက်၍ အကျိုးအကြောင်း ပြောပြီး သူ၏ပစ္စည်းကလေးများကို ထုတ်ပေးသောအခါ မခင်ယုံမှာလည်း မနန်းဆွေကလေးအား သနား၍မဆုံးအောင် ရှိလေတော့သတည်း။

◉ ◉ ◉

# ဝိပါက

## (၁၉၃၇-ခု၊ စက်တင်ဘာလတွင် ရေးသားခဲ့ပါသည်။)

တဖွဲဖွဲ၊ တစိမ့်စိမ့်၊ တသိမ့်သိမ့်၊ တအိအိ အငြိုးနှင့်ဖိ၍ခွေနေသော မိုးရေတို့ကြောင့် မြေစိုင်မြေခဲတို့သည် စိုရွဲအိစက် ရွှံ့ဗွက်အတိသာရှိလေ၏။ ဟန်တင့်နှင့် စံမြင့်တို့သည် အောက်လမ်းဆရာ ကိုတုတ်ဖြိုး၏ အစီအမံနှင့် အမိန့်သံကို နာခံကာ သုသာန်တစ်စပြင် ဇရပ်သို့ရောက်လာပြီး ဆေးရုံမှ ထုတ်ယူလာမည့် အစိမ်းသေမသာကို အမှတ်တမဲ့ စောင့်မျှော်ကာ နေကြလေ၏။ လွယ်အိတ်တွင် အသင့်ပါလာသော အမဲသားစိမ်း စလောင်းပွဲနှင့်ထည့်ထားသော ထမင်းဆုပ်၊ မီးသွေးခဲစသည်များကိုလည်း ခေါခွက်နှင့်ပြင်ဆင်ထည့်ပြီး လွယ်အိတ်ကြီးဖြင့် လျှို့ဝှက်ယူဆောင်လာကြလျက် အဆက်မပြတ် တစိမ့်စိမ့်ရွာနေသော မိုးရေတို့အောက်တွင် အချို့က မှိုမှိုမောက်မောက်၊ အချို့က ဟောက်ပက်ဖြစ်နေသော သင်္ချိုင်းမြေပုံများကိုကြည့်ကာ ပါလာသောဖက်ခြောက်ဆေးလိပ်ကို မှိန်း၍နေကြစဉ် စံမြင့်က -

"ဘယ့်နှယ်လဲဟေ့ နေလည်းစောင်းလာပြီ ဆရာလည်း လိုက်မလာသေးပါကလား။ ဆေးရုံကအလောင်းလည်း ခုထက်ထိ မပေါ်လာဘူး။ ဒါနဲ့ နေဝင်သွားမှဖြင့် အသွားခက် အလာခက် ရွှံ့ဗွက်တွေကလည်းထူနဲ့။ ဟို ကမူပေါ်က လူခေါင်းရိုးကြီးကလည်း အမြင့်ကိုချည်းကြည့်နေသလို ထင်နေရတယ်။ ကြည့်စမ်း မျက်လုံးကြီးဟောက်ပက် ပါးဆက်ရိုးကြီးကားကားနှင့် သွားဖြဲပြီး ခြောက်ပြနေသလိုပဲ ဟန်တင့်ရာ။ ငါတော့ပြန်ချင်ပါပြီကွာ။ မင်းဇွဲကြီးလွန်းလို့သာ ငါလိုက်လာခဲ့ရတာ သူရဲဘောနည်းတယ်ဆိုဆို ငါ့အလိုအတိုင်းသာဖြင့် ပညာမရချင်လည်း နေပါစေ။ ဒီလိုမိုးရေတွေ တစွတ်စွတ်နဲ့ သချိုင်းရွှံ့ဗွက်ထဲ မလာပါဘူး။ အချိန်ကလည်း မကြာခင်မိုးချုပ်တော့မယ်။ ဆရာတစ်ယောက်လုံးရှိတယ်ဆိုရင် တော်သေးရဲ့။ ခုတော့ ဆရာလည်း မပေါ်လာဘူးကွ။ ငါတော့ ဟန်မရပုံသိလို့ ဆရာမပေါ်လာတာပဲလို့ ထင်တာပဲ"

"မင်းကလည်းကွာ အစတုန်းကတော့ ဟန်တစ်လုံး ပန်တစ်လုံးနဲ့ လိုက်လာပြီး ခုမှ ဘာသွေးကြောင်သွားရပြန်တာလဲ။ ဒီဆရာတပည့်ခံမည့်ကြံရင် ကြောက်တတ်တယ်ဆိုတဲ့ အမွေးအမှင်တွေအားလုံး နုတ်ပစ်ခဲ့ရတယ်။ ခုဆရာ ဖြုံးခနဲမရောက်လာသေးဘူးဆိုရင်ပဲ ကြောက်ချင်လန့်ချင်ရှိနေပြီ။ ဘာမှမကြောက်နဲ့ ဆရာလာလိမ့်မယ်။ ဆေးရုံက အစိမ်းသေအလောင်း မထုတ်သေးလို့တော်ရာက စောင့်နေရတယ်ထင်ပါရဲ့။ အလောင်းထုတ်လာရင် အလောင်းရဲ့နောက် မနီးမဝေးက ဂါထာမန္တန်နှင့်အမိန့်ပြန်ရင်း အမှတ်တမဲ့ လိုက်လာမှာပဲ မလာဘဲတော့ ဘယ်နည်းနှင့်မှမနေဘူး။ ဒီလို ကျားကိုက်ပြီး ပွဲချင်းပြီးသေတဲ့ အစိမ်းသေမသာမျိုး ရဖို့ဟာကလည်း အင်မတန်မှ ကြုံကြိုက်ခဲတာ သူဘာလက်လွတ်ခံမလဲ။ နို့ ပြီးတော့ နက္ခတ်ကလည်း အင်္ဂါဂြိုဟ် ဗျက္ခဏကျင့်နေတဲ့အခိုက်ဆိုပဲကွဲ့။ သိပ်အံကိုက်ခဲတဲ့ အချက်ကြီးတွေ တစ်နေ့တည်းကြုံနေတာကလား။ ဒီနေ့ဆိုလည်း တနင်းလာ ကျားနံ ပြီးတော့ လကွယ်နေ့ကြီး။ ဆရာကြီးမလာဘဲမနေဘူး။ ဒီလိုအခါကောင်းကြီး ကြုံတွေ့ဖို့ဟာ နောက်အနှစ်နှစ်ဆယ်ကြာတောင် ကြုံကြိုက်ချင်မှ ကြုံကြိုက်မှာ ဆရာကြီး

အကြံလည်း အောင်မှာအမှန်။ ငါတို့ဆရာ အကြံအောင်ရင် ငါတို့လည်း အလို ပြည့်ရောကွ။ ဒီတစ်နေ့ကလေးလောက် ဒုက္ခခံရမှာနဲ့ နောင်တစ်သက်လုံး အကျိုးခံစားရမှာတွေ စဉ်းစားကြည့်ဦးမှပေါ့”

ဟု ချော့တစ်လှည့် ခြောက်တစ်လှည့်၊ ဝေါက်တစ်လှည့်၊ ငန်း တစ်လှည့်နှင့် ပြောဆိုနေလေရာ စံမြင့်မှာကား ကြောက်တစ်လှည့်၊ ရဲတစ်လှည့် နှင့်ပင် နားထောင်လာခဲ့ရာက ဟန်တင့်က အားပေးလိုက်လျှင် ရဲစိတ်ဝင်လာ သလိုရှိလိုက်၊ ကုန်းထိပ်က လူခေါင်းရိုးကြီးကြည့်မိသောအခါ စိတ်လေးလိုက် နှင့် ဝေးစိုက်ကာ နေမိလေ၏။

ထိုအခိုက်မှာပင် တဖွဲဖွဲရွာနေသော မိုးဖွဲကလေးများ ခေတ္တခဏ ရပ်စဲသွားပြန်ရာ တော်တော် စောစောဆီက မိုးဖွဲများပိတ်ဆီးနေသဖြင့် ခပ်လှမ်း လှမ်းသို့ ကွဲပြားအောင်မမြင်ခဲ့ရသည့် နေရာများလည်း ထင်ရှားပေါ်လွင်လာ လေ၏။ မညီမညာ၊ စီကာစဉ်ကာမဟုတ်သော အလောင်းမြှုပ်ထားသည့် မြေ ပုံများလည်း ပွနေသောမြေများမှာ မိုးရေစီးရာ မျောပါသွားခြင်းဖြင့် အတွင်းက ပုပ်ပွယိုရွဲနေသော ထိုးထိုးထောင်ထောင်နှင့် မြှုပ်ပြီးစ အချို့အလောင်းကောင် ကြီးတွေလည်း ယင်တအုံးအုံးနှင့် ပေါ်နေသည်ကတချို့၊ ဥတုမာဒကဖူးဖူး ယောင်ပွ အပုပ်နံ့တထောင်းထောင်းထနေသော ရုပ်ကလာပ်အချို့ကိုလည်း ကျီး၊ လင်းတတို့ ဝိုင်းအုံထိုးဆွစားသောက်နေကြသည်ကတစ်သွယ်၊ မြေအတွင်း မှ ဖြူဖြူဖွေးဖွေး၊ အရိုးကလေး၊ အရိုးကြီး အသီးသီးနှင့် ကျီး၊ လင်းတ တရုန်းရုန်း၊ တအုန်းအုန်း၊ မြင်မဆုံးသော စက်ဆုပ်ရွံရှာစဖွယ် ထိတ်လန့်စရာ အသွယ် သွယ်တို့ကို ထပ်မံတွေ့မြင်နေရပြန်သော စံမြင့်တွင် စိတ်နှလုံးနောက်ကျိ ရှုပ် ပွေလာပြီး မနီးမဝေးရှိ ညောင်ကြပ်ပင်ကြီးမှာလည်း လေထဲတွင် တရှဲရှဲနှင့် သရဲစီးသလို ယိမ်းယိုင်ဟစ်အော် တကြော်ကြော် တောသံပေးလျက်ရှိလေရာ နဂိုက စိတ်ငယ်နေသောစံမြင့်အား ကြက်သီးမွေးညှင်းထသွားစေ၏။ ဟန် တင့်လည်း စံမြင့်မျက်စိမျက်နှာပျက်နေသည်ကို အကဲခတ်ကာ -

“ဟေ့ . . စံမြင့်ရဲ့ ဘယ့်နှယ်ဖြစ်နေတာလဲကွ၊ မင်းကို ခါတိုင်းနဲ့မတူ ပါဘူး။ ဘာလဲကွ နေ့ခင်းကြီး ကြောင်တောင်မှာ ကြောက်နေသလား၊ ဒီလို

နေရာမျိုးတွေမှာ နေ့မရှောင် ညမရှောင် မင်းနဲ့ငါ လာဖူးသွားဖူးကြတာ များလှပြီ။ ဒီတစ်ခါ မင်းဘာဖြစ်နေရတာလဲ”

ဟုမေးလျှင် စံမြင့်လည်း သက်ပြင်းကြီးတစ်ချက် ရှူလိုက်ကာ -

“ပြောတတ်ပါဘူးကွာ ငါဟာ သစ်ပုတ်ပင်ရွာကပြန်လာမှ ဘာဖြစ်တယ်မပြောတတ်ဘူး။ တစ်ခါ တစ်ခါ စိတ်ငယ်သလို ကြောက်လန့်သလို ဖြစ်ဖြစ်သွားတယ်။ စိတ်ဟာလည်း အရင်ကလို ကြည်ကြည်လင်လင် မရှိဘူး။ အမြဲထိုင်းမှိုင်းလေးလံပြီး တစ်ခါတစ်ခါလည်း စိတ်ညစ်နေမိတယ်။ ဆရာ့ကို နည်းနည်းပါးပါး ပြောကြည့်ဦးမှထင်တယ်။ ငါ့ကိုယ်ငါလည်း ဘယ်လိုဘယ်လို ဖြစ်တယ်ဆိုတာ မတွေးတတ်ဘူး”

ဟု ညည်းညည်းညူညူ ပြောလိုက်သောအခါ ဟန်တင့်လည်း တစ်စုံတစ်ခု စဉ်းစားတွေဝေကာ မကျေမချမ်းသောမျက်နှာနှင့် အံသွားခဲလျက် လက်သီးနှစ်ဖက်ကို ဆုပ်မှန်းမသိ ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိလေ၏။ မိမိတို့ညီအစ်ကိုနှစ်ယောက်သည် အောက်လမ်းဆရာ ဦးတုတ်ဖြိုးထံမှ ပညာခံယူကာ အမြို့မြို့အရွာရွာသို့ မှော်ညီနောင်မျက်လှည့်ပွဲကြီးဟူသောအမည်ဖြင့် မျက်လှည့်ပြစားလာကြရာ မျက်လှည့်၊ လက်လှည့်၊ အိပ်မွေ့ချ၊ ပဥ္စလက်နည်း၊ အောက်လမ်းပညာနည်းများဖြင့် တတ်သရွေ့မှတ်သရွေ့ ပြသခဲ့ရင်း တောင်တွင်းကြီးနယ်အဝင်အပေါ် သစ်ပုတ်ပင်ဆိုသောရွာတွင် မျက်လှည့်ဝင်ပြခဲ့စဉ်အခါက ရှုဝင်ကြေးနှင့်ပတ်သက်၍ စကားပြောမတည့်သော အောက်လမ်းပညာသည်တစ်ဦးက ပညာစမ်း၍ အစွမ်းပြလိုက်ရာ ထိုပညာသည်မှာ မိမိထို့ထက် ပညာဝါရင့်သူဖြစ်သောကြောင့် အရှက်တကွဲနှင့် မျက်လှည့်ပွဲပျက်၍ ထွက်ပြေးလာခဲ့ရပြီး မူလဆရာကြီးဖြစ်သူ ဦးတုတ်ဖြိုးထံမှာပင် ခိုဝင်ရတော့လျက် ယခင်ကထက် ပညာစွမ်းထက်မြက်၍ ကမ်းတစ်ဖက်ရောက် တတ်မြောက်စေရန် တပည့်ခံနေရသည်များကိုတွေးသဖြင့် ယခင် ရန်သူပညာသည်အား ကလဲ့စားချေရန် ယခုညပြုလုပ်ရမည့်ကိစ္စ အောင်မြင်ပါစေ၊ အောင်မြင်လျှင် ရန်သူပညာသည်အား ရှိရာအရပ်လိုက်ရှာ၍ အားရကျေနပ်

စွာ ကလဲ့စားချေလိုက်မည်ဟု အားခဲမာန်သွင်း ဒေါသစိတ်တင်းမိခြင်း ဖြစ်လေ၏။

"စံမြင့် ဘာမှမစိုးရိမ်ပါနဲ့ကွ၊ သစ်ပုတ်ပင်က အစွဲကလေး မင့်မှာ နည်းနည်းပါလာတယ်။ မြွေပွေးပိုးထိလွှတ်လိုက်တာပေါ့ကွယ်။ ဒီကိစ္စအောင် ရင် ငါတို့က ငနိးတော်ကြားအဖြစ်နဲ့သွားပြီး အရိုးတခြား၊ အသားတခြားဖြစ် အောင် ဗျစ်ဗျစ်မြည်လာမှ အသာတရ တစ်ကောင်လုံးမျိုကြစို့၊ သင်းတို့လို ရွာကြိုရွာကြားက မစားရတစ်နပ် စားရတစ်နပ် ငတ်ပြတ်နေတဲ့ ပညာသည် အငတ်စုတ်ကို နုပ်နုပ်စင်းပစ်မယ်ကွ"

ဟု အံကြိတ်ကာ ကြိမ်းဝါးနေလေ၏။

ထိုအခိုက် မိုးမှာ တိုး၍အုံ့မည်းလာပြီး အတော်သည်းသည်းကလေး ရွာချလိုက်ပြန်ရာ အလောင်းပုပ်တွေကိုအုံနေသော ယင်မည်းရိုင်းတစ်ပြုံကြီး လည်း ဝုန်းခနဲလန့်ပြီး ပျံ့ဝဲပြီး မိုးလုံရာ သုသာန်ဇရပ်အတွင်း ရောက်လာကြ လျက် တရှုန်းရှုန်းထိုးဆိတ်စားသောက်နေကြသော ကျီးနှင့်လင်းတတို့လည်း ညောင်ကြပ်ပင်ကြီးရှိရာသို့ သဲခနဲ ပြိုကာပျံပြေးကြလေ၏။ ထိုအတွင်း ထန်း ပင်လုံးတမျှ ကြီးမားနက်ကြော အမွေးငေါငေါထောင်နေသော လက်ပြတ်ကြီး တစ်ခုမှာ ဟန်တင့်နှင့်စံမြင့်တို့ရှေ့တွင်ချထားသည့် အမဲသားစိမ်းပါသောလွယ် အိတ်ကို ဆွဲယူနေသည်ကို တွေ့ရလျှင် စံမြင့်တွင်ကြောင်စီစီကြီး ငိုင်ကြည့်နေ မိလျက် ဟန်တင့်ကသာ လျင်မြန်သွက်လက်စွာ ဆွဲလုလိုက်ရပြီး ဒေါသတကြီး နှင့် -

"အံမယ် . . အတင့်ရဲနေပါကလား ဒီဟာနင်တို့စားရမှာမဟုတ်ဘူး ကွ။ ရီးတီးရားတား လာမစကြနဲ့ ဆရာဦးတုတ်ဖြိုးတပည့်တွေဆိုတာ အကြောင်း ပြလိုက်မယ်။ ကဲကွာ . . ကဲ . . ကဲ"

ဟုပြောရင်း အင်းနှင့်စီရင်ထားသော တံစူးဝါးနှင့် သရဲလက်ကြီးကို ဆတ်ခနဲ ထိုးလိုက်ရာ ရုတ်တရက်လက်ကြီးပျောက်သွားပြီး ကြောက်မက်ဖွယ် ကောင်းသော အသံနက်ကြီးတစ်ခု အနီးအနားမှ တုန်ဟည်းပေါ်ထွက်ကာ လျင်မြန်စွာ ပြေးလွင့်သွားဘိအလား ရုတ်တရက် အသံဝေးသွားလျက် သဲ့သဲ့မျှ

ကြားရလေတော့ရာ ညောင်ကြပ်ပင်ဆီတွင်ကား ကျီးများ ရုတ်တရက်လန့် ပြိုလျက် ညောင်ပင်ကြီးတစ်ခုလုံးလည်း သွက်သွက်ခါအောင် လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ကြရလေ၏။

ဟန်တင့်မှာ အကြောင်းမထူးလှသော်လည်း စံမြင့်တွင်ကား ခေါင်းကြီးပုတ်လောက်ကြီးသွားကာ မိမိကိုယ်တိုင် နောက်နောက်သောအခါက တတ်သလောက်၊ မှတ်သလောက်နှင့် မကြောက်မရွံ့ ပြုဝံ့ လုပ်ဝံ့ခဲ့သည်တိုင်အောင် ယခုအခါတွင် မကျွမ်းကျင်သော လူပြိန်းသက်သက်ကဲ့သို့ စိတ်ငယ်ခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်းတို့ကို လက်ငင်းခံစားနေရသောအခါ မိမိကိုယ်ကိုပင် မည်သို့ဖြစ်လာသည်ဟု မတွေးနိုင် ဖြစ်နေရှာလေ၏။ မိုးသည်းသောအရှိန်မှာလည်း တဖြည်းဖြည်းအားနည်း၍ စဲတော့မယောင်ယောင် ရှိလာခဲ့လေရာ ရေစာတ်စိမ့်ဝင်၍ သုသာန်မြေမှာကား မြေစီး မြေကျစ်များဖြစ်သည့်အားလျော်စွာ ဒူးပဆစ်ကျွံနစ်လှသော ရွံ့ဗွက်ကြီးတွေ နှင့် လူသေကောင်၏ အပုပ်ရေများကို ခန်းခြောက်သွေ့သိပ်မသွားရုံမက မိုးရေစာတ်ကို အဆက်မပြတ် ချပေးနေသောကြောင့် ရေများတစိမ့်စိမ့်တိုးတက် များပြားလျက်သာရှိစဉ် တချွင်ချွင်မြည်သော သံကွင်းသံ၊ ကြိုးသံများသည် တိတ်ဆိတ်ငြိမ်သက်သော သုသာန်မြေပေါ်တွင် ရုတ်တရက်အသက်ဝင်လာသလို ပေါ်ပေါက်လာလေရာ ဟန်တင့်လည်း စိတ်အားထက်သန်စွာ လှည့်ကြည့်မိလျှင် အကျဉ်းသားနှစ်ယောက်မှာ အိတ်ဖြင့်စွတ်ထားသော လူသေ အလောင်းကြီးတစ်ခုကို ဝါးလုံးကြီးနှင့်လျှိုကာ ညွတ်ပက် ညွတ်ပက် မနိုင့်တနိုင်နှင့် ရွံ့နွံ့ဗွက်ထဲတွင် တစွတ်စွတ်ရုန်း၍ ထမ်းပိုးလာနေသည်ကို တွေ့မြင်ရပြီး ၎င်းတို့နောက်ကလည်း ဘာယာခေါ် ထောင်ပြာတာနှစ်ယောက်နှင့် ပေါက်ပြားထမ်းလာသူ အခြားထောင်အကျဉ်းသမားတစ်ယောက်လည်းပါလာသည်ကို တွေ့မြင်ရလေ၏။ ထောင်သားများမှာ နှစ်ကြီးသမားများဖြစ်၍ သံခြေချင်း ကြီးများကိုယ်စီနှင့် လေးလံလှသော အလောင်းကြီးကို ရွံ့နွံ့ဗွက်ထဲတွင် တကုန်းကုန်းရုန်း၍ ထမ်းပိုးရသည်ကတစ်ဖက်၊ သံခြေချင်းကြီးများကြောင့် အသွားရ အလားရခက်သည်ကတစ်မျိုး၊ တထောင်းထောင်းထနေသော သချိုင်းမြေ ရေစိုစိုက အပုပ်နံ့များ၏

နံစော်ချက်ဆိုသည်ကတစ်ဖုံနှင့် မချင့်မရဲ အချင်းချင်း၏အလောင်းကို ဆွဲလာရသူများအား များစွာသနားဖွယ်ဖြစ်သည် ကို တွေ့ရလျှင် ဟန်တင့်မှာ ဆရာကြီးမပါလာသည်တစ်ကြောင်း၊ ဆေးရုံက ထုတ်လာသော အလောင်းမဟုတ်၊ ထောင်ကထုတ်လာသော အလောင်းတစ်ခု ဖြစ်ကြောင်း သိရသောကြောင့် စိတ်ပျက်ပျက်ဖြင့် သက်ပြင်းချလိုက်မိလေ၏။ ထို့နောက် ၎င်းတို့ရှိရာဘက်သို့ပင် လှည့်ကြည့်နေမိရာ စံမြင့်မှာလည်း ကြိတိကြောင်တောင်နှင့်ပင် ရောယောင်ကြည့်နေမိပြန်လေ၏။

ထောင်သားများလည်း သုသာန်ဇရပ်အနီးသို့ရောက်သောအခါ ခေါင်းမှ ခါးပိုင်းလောက်သာ မလုံ့တလုံ အိတ်စွတ်ထမ်းယူလာသော အလောင်းကြီးကို ရွှံ့ထဲမှာချထားပြီး တူရွင်းပေါက်ပြားနှင့် ထိုအနီးအနားမှာပင် ကျင်းတူးရန် ပြင်ဆင်ကြလေရာ လေးလံတောင့်တင်းနေသော အလောင်းကြီး၏ အောက်တစ်ပိုင်းမှာလည်း မိုးတစိမ့်စိမ့်ထဲတွင် ပဲကြီးရေပွပမာ ဖြူရော်ရော်ကြီး မြင်နေရလျှင် ဟန်တင့်လည်း -

"ဗျို့ . . ဆရာကြီးတို့ ဘာဖြစ်လို့သေတာလဲ ထောင်ထဲမှာ မမာလို့လား"

ဟု လှမ်းမေးလိုက်ရာ တွင်းတူးနေသော ထောင်သားတစ်ယောက်က ဟန်တင့်သောက်နေသော ဆေးလိပ်တိုကလေးကို သွားရည်ယိုနေသောမျက်နှာနှင့် ကြည့်လိုက်ကာ -

"မမာလို့သေတာမဟုတ်ဘူးဗျာ ကြိုးချလိုက်လို့ သေတဲ့အလောင်းပါ"

ဟု ညည်းညည်းညူညူပြောရင်း ပျင်းရိလေးလံစွာ မြေကိုတူးဆွလျက်ရှိလေ၏။ ဟန်တင့်၏မျက်လုံးများလည်း ဝင်းထိန်၍လာလေ၏။ "ကြိုးစင်က ကျလာတဲ့အလောင်းပါကလား" ဟု စဉ်းစားမိသည်နှင့်တစ်ပြိုင်တည်း အင်း . . ဂေါ်ချင်တော့ ကြုံဖန်ဖြစ်ရသေးတာပဲဟု စိတ်တွင်းမှ ဝမ်းမြောက်သွားကာ ထောင်သားများအနီးသို့ ချဉ်းကပ်လိုက်သွားလျက် -

"ဩော် . . ဖြစ်မှဖြစ်ရလေ လူသတ်မှုနဲ့ပေါ့နော်၊ တော်တော်ရက်စက်ဟန်တူပါရဲ့ဗျာ"

ဟု ဆေးလိပ်တိုကလေး လှမ်းပေးမည်ပြု၍ စကားတောင်းလေရာ ထောင်သားများမှာ ဘာယာကိုရှုံ့ရာက ဆေးလိပ်ကိုလည်း များစွာသောက်လိုလှသဖြင့် လှည့်ကြည့် လှည့်ကြည့်လုပ်နေကြရာ ဟန်တင့်မှာ အလိုရှိရာသိရအောင် သွေးဆောင်ရာတွင် အတန်ငယ်အကင်းပါးသူဖြစ်သည့်အားလျော်စွာ -

"ဒီအလောင်းရဲ့ အကျိုးအကြောင်း နည်းနည်းပြောစမ်းပါဦးဗျာ၊ ခင်ဗျားတို့ပြန်ရင် ဆေးလိပ်တစ်လိပ်စီ သောက်သွားရအောင် ဟိုကောင်တွေဆီမှာ ခွင့်တောင်းပေးလိုက်ပါမယ်"

ဟု ပြောလိုက်သောကြောင့် အကျဉ်းသားသုံးယောက်မှာ များစွာဝမ်းမြောက်သွားလျက် သူ့ထက်ငါပင် -

"ကျေးဇူးတင်လိုက်တာဗျာ ဆေးလိပ်ငွေ့မခံရတာကိုပဲ ၃-၄လရှိသွားပါပြီ။ ဒီအလောင်းက ဒီလိုပါခင်ဗျာ။ သာစည်နယ်၊ ဝဲအိုင်ကြီးရွာက ဘိုးခဆိုတဲ့အကောင်ပါပဲ။ကွဲနေတဲ့သူ့မယားနဲ့ ကလေးပုခက်တွင်းက ကလေးရော သူ့မယားကိုလက်ခံထားတဲ့ ယောက္ခမအထီးကြီးရော သုံးယောက်စလုံးကို ပြောင်းရိုးစင်းတဲ့ ဓားကြီးနဲ့ ပွဲချင်းပြီး ခုတ်သတ်လိုက်တဲ့အတွက် ကြိုးစင်တက်ရတာပါ"

ဟု ပြောလျှင် -

"ဟင် . . တယ်ရက်စက်တဲ့အကောင်ပါလား။ ဘာများအငြိုးကြီးလို့ ဒီလိုသတ်ပစ်ရတာလဲဗျ"

"ဟာ . . ဒီအကောင်က လူမိုက်သက်သက်ပဲ သူ့မယားကလည်း နှိပ်စက်ညှင်းဆဲလွန်းလို့ မနေနိုင်တာနဲ့ သူ့အဖေကြီးရှိရာ ပြန်ပြေးတာ လိုက်ခေါ်လို့မရတာနဲ့ ဒေါသအလျှောက် ဓားစာကျွေးလိုက်တာတဲ့ဗျာ"

"အင်း . . သူ့ကို ကြိုးစင်တင်ကာနီးတော့ကော ရွံ့ပုံမရဘူးလား"

"ဟာ . . ဒီကောင်လို သတ္တိကောင်းတာတော့ မကြုံဖူးပါဘူးဗျာ။ ကျုပ်တို့ထောင်ထဲရောက်နေတာလည်း နှစ်ပေါင်းအတော်ကြာပါပြီ။ ဘယ်လို

မိုက်တဲ့အကောင်ဖြစ်ပစေ ကြိုးစင်တက်ခါနီးဆိုရင် မျက်နှာသွေးမရှိဘူး။ မသေခင်ကိုယ့်ကိုယ်ကိုယ် ဘုန်းကြီးရှေ့မှာ သရဏဂုံတင်ရတဲ့အခါများ တချို့ကောင်တွေ လူမှန်းမသိအောင် မြောမေ့သွားကြသေးတယ်။ ဒီကောင်ကတော့ဗျာ ဘုန်းကြီးရှေ့ တရားနာလည်း မျက်နှာမပျက်ဘူး၊ ဆရာဝန်စစ်တော့လည်း ဒီနည်းပဲ၊ နောက်ဆုံးဗျာ မသေခင်အရှင်လတ်လတ် ကူးကို့ခထည့်ရတာတောင် ငွေမတ်စေ့ကလေးကို ခပ်ပြုံးပြုံး သူ့ပါးစပ်ထဲထည့်ပြီး မျို့ချလိုက်သေးတယ်။ ကြိုးစင်ပေါ် ရောက်တော့လည်း နည်းနည်းမှ မျက်နှာငယ်မသွားဘူး"

ဟု လက်ကတူးဆွနေရင်း ပြောကြပြီး အလောင်းမြှုပ်ရန်တွင်းလည်း နှစ်ပေနီးပါးနက်လာသဖြင့် စကားပြတ်ကာ -

"ကိုင်း . . မြှုပ်ကြစို့ဗျာ"

ဟုဆိုလျက် ရွှံ့ဗွက်ပေါ် တွင်ချထားသော အလောင်းကြီး၏ခေါင်းပိုင်းမှ စွပ်ထားသည့်အိတ်ကို ချွတ်ယူလိုက်သောအခါ အနီးကကြည့်နေသူစံမြင့်မှာ ငယ်သံပါအောင် လန့်၍ ဟစ်အော်လိုက်မိပြီး ဆက်မကြည့်ဝံ့ဘဲအလားမျက်နှာကို ဒူးကြားထဲသို့ ငုံ့၍ ဝှက်ထားလိုက်လျှင် ဟန်တင့်မှာလည်း စံမြင့်ကို ဂရုမစိုက်နိုင် အလောင်းကြီးကို မေးခိုင်၍ကြည့်နေမိလေ၏။

အိတ်အတွင်းမှ ထင်းထင်းကြီးပေါ် လာသော အလောင်းကြီးမှာ ပကတိ လူသေအလောင်း၏မျက်နှာမျိုးမဟုတ်ဘဲ ကြိုးစင်မှ မခိုမဆန့်ကျလာရသော ရုပ်ပျက်ဆင်းပျက်ကြီးမျိုးဖြစ်ရာ လည်ပင်းကြီးမှာ အလယ်သိန်နှင့် တစ်တောင်လောက်ရှည်ထွက်နေလျက် လျှာကြီးမှာလည်း အရင်းမှစပြီး ပါးစပ်အပြင်သို့ အကုန်ထွက်ကာ တွဲလွဲကြီးကျနေပြီး မျက်လုံးနှစ်လုံးမှာလည်း ဖန်ပေသီးကြီးများပမာ ဖွေးဖြူသောအရောင်နှင့် ပုဇွန်မျက်စိကဲ့သို့ အကုန်လုံးအပြင်ထွက်ကာ အမြစ်၊ အကြောမျှင်ကလေးများကိုအားပြု၍ တလှုပ်လှုပ်တရှားရှားဒန်းလွဲကစားနေကြသည်ကို တွေ့မြင်ရခြင်းကြောင့် ထောင်သားများပင် အံ့အားသင့်၍ ကြည့်နေကာ -

"သြော် . . ဘိုးခ . . ဘိုးခ မသေခင်က မကြောက်ခဲ့သလောက် သေပြီးတဲ့နောက် အမြင်ရဆိုးလိုက်တာကွာ"

ဟု ညည်းညူကြကာ -

"သူက ရက်စက်တဲ့လူဆိုတော့ စီရင်ချက်ကြိုးမိန့်မှာ မသေမချင်း သတ်စေလို့ပါတာကြောင့် ခလုတ်ဖြုတ်ချပြီးတဲ့နောက် နာရီဝက်လောက်ကို ကြိုးတန်းလန်းနဲ့ ထားရသေးတာကိုဗျ။ ဒီတော့ ရုပ်ပျက်ချင်တိုင်း ပျက်ကုန် တာပေါ့။ ပြီးတော့ သူ့ခမျာ သေပြီးပေမယ့် မအေးသေးဘူးဗျ။ ထောင်တစ်သက် လွတ်ရက်မရှိလို့ စီရင်ချက်ချထားသေးတယ်။ ဘဝမကျွတ်မချင်း ထောင်ထဲမှာ ပဲ နေရဦးမှာ"

ဟုပြောကာ အလောင်းကို ကျင်းထဲသို့မ၍ ချကြပြီး မြေစိုင်မြေခဲကြီး များ ဖုံးဖိလိုက်ကြလေ၏။ ဟန်တင့်လည်း ဘာယာနှစ်ယောက်ကို ပိုက်ဆံတစ် မတ်စီ မုန့်ဖိုးပေးပြီး အကျဉ်းသားများ ဆေးလိပ်တစ်လိပ်စီ သောက်သွားကြစေ ရန် အခွင့်တောင်းပေးလိုက်သောကြောင့် ထောင်သားများမှာ ဝမ်းမြောက် ဝမ်းသာ ဆေးလိပ်တစ်လိပ်စီ ကိုယ်စီဖွာပြီးလျှင် သံခြေချင်းသံ တချွင်ချွင်နှင့် ယခင်လာလမ်းအတိုင်း ပြန်သွားကြလေ၏။ ဟန်တင့်မှာ ထိုအခါမှ စံမြင့်ကို သတိရ၍ လှည့်ကြည့်လိုက်သောအခါ စံမြင့်မှာ ဒူးကြားထဲတွင် မျက်နှာ မှောက်ထားတုန်းပင်ဖြစ်၍ ဟန်တင့်က သက်ပြင်းရှူလိုက်ကာ -

"ဟင်း . . ဟင်းငါ့ညီတော့ပစ်ရပြီ အရင်က ဒီလောက်အသည်း မကြောင်ခဲ့ဘဲနဲ့ ခုတစ်လော ဘယ့်နှယ်ဖြစ်နေရတာတုံး။ ဟေ့ . . ထပါကွ၊ မင်းခေါင်းကိုဖော်ပါတော့"

ဟုပြောကာ နဖူးကိုတွန်း၍ ထူသော်လည်း ပေခံနေကာ -

"ဟာ . . ဟန်တင့်ရာ ငါစိတ်ငယ်နေတုန်း မကြည့်ချင်ဘူးကွာ။ ဟိုဟာကြီးမြင်ရတာ သိပ်နှလုံးနောက်လာတာပဲ"

"ဟေ့ကောင်ရ မရှိတော့ပါဘူးကွ၊ မြေမြှုပ်ပြီးလို့ အကျဉ်းသားတွေ တောင် ပြန်သွားကြပြီ။ ကဲကွာ . . မင်းမျက်နှာမော့လိုက်ပါတော့"

ဟုဆိုမှ စံမြင့်မှာ ခေါင်းဖော်လာတော့၏။

"ဆရာကလည်း လာခဲလိုက်တာ"

ဟု ညည်းညူပြန်ရာ -

"လာပါလိမ့်မယ်ကွာ ဆရာမလာခင်ပဲ တစ်ပွဲတစ်လမ်း ကော်ခန်း ကလေးကြုံလာပြီ။ ငါတော့ ခုနင်က အလောင်းကြီးထဲက ကူးတို့ခငွေတစ်မတ် စေ့ကို ဆေးစီရင်ရအောင် နှိုက်ယူဦးမှပဲ"

"ဟာ . . မလုပ်ပါနဲ့ကွာ၊ ဒီဟာကြီး ငါပြန်မြင်နေရပါဦးမယ်။ ခု တစ်လော ငါ့ကိုယ်ငါ တယ်မယုံချင်ဘူးဟေ့"

"အေးလကွာ ဒါဖြင့် ငါ့ဟာငါလုပ်ပါ့မယ် မင်းမကြည့်ချင် ဟိုဘက် လှည့်နေ။ ငါကပြီးပြီဆိုမှ မျက်နှာလှည့်ခဲ့။ ဟို . . အမဲသားအစိမ်းခွက်ကို လည်း မအေပေးသရဲတွေ အလစ်လာဆွဲသွားဦးမယ်။ ဟောဒီ အင်းပဝါနဲ့ အုပ်ထား"

ဟုပြောကာ အသင့်ပါလာသော ဓားမတစ်ချောင်းကိုယူကာ ယခင် အလောင်းရှိရာ မြေပုံဆီသို့ ဇရပ်ပေါ်မှ ဆင်းလာခဲ့လေ၏။ အချိန်မှာ ညနေ လေးနာရီလောက်ရှိသော်လည်း တစ်နေ့လုံး အုံ့မှိုင်းစွေရွာနေသော မိုးရိပ်ကြောင့် တစ်ကြောင်း၊ တိတ်တိတ်ဆိတ်ဆိတ်နှင့် ညောင်ပင်ကြီးများအရိပ်ကြောင့် တစ်ကြောင်း ညနေစောင်း နေဝင်ရီတရော အချိန်ပမာ ကျီးသံတွေတအာအာ ကြားနေရသောအခါ နဂိုခံက အားငယ်နေသောစံမြင့်မှာ ဟန်တင့်အား အနည်းငယ်မျှ လှည့်မကြည့်နိုင်တော့ဘဲ မျက်နှာအလွှဲကြီးလွှဲ၍ နေလေ၏။

ဟန်တင့်သည် မြေပုံကိုယက်ဖြတူးဖော်နေလေ၏။ မြေပုံမှာ မင်းတိုင်း ကျေတူး၍ မင်းတိုင်းကျေဖုံးသွားခြင်းဖြစ်လေရာ တစ်ပေခွဲလောက်သာ ဖို့ထား ခဲ့သော မြေမွမွကလေးမှာ တစ်ခဏယက်ဖြရုံနှင့်ပင် အထဲကအလောင်းကြီး ဘွားခနဲပေါ်လာလေ၏။ အကြည့်ရဆိုးလှသော ဘိုးခ၏အလောင်းကြီးမှာ ဟန် တင့်နှင့် မျက်နှာချင်းဆိုင်မိလျှင် ဆိုင်မိခြင်းပင် ဟန်တင့်အကြံအစည်ကို သိနေဘိအလား စောစောကငှက်ပျောတုံး၊ လက်ပံတုံးပမာ မလှုပ်မယှက်ငြိမ် သက်နေသော်လည်း ယခုတစ်ဖန် မြေထဲမှပေါ်လာသောအခါ ဟန်တင့်ပြုပြင် ရာကို အေးချမ်းစွာခံနေမည်မဟုတ်ဟူသော အထိမ်းအမှတ်ကိုပြသည့်သဖွယ် မျက်လုံးအိမ်တစ်လုံး အပြင်ထွက်နေ ရာက သော့ပေး၍ လှုပ်ရှားစေသော

စက်ရုပ်ကြီးပမာ မျက်လုံးနှစ်ဖက်သည် သွက်သွက်လက်လက်ကြီး လှုပ်ရှားဝဲလည်ကာ ဟန်တင့်ကို စူးရှစွာ ပြူးကြည့်လိုက်လျက် အရင်းအမြစ်ကပါ ပါးစပ်အပြင်သို့ ကျွတ်ထွက်နေသော တစ်ထွာသာသာရှိသည့် လျှာကြီးမှာလည်း ဆင်လက်မောင်းကြီးပမာ တရမ်းရမ်း တခါခါ လှုပ်ရှားနေသည်ကို တွေ့ရလေ၏။

ဤအရေးမျိုးနှင့် မကြာမကြာတိုးခဲ့သော ဟန်တင့်မှာ စိတ်ကလည်း များစွာဖွဲ့သန်နေစဉ်အခါဖြစ်၍ ကြောက်ရွံ့ထိတ်လန့်စိတ် အနည်းငယ်မျှမရှိတော့ဘဲ -

"ဟဲ . . ဟဲ မင်းက ငါလူမိုက်ဆိုပြီး မိုက်ကြောင်းပြတာလားကွ၊ မရဘူး မရဘူး။ ငါကလည်း မင်းလိုမိုက်တဲ့အကောင်တွေကိုလိုက်ရှာပြီး အန္တေဝါသိကတပည့်ကြီးတွေအရာ မြောက်စားလာခဲ့တာ ကြာပကော။ မင်းကတော့ မ,စိတ်မွှန်ပြီး မိုက်ခဲ့တဲ့အကောင်မို့ ပီယဘက်က အသုံးချရမယ်ကြားလား။ တယ်လဲမရမ်းနဲ့ကွ ညမဟုတ်ဘူး။ နေ့ကြီးကြောင်တောင်ရှိသေးတယ်"

ဟု မြည်တွန်ပြောဆိုကာ တလှုပ်လှုပ် တရွရွဖြစ်နေသော ဘိုးခအလောင်းကလျှာကြီးကို ခြေနှင့်ဘေးဘက်သို့ဖယ်၍ နင်းထားပြီး ရင်အုပ်ကို ဓားမနှင့် ပေါက်ကာ ပေါက်ကာ ဟက်တက်ကွဲသည်တိုင်အောင် ခွဲလျက်ရှိလေ၏။ အလောင်းကောင်၏ ကြီးမားကြမ်းတမ်းသော လက်ကြီးနှစ်ဖက်မှာလည်း မွေးညင်းကြီးတွေထောင်လာကာ ဟန်တင့်ကရင်အုပ်ကို ဓားဦးနှင့်တစ်ချက်စိုက်လိုက်တိုင်း လက်ကြီးနှစ်ဖက် အထက်သို့မြောက်တက်လာပြီး ဟန်တင့်ပါးကို ဖတ်ခနဲ ဖတ်ခနဲ လာ၍ရိုက်နေလျှင် စိတ်ချဉ်လာသော ဟန်တင့်မှာလည်း -

"ကဲကွာ . . ကဲ . . ကဲ ဘာတတ်နိုင်သေးလဲ"

ဟု ပြောပြီး လက်ကြီးနှစ်ဖက်ကို အရင်းကနေ၍ ဓားနှင့်ခုတ်ဖြတ်လိုက်မှ ငြိမ်ကျသွားလေ၏။ သို့နှင့်များမကြာမီပင် ရင်အုပ်ကိုဖွင့်မိကာ ခဲနေသောသွေးတစ်သွေးခဲများ လျှံထွက်လာသောကြောင့် ဟန်တင့်လည်း ရင်အုပ်မှနေ နှိုက်ယူလိုက်ရာတွင် အတွင်းကအူအသည်းနှင့် အစာအိမ်ကြီးပါ ကလီစာ

တွေအပြွတ်လိုက် ပါလာလေ၏။ ဟန်တင့်လည်း ၎င်းတို့အထဲမှ အစာအိမ်ကိုဆွဲထုတ်ယူပြီးလျှင် ဓားနှင့်ခွဲ၍ အထဲကငွေမတ်စေ့ကို ရှာယူပြီးသော် အလောင်းကြီးကို နေသားတကျပြန်မြှုပ်ခဲ့ပြီး ဇရပ်ပေါ်သို့ တက်လာလေ၏။ စံမြင့်မှာ ကြောက်ကြောက်နှင့်တစ်ဖက်သို့ မျက်နှာလွှဲနေခိုက်ဖြစ်၍ -

"ဟေ့ကောင် .. ကိစ္စပြီးခဲ့ပါပြီကွ၊ ဒီဘက်လှည့်ပါတော့"

ဟု ဟန်တင့်ကပြောလိုက်မှ မျက်နှာလှည့်လာတော့ကာ -

"နေရာကျရဲ့လားကွ ငါတော့ ဒီဟာကြီးမြင်ရတာ စိတ်ထဲက မသက်သာတာနဲ့ မကြည့်ဝံ့ပါဘူးကွာ"

ဟုပြော၍ ဟန်တင့်ကလည်း ကိစ္စပြီးစီး၍ ငွေမတ်စေ့ရခဲ့ပုံများ ပြောပြနေစဉ် သင်္ချိုင်းရှိရာသို့ လက်တွန်းလှည်းကလေးတစ်ခုကို ကုလားများ တွန်းလာကြသည်ကိုမြင်ရလျှင် -

"ဟေ့ .. လာပြီဟေ့ ဟိုမှာမြင်ရဲ့လား၊ ဟော .. ဟောတို့ဆရာလည်း နောက်ကအမှတ်တမဲ့ ပါလာတယ် အသာငြိမ်ငြိမ်ကြည့်နေ"

ဟုပြောကာ ငြိမ်သက်စွာ ကြည့်နေကြလေ၏။

ထိုအခိုက်မှာပင် လက်တွန်းလှည်းကလေးနှင့် တွန်းယူလာသော ကုလားသုံးလေးယောက် ရွှံ့ဗွက်ထဲတွင် တစွက်စွက်နင်းကာ ဇရပ်နှင့်မလှမ်းမကမ်းနေရာတစ်ခုသို့ ရောက်လာကြပြီး တာလပတ်စိမ်းဖြင့် ဖုံးလွှမ်းထားသော အလောင်းများထည့်ယူလာသည့် လှည်းကလေးကို နေရာတွင်ရပ်ကာ ပေါက်ပြားများ၊ ဂေါ်ပြားများနှင့် ကျင်းကြီးတစ်ခုကို တူးစပြုလျက်ရှိကြလေ၏။ ဆရာကိုတုတ်ဖြိုးလည်း တပည့်များအနီးသို့ ရောက်လာပြီးလျှင် -

"တကတည်းကွာ စောင့်လိုက်ရတာ သိပ်ကြာတာပဲ။ စောင့်ရသလောက်လည်း အကျိုးရှိတာပဲတပည့်တို့ရေ။ ကျားကိုက်သေတဲ့ အစိမ်းသေအပြင် မီးရထားကြိတ်ပြီး ကိုယ်ထက်ပိုင်းပြတ်သေတဲ့ အစိမ်းသေတစ်လောင်းလည်းပါသေးတယ်။ ရိုးရိုးရောဂါနဲ့သေတဲ့အလောင်းကလည်းသုံးလောင်းအားလုံးပေါင်းငါးလောင်းပါတယ်ကွ။ သူတို့ ဒီအလောင်းတွေကို တစ်ခုစီအပင်ပန်းခံပြီးမြှုပ်နေမှာမဟုတ်ဘူး။ ကျင်းတစ်ခုထဲမှာ တစ်ခါတည်း မှောက်သွန်ပြီး

မြေကြီးဖုံးသွားမှာပဲ။ အဲဒါကြောင့် သူတို့ကိစ္စပြီးလို့ ပြန်သွားသည့်တိုင်အောင် ငါတို့ဒီဇရပ်ပေါ်က ထိုင်စောင့်နေရုံပဲ။ အမဲသားစိမ်းတွေကော ရှိရဲ့လား။ ဆရာလည်းနည်းနည်းနေစောင်းလာကတည်းက မတော်တဆ ညထိအောင်နေချင်နေရမှာမို့ လက်ဆွဲမီးအိမ်တစ်ခုပါ လိုလိုမယ်မယ် ယူလာခဲ့တယ်။ ရော့ . . ရော့ ဟောဒီအထုပ်က ခေါင်ရမ်းပန်းတွေကွဲ့"

ဟုပြောကာ လက်ထဲအထုပ်ကိုပေးလေ၏။ ဟန်တင့်လည်း အထုပ်ကိုလှမ်းယူလိုက်ပြီး -

"ကျွန်တော်တို့လည်း လာခဲ လာခဲနှင့် စောင့်လိုက်ရတာ ပျင်းယူတာပဲဆရာရယ်။ ဒါနဲ့ ကျွန်တော်တို့စောင့်ရတာကြာသလောက်လည်း အကျိုးရှိသားဆရာရဲ့။ ခုနင်ကတင်ပဲ ထောင်ထဲက ကြိုးချသတ်လိုက်တဲ့ အစိမ်းသေမလာလောင်းတစ်ခု မြှုပ်သွားလို့ ကူးတို့ခငွေမတ်စေ့ကလေး ကျွန်တော်တို့နှိုက်ယူထားလိုက်တယ်။ မသေခင်မျိုထားတဲ့ကူးတို့ခမို့ အစာအိမ်ထဲက ခွဲထုတ်ယူထားရတာကလား"

ဟု ပြောကာ ငွေမတ်စေ့ကလေးကို ထုတ်ပြလျှင် ဆရာကိုတုတ်ဖြိုးလည်း ကွမ်းစားထားသောပါးစပ်ကြီးဖြဲ၍ ရယ်လိုက်ကာ -

"အေး . . အေးတော်တယ်ကွာ ဒါမှ ငါ့တပည့် ဒီလိုသတ္တိတွေကြောင့် ဆရာက မင်းတို့ကို ပညာကုန်သင်ပေးချင်တာ။ သို့သော် ယနေ့ညလုပ်မယ့်ကိစ္စ အောင်မြင်ပြီးမှ ငါ့တပည့်ကြီးများကို ပညာပိုမိုပေးနိုင်မယ်။ ဒီနေ့ညကိစ္စဟာ ဆရာ့အတွက် အထွတ်အထိပ်တက်ရမယ့် အောက်လမ်းပညာဖိုင်နယ်စာမေးပွဲကြီး ဆိုပါတော့ကွာ။ ဒီနည်းဟာ လေးငါးဆယ်နှစ်သင်တောင် အောင်ချင်မှ အောင်တတ်တာ။ ခုညလုပ်ရမယ့် ကိစ္စကတော့ ဆရာတိုင်းလုပ်နိုင်ခဲ့တဲ့ နည်းကို ဖြတ်လမ်းကလိုက်တဲ့ စနစ်ပဲကွ"

ဟု အားရ ပါးရပြောလျက် ဟန်တင့်က အားပါးတရကြီး နားထောင်နေသလောက် စံမြင့်တွင် မလှုပ်မခြောက် ငြိမ်ချက်သားကောင်းနေသည်ကို ဦးတုတ်ဖြိုးကြီးမြင်လျှင် -

"ဟင် . . ဒီကောင်ဘာဖြစ်နေတာလဲ မျက်နှာလည်းမကောင်းပါ ကလား"

ဟုဆိုမှ -

"သူဒီနေ့ဘာဖြစ်တယ်ဆိုတာ သူကိုယ်တိုင်လည်း အကဲမခတ်တတ်ဘူးတဲ့ဆရာ။ အလကားနေရင်း စိတ်လေးပြီး အလိုလိုကြောက်လန့်ချင်တဲ့စိတ်တွေ ပေါ်နေသတဲ့။ ကျွန်တော်လည်း ဘယ့်နှယ်မှ မလုပ်တတ်တာနဲ့ ဆရာလာမှပဲ မေးမလို့စိတ်ကူးထားပါတယ်"

ဟု ပြောရာ ဦးတုတ်ဖြိုးလည်း စံမြင့်ကိုအကဲခတ်ကာ -

"ငါ့တပည့် စိတ်ငယ်နေတယ် စိတ်တင်းထား ဘာမှ အားမငယ်နဲ့ ကွဲ့၊ ရော့ . . ဟောဒီဆေးတစ်လုံးစားထား ဒီဆေးတောင့်ကိုလည်း မင်းအိတ်ထဲထည့်ပြီးဆောင် ငါတို့အကြံအောင်ရင် မင်းလည်းဒီလို စိတ်ရွံ့ချင်တဲ့စိတ်တွေ အလိုလိုပြေပျောက်လာလိမ့်မယ်"

ဟု အားပေးကာ ဆေးရုံကုလားတွေ ကျင်းတူးနေသည်ကို အမှတ်မဲ့စောင့်ကြည့်နေကြလေ၏။

ကုလားများလည်း အားအင်ကောင်းကောင်းနှင့် တူးကြလေရာ မကြာမီ နှစ်ပေမျှနက်၍ ပြက်အတော်ကျယ်သော ကျင်းတစ်ခုဖြစ်လာလေ၏။ ထို့နောက် လက်တွန်းလှည်းကို ကျင်းအနီးသို့ တွန်းယူသွားကြပြီး အပေါ်ကဖုံးထားသော အဝတ်ကြီးကိုလှန်လိုက်ရာ တစ်လောင်းပေါ်တစ်လောင်း ထပ်ဆင့်ထားသော တောင့်တင်းသော အလောင်းကြီးများပေါ်လာလေ၏။ ကုလားများလည်း အလောင်းများကို ကျင်းနှင့်တည့်တည့်တွင် လက်တွန်းလှည်းကလေးကို မှောက်သွန်လိုက်ရာ တောင့်တင်းသော အလောင်းကောင်ကြီးတွေမှာ ကျင်းထဲသို့ ထိုးထိုးထောင်ထောင် လျှောဆင်းကျသွားပြီး မှောက်လျက်တချို့ ပက်လက်တချို့ ဖြစ်နေသည်ကို ကုလားများလည်း မညီမညာသေးသော အလောင်းကောင်များကို ခြေရင်းကတစ်ယောက် ခေါင်းရင်းတစ်ယောက်မကာ စီစဉ်နေရာချထားပြီး အပေါ်မှ မြေကြီးများဖုံးဖိလျက် လက်တွန်းလှည်းကို ပြန်တွန်း၍ လာလမ်းအတိုင်း ပြန်သွားကြလေ၏။

စောင့်ကြည့်နေသော ဦးတုတ်ဖြိုးနှင့်ဟန်တင့်၊ စံမြင့်တို့လည်း ဆေးရုံကုလားများ ကွယ်သွားသည်နှင့်တစ်ပြိုင်နက် -

"ဟေ့ တပည့်တို့လာကြ ၅ နာရီတောင်ထိုးနေပြီ သိပ်မှောင်သွားရင်မကောင်းဘူး။ နွားရိုင်းသွင်းချိန်နှင့်ကိုက်ပြီး သင်းတို့နှစ်ကောင်ကို လက်ဝှေ့တိုက်ပေးစရာရှိသေးတယ်။ မီးရထားကြိတ်တဲ့ အစိမ်းသေကလည်းကွာ ငါမမျှော်လင့်ဘဲနဲ့ အတူပါလာတော့ သိပ်အားရစရာကောင်းတာပဲ။ လက်ဝှေ့မတိုက်ရရင် ဟိုအကောင်ဟာ စိတ်ခက်ထန်သင့်သလောက် ခက်ထန်ချင်မှ ခက်ထန်လာမယ်။ ခုလိုတိုက်ပေးစရာ အစိမ်းသေအဆင်သင့်ပါလာတော့ သာပြီး စွမ်းသထက်စွမ်းမှာပေ့ါ။ ကဲ . . လာကြဟေ့ မြေတွေပြန်လှန်စမ်း အဟောင်းက ငါးလောင်းတောင်မှဖြစ်နေတော့ ငါ့အကောင်နှစ်ကောင်ကို ရွေးယူရဦးမှာကရှိသေးတယ်။ နေလုံးမပျောက်ခင်ပြီးအောင် မြန်မြန်မြေတွေယက်ထုတ်ကြကွယ်"

ဟု ပြောသဖြင့် ဟန်တင့်နှင့်စံမြင့်တို့လည်း ဆရာကြီးဦးတုတ်ဖြိုးနှင့်အတူ မြေကြီးများကို အားကြိုးမာန်တက် ဖော်ယက်၍နေကြလေ၏။

အပေါ်ယံက တော်အောင် လျော်အောင်မြှုပ်သွားကြသော ဆေးရုံကစွန့်ပစ်ရသည့် မသာလောင်းများဖြစ်လေရာ မကြာမီပင် အလောင်းကြီးငါးလောင်း မှောက်လျက်တချို့၊ ပက်လက်တချို့ စီတန်းပေါ်လာကြလေ၏။ ဦးတုတ်ဖြိုးလည်း ကျင်းထဲဆင်း၍ အလောင်းများကို ရွေးချယ်လေရာ အလိုရှိရာအလောင်းများကို မြင်ရသဖြင့် -

"ဟော . . ကြည့်ကွာ ဒါက မီးရထားကြိတ်ပြီး ကိုယ်နှစ်ပိုင်းပြတ်သေတဲ့အလောင်းပဲ။ ကဲ . . အပေါ်ဆွဲတင်ကြရအောင်"

ဟု ဆိုကာ သွေးတရဲရဲနှင့် ကိုယ်ကိုထောင့်တန်းဖြတ် မီးရထားကြိတ်သေသွားသည့် မျက်လုံးပြူးဖြူ၊ လျှာတွဲလွဲ အလောင်းကြီးကို ကျင်းထဲမှ အပေါ်ရောက် ဆွဲတင်ကြလေ၏။

ယင်းသို့နှင့် အလောင်းတစ်ခုအပေါ်ရောက်သွားသောအခါ ကျားကိုက်သော အစိမ်းသေအလောင်းကို ရှာကြပြန်လေ၏။

"ဟော . . တွေ့ပြီ ဒါပဲ . . ဒါပဲ"

ဟု လက်ညှိုးထိုးပြ၍ ဟန်တင့်တို့ကြည့်လိုက်သောအခါ တစ်ကိုယ်လုံးမှာ ကျားကိုက်ရာ၊ ကျားကုတ်ရာတို့ဖြင့် တင်းကြမ်းပြည့်လျက် အသားတုံးအသားတစ်ကြီးတွေ အသနီအဆီရွှဲရွဲနှင့် အဆိပ်တွေ ညိုမည်းမည်းတက်ကာ ရုပ်ပျက်ဆင်းပျက် တစ်စက်မျှနေရာကောင်းမကျန်အောင် ဖွာရရာကြနေသော အလောင်းကြီးကို မြင်ရပြန်လေ၏။

"အင်း . . ဒီအကောင်လည်း အတော်သတ္တိကောင်းတဲ့အကောင် ဒီလောက်ဒဏ်ရာများတာထောက်ရင် မသေခင် ကျားနဲ့ နင်လားး ငါလား နပန်းချပြီးမှ မာလကကုတ်ရရှာတာပဲ။ ဖွဲကတော့ အတော်ကောင်းမဲ့လူနဲ့တူရဲ့ အဲသလို ဖွဲကောင်းလေ ဆရာကကြိုက်လေပါပဲ။ ကဲ . . ကဲ ဆွဲတင်ကြ . . ဆွဲတင်ကြ"

ဟု ဆိုသဖြင့် တင်ကြပြန်လေ၏။ နဂိုက သွေးပျက်မလောက် ဖြစ်နေခဲ့သောကြောင့် စေ့စေ့ကြည့်ရှုမှု မကြည့်ဝံ့ခဲ့သောစံမြင့်မှာ ဆရာ့အမိန့်နှင့် ကိုယ်တိုင်ဝင်၍ ကိုင်တွယ်နေရသောအခါ ထုတ်ဖော်၍မပြောဝံ့သည်တိုင်အောင် အသည်းနှလုံးများ ချောက်ချားသွားပြီး စိတ်ထဲတွင် ငိုချင် ရယ်ချင်နှင့်များစွာ အားငယ်သွားလေ၏။ ဦးတုတ်ဖြိုးလည်း ကျန်အလောင်းကြီး ၃ ခုကို မြေများပြန်ဖုံးစေပြီး နှစ်လောင်းပြိုင်ယှဉ်ချထားသော အစိမ်းသေအလောင်းကြီးနှစ်ခုကို အသင့်ယူထားသော ခေါစာခွက်နှင့် အမဲသားစိမ်းများ လက်ဝဲရစ်သုံးကြိမ်လှည့်၍ မြောက်ပြကာ လူခေါင်းခွံတစ်ခုပေါ်တွင် ဆေးဖယောင်းတိုင်ကြီးတစ်ခုထွန်းလျက် ကျက်မှတ်ထားသောစာတွေကို ရွတ်ဖတ်နေဘိအလားများစွာသော ဂါထာမန္တန်များကို ရွတ်ဖတ်မန်းမှုတ်ကာ -

"ဖော် . . ဖော် လာလှည့် . . လာလှည့် စားလှည့် စားလှည့် ငါ၏တပည့်ဖြစ်ပါစေ နေလိုရာနေ စေလိုရာစေ"

စသောအသံများကိုလည်း တစ်ချက်ချက်ကျယ်၍ ထွက်လာသောအခါ ကြားရလေ၏။ ငြိမ်သက်တောင့်ကင်းသော အလွန်တရာ အရုပ်အဆင်း

ပျက်နေသည့် အလောင်းကြီးနှစ်လောင်းမှာ တဖြည်းဖြည်း လှုပ်ရှားလာပြီး ငုတ်တုတ်ကြီး ထ၍ထိုင်လေ၏။

ထိုအချိန်ကား နွားရိုင်းသွင်းချိန် နီးကပ်နေပြီဖြစ်၍ ညောင်ကြပ်ပင်ဆီမှ ဝုန်းခနဲ ကျီးတွေပြုလျက် တောစပ်တစ်ဖက်မှလည်း ညည်းညည်းညူညူ တောခွေးတစ်ကောင် အူလိုက်သည်မှာ စံမြင့်တွင် ကမ္ဘာကြီးမှောက်သွားသလို ထင်ရတော့လျက် ရုတ်တရက် ထွက်ပြေးချင်၍သာ နေလေ၏။ တစ်သက်နှင့်တစ်ကိုယ် ဘယ်လိုကြောက်ပုံမျိုး ကြောက်လိုက်မိသည်ဟုပင် ဥပမာတင်စရာ မရအောင်ရှိလေ၏။ ငုတ်တုတ်ထထိုင်သော အလောင်းကြီးနှစ်လောင်းမှာ မိမိတို့ကိုယ်ကို မိမိတို့ပြန်လှန်အရိပ်ကြည့်ပြီး အသားတစ် အသားတုံးနှင့် မြင်မဆုံးအောင် ရုပ်ပျက်ဆင်းပျက် ဖြစ်ရသည်ကိုမြင်လျှင် ဝမ်းနည်းလှဘိ အလား တုန်ရီသောလက်ကြီးများနှင့် မျက်နှာကိုအုပ်ကာ ရှိုက်ကြီးငင်ကြီးနှင့် ကြုံကြုံပါအောင် လိုဏ်သံကြီးနှင့် တဟီးဟီး ငိုကြသည်ကို တွေ့မြင်ကြလေ၏။ ဦးတုတ်ဖြိုးလည်း ထိုင်နေသောအလောင်းကောင်ကြီး နှစ်ကောင်အလယ်သို့ အမဲသား စိမ်းပါသော ခေါ်ခွက်ချပြီး -

"စားကြ . . စားကြ"

ဟု ပြောလိုက်လျှင်ပင် ယခင်ငိုနေသော အလောင်းကြီးများမှာ ပြူးပြူးသောမျက်လုံးကြီးများနှင့် ခေါ်ခွက်ရှိအမဲသားတုံးများ ထမင်းများကိုကြည့်ကာ လျှင်မြန်သွက်လက်သော လက်ကြီးများနှင့် တအားကုန်း၍နှိုက်ယူပြီး ပလုတ်ပဖြိုး စားကြလေရာ ခေါ်ခွက်တွင်းရှိ အမဲသားနှင့် ထမင်းဆုပ်များ မကြာမီ တက်တက်ပြောင်လေ၏။ ဦးတုတ်ဖြိုးလည်း အလောင်းကောင်ကြီးများကို အစာကျွေးမွေးပြီးနောက် လူသေဦးခေါင်းနှစ်ခုကို မိမိလက်နှစ်ဖက်ဖြင့် တစ်ဖက်တစ်ချက်ကိုင်ထားပြီး ပါးစပ်မှ တီးတိုးရွတ်ဖတ် မန်းမှုတ်ပြန်ရာ အလောင်းကြီးနှစ်ကောင်မှာ ဦးတုတ်ဖြိုး၏အမိန့်သံကို ရိုသေကျိုးနွံစွာ နာခံမည့်ကဲ့သို့ အသင့်ပြင်ဆင် စောင့်ဆိုင်းလျက်ရှိကြသောအခါ ဆရာဦးတုတ်ဖြိုးလည်း -

"ကဲ . . ကဲ မင်းတို့နှစ်ယောက် ဘယ်သူက ပိုပြီးစွမ်းသလဲဆိုတာ ဆရာသိချင်တယ်။ ဒီတော့ ဆရာ့ရှေ့မှာ နပန်းသတ်ပြကြစမ်း"

ဟု ဆိုလျှင် အလောင်းကောင်ကြီးနှစ်ခုမှာ ဆရာ့အမိန့်ကို ခေါင်းညိတ်ပြကြပြီး လေးလံသော ကိုယ်ကြီးများကို သယ်ယူထလျက် နှစ်ယောက်သားမျက်နှာရင်ဆိုင်ရပ်ကြကာ ပြောင်းခနဲမြည်အောင် ကိုယ်စီကိုယ်စီ လက်ခမောင်းခတ်လိုက်ကြပြီး တစ်ယောက်နှင့်တစ်ယောက် အနားနီးနီးကပ်သွားကာ လေးလေးလံလံကြီး နပန်းလုံးသတ်ကြလေ၏။

ဆရာနှင့်ဟန်တင့်တို့မှာ စိတ်ဇောထက်သန်စွာ ကြည့်နေကြသည်နှင့်အမျှ စံမြင့်မှာ အကြောက်လွန်လျက် မေ့တစ်ချက် လျော့တစ်ချက် ဖြစ်နေလေ၏။ အလောင်းကြီးနှစ်ခုလည်း တွင်တွင်ကြီးလုံးလျက် အုန်းခနဲ အင်းခနဲလဲလိုက်၊ ထိုးလိုက်၊ လုံးထွေးလိုက်ဖြစ်နေကြရာ ကျားကိုက်သောအလောင်းမှာလည်း အသားတစ်ကြီးတွေတွဲလွဲတန်းလန်း၊ အပေါက်အပြဲ တစ်ကိုယ်လုံးအသနီနှင့် ရဲရဲရှိရာက ဇွတ်ပဲနရွဲကြီးကြီး ဖိဖိစီးစီးသတ်လျက်ရှိလေရာ ရထားကြိတ်သေသော အလောင်းကြီးမှာလည်း ထောင့်တန်း နှစ်ပိုင်းဖြတ်ထားသောကိုယ်ကြီးကို ဆေးရုံက အကိုင်အရလွယ်စေခြင်းငှာ ဝါဆာကမာဆက်ပေးလိုက်သည့်အတိုင်း ညွှတ်ကိုင်းကိုင်း ကုန်းကွကွကြီးနှင့် ခုခံလုံးထွေးနေရာက နောက်ဆုံးတွင် ဘုံးဘုံးလဲ၍ အရှုံးပွဲဝင်ရလေ၏။ မီးရထားကြိတ်သေရသူမှာ သေခါနီးတွင် ရှိုးရှိုးသားသား ငြိမ်ဝပ်သောနှလုံးနှင့် သေဆုံးသွားသဖြင့် ဝိညာဉ်ချုပ်ခါနီးဆဲဆဲတွင် ဘာမှစွဲစွဲလန်းလန်းဖြစ်လောက်အောင် မတွေ့မကြုံရဘဲ ကျားကိုက်ခံရ၍သေရသော အလောင်းကြီးမှာမူကား မသေမီအကြား၌ ကျားနှင့်နင်လားငါလား အသက်လု၍ ခုခံရင်း သေဆုံးရခြင်းဖြစ်လေရာ လွန်စွာဒေါသဆောင်၍နေသည်ကို တွေ့ရလေ၏။

ဦးတုတ်ဖြိုးသည် အနိုင်ရသောအလောင်းကောင်ကြီးအား အနီးသို့သွား၍ ကျေနပ်စွာ ပခုံးပုတ်ပြီး -

"အင်း . . ငါ့တပည့်တော်ပေတယ် စွမ်းပေတယ်။ ကဲ . . လာလာဆရာနဲ့လိုက်ခဲ့ ဆရာ့အကျိုးကိုဆောင်၊ ဆရာ့စကားကိုနားထောင်၊ ဆရာခိုင်းတာလုပ် နောက်မဆုတ်နဲ့။ မင်းကိုနှိပ်စက်တဲ့ ရန်သူကိုလည်း ကလဲ့စားချေရအောင်ဟိုကျရင် လည်မျိုညှစ်ပြီး အနိုင်ချုပ်ရလိမ့်မယ်နော်"

ဟု လူများပြောနေသကဲ့သို့ပြောနေရာ အလောင်းကြီးလည်း ခေါင်းကြီးကို ညိတ်လိုက်လေ၏။

ထိုအချိန်ကား နေဝင်ရီတရောအချိန် ရှိပြီဖြစ်လေရာ စက်ဆုပ်ရွံရှာကြောက်စရာကောင်းလှသော သင်္ချိုင်းမြေမှာ သဲသဲရုတ်ရုတ်ကြီးဖြစ်လာလျက် မှောင်ရိပ်မှောင်ငွေ့များမှာလည်း သန်းလာလေ၏။ ဟန်တင့်နှင့် စံမြင့်တို့မှာ အောက်လမ်းပညာကို လိုက်စားခဲ့ရာတွင် အတော်ဝါရင့်လာသည့် အပြင် ဆရာဖြစ်သူဦးတုတ်ဖြိုးမှာကား ဆယ့်နှစ်ကြိုးကိုပင် ဖြုတ်နိုင် ချနိုင် အစစ ပညာပိုင်လာ၍ ယခုနောက်ဆုံးအချိန် ဖိုင်နယ်တက်ရမည့်အခါဖြစ် လေရာ ဤကဲ့သို့ ကြောက်စရာကောင်းသော သင်္ချိုင်းမြေနှင့် နေဝင်ရီတရော အချိန်လောက်တော့ ရယ်တာပေါ့ထဲက ထားကြသူများဖြစ်လေရာ အကြောင်းမသိ စိတ်ငယ်နေသော စံမြင့်သာလျှင် ကျောတချမ်းချမ်း ကြက်သီးတဖျန်းဖျန်းထ၍ နေလေ၏။ သို့နှင့် ဆရာ့အားကိုး အဆောင်ဆေးကလေးတန်ခိုးကြောင့် အတန်မျှ သက်သာ၍နေလေရာ ကြောက်ရွံ့အားငယ်စိတ်တို့ကား တဖွားဖွား ပေါ်ပေါက်လျက်သာရှိလေ၏။

ဦးတုတ်ဖြိုးသည် ကိုယ်ဝန်ဆောင် အစိမ်းသေမသာချရာတွင် အသုံးပြုသောအလောင်းစင်မှ ကြာယပ်အဖြစ်အသုံးပြုသော ဝိတ်ပိုင်းတစ်ခုကို ဆေးလွယ်အိတ်မှ ထုတ်ယူကာ အဆိုပါကျားကိုက်သေသည့် အလောင်းကြီးအား ခေါင်းကနေ၍ သိုင်းခြုံပေးပြီး -

"ကဲ . . တပည့်သွားစို့လာလာ မင်းကရှေ့ကလမ်းပြသွား မင်းကို ကျားကိုက်ခံရတဲ့နေရာရောက်ရင် ရပ်နေနော်"

ဟုပြောကာ ဟန်တင့်နှင့် ဦးတုတ်ဖြိုးသည် အလောင်းကောင်ကြီးကို တစ်ဖက်တစ်ချက်မှ လက်မောင်းကို ဖေးမကိုင်တွယ်ရုံ ကိုင်တွယ်ထားလေရာ အလောင်းကြီးမှာ တစ်လှမ်းချင်း တစ်လှမ်းချင်း ကတုန်ကရင်ကြီး လှမ်းသွားနေသဖြင့် ဦးတုတ်ဖြိုးနှင့်ဟန်တင့်က တစ်ဖက်စီညှပ်၍ လိုက်ကြရလျှင် စံမြင့်မှာလည်း ၎င်းတို့အနီးတွင် ကပ်၍ လိုက်သွားရလေ၏။

ဤသို့ဖြင့် တရွေ့ရွေ့ တဖြည်းဖြည်း ထွက်လာခဲ့ကြရာ အချိန်မှာလည်း နေရောင်လုံးလုံးကြီးပျောက်လျက် ညဘက်သို့ရောက်ခဲ့လေရာ ကံအားလျော်စွာ မိုးများစဲသွားပြီးနောက် လေတသုတ် တိုက်လိုက်၍ မိုးရိပ်ငွေ့များလွင့်စင်သွားကာ လရောင်ကလေးပင် ရလာသောကြောင့် သချိုင်းကုန်းမှထွက်၍ အရှေ့ဘက်တောစပ်ဆီသို့ လျှောက်လာခဲ့ကြရာတွင် ခလုတ်၊ ကန်သင်း၊ ကုန်းကျင်း၊ ဆူးညှောင့်တို့ကိုပင် သဲကွဲစွာ မြင်ရသောကြောင့် ဆရာယူလာသော မီးအိမ်ကလေးမျှ မထွန်းရဘဲ ကိစ္စပြီးကြလေ၏။

အလောင်းကြီးမှာ တုန်တုန်ရီရီကြီးနှင့် အဖျားတက်သောသူအလား ဟီး . . ဟီး . . ဟီးဟု ညည်းတွားသံလိုလိုကြီးနှင့် လူနှစ်ယောက်ကြားမှ လှမ်းသွားနေလေရာ အမှတ်မဲ့တွေ့မြင်ရသူများမှာ အဖျားတက်၍ ပိတ်ဖြူစောင်ကြီး ခြုံထားသော လူမမာတစ်ယောက်အား တွဲခေါ်လာခြင်းပင်ဟု ထင်ကြမည်ဖြစ်သော်လည်း လူမမာမဟုတ်၊ ရုပ်ပျက်ဆင်းပျက် အစိမ်းသေအလောင်းကြီးကို ဆေးစီရင်ဖုတ်သွင်း၍ ဆောင်ကြဉ်းလာကြခြင်းဖြစ်လေရာ လူသွားလူလာ နည်းပါးသောနေရာ ညအခါလည်းဖြစ်၍ ရုတ်တရက် လူသူမတွေ့နိုင်စေကာမူ လမ်းခရီးမှ တောခွေးတွေဆီးအူခြင်း၊ သစ်ပင်ထက်မှ အိပ်စက်နေသော ကျီးငှက်များ လန့်ဖျပ်ပြိုကြခြင်းဖြင့် အလွန်အမင်းကြောက်ရွံ့စရာကြီး ဖြစ်နေလေတော့၏။

ဦးတုတ်ဖြိုးနှင့် ဟန်တင့်သည် အလောင်းကြီးဦးတည်သွားရာသို့သာ ဖေး၍လိုက်လာကြရရာ တစ်ခါတစ်ခါလည်း လူသွားလမ်းကိုလိုက်မိ၍ တစ်ခါတစ်ခါလည်း တောစပ်ကလေးများသို့ဖြတ်၍ ဝင်သွားတတ်လေရာ တောချုံပိတ်ပေါင်းတို့မှာ တဖြည်းဖြည်း ရှုပ်ထွေးနက်ခေါင်လာသည်ကို တွေ့ရလေ၏။ ရောက်လာသောခရီးကို တွက်ချင့်ကြည့်မည်ဆိုလျှင်လည်း မူလထွက်လာရာ သချိုင်းကုန်းမှ တစ်မိုင်ခွဲနီးနီး ခရီးပေါက်လာကြောင်း သိရလေ၏။

သို့နှင့် အလောင်းကောင်ကြီးသည်လည်း တစ်ချက်ပြီးတစ်ချက် လှမ်းသွားမြဲသွားနေလေရာ ဆယ်နာရီလောက်ရှိသောအခါ ဝါးရုံတောတစ်ဖက်သို့

ထွက်၍ လသာကွက်မြေညီမြက်ခင်းကလေးပေါ်သို့ ရောက်လာကြပြန်၏။ ၎င်းမြက်ခင်းကလေးတစ်ဖက်၌ကား သမန်းမြက်ဖုတ်ကြီးများ၊ ရှင်မွေ့နွှမ်းပင်များ၊ ကျူပင်၊ ကိုင်းပင်ရှည်ကြီးများကို တွေ့မြင်ရခြင်းအားဖြင့် ချောင်းသော်လည်းကောင်း၊ အိုင်သော်လည်းကောင်း ရေအမြဲရှိရာ ရေစပ်တစ်ခုဖြစ်ကြောင်း သိနိုင်လေ၏။ အလောင်းကြီးလည်း မြေညီကွက်လပ်ကလေး အလယ်တည့်တည့်သို့ရောက်လျှင် ရှေ့သို့ဆက်လက်မသွားတော့ဘဲ ရပ်နေသဖြင့် ဦးတုတ်ဖြိုးက -

"မင်းတောကောင်နဲ့တွေ့တာ ဒီနေရာလား"

ဟု မေးလိုက်လျှင် အလောင်းကောင်ကြီးလည်း ခေါင်းတစ်ချက်ညိတ်လိုက်လေ၏။ ဦးတုတ်ဖြိုးမှာ ဝမ်းသာအားရနှင့်ပင် -

"ကဲ . . ကဲဒါဖြင့် အလုပ်လုပ်ကြစို့ မင်းဒီနေရာမှာ ငုတ်တုတ်ထိုင်နေ။ တောကောင်မလာလာအောင် လက်ခမောင်း တဖြောင်းဖြောင်းခတ်ပေးလာတာမြင်ရင် လေးဖက်ထောက်ပြီး အနံ့ခံနမ်းကြည့်တာနဲ့ တစ်ချက်တည်းလည်မျိုကို တအားကုန် ညှစ်သတ်ရမယ်။ ဘယ်လောက်ရုန်းရုန်း မလွှတ်နဲ့ ဒီအကောင်ဟာ မင်းကိုသေအောင် ကိုက်သတ်တဲ့အကောင်ဖြစ်တယ် ငြိုးထား"

ဟု ပြောရာ အလောင်းကြီးလည်း ဆရာ့အမိန့်ကို ခေါင်းညိတ်ကာ တာဝန်ခံလေ၏။ ဆရာဦးတုတ်ဖြိုးလည်း အနီးကသမန်းမြက်များကို နုတ်ယူပြန်ပြီးလျှင် အသင့်ပါသောလွယ်အိတ်ထဲမှ တောစောင့်နတ် ပသထားသော ရှန်ပန်းထည်စအဟောင်းတစ်ခုနှင့် အလောင်းကြီး၏ဦးခေါင်းကို နှစ်ဖက်မြိတ်ချ၍ နတ်စိမ်းပေါင်း ပေါင်းပေးပြီး ခေါင်ရမ်းပန်းနှင့် သမန်းမြက်များကိုလည်း တစ်ဖက်တစ်ချက်မှ ဇောက်ထိုးစိုက်ပန်ပေးကာ သနပ်ခါးနှင့်နနွင်း ရောဖျော်ထားသောအရည်များကို အလောင်းကြီး၏ မျက်နှာနှင့်တကွ အသားတစ်တွေတွဲရရွဲကျနေသော ကိုယ်ကြီးတစ်ကိုယ်လုံးကိုပါ သမန်းမြက်နှင့်ဆွတ်၍ ပက်ပေးကာ ၎င်း၏နောက် မနီးမဝေးမှလည်း အင်းကွက်များ၊ ဒဏ်ပြန်အဆောင်များစသည်တို့ကို အမျိုးမျိုး မန်းမှုတ်ပြင်ဆင် ခင်းကျင်းထားပြီး ဆရာကြီးဦး

တုတ်ဖြိုးကိုယ်တိုင်လည်း အင်္ကျီတိုးလုံး ခါးတောင်းမြှောင်အောင်ကျိုက်ပြီး အလောင်းကြီးနည်းအတိုင်း ရှန်ထည်စကြီးကို ခေါင်းစည်းလျက် တစ်ဖက် တစ်ချက် သမန်းမြက်နှင့် ခေါင်ရမ်းပန်းအပြင် သပြေပန်းတစ်မျိုးထိုး၍ ဇောက် ထိုးပန်ပြီး နန္ဒင်းရည်၊ သနပ်ခါးရည်များကို အကြားအကြား အတန့်အတန့် တစ်ကိုယ် လုံးနှံ့အောင် သမန်းမြက်ကိုပင် စုတ်တံပြု၍ လိမ်းကျံချယ်လှယ်လျက် အလောင်းကြီး၏ နောက်တည့်တည့်မှနေပြီး ဟန်တင့်နှင့်စံမြင့်ကိုမူကား အနီး ရှိ ဝါးရုံချုံကလေးတစ်ခုအတွင်းသို့ ဝင်ရောက်ပုန်းအောင်းနေစေလေ၏။

ဦးတုတ်ဖြိုးလည်း လက်တစ်ဖက်က ဆေးစီရင်ထားသော တံစူးဝါး၊ လက်တစ်ဖက်က ဆေးဓားကိုကိုင်ကာ ငြိမ်သက်စွာထိုင်နေသော အလောင်း ကောင်ကြီးနောက်မှ လေးဖက်ထောက် ကျားမာန်သွင်းဟန်နှင့် စောင့်စားနေ လေ၏။

လရောင်ကလေးလည်း မိုးတိမ်ကြား ကြည်လင်လျက်ရှိလေရာ တော တစ်ခွင်မှာလည်း အတော်ပင်တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေ၏။

ဦးတုတ်ဖြိုး၏ တီးတိုးတိုက်တွန်းချက်အရ အလောင်းကောင်ကြီးက မကြာခဏ လက်ခမောင်းခတ်လိုက်သည်မှာလည်း တောကြီးတစ်ခုလုံး ဟိန်း သွားမလောက်ရှိ၏။ ထိုအတွင်း အဝေးမှကျားဟိန်းသံကြီး တစ်ချက်ကြားလိုက် ရသောအခါ ဦးတုတ်ဖြိုးမှာ အတော်ပင်အားတက်လာလေ၏။ အလောင်း ကောင်ကြီးမှာလည်း ခဏခဏ လက်ခမောင်းခတ်သံ ပေးလျက်ရှိလေရာ တစ် ချက်တစ်ချက် ဟိန်းလိုက်သော ကျားဟိန်းသံကြီးလည်း တဖြည်းဖြည်း တော စပ်နှင့် နီးသည်ထက်နီးလာသည်ဟု ထင်ရလေ၏။

သို့နှင့် တစ်ခဏမျှကြာလျှင်ပင် ကိုင်းပင်များ တရှဲရှဲလှုပ်သံကြားရပြီး ကိုးတောင်မျှရှိသော ကျားကြီးတစ်ကောင်မှာ ကိုင်းတောစပ်မှ မည်းမည်းကြီး ပေါ်လာလေ၏။ မျက်လုံးကြီးနှစ်လုံးမှာ မီးခဲတမျှ ရဲရဲတောက်နေလျက် မတုန်မလှုပ် တွေတွေကြီးလုပ်၍ စိုက်ကြည့်နေလေရာ အလောင်းကောင်ကြီးမှာ ထိုင်ရာမှ ကျားကဲ့သို့ လေးဖက်ထောက်ကြီး နေလိုက်လေ၏။ အလောင်း

ကောင်ကြီးနှင့် ဆရာဦးတုတ်ဖြိုးမှာ ရှေ့နောက်လေးဖက်တွားထောက်လျက် ရှိကြရာ ကိုင်းတောစပ်ကကျားကြီးလည်း ဝင်းဝင်းတောက်သော မျက်လုံးကြီးနှင့် တဖြည်းဖြည်း ရှေ့တိုးလာပြီး အနီးသို့ရောက်သောအခါ မိမိကိုက်သတ်စား လိုက်သော အလောင်းအား ဟုတ်မဟုတ်အနံ့ခံရန် နှာခေါင်းနှင့်ထိ၍ နမ်းကြည့် လိုက်သည်နှင့်တစ်ပြိုင်နက် အလောင်းကြီး၏ လက်နှစ်ဖက်မှာ လျင်မြန်သွက် လက်စွာ ကျားလည်ပင်းကို တအားနင်း၍ ညှစ်ထားလိုက်လေ၏။

ကျားကြီးလည်း ရုတ်ခနဲလန့်ကာ ဝူးဝါး ဝူးဝါးအော်လျက် အလန့် တကြား ခုန်ပေါက်ရုန်းကန်လိုက်ရာ ဆရာ့အာဏာ မြစ်စွဲနေဘိအလား ရန်ငြိုး ကြီးထားသော အလောင်းကောင်ကြီးမှာ လက်မလွှတ်ဘဲ စွဲမြဲစွာ ညှစ်မြဲညှစ် ထားသောကြောင့် ကျားကြီးလည်း ရုန်းကန်ခုန်ပေါက်ရုံမျှမက ရှေ့ကျွမ်းနောက် ကျွမ်းနှင့် အစွမ်းရှိသလောက် ရုန်းပြန်သော်လည်း အလောင်းကြီးမှာ လက် မလွှတ်၊ ကျားကြီးခုန်ရာသို့ အလောင်းကောင်ကြီးသာ မြောက်၍ မြောက်၍ ပါနေလေ၏။ တစ်တောလုံးလည်း ဝုန်းဝုန်းဆူညံ၍နေလေ၏။

သို့နှင့် နောက်တစ်ကြိမ်မှာ ကျားကြီး နောက်ကျွမ်းပြန်သွားရာက မြေပေါ်အကျတွင် အလောင်းကောင်ကြီးက အပေါ်မှစီးလျက်ဖြစ်နေသဖြင့် ကျားကြီးမှာ မလှုပ်နိုင်သလိုဖြစ်နေစဉ် ဦးတုတ်ဖြိုးလည်း လေးဖက်ထောက် ကြီးနှင့် လွှားခနဲခုန်လိုက်ကာ လက်တွင်ကိုင်ထားသော ဆေးစီရင်ထားသည့် တံစူးဝါးကြီးနှင့် ကျား၏ရင်ညွန့်ကို တအားထိုးစိုက်လိုက်ပြီး ဆန့်ငင် ဆန့်ငင် နှင့် ကျားကြီးငြိမ်ကျသွားသည်နှင့်တစ်ပြိုင်နက် ထက်လှစွာသော ဆေးဓားဖြင့် ကျား၏နှလုံးသားကို ခွဲထုတ်ယူလိုက်ကာ သွေးစက်စက်နှင့်ဖြစ်သော ကျား၏ နှလုံးသားတစ်ခုလုံးကို နွေးနွေး လောလောကြီးပင် မြိန်ရှက်စွာ ဝါးစားလိုက် လျက် အားရနှစ်သက်စွာ -

"အောင်ပြီ . . အောင်ပြီ"

ဟု အော်ပြီး ကျားရေကြီးကိုလည်း အလောင်းကောင်ကြီး၏ အကူ အညီနှင့် ဆုတ်ခွာယူလိုက်ကာ ကျားသေကောင်ကြီးကို အလောင်းကောင်ကြီး

အား စားတော့ဟု အပိုင်စားပေးသနားလိုက်ပြီး ဦးတုတ်ဖြိုးမှာ ကျားရေကြီးကိုခြုံလျက် လေထဲတွင် နောက်ကျွမ်းတစ်ချက်ပစ်လိုက်ရာ တစ်ဖက်သို့ပြန်ကျသောအခါ၌ ဦးတုတ်ဖြိုးမဟုတ်တော့ဘဲ တောထဲက တကယ့်ကျားအစစ်ကြီးတစ်ကောင်ဖြစ်နေသဖြင့် အကွယ်ကချောင်းကြည့်နေသော ဟန်တင့်ပင် ရုတ်တရက်လန့်သွားမိလေ၏။ အလောင်းကောင်ကြီးမှာကား မည်သူအားမျှဂရုမစိုက်ကျားသေကြီးကိုသာ အားပါးတရ ကိုက်ဝါးစားသောက်လျက်ရှိလေ၏။ နောက်ကျွမ်းနှင့် ကျလာသောကျားကြီးမှာ အတော်ကျေနပ်ဟန်လက္ခဏာနှင့် ရှေ့ကျွမ်းတစ်ပတ်ပစ်လိုက်ရာ တစ်ဖက်၌ကျသွားသောအခါမူကား လူပကတိဦးတုတ်ဖြိုးအဖြစ်နှင့် ပြန်ကျလာမှ ဟန်တင့်မှာ များစွာအားရဝမ်းသာ ဖြစ်ရလေတော့၏။ စံမြင့် ကားစကားပင်မပြောနိုင်တော့ချေ။ ထိတ်လန့်ဖွယ်အမျိုးမျိုးတွေ မြင်ရခြင်းကြောင့် တုန်နေကာ မျက်လုံးကြီးအကြောင်သားနှင့်သာ ကြည့်နေလေ၏။ ဦးတုတ်ဖြိုးလည်း ကျေနပ်အားရစွာနှင့် -

"အောင်ပြီ . . အောင်ပြီ . . အောင်ပြီ"

ဟု သုံးခွန်းဆင့်အော်ပြန်ကာ ပုန်းကွယ်နေသော တပည့်များကို -

"ဟေ့ . . တပည့်တို့လာကြဟေ့ ထွက်ခဲ့ကြ . . ကိစ္စပြီးပြီအောင်ပြီ"

ဟု အားရစွာ အော်ခေါ်ရာ ဟန်တင့်နှင့် စံမြင့်တို့လည်း အားရစွာထွက်လာကြလေ၏။ ဆရာဦးတုတ်ဖြိုးလည်း သွေးစက်စက်နှင့် ကျားရေကြီးကိုထွေးလုံးကိုင်ကာ လက်ဝါးပေါ်မှာတင်ပြီး အထက်မြှောက်၍ ဂါထာတွေ တီးတိုးရွတ်ဆိုနေရင်း လက်နှစ်ဖက်ကိုလုံးနေရာ ကျားရေကြီးမှာ တဖြည်းဖြည်းကြီးရာကငယ်သွားပြီး လက်ဝါးပေါ်တွင်တင်၍ လောက်စာလုံး လုံးသလိုလုံးနေရာက နောက်ဆုံးတွင် ရွှေစေ့ငယ်တစ်မျှ သေးငယ်သွားသောအခါ ဦးတုတ်ဖြိုးလည်း ထိုကျားရေလုံးကလေးကို ပါးစပ်တွင်ထည့်လျက် ရုတ်တရက်မျိုချလိုက်လေ၏။

ထို့နောက် သိမ်းစရာ ကောက်စရာတို့ကို သိမ်းဆည်း၍ ဆေးအိတ်အတွင်းသို့ထည့်ပြီးသော် ဦးတုတ်ဖြိုးလည်း -

"ကဲ . . ငါ့တပည့်မောင်ဟန်တင့် ဆရာ့ဆေးအိတ်ကို မင်းအပိုင်ယူပေတော့ ဆရာဆေးအိတ်ဆောင်ဖို့ မလိုတော့ဘူး"

ဟု ပြောကာ ဟန်တင့်လက်သို့ ဆေးအိတ်ကြီးကို ကမ်းပေးလိုက်ရာ ဟန်တင့်လည်း ဝမ်းမြောက်စွာ လှမ်းယူလိုက်လေ၏။ အလောင်းကောင်ကြီးလည်း ကျားသေကြီးကို ဝအောင်စားခဲ့ပြီး အရိုးချည်းကျန်မှ ထလာတော့လေရာ ဆရာဦးတုတ်ဖြိုးသည် အလောင်းကောင်ကြီးဆီမှ ရှန်ထည်ခေါင်းပေါင်းများကို ဖြုတ်ယူထားလိုက်ပြီးနောက် ခေါင်ရမ်းပန်းတစ်ပွင့်တည်းသာ နားမှာပန်ပေးပြီး -

"ကဲ . . ငါ့တပည့်ကြီးလည်း ကိစ္စပြီးပြီ သင်္ချိုင်းအရောက် မင့်ကိုယ်ခန္ဓာကြီးကို ပြန်ပို့ပြီးမှ မင်းသွားလိုရာအရပ်ကိုသွားတော့"

ဟု ပြော၍ အခွင့်ပေးလိုက်ရာ အလောင်းကောင်ကြီးမှာ တစ်ဖက်သို့မျက်နှာမူပြီး လာလမ်းအတိုင်း တလှုပ်လှုပ်ပြန်သွားလေရာ လရောင်အောက်တွင် မည်းမည်း မည်းမည်းနှင့် တောတောင်ထဲမှ ကွယ်ပျောက်သွားလေ၏။

ဦးတုတ်ဖြိုးလည်း ဟန်တင့်၏ပခုံးကိုပုတ်ကာ -

"ကဲ . . ငါ့တပည့်ကိုလည်း ဆရာပညာကုန်ပေးခဲ့ရတော့မှာပေါ့ကွာ စံမြင့်ကတော့ ခုတလောတယ်ပြီး စိတ်မချရသေးဘူး။ မင်းညီကိုတော့ မင်းပဲ တော်သင့်မယ်ထင်တဲ့ အချိန်အခါရောက်မှ တစ်ဆင့်ပညာပေးလိုက်ပေတော့၊ ခုတော့ မင်းကိုသာ ဆရာ့ပညာလွှဲခဲ့မယ် . . ဟုတ်လား"

ဟု ပြောပြီး ဆရာဦးတုတ်ဖြိုးသည် လရောင်အောက်တွင် ကောင်းကင်သို့မော့လျက် လက်နှစ်ဖက်အထက်သို့မြှောက်ကာ တစ်စုံတစ်ခုသော ဂါထာမန္တန်ကိုများ တီးတိုးရွတ်ဆိုလျက်ရှိလေရာ တစ်ခဏမျှကြာလျှင် အထက်သို့မြှောက်ထားသော ဦးတုတ်ဖြိုး၏ လက်ဝါးနှစ်ဖက်ပေါ်တွင် မီးခိုးများတလူလူနှင့် အူတက်လာပြီးလျှင် မကြာခင် တစ်ဖန်ပြန်၍ မီးခိုးလုံးများ ပျောက်ကွယ်သွားသောအခါ၌ အရောင်တဖိတ်ဖိတ် ဝင်းလက်နေသော ရွှေရောင်ဗူးသီးငယ်ကလေးတစ်လုံးကို တွေ့မြင်ကြရလေ၏။ ဦးတုတ်ဖြိုးလည်း အဆိုပါ ဗူးသီးနု

ကလေးအတွင်းသို့ လက်တစ်ဖက်က မိမိပါးစပ်ထဲကထွက်သမျှ ဝင်းဝင်းလက် လက် အခိုးအမျှင်တွေကို သိမ်းယူပြီး ထည့်သွင်းပေးလျက်ရှိလေ၏။

အတန်ကြာမျှ ထိုသို့ပြုလုပ်နေပြီး တစ်ဖန် ထိုဗူးသီးကလေးကို လက် ဝါးပေါ်တွင်တင်၍ ပွတ်ချေနေပြန်လေရာ ဗူးသီးကလေးမှာ တဖြည်းဖြည်း ရွေး စေ့ငယ်ပမာမျှ ဖြစ်သွားလေ၏။ ထို့နောက် ဟန်တင့်ကို ရှေ့သို့ခေါ်ယူပြီးလျှင် မိမိရှေ့၌ ဒူးထောက်ထိုင်စေပြီး -

"ပါးစပ်ဟလေ ဆရာ့ပညာကို တပည့်အား အကြွင်းမဲ့ပေးတော်မူပါ"

ဟု သုံးကြိမ်တိတိဆိုစေရန် သင်ကြားပြီး ပါးစပ်ကိုဟစေရာ ဦးတုတ် ဖြိုးမှာ အတတ်ပညာဖြင့် ချုံ့၍ထားသော ဗူးကလေးကို လက်ဝဲလက်ဖြင့် ကိုင် မြှောက်ကာ -

"ကဲ . . ငါ့တပည့်အား ကျား အတတ်ပညာကိုချန်လှပ်ပြီး ဆရာ့ပညာအားလုံးမကျန် လွှဲအပ်လိုက်ပြီ ကောင်းစွာခံယူလော့"

ဟု ဆိုလျက် ဗူးကလေးကို ဟန်တင့်၏ပါးစပ်ထဲသို့ ပစ်သွင်းပေးလိုက် ရာ ဟန်တင့်လည်း မျက်စိမှိတ်ကာ မျိုချလိုက်လေ၏။

"ကဲ . . ငါ့တပည့် ပညာစုံရပြီ သွားလိုရာသွားတော့"

ဟုပြောလျှင် ဟန်တင့်မှာ -

"အို . . ဆရာရဲ့ ကျွန်တော်တို့ချည်း ပြန်လွှတ်တော့မလို့လား ဆရာ ကော . . ဘယ်သွားမှာလဲ"

ဟု မေးလျှင် ဦးတုတ်ဖြိုးက -

"ဆရာ ငါ့တပည့်များနဲ့ ဒီအချိန်ကစပြီး ခွဲဦးမယ် ဆရာ့ပညာက ဖြတ်လမ်းကလိုက်ထားတာ ဒီတော့ . . ဒီနယ်ကိုသွားပြီး ဟိုကလူများပညာနဲ့ ဘယ်သူကထက်မြက်တယ်ဆိုတာ နှိုးနှောချေရဦးမယ်။ ဘယ်နှနှစ် ဘယ်နှလ ကြာမယ်ဆိုတာလည်း မပြောနိုင်သေးဘူး။ ဒီတော့ တစ်နေ့နေ့တော့ ပြန်တွေ့ ကြရဦးမှာပကွာ။ ဆရာမရှိပေတဲ့ မင်းကိုပညာစုံ အမွေပေးခဲ့သားပဲ ဝမ်းမနည်း ပါနဲ့"

ဟု ပြောသောကြောင့် ဟန်တင့်မှာ နောက်ဆုံးတွင် ညီအစ်ကိုနှစ်ယောက်သား ဆရာ့အားကန်တော့ခဲ့ကြပြီး မိမိတို့ရပ်ဌာနီသို့ ပြန်ခဲ့ကြရလေ၏။

ဟန်တင့်မှာ ဆရာ့ထံမှ ပညာကုန်ရလိုက်သဖြင့် ဝမ်းမြောက်သည်ကတစ်မျိုး၊ ဆရာနှင့်မမျှော်လင့်ဘဲ ရုတ်တရက် ခွဲခဲ့ရသည်ကတစ်ဖုံ သစ်ပုတ်ပင်ရွာတွင် မိမိတို့ကို အရှက်တကွဲဖြစ်အောင် ရန်ရှာသော ပညာသည်အား ပညာနုစဉ်က အရှုံးခံလိုက်ရပုံနှင့် ယခုပညာစုံ၍ တစ်မျိုးတစ်ဖုံ ကလဲ့စားချေတော့မည်ဟု စိတ်အားတက်ကြွခဲ့သည်တစ်ကြောင်းတို့ကြောင့် စံမြင့်အား ကောင်းစွာဂရုမစိုက်နိုင်သေးဘဲ လက်တွဲ၍သာ ခေါ်လာခဲ့ရာတွင် စံမြင့်လည်း မျက်တောင်မခတ်သော မျက်လုံးကြီးကြောင်တောင်ဖြင့်သာ စကားမပြောဘဲ စိုက်စိုက်နှင့် လိုက်လာခဲ့လေ၏။

သို့နှင့် အိမ်သို့ရောက်သောအခါမှ တစ်ရက်ကနှစ်ရက်ဆိုသလို နေ့ရက်ကူးလာခဲ့သောအခါ စံမြင့်မှာ ဘာလိုလိုနှင့် အတော်အရေးကြီးလာကြောင်းသိရလေ၏။ စကားလည်းမပြော ငုတ်တုတ်ကြီးထိုင်ကာ ငိုင်မိငိုင်ရာ ငိုင်ကြည့်လျက် မျက်တောင်လည်းမခတ် လုံးဝိုင်းသောမျက်လုံးကြီးနှင့် ကြည့်နေတတ်သည်ကို တွေ့ရသောအခါ ဟန်တင့်မှာ စိုးရိမ်စွာနှင့် အမျိုးမျိုး မေးမြန်းစုံစမ်းသောအခါလည်း -

"ငါ ဘာမှမဖြစ်ပါဘူး စိတ်ထဲမှာ အလိုလိုနေရင်း နောက်ကျိရှုပ်ထွေးနေတာ တစ်ခုပါပဲ"

ဟု စံမြင့်က ပြောတတ်ပြီးလျှင် အထက်အတိုင်းပင် နေမြဲနေတတ်ရုံသာမက စက်ရုပ်ကြီးပမာ စံမြင့်ထဆိုလျှင်ထ၍ စံမြင့် ထိုင်ဆိုထိုင်နေလျက် အိပ်ဆိုလျှင်လည်း မျက်လုံးကြောင်တောင်ကြီးနှင့် တစ်နေကုန် လှဲအိပ်နေတတ်ပြီး စားဆိုလျှင်လည်း မကုန်မချင်းသာ ထိုင်၍ စားနေတတ်သောကြောင့် ဟန်တင့်တွင် ညီအတွက် ယခုမှ အခက်ကြုံရလေတော့၏။

တစ်စုံတစ်ယောက်သော ပညာသည်၏ လက်ချက်ကြောင့်လော၊ ယခင် သစ်ပုတ်ပင်ရွာကလုပ်လိုက်သော လက်ချက်အငုတ်အစကလေးများ

လောဟု အမျိုးမျိုးတွေးတောစဉ်းစားကာ မိမိတတ်သမျှပညာနှင့် စုံစမ်းစစ်ဆေးပါသော်လည်း မည်သည့် သဲလွန်စမျှ မရနိုင်လျှင် မိမိထက်ပညာသာမည်ထင်သော ပညာသည်အချင်းချင်းများကို စုံစမ်းစစ်ဆေးစေပါသော်လည်း ၎င်းပညာသည်တို့က စံမြင့်အတွက် စုံစမ်းချက်မရနိုင်ရှိခဲ့သောကြောင့် အထူးစိုးရိမ်မိကာ သွေးရိုးသားရိုးရောဂါများ ဖြစ်နေမလားဟုလည်း တစ်နည်းတွေးမိသောကြောင့် မြန်မာဆေးဆရာ၊ အင်္ဂလိပ်ဆေးဆရာဝန်များကို စုံလင်အောင် ပြသကြည့်ပြန်ရာ၌လည်း ဘာရောဂါမျှ စုံစမ်း၍မရ အချည်းနှီးဖြစ်ကာ အင်္ဂလိပ်ဆေး ဆရာဝန်တစ်ယောက်ကမူ -

"ဒီလူ ဘာရောဂါမှမရှိဘူး၊ ဒါပေတဲ့ သူ့ရဲ့နှလုံးဟာ အများကြီးခြောက်ခန်းပြီး အားနည်းလာတာတွေ့ရတယ်။ ဒီတော့ နှလုံးသွေးအားတိုးစေမယ့်ဆေးများကျွေးပါ"

ဟု ပြောစကားအရ သင့်သည်ဟုပေးသောဆေးများကို စားစေသော်လည်း အနည်းငယ်မျှ မထူးခြားဘဲ နေလေ၏။

သို့ကြောင့် ဟန်တင့်မှာ စံမြင့်အတွက် စိတ်မကောင်းလျက်နှင့်ပင်စောင့်ရှောက်ကုမလာခဲ့ရာ အခြေအနေမထူးခြားသောစံမြင့်မှာ ကြိုးကိုမြင်လျှင်စိတ်အားထက်သန်စွာ စူးစူးစိုက်စိုက် ကြည့်တတ်လျက် တစ်ခါတရံလည်းအိမ်တွင် အဝတ်လှန်းသောကြိုးတန်းများကိုဖြုတ်ယူကာ အလွန်တရာ ချစ်ခင်မြတ်နိုးဟန်နှင့် ကြိုးခွေ ကြိုးထုံးများကို ပါးနှင့်အပ်လိုအပ် ရင်ဘတ်တွင် ကပ်ထားလိုထား ပြုနေတတ်ပြီး တစ်ခါတရံလည်း ၎င်းရှေ့တွင် တစ်စုံတစ်ယောက်က ကြိုးခွေ ကြိုးထုံးများ ကိုင်သွားသည်ကို မြင်လိုက်ရလျှင် -

"ငါ့ကြိုး . . ငါ့ကြိုး . . ပေး . . ပေး"

ဟု ပြော၍ အတင်းလိုက်လုတတ်လျက် တစ်ခါတစ်ခါလည်း လူလစ်လျှင် တစ်ထွာတစ်မိုက်မျှရှိသော ကြိုးစကလေးကိုကိုင်ကာ တီးတိုးတီးတိုးနှင့်ဘာတွေပြောနေသည်မသိ တတွတ်တွတ်ပြောနေတတ်၍ ချောင်းနားထောင်သောအခါ -

"သူငယ်ချင်း . . မင်းငါ့ကိုဘာပြုလို့ လာမခေါ်တာလဲ၊ ငါပျင်းပြီ ကွ လာရမှာဖြင့်လည်း မြန်မြန်လာချင်တယ်"

ဟု အဓိပ္ပာယ်မရှိသောစကားမျိုးကို ပြောနေသောကြောင့် ဟန်တင့်မှာ မစဉ်းစားတတ်အောင် ဖြစ်လာကာ စံမြင့်က ကြိုးကိုစုံရေမက်ရေ ရှိနေသည့်အတွက် စိတ်လက်မချနိုင်အောင်ရှိကာ အိမ်မှာကြိုးကြီး ကြိုးငယ်မှန်သမျှ တစ်ခုမျှ အလွယ်တကူမထားဘဲ ခဲခဲယဉ်းယဉ်း သိမ်းထားပြီး ဆရာအမျိုးမျိုးကိုလည်း ကြိုးစား၍ စုံစမ်းနေခဲ့ရာက နောက်ဆုံးတွင် တစ်ယောက်စကား တစ်ယောက်နားဖြင့် ဟန်တင့်သည် အောက်လမ်းဘက်က လက်ဝဲဂိုဏ်းလူပင် ဖြစ်လင့်ကစား ညီကိုချစ်လှသော သံယောဇဉ်ကြောင့် အထက်လမ်းလက်ယာဂိုဏ်းဖြစ်သည့် ကျွန်တော်တို့ကျေးဇူးရှင် ဆရာကြီးရှိရာအရပ်သို့ ရောက်လာပြီးလျှင် ညီဖြစ်သူစံမြင့်၏ ထူးခြားခက်ခဲသောဝေဒနာကို ချမ်းသာအောင် ကယ်ဆယ်တော်မူပါဟု တောင်းပန်တိုးလျှိုး ရှိခိုးအသနားခံလေရာ ကျေးဇူးရှင်ဆရာကြီးလည်း အဖြစ်အပျက်အလုံးစုံကို မေးမြန်းသောအခါ စံမြင့်မှာ အစက ဟန်တင့်ကဲ့သို့ပင် ရဲရင့်ထက်မြက်သော အောက်လမ်းပညာသည်ကလေးတစ်ဦးပင်ဖြစ်ခဲ့ကြောင်း။

နောက် အကြောင်းမသိ အမည်မတတ်နိုင်အောင် ကြောက်တတ်၊ အားငယ်တတ်လာပုံနှင့် ယခုဖော်ပြခဲ့သော အတ္တုပ္ပတ္တိစုံများကို ကြားသိရပြီး စံမြင့်ကို စုံစမ်းသောအခါတွင်လည်း ယခုဖော်ပြခဲ့သည့် အဖြစ်အပျက်များအား မိမိဘယ်ကဲ့သို့ကြောက်လန့်ခြင်းကို အရင်းထားလျက် ပြောကြားဖော်ရသဖြင့် သိရှိရလေ၏။ ဆရာကြီးလည်း အမျိုးမျိုး အနည်းနည်း စံမြင့်ကိုစုံစမ်းလေရာ ပယောဂစွဲလည်းမရှိ သွေးရိုးသားရိုး ဝေဒနာလည်းမရှိ ပကတိလူကောင်းပင်ဖြစ်ကြောင်းသိရပြီး ၎င်း၏စိတ်အာရုံများမှာ တစ်စုံတစ်ခုကို ထူးခြားစွာ ဝင်စားနေကြောင်းလောက်သာ ပြောလွှတ်လိုက်ရလေ၏။

သို့နှင့် နောက်တစ်နေ့တွင်ကား ဟန်တင့်ကပျာကယာပြေးလာပြီး-

"ဆရာလေးရယ် ကျွန်တော့်ညီလေးတော့ ကိစ္စတုံးရှာပေါ့ ဆရာလေးရဲ့"

ဟု မျက်ရည်လည်လည်နှင့် လာပြောသောကြောင့် ဆရာကြီးနှင့် အတူ သနားသဖြင့် လိုက်ကြည့်ကြရာ ၎င်းတို့တည်းခိုသော ဇရပ်အနီးရှိ မန်ကျည်းပင်တွင် တွဲလွဲကြီး ကြိုးဆွဲချ၍ သေဆုံးနေရှာသည်ကို တွေ့မြင်ရလေ၏။ ကျွန်တော်လည်း အနီးသို့တိုး၍ စုံစမ်းကြည့်ရာ စံမြင့်ဖွဲ့ကြိုးချသေရသော ကြိုးကလေးမှာ အလွန်တရာသေးငယ်လျက် အဆက်အထုံးများစွာရှိသော ဆွေးမြည့်လုဆဲဆဲ ဂုန်နီကြိုးကလေးမျိုးဖြစ်ရာ ၎င်း၏ကိုယ်အလေးချိန်ကိုပင် ခံနိုင်ရည်မရှိစေကာမူ သေဖြစ်အောင်သေရသည်ကိုကြည့်ကာ သူ့အဖို့ပါလာသောကြောင့် ဤမျှလွယ်ကူစွာနှင့် သေရကြောင်း တွေးမိတော့၏။

ဟန်တင့်လည်း မျက်ရည်လည်လည်နှင့် -

“သူကြိုးတွေမြင်ရင် ဣန္ဒြေပျက်လွန်းလို့ ကြိုးမှန်ရင် အင်မတန်သိမ်းဆည်းထားတာပါဆရာရယ်။ ခုမှ ကြုံကြုံဖန်ဖန် ဟောဒီဇရပ်ပေါ်က ဂုန်နီအိတ်စုတ်က ဂုန်နီကြိုးကလေးတွေဆွဲနုတ် ရှည်အောင်တစ်ခုနဲ့တစ်ခု အလစ်မှာဆက်ဆက်ထားပြီး လင်းအားကြီး ကျွန်တော်အိပ်ပျော်နေတုန်း ကိစ္စတုံးလိုက်တာပါပဲ”

ဟု ပြောသောအခါ ကျေးဇူးရှင်ဆရာကြီးလည်း -

“အင်း . . ဒီဟာဘယ်သူ့ပယောဂမှ မပါဘူးကွဲ့၊ သူ့ဝိပါကနဲ့သူဖြစ်ရတာ။ အဖန်ငါးရာ ငါးကမ္ဘာ အဆက်ပါလာတဲ့ဝဋ်မျိုးနဲ့တူရဲ့။ သို့သော်လည်း သူ့ခြေနဲ့ မြေနဲ့ထိနေတဲ့အတွက် အဖန်ငါးရာ စေ့လုပါပြီ။ ကံကောင်းရင်လည်း ဒီဟာပဲနောက်ဆုံးဘဝ ဖြစ်ချင်ဖြစ်မှာပါ။ အေး . . ဒါကြောင့် ကိုယ့်အသက်ကို ကိုယ်သတ်သေတဲ့လူများဟာ အင်မတန်ကြောက်စရာကောင်းတယ်။ ဘဝအဆက်ဆက်ပါပြီး ဒီနည်းအတိုင်း အဖန်ငါးရာ ခံရသကွဲ့၊ ဘယ့်ကလောက်စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေရပေမယ့် ကြုံဖန်စိတ်ညစ်ပြီး အလိုလိုသေချင်တဲ့ အာသာက တိုက်တွန်းနေတာပဲ။ ကဲ . . ကဲ သင်္ဂြိုဟ်ပြီး ကောင်းမှုကုသိုလ်ကလေးပြုလို့ အမျှအတန်း ဝေလိုက်ပါကွယ်”

ဟု ဆရာကြီးက အမိန့်ရှိ၍ ပြန်လာခဲ့သော်လည်း ဟန်တင့်ကား အောက်လမ်းလက်ဝဲသမားဖြစ်သောကြောင့် ကောင်းမှုကုသိုလ်ကို ပြုဟန်မထင်၊ စံမြင့်ကလည်း အစ်ကိုအနားမှ တစ်ဖဝါးမခွာ နေချင်သူဖြစ်၍ အစိမ်းတစ္ဆေဘဝမှာပင် ညီအစ်ကို ဆိုးတိုင်ပင် ကောင်းတိုင်ပင်ပြု၍ နေထိုင်ကြလိမ့်မည်ဟု တွေးထင်မိခဲ့ပါတော့သတည်း။

☯ ☯ ☯

# လူခြောက်ကလေး

(၁၉၃၇-ခုနှစ်တွင် ရေးသားခဲ့ပါသည်။)

"ကိုဘိုးထိုက်ရေ . . ဘယ့်နှယ်ကြံကြမတုံး၊ ကျုပ်တို့တော့ ဒီနှစ်တစ်နှစ်လုံး ငတ်ကြဖို့ရှိတော့တယ်။ ကျုပ်မှာလည်း ပေါ့ပေါ့ပါးပါးဆိုရင်တော့ တောထဲက အသီးအရွက်ကလေးချူပြီး မြို့ကဈေး လိုက်ရောင်းနိုင်သေးတယ်။ ခုတော့ ကျုပ်မှာလည်း နေ့စေ့ လစေ့ကြီးနဲ့မို့ အငတ်ကြီး ဖြစ်ကြတော့မှာပဲ။ ပေစူးတို့ ပေတူးတို့ကိုလည်း ရွာဦးကျောင်းဦးပဥ္စင်းဦးပဏ္ဏိဆီ ပို့ထားမှဖြစ်တော့မယ်"

ဟု ပြောပြနေသူကား လယ်သမားကြီး ကိုဖိုးထိုက်၏ဇနီး မဖွားအိဖြစ်လေ၏။

ထိုအချိန် ထိုအခါသည်ကား လွန်ခဲ့သော (၁၅) နှစ်ကျော် (၁၆) နှစ် အချိန်ကဖြစ်၍ အထက်အရပ်ဖြစ်သော မိတ္ထီလာ၊ သာစည်နယ်တစ်ဝိုက်တွင် မိုးကြီးခေါင်၍ တောင်သူလယ်လုပ်တို့ ဒုက္ခအကြီးအကျယ် ရောက်ကြသည့်နှစ် ဖြစ်လေရာ နွားပိုင်ကလေးတစ်ရှဉ်းနှင့် လယ်ယာလုပ်ကိုင်စားသောက်လာခဲ့သော ကိုဖိုးထိုက်မှာ ဆောင်းကုန်စက သီးစားရသမျှ စပါးကလေးများကို ဝမ်းစာအတွက် သိုမှီးထားရာက နွေရာသီရောက်၊ လေရူးပေါက်ချိန်တွင် ရွာအနောက် ကောက်ရိုးစင်မှအစပြု၍ မီးလောင်ခဲ့သည်တွင် ကိုဖိုးထိုက်ပိုင် မြော

တိုင်ထူ၊ ဝါးကြမ်းခင်း၊ ထန်းလက်မိုးကာသော သုံးပင်အိမ် ခလောက်ဆွဲအိမ် ကလေးမှာ မီးထဲသို့ပါရရှာသဖြင့် တစ်နှစ်စာစပါး၊ မယားမဖွားအိပိုင် ဆီစိမ် လုံချည်အသစ်တစ်ထည်၊ ဇာဘော်လီခြောက်ပဲတန်တစ်ထည်၊ ဦးဖိုးသစ်အလှူ တုန်းက တစ်ခါသာပေါင်းရသေးသော ကိုဖိုးထိုက်၏ ပုံရိုက်ပဝါတစ်ပိုင်း၊ ပိုးယောချည်ပါ ပုဆိုးတစ်ပတ်ရစ်စသော အဖိုးတန်ပစ္စည်းများနှင့်တကွ ဒေါင်းလန်း ဗျက်ပဲ့မကျန် ဦးရွှေမီးသစ္စာနှံ့သွားသောကြောင့် လယ်တောမှ မောမောပန်းပန်း ပြန်လာသော ကိုဖိုးထိုက်တို့လင်မယား သားအမိတစ်စုမှာ ပြာဖြစ်နေရှာသော အိမ်ကလေးကို ဝမ်းနည်းစွာကြည့်၍ မချိအောင် ဖြစ်ရရှာ သည့်မှတစ်ပါး မတတ်နိုင်သောအခြေသို့ ဆိုက်ရောက်ခဲ့ကြလေ၏။

သို့ရာတွင် ကျန်ရစ်သောနွားတစ်ရှဉ်းကား ၎င်းတို့တွင် ညာလက် ရုံးကဲ့သို့ အသုံးတကျ အားကိုးရသောကြောင့် ပေါ်ကာပေးနှင့် စပါးပေး၊ မျိုးစပါး ဖိုးနှင့် စားစရိတ်ငွေချေးယူကာ မိုးဦးကျလာပြန်သည်နှင့်တစ်ပြိုင်နက် နွားနှင့် ဖက်၍ရုန်းခဲ့သော ကိုဖိုးထိုက်၏ လုံ့လဝီရိယဖြင့် ပျိုးခင်းတွင် စပါးပင်တွေ စိမ်း၍နေသောကြောင့် အတော်အတန် အားတက်ရန်ရှိသော်လည်း မကြာမီ ပင် မိုးခေါင်ရေရှားဖြစ်လာသဖြင့် မိုးရေကိုသာ အားပြုရရှာသည့် ကိုဖိုးထိုက် ၏ပျိုးခင်းမှာ ညှိုးဖျင်းပိန်ခြောက် အသက်ပျောက်၍သွားသဖြင့် တအားကြီး လျော့သွားရပြန်ကာ ကုန်းမြင့်ကနှမ်းခင်းကလေးတစ်ခုကို စားဖို့အရေး မတွေး နိုင်သေးဘဲ အကြွေးထဲသွင်းဆပ်ရန် ရည်သန်ထားရတော့ပြန်ရာ၌လည်း နှမ်းပင်တွေရိတ်အပြီး ယာထဲတွင်အခြောက်ခံထားရန် မိုးနှောင်းကြီးက တသဲသဲနှင့် မစဲအောင် ရွာသွန်းစေဖြိုး ကပ်မိုးပမာ နှိပ်စက်လိုက်ပြန်ရာ နှမ်းစေ့ တွေဟူသမျှ ရေမျောကမ်းတင် မိုးရေတွင်ပါသွားသောကြောင့် အရိုးငေါက် တောနှင့် အပင်ခြောက်ကလေးများသာ ကျန်တော့လေ၏။

အချိန်အခါကျသည်နှင့် တစ်ပြိုင်နက် ကြွေးရှင်ကလာရောက်ဆူပွက် သဖြင့် လက်ကတုံးတောင်ဝှေး အရိပ်ကြည့်၍မွေးလာခဲ့ရသော စာဥရောင်နွား တစ်ရှဉ်းကို ကြွေးရှင်အားသွင်းလိုက်ရရှာသည်တွင် လက်ပြတ်၊ ခြေပြတ် ဖြစ်ရ

ပြီး မျှော်လင့်ချက်ဟူသမျှမှာလည်း အချည်းနှီးပျက်စီးရသောကြောင့် ရှေ့အဖို့၌ အတော်ကြီးငတ်ကြရတော့မည့်အရေးကိုတွေး၍ မှိုင်ပုံချနေကြရပြီးလျှင် မီးလောင်ပြီးကတည်းက ရွာထဲသို့ပြန်မနေနိုင်သေးဘဲ လယ်ကွင်းတွင် ထန်းလက်တဲကလေးတစ်ခုထိုး၍ ခါးဝတ်ပုဆိုးကို ခြုံကာကွေးရရှာသော အခိုက်အတန့်တွင် မဖွားအိမှာလည်း မနေသာမမွတာကြီးကလည်း နီးကပ်လျက်ရှိသဖြင့် ကိုဖိုးထိုက်မှာ ခေါင်းငိုက်စိုက်နှင့် အကြံအိုက်၍နေရှာလေရာ-

- ရွာထဲကသနားကရုဏာရှိသူများက မျှတကြမှမစားရတစ်နပ်၊ စားရတစ်ထပ် အငတ်ဇာတ်စတင်ခင်းနေကြစဉ် တစ်ရွာလုံးတွင် မိုးကြီးခေါင်၊ မိုးကြီးဖျက်နှင့် ပျက်စီးသူတွေဖြစ်ရကား ကြာသော်-"တောင်မင်း၊ မြောက်မင်း မကယ်နိုင်အောင်ဖြစ်နေရသောအခါ လူကြီးနှစ်ယောက်မှာ ကြိတ်မှိတ်အောင့်အည်းနိုင်သလောက် အောင့်အည်းချုပ်တည်းနိုင်ကြသော်လည်း ပေတူးနှင့် ပေစူးတို့မှာ ကလေးတွေဖြစ်၍ ဆာလောင်မွတ်သိပ်ခြင်းဒဏ်ကို မခံနိုင်အောင် ရှိရှာသဖြင့် ကိုယ်တုံးလုံးပုဆိုးကွင်းသိုင်း လည်ပင်းရောက်ကလေးများနှင့် လယ်ကန်သင်း အကြိုအကြားတစ်ခွင်သို့ ပြပြစင်အောင်လှည့်လည်ကာ လယ်ပုဇွန်လုံးနှိုက်၍ မီးတိုက်ဖုတ်ကင်စားသောက်ကာ ဘာသာဘာဝအာလျကို ဖြေကြရရှာသည်ကို မိခင်ဖြစ်သူမဖွားအိမှာ မချိလှသည့်အတိုင်း လင်ယောကျာ်းအား ကလေးများကို ဘုန်းကြီးကျောင်းသို့ပို့ရန် အကြံပေးရခြင်း ဖြစ်လေ၏။

"ဘုန်းကြီးဆီပို့လဲ အခုနေတော့အခက်ပဲမအိရဲ့ တကာ၊ တကာမတွေဆူဖြိုးမှ ရဟန်းသံဃာများ ဆွမ်းကွမ်းကိစ္စမျှတတာ ခုလိုတစ်ရွာလုံး အငတ်ကြီးကျနေရင် ဘုန်းကြီးလည်းငတ်ချင်ငတ်နေမှာ၊ မဖြစ်ပါဘူးကွာ ငတ်လို့သေလဲသေပေါ့။ ညည်းတို့ ငါတို့ချည်းတို့ငတ်တာမဟုတ်ဘူး၊ တစ်ရွာလုံးဒုက္ခဖြစ်နေတာ၊ ကဲ-ကဲ- အားတော့မငယ်ပါနဲ့ ငါတူးရွင်းတစ်ချောင်းနဲ့တောထဲလည်ပြီး ပေါက်ဉတို့၊ ကျွဲဉတို့၊ မုံဒိုင်ဉတို့ လိုက်တူးမယ်။ ဒါတွေခုတ်စင်ထုထောင်းပြီး ပေါင်းစားကြစို့ရဲ့၊ ဝမ်းဟောင်းလောင်းနေတာထက်တော့ သက်သာပါသေးတယ်။ အဆုံးမှာတော့ အဟာရဖြစ်ရင်ပြီးတာပါပဲ အေရယ်။ ရွှေးက ရသေ့ ရဟန်း

သူတော်သူမြတ်များဟာ တောထဲမှာသစ်ဥ သစ်ဖုတွေရှာပြီး အဟာရအဖြစ် သုံးဆောင်ရှာကြတာကပဲ။ ညည်းအတွက်ကလဲ မမာမချာကြီးနဲ့မို့ မွေးဖို့ ဖွားဖို့ဆေးမြစ် ဝါးမြစ်ကလေးများ ရှာတူးရဦးမယ်။ ကလေးတွေသာ ကောင်း ကောင်းကြည့်နေရစ်ပါ၊ တော်တော်ကြာပုဇွန်တွင်းထင်ပြီး မြွေတွင်းနှိုက်မိလို့ မြွေပေါက်ပြီးသေနေကြပါဦးမယ်”

ဟူသော အားပေးစကားကြောင့် မဖွားအိမှာ အတော်ကလေး စိတ် သက်သာရာရလေတော့၏။

သို့နှင့်ပင် ကိုဖိုးထိုက်နှင့် မဖွားအိတို့မှာ လူမမယ်ကလေးများနှင့် အေးအတူပူအမျှ ဒုက္ခကိုဝေမျှစွာခံစားကြရင်းပင် သစ်ဥသစ်မြစ်များကို အဟာ ရအဖြစ်စားသောက်ကြရလျက် မသေသောအသက်များဖြင့် လူ့ဘဝတွင် ဖြစ် သလိုရောင့်ရဲခဲ့ကြရာ မဖွားအိ၏ကိုယ်ဝန်ဆောင်ကြီးမှာလည်း ကိုးလလွယ်ပြီး၍ ဆယ်လထဲသို့ရောက်ခဲ့သည့်တိုင်အောင် ဖွားမြင်ခြင်းမရှိသေးသည့်အပြင် ဖေါင်း ပွကြီးမား အကားသားနေသောဗိုက်ကြီးမှာ တဖြည်းဖြည်း ပိန်၍ ပိန်၍လာ သည်ကို တွေ့မြင်ရသောကြောင့် မဖွားအိမှာမိမိဗိုက်ကိုပင် မိမိမသင်္ကာဖြစ်လာ ပြီး ကြက်သီးမွေးညှင်းထမိလေ၏။

“ငါ့ဗိုက်ဟာဘယ်လိုဖြစ်လာတာလဲ၊ အချိန်အခါကျလို့လဲမမွေးဖွား လှုပ်ရှားခြင်းလဲမရှိ”

ဟု ခဏခဏငုံ့၍ကြည့်မိလေ၏။ တဖြည်းဖြည်းသေးငယ်ပိန်ကြုံ့နေ သည်ကို တွေ့ရလေရာ-

“ကိုဖိုးထိုက်ရေ၊ ကျုပ်ဒီတစ်ခါ လွယ်ခဲ့တဲ့သန္ဓေဟာ သန္ဓေဆိုးကြီးပဲ လို့ထင်တယ်။ ဒီသားဆိုးကိုယ်ဝန်စတည်ကတဲက ကျုပ်တို့ဒုက္ခတွေ အမျိုးမျိုး ရောက်ပြီး နောက်ဆုံးအငတ်ကြီးကျရတဲ့ဘဝတိုင်လာတာပဲ၊ ခုလဲမွေးဖွားဖို့ အချိန်စေ့ရုံမကဘူး လွန်တောင်လာပြီ ဗိုက်ဟာမွေးဖို့နေနေသာသာ တဖြည်း ဖြည်းပိန်တောင်လာပြီ”

ဟု ဒိုင်ဥထောင်းရာက ညည်းညည်းညူညူပြောလိုက်ရာ ဓားထက် ထက်နှင့်ကျွေဥစင်းနေသော ကိုဖိုးထိုက်ကလည်း-

"အေး-ညီးဗိုက်ဟာ ဒီတစ်ခါထူးခြားပါတယ်လို့ ငါအထင်သားအေ့ ပေတူးတို့ ပေစူးတို့ မွေးတုန်းကဒီလိုမဟုတ်ဘူး၊ ငါမသက်သာဖြစ်နေတာအတော်ကြာပြီ၊ ညည်းကြောက်နေမှာစိုးလို့ မပြောဘဲနေတယ်၊ ခုတော့ညည်းက စပြောလို့ငါဖွင့်ပြောတာ ဗိုက်ဆိုတာမွေးမှုပိန်တာမျိုး၊ ယခုမမွေးလဲမမွေးဘဲနဲ့ ဘာဖြစ်လို့ပိန်ပိန်လာရတာလဲ၊ အထဲကကလေးပဲ အသက်မရှိလို့လား"

"ဟာ- မဟုတ်တာ၊ ကိုဖိုးထိုက်ရယ်၊ ဝမ်းထဲမှာ ကလေးသေနေရင် ကျုပ်လဲ ခုလိုကြာကြာအသက်ရှင်နေမလား၊ အပုပ်ဆန်ပြီးချက်ချင်းသေရမှာပေါ့၊ ကျုပ်တော့မတွေးတတ်အောင်ဖြစ်နေပြီ၊ သန္ဓေတည်ခါစကလဲ ကြောက်စရာကောင်းတဲ့ အိပ်မက်တစ်ခုကျုပ်မက်ခဲ့တယ်၊ တော့ပြောရင်စိတ်မကောင်းမှာစိုးလို့ မပြောတာ"

"ပြောစမ်းပါဦးအေ၊ ကျုပ်ကိစ္စမရှိပါဘူး ညည်းအတွက်သာ ပူပါတယ်"

"ဒီလိုတော်ရေ့- ကျုပ်တစ်နေ့အိပ်ပျော်နေတုန်း အနောက်ဘက်သချႋုင်းကုန်းဆီက လူနက်ကြီးတစ်ယောက်က မီးခိုးတွေအူနေတဲ့ ထင်းစကြီးကို ကိုင်ပြီး ကျုပ်တို့အိမ်ပေါ်တက်လာတယ်၊ ကျုပ်လဲကြောက်ကြောက်နဲ့ ကြည့်နေတုန်း အဲ- ဒီလူနက်ကြီးဟာ ပြုန်းခနဲ ကျုပ်အနားလာထိုင်တဲ့အခါ လူနက်ကြီးမဟုတ်၊ အစွယ်ငေါငေါ မျက်နှာစိမ်းစိမ်းနှင့် ဘီလူးကြီးလိုပဲတွေ့ရတော့ ကျုပ်လဲသိပ်ကြောက်တာပဲ၊ လန့်အော်လိုက်တာ ငယ်သံကိုပါသွားတာပဲ၊ အဲ- ဒီလိုနဲ့ ကျုပ်လန့်အော်လိုက်ရော ဒီအကောင်ကြီးက ကျုပ်လက်ကိုထဆွဲပြီး တိတ်တိတ်နေမအော်နဲ့ နင်တို့အိမ်မှာ ငါလာနေမလို့ပြောပြီး အားလျားထိုးကြီး မှောက်အိပ်နေတယ် ကိုဖိုးထိုက်ရဲ့ ကျုပ်လဲ အဲဒီကတည်းက တစိမ့်စိမ့် ကျောချမ်းပြီး အကြောက်ကြီးကြောက်လာခဲ့တာ ဒီနေ့ထက်တိုင်ပါလေရော"

ဟုပြောလိုက်ရာ ကိုဖိုးထိုက်လဲ ခေါင်းကြီးကုတ်၍ စိတ်ရှုပ်စွာ စဉ်းစားနေလေတော့သတည်း။

နောက်တစ်လနီးပါးရှိလာသောအခါ မဖွားအိမ်မှာ မီးကပ်ပေါ်တွင် မျက်နှာမြင်၍နေလေ၏။ ဓမ္မတာထုံးစံအတိုင်း ဝမ်းနာခြင်း၊ ခါးနာခြင်း၊ ရင်

အောင့်ခြင်းစသော မီးနေမြင်သူတို့ ခံစားရမြဲဝေဒနာကို ခံစားအော်ညည်းရင်းပင် ဝမ်းထဲကသား အပြင်သို့ရောက်ခဲ့လေသောအခါ စိုးရိမ်စွာအနီးမှ စောင့်ရှောက်နေသော ကိုဖိုးထိုက်လဲ ဘယ်လိုသားမျိုးနည်းဟု အရေးတကြီးလက်သည် ဒေါ်မင်းဘုံကြီးလက်မှ ယူငင်ကြည့်ရှုရာ ကလေးမှာ မွေးရိုးမွေးစဉ်ကလေးမဟုတ်ဘဲ ခြေလက်အင်္ဂါ နား၊ နှာခေါင်း၊ မျက်လုံးအစုံပါသည့် တစ်ထွာသာသာမျှရှိ အသက်မပါသော သားခြောက်ကလေးဖြစ်နေသည်ကိုတွေ့ရှိရာ ကိုဖိုးထိုက်မှာလွန်စွာစိတ်တိုလာပြီး-

"ဒင်း- ဒင်းကို- ကိုယ်ဝန်ရှိကတည်းက ငါတို့မွဲပြာကျပြီး ဝေ်တစ်လှည့် ပြတ်တစ်လှည့်ဖြစ်ကြတယ်၊ သွားလေရောဟယ်။ ဒီပြိတ္တာသေအခြောက်ကလေးရှိနေရင် ရှေ့လျှောက် သည့်ထက် ဆင်းရဲဒုက္ခရောက်ရဦးမယ်" ဟု ပြောပြောဆိုဆို အဝတ်စုတ်ကလေးနှင့်ပတ်ထားသော သားခြောက်ကလေးအား တဲအိုပျက်၏နောက်ဖေးရှိ ချုံချုံထဲသို့လွှင့်ပစ်လိုက်လေ၏။

မဖွားအိမှာလည်း ကိုဖိုးထိုက်နည်းတူ မည်သည့်သားမျိုးနည်းဟုသိလိုသဖြင့် မီးကပ်ပေါ်ကပင် မိမိမွေးထုတ်လိုက်ရသော ကလေးကိုကြည့်ချင်ကြောင်းပြောရာ-

"ဟော့ မယ်အိ အလကားအသေခြောက်ကလေးပါကွယ်၊ ငါလဲ မုန်းမုန်းရှိလို့ လွှင့်ပစ်လိုက်ပြီ၊ အသုံးမကျတဲ့ ပြိုဟ်ဆိုး သန္ဓေမျိုးကို နှမြောမနေပါနဲ့၊ အသေမွေးလို့ဟော့ အရှင်ဆိုရင် ရှေ့လျှောက် တို့ကိုပြိုဟ်မွှေနေမှာ ညည်းသာမာအောင်ဂရုစိုက်ပါအေ၊ ဒီဟာကို မကြည့်ချင်ပါနဲ့"

ဟု ကိုဖိုးထိုက်ကပြောလိုက်သဖြင့် မဖွားအိလဲ နဂိုကလည်း ရွံ့ရှာမုန်းတီးနေသောသန္ဓေမှာ အသေကလေးမွေး၍ ဝမ်းမနည်းသည့်အပြင် မိမိကိုပင် ဒုက္ခမပေးဘဲ ကလေးကောင်းမွေးရသလို မာမာချာချာ ချောချောမောမောရှိသည့်အတွက် ပေါ့ပါးသွက်လက်စွာ ဝမ်းမြောက်နေရှာလေ၏။

ဒေါ်မင်းဘုံလည်း ကိစ္စပြီးစီး၍ပြန်သွားရာ ထိုညအဖို့ မီးနေစောင့်ရသူများမှာ ကိုဖိုးထိုက်၊ ပေတူး၊ ပေစူး တို့သာဖြစ်လေ၏။ မဖွားအိလည်း ကြမ်းတမ်းပင်ပန်းစွာ လုပ်ကိုင်စားသောက်ခဲ့ရသော တောင်သူဆင်းရဲသားများ

ဖြစ်သည့်အားလျော်စွာ နုနုနယ်နယ်အသည်းငယ်တတ်သော မြို့သူမီးယပ်သည်များကဲ့သို့ အစစအရာရာ လက်သန်းဖျားချိမနေအားဘဲ စိတ်ကြမ်းကိုယ်ကြမ်းနဲ့ နေထိုင်ကောင်းစဉ်ကလိုပင် နှစ်ချိုက်စွာအိပ်နေလေရာ ညဉ့်နက်လာသည့်အခါတွင်ကား စောစောကပင် ကလေးများမှာ အိပ်ပျော်ကုန်ကြပြီဖြစ်၍ ကိုဖိုးထိုက်တစ်ယောက်တည်းကျန်ရာ ၎င်းမှာလည်း တဖြည်းဖြည်းအိပ်ငိုက်လာသောကြောင့် တဲတံခါးကိုပိတ်ကာ တံခါးဝအနီးတွင် ကန့်လန့်ဖြတ်ကြီးအိပ်ပျော်သွားလေ၏။

ထိုအခိုက် နောက်ဖေးချုံစတောစပ်ဆီမှ တောခွေးများညည်းညည်းညူညူ အူဟောင်ကြသည်မှာ မှောင်အတိပြီးသော လယ်ကွင်းပြင်ကြီးတစ်ခုလုံးအား ထူးခြားတုန်လှုပ်စေသကဲ့သို့ ရှိလေ၏။ ပိုက်ဆံဆိုသည် လေးထောင့်လောသုံးမြှောင့်လော၊ ရှည်ရှည်လောဟု မေးယူရမည်လောဟ်ာ ပြတ်လတ်ရှားပါးသောကြောင့် ရေနံဆီတစ်ပြားဖိုးဝယ်ရန်မှ မတတ်နိုင်ရှာ၍ လယ်ကန်သင်းပေါ်ကမန်ကျည်းကိုင်းခြောက်များကို မီးကျည်းခဲရဲရဲတောက်အောင် ဖိုထားရသောမီးလင်းဖိုမှ မီးရောင်မှိန်တုတ်ကလေး၏ အလင်းဖြင့် တဲအိမ်ငယ်ကလေးအတွင်းအိပ်ပျော်နေကြသောမိသားစုကား ကြီးစွာသောအိပ်မောကျနေခြင်းဖြင့် တောစပ်ဆီမှ ခွေးအူသံများကို အလျဉ်းမကြားနိုင်ရှိကြလေ၏။

ဤသို့ရှိနေစဉ်အတွင်း အိပ်ပျော်နေသော ကိုဖိုးထိုက်အား တစ်စုံတစ်ယောက်က ခြေမကို ကိုင်၍လှုပ်နှိုးသဖြင့် ဖျပ်ခနဲလန့်နိုးလာပြီး ခေါင်းထောင်ကြည့်လိုက်သောအခါ မိမိခြေမကို အံ့အားကြီးသင့်ကြည့်နေရာ လူခြောက်ကလေးမှာ ကလေးငယ်ကဲ့သို့ အသံတစာစာဖြင့် ငိုကြွေးပြီး-

"အဖေ- ကျွန်တော့်ကိုပစ်မထားပါနဲ့ ပြန်ခေါ်ပါအဖေရဲ့ ကျွန်တော့်ကိုတောခွေးတွေ ဝိုင်းစားကြတော့မယ်၊ ဆူးချုံပေါ်တင်နေလို့ မမီသေးဘူး၊ တော်တော်ကြာ ခွေးကြီးတွေလာပြီး ခုန်ဆွဲရင်ပါသွားမှာ အဖေရယ်ပြန်ခေါ်ထားပါ၊ ကျွန်တော်ကြီးလာရင် အဖေတို့ကို ချမ်းသာအောင်လုပ်ပေးပါ့မယ်"

ဟု ငိုရှိုက်၍ပြောနေရာ ကိုဖိုးထိုက်မှာ အသေခြောက်ကလေးဟု စိတ်ပေါက်ပေါက်နှင့်လွှင့်ပစ်မိလိုက်သော ထိုလူခြောက်ကလေးအား သားသမီးတည်းဟူသောချစ်ခြင်းဖြင့် သံယောဇဉ်ကြိုး တမြင်းမြင်းတင်းလာမိကာ လူခြောက်ကလေးငိုနေရှာသည်ကို မကြည့်ရက်မမြင်သာဖြစ်လျက် ရုတ်တရက် ထိုင်ရာမှထပြီး-

"ငါ့သား- ငါ့သားမငိုနဲ့ အဖေကသေပြီထင်လို့ပစ်ထားတာ"

ဟု ပြောလိုက်ရာ-

"ကျွန်တော် မသေပါဘူးအသက်နဲ့ပါ၊ ကျွန်တော့်ကိုပြန်ယူပြီး ကောင်းကောင်းထားပါအဖေရဲ့၊ အဖေတို့မဆင်းရဲပါဘူး"

ဟု ငိုရာမှ အားတက်ကာ ပြောနေပြန်သောကြောင့် ကိုဖိုးထိုက်လဲ သနားသည်ထက်သနားလာပြီး သားတည်းဟူသော ကရုဏာနှင့် ယုယစွာ ကိုင်ယူလိုက်သည်နှင့် တစ်ပြိုင်တည်း လူခြောက်ကလေးမှာ ဖျတ်ခနဲပျောက်သွားသဖြင့် ကိုဖိုးထိုက်လည်း ထိတ်ခနဲ အိပ်ရာမှနိုးလာလေ၏။ တွေတွေကြောင်တောင်နှင့်တောင်ကြည့်မြောက်ကြည့်ဖြစ်ရာ အိပ်မက်ဖြစ်ကြောင်းတွေးမိလာပြီးလျှင် အရှေ့ဘက်ဆီမှ နေရောင်ခြည်များပင်ပေါ်နေပြီဖြစ်၍ မနက်လင်းနေကြောင်း သိရကာ မဖွားအိနှင့် ကလေးများအိပ်ရာဆီသို့ ကပျာကယာထလာခဲ့ရာ မဖွားအိမှာလည်း ယခုမှပင် အိပ်ရာကနိုး၍ ခြေရင်းက ရေအိုးကွင်မျက်နှာသစ်နေသည်ကို တွေ့ရမှ စိတ်အေးသွားလေ၏။

"အော်- ကိုဖိုးထိုက်နိုးပလား။ ကျုပ်အိပ်မက်မက်လိုက်တာတော်၊ တော်လွှင့်ပစ်လိုက်တယ်ဆိုတဲ့ လူခြောက်ကလေးဟာ ကျုပ်အနားလာငိုနေရှာတယ်တော့ အမေရဲ့ ကျွန်တော့်ကိုတောခွေးတွေစားကုန်တော့မယ်၊ ပြန်ခေါ်ထားပါ၊ ကျွန်တော်ကြီးလာရင် အမေတို့ချမ်းသာအောင် ငွေရှာပေးပါမယ်လို့လဲပြောတယ်၊ ကျုပ်တော့သနားပါတယ်တော် ပြန်ခေါ်ထားချင်တာပဲ"

ဟု ပြောလေရာ ကိုဖိုးထိုက်မှာလည်းအံ့သြလျက်-

"ဟေ- ဟုတ်ကဲ့လား ငါလဲဒီအတိုင်းပဲ အိပ်မက်လာပေးသွားလို့ ငါလဲသနားနေတယ်၊ နေဦး နေဦး ညကလွှင့်ပစ်လိုက်တဲ့နေရာကို သွားရှာ ချေဦးမယ်"

ဟုပြောပြောဆိုဆို ကိုဖိုးထိုက်သည် တဲနောက်ဖေးရှိတောစပ်သို့ထွက် လာခဲ့ပြီး အနီးပတ်ဝန်းကျင်တွင် ကြည့်ရှုရှာဖွေရာ ဆူးရစ်ချုံပေါ်တွင် အဝတ် စုတ်ကလေးပတ်လျက်တင်နေသော လူခြောက်ကလေးကိုတွေ့ရသောကြောင့် အသာအယာပွေ့ယူလာခဲ့ပြီး မဖွားအိအနီးတွင်ထားကာ သေချာစွာကြည့်ရှုကြ သည်တွင် လူခြောက်ကလေးမှာ ယောက်ျားကလေးဖြစ်လျက် ခြေလက်အင်္ဂါ အစုံအလင်နှင့် ရှိသော်လည်း အသားနှင့် အရေမှာ သားကောင်ကိုနေပူလှန်း ထားဘိအလား ခြောက်ကပ်ပါးလျားလျက်ရှိသည်ကို တွေ့ရလေ၏။ ကိုဖိုး ထိုက်နှင့် မဖွားအိတို့လည်း ထိုလူခြောက်ကလေးအား တစ်တောင်ခန့်ရှိသော ဖာဖုံးအစုတ်ကလေးထဲတွင် အဝတ်စုတ်ကလေးနှင့်ထွေး၍ ထည့်ထားပြီး မီးကပ် အနီးစင်မြင့်ကလေးပေါ်တွင် တင်ထားလိုက်ကြလေရာ အိပ်မှုံစုံမွှားနှင့် ထလာသောပေစူးနှင့် ပေတူးတို့လည်း လူခြောက်ကလေးကို ပြေးလာကြည့်ရှု ကြကာ ကစားစရာမှတ်သဖြင့် သူယူမယ် ငါယူမယ်နှင့် အငြင်းအခုန် အလု အယက်ဖြစ်နေကြသောကြောင့် -

"အို . . ဟဲ့ကောင်လေးတွေ ဒါကစားစရာမဟုတ်ဘူး နင်တို့ အမေညက မွေးတဲ့ညီလေး သွားမကိုင်နဲ့ မဆော့ကြနဲ့"

ဟု ဟန့်တားလိုက်သည့်တိုင်အောင် ပေတူးနှင့်ပေစူးတို့မှာ မယုံကြည် သောမျက်နှာကလေးတွေနှင့် ပြောင်စပ်စပ်ကြည့်နေပြီး -

"ဟင် . . ညီလေးကလည်း ငယ်ငယ်လေးပဲ၊ ရွာထဲကဖိုးခွေးတို့ အမေမွေးတဲ့ သူ့ညီလေးကျတော့ အကြီးကြီးဗျ၊ ပါးစပ်ကလည်း အူဝဲ . . အူဝဲ အော်ပြီးငိုတယ် လက်တွေခြေတွေလည်း ယက်ကန်ယက်ကန်နဲ့ လှုပ်နေတယ်။ ဒီဟာ ညီလေးမှဟုတ်ရဲ့လား လှုပ်လဲမလှုပ် ငိုလဲမငိုနဲ့ "

ဟု ပြောကာ တစ်နေ့လစ်မှ ယူကစားမယ်ဟူသော ကလေးအချင်းချင်းသာသိနိုင်သည့် မဂဓမျက်လုံးနှင့် ညီအစ်ကိုနှစ်ယောက် အပြန်ပြန်အလှန်လှန်ကြည့်ပြီး တဲထဲမှ ထွက်သွားကြလေ၏။

မဖွားအိကလည်း လူခြောက်ကလေးကို ဖာဖုံးတွင်ထည့်လျက် ကြွက်လျှောက်ပေါ် တင်ထားသည်မှတစ်ပါး အသက်ထင်ရှားကလေးများကဲ့သို့ မဟုတ်သဖြင့် ထိုတစ်နေ့လုံး နို့တိုက်ခြင်း၊ ရေတိုက်ခြင်းမပြုလုပ်နိုင်၊ အရုပ်ပမာမကြာခဏကြည့်ရှုသာ ကြည့်နေမိရကား ထိုညအိပ်ပျော်ကြရာတွင် လူခြောက်ကလေး ရောက်လာပြီး -

"အမေရဲ့ . . ကျွန်တော်နို့ဆာတယ်အမေရဲ့၊ ရေလည်းမသောက်ရဘူး၊ ကျွန်တော့်ကိုနို့တိုက်ပါ . . ရေလည်းတိုက်ပါ"

ဟု ပူဆာလေရာ -

"ငါ့သားက အရုပ်လို လူပ်မှမလှုပ်တာ ဘယ်လိုလုပ်ပြီး နို့တိုက်ရမှာလဲကွဲ့"

ဟု မဖွားအိကပြောသောအခါ -

"ကျွန်တော့်အနားမှာ ဖန်ခွက်ကလေးနဲ့ နို့ညှစ်ပြီး ထည့်ပေးထားပါ။ ရေလည်း ခွက်ကလေးနဲ့ထားပြီး ငါ့သား နို့သောက် ရေသောက်လို့ပြောရင် ကျွန်တော်ဝပါတယ်"

ဟု ပြောပြီး ပျောက်ကွယ်သွားသည်နှင့် မဖွားအိလည်း အိပ်ရာထဲမှ ကပျာကယာ လူးလဲထကာ ကိုဖိုးထိုက်ကိုနိုး၍ အကျိုးအကြောင်းပြောပြလျက် ဖန်ခွက်ကလေးနှင့် နို့ညှစ်ထည့်ကာ အိုးပုတ်ပဲ့ကလေးတစ်ခုတွင်လည်း သောက်ရန် ရေအနည်းငယ်ထည့်၍ -

"ကဲ . . ကဲ ငါ့သား နို့နဲ့ရေများ သောက်ကွဲ့"

ဟု ပြောကာ ဖန်ခွက်ငယ်နှင့် ရေခွက်ငယ်ကို ချတယ်၍ ပေးလိုက်မှ နောက်ထပ် စိတ်ချလက်ချ အိပ်ပျော်သွားကြရလေ၏။

❖ ❖ ❖

ယင်းသို့သောနည်းများဖြင့် မဖွားအိသည် ထိုလူခြောက်ကလေးကို မိမိသားသမီးတွင် အပါအဝင် အထိမ်းအမှတ်ပြု၍ မွေးခဲ့ရာ လူခြောက်ကလေးမှာ အဖေနှင့်အမေအား ပကတိအားဖြင့် စကားမပြောနိုင်စေကာမူ သူလိုရာကို အိပ်မက်ပေးကာ တောင်းလျက် သူပြောလိုသောအချက်များနှင့် မကျေနပ်သော အချက်များကိုလည်း အိပ်မက်နှင့်ချည်း ပြောလာခဲ့ရာ မဖွားအိမှာ လပေါင်းအတော်ကြာလျှင် သားလူခြောက် အကြိုက်တွေကို အလုံးစုံသိရှိလာလေ၏။

ပေစူးနှင့်ပေတူးတို့သည် အမေနှင့်အဖေ တောထဲသို့ ထင်းခွေသွားကြသောအခါများ၌ အိမ်တွင်ကြောက်ရမည့်သူများ မရှိသည့်အတိုင်း လူခြောက်ကလေးကို ခိုး၍ကိုင်ကာ ကစားစရာအရုပ်ပမာ ကိုင်မြှောက်လိမ်ဖွဲ့ကစားချင်တိုင်း တစ်နေကုန်ကစားကြပြီး လူကြီးများပြန်ချိန်ကျမှ အသာအယာ နေရာမပျက် ပြန်ထားကြရာ ထိုညအခါတွင်ကား မဖွားအိအား -

"အမေရယ် နေ့ခင်း အမေမရှိတုန်းက ကိုကိုပေစူးတို့၊ ကိုကိုပေတူးတို့က ကျွန်တော့်ကိုယူကစားကြတယ်အမေရဲ့။ သူတို့ကစားတာက ကိုင်ပေါက်လိုက်၊ လက်တွေခြေတွေဖွဲ့လိုက်၊ သိမ်လိုက်လုပ်တော့ ကျွန်တော်သိပ်နာတယ် အမေရယ်။ သူတို့ကို နောက် . . အနော့ကို မကစားပါစေနဲ့"

အိပ်မက်နှင့်တိုင်ပြောလေရာ ပေစူးနှင့် ပေတူးတို့မှာ အရိုက်ခံထိကြရရှာလေ၏။ ပေစူးနှင့်ပေတူးတို့ကား အခဲမကျေကြပေ။ နောက်တစ်ခါယူ၍ ခပ်နာနာကလေး ကိုင်တွယ်ကစားလိုက်ကြပြန်၏။ လူခြောက်ကလေးသည် အိပ်မက်နှင့်တိုင်ပြန်ရာ နံနက်လင်းသောအခါ ပေတူးနှင့်ပေစူးတို့ တုတ်စကြာထိပြန်လေ၏။ ပေတူးနှင့်ပေစူးတို့မှာ လူခြောက်ကလေးကို ကိုင်ရမှာကြောက်လာသဖြင့် လုံးလုံးလျားလျား သပိတ်မှောက်၍ ထားလိုက်လေ၏။ သို့နှင့်လည်း မကိုင်ဘဲနှင့်ပင် ကိုင်ပါသည်ဟု အိပ်မက်ပေးပြန်ရာ ပေတူးနှင့်ပေစူးတို့မှာ အချောင်အရိုက်ခံရရှာပြန်လေ၏။ ညအခါတွင်ကား ပေတူးရော ပေစူးပါ သူပိဏ္ဍာအိပ်မက် မြင်လှာကုန်မြဲဖြစ်လေ၏။

ဖြစ်ပုံမှာ လူခြောက်ကလေးသည် မိမိတို့ညီနောင်နှစ်ဖော်အား ပြောင်ချော်ချော် လှောင်ပြောင် ကပြလျက် လက်နှင့်ယိုရီထိုးကာ -

"ဟော့ . . ဟော့ ကိုကိုပေတူးနဲ့ ကိုကိုပေစူးတို့ ရှက်ပါတယ်ဟော့ ငါ့ကို မကိုင်ဘဲနဲ့ ကိုင်ပါတယ်လို့ အမေ့ကိုလိမ်ပြောတာ အရိုက်ခံရတယ်ဟော့။ ကိုကို တို့အရိုက်ခံရတာနဲ့ ငါသိပ်ပျော်တာပဲဟော့"

ဟု လှောင်ပြ၊ ပြောင်ပြ၊ လျှာထုတ်ပြလေ၏။

သည်အခါတွင် ပေတူးနှင့်ပေစူး ဒေါပွလာကြ၏။ မအေပေးကလေး တို့ကို သက်သက် ကုန်းတိုက်တာ သိကြရောပေါ့ကွဟု ကြိမ်းပြီး လက်သီးလက် မောင်းတန်းကာ ပြေးလိုက်ကြရာမမီ။ မောဟိုက်ကျန်ရစ်ခဲ့ကြသည်တို့ပင် တည်း။ သို့နှင့်လည်း မပြီးသေး -

"အမေရယ် ကျွန်တော့်ကို ကိုကိုပေတူးနဲ့ ကိုကိုပေစူးက မအေပေး ကလေးလို့ခေါ်တယ် ကျွန်တော့်မှာ နာမည်လည်းမရှိဘူး နာမည်မှည့်ပေးပါ ဦးအမေရဲ့"

ဟု အိပ်မက်ပေးပြန်၍ -

"သြော် . . ငါ့သားက ဗုဒ္ဓဟူးသားကလေးမို့ ကြာသပတေးအညွန့် တင်ပြီး မောင်ရွှေဖူးလို့ မှည့်တယ်ကွဲ့။ ဒီနေ့ကစပြီး ငါ့သားနာမည်က မောင် ရွှေဖူး"

ဟုပင် အမည်ပေးရသည့်အခြေသို့ ရောက်လာလေ၏။

သို့နှင့်ရွှေဖူးသည် ညအချိန် လူခြေတိတ်သောအခါများတွင် တချွတ် ချွတ် ကြွက်ကလေးများလျှောက်သလို တဲအတွင်း လှည့်လည်သွားလာ၍ နေ တတ်ပြီးလျှင် ကလေးများအတွက် စားရန်ထားသော ပဲလှော်များ၊ မြေပဲများကို ပင် တချောက်ချောက်နှင့် မွှေနှောက်စားသောက်လေ့ရှိသောကြောင့် တစ်ခါ တရံ ကိုဖိုးထိုက်နှင့် မဖွားအိတို့လည်း အသီးသီးချောင်းမြောင်းကြည့်ကြရာ ဖာဖုံးထဲမှာသိပ်ထားသော လူခြောက်ကလေးမှာ အနေအထားမပျက် လက်ရာ ခြေရာ မယွင်းသော်လည်း မလှမ်းမကမ်းတွင် ပြေးလွှားသွားလာသော သဏ္ဍာန် မျိုးအတိုင်းသာ တွေ့ရှိသောကြောင့် မတွေးတတ်အောင် ရှိကြလေ၏။

တစ်ခါတရံ အိပ်မက်နှင့်ပင် -

"အမေရေ ကျွန်တော်လည်း နည်းနည်းကြီးလာပြီ နို့မစို့ချင်တော့ဘူး ထမင်းစားချင်တယ်။ ကိုကိုပေတူး ကိုကိုပေစူးတို့လို လုံကွင်းကလေးလည်း ဝတ်ချင်တယ်အမေရဲ့"

ဟု ပူဆာသောအခါ မဖွားအိတို့မှာ ဆင်းရဲပင်ပန်းစွာ ရှာဖွေစားသောက်နေရသည်တိုင်အောင် ဆန်လုံးတီးကို နပ်မှန်အောင်မစားနိုင်တော့သဖြင့် -

"ငါ့သား ထမင်းစားချင် စားရတာပေါ့ကွယ်၊ ဒါပေတဲ့ အမေတို့မှာ အင်မတန်ဆင်းရဲတယ်။ ထမင်းနပ်မှန်အောင်မစားနိုင်ဘူးကွဲ့ အမေတို့စားရတဲ့အခါ ငါ့သားလည်းစားရမှာပေါ့။ အမေတို့ ဝတ်တဲ့အလှည့်လည်း ငါ့သားလည်းဝတ်ရမှာပဲ"

ဟု ပြောလျှင် လူခြောက်ရွှေဖူးမှာ -

"အို . . မပူနဲ့အမေရာ၊ ကျွန်တော်ကြီးရင် ငွေတွေအများကြီးရှာပေးမပေါ့၊ ခုတော့ ကျွန်တော်က ငယ်သေးတယ်။ ဒါပေတဲ့ အမေတို့ ဒါလောက်ဆင်းရဲရင် နည်းနည်းပါးပါးတော့ ရှာပေးဦးမယ်"

ဟု ပြောလေ၏။

နောက်တစ်နေ့မနက်တွင် မဖွားအိသည် ဆန်ကွဲထမင်းကလေးချက်ကန်စွန်းရွက်၊ မန်ကျည်းရွက်စသော ကိုဖိုးထိုက်ခူးလာသည့် ဟင်းရွက်များကိုပေတူး ပေစူးတို့ရှာလာသည့် လယ်ပုဇွန်လုံးများနှင့် ဆီမပါ ပျားမပါ ကျိုချက်လျက် မိသားတစ်စု မြိန်ရှက်စွာ စားကြသောအခါ ဖာအတွင်းမှာရှိသော ရွှေဖူးအတွက်ကိုလည်း ဖက်ကလေးနှင့် ထည့်ပေးလိုက်ရပြီး ထိုညလွန်မြောက်နံနက်ပိုင်းသို့ရောက်သောအခါ မဖွားအိမှာ အိပ်ရာကနိုးသည်နှင့်တစ်ပြိုင်နက်မိမိလက်ထဲတွင် ငွေမတ်စေ့ကလေးတစ်စေ့ ရောက်နေသည်ကိုတွေ့ရ၍ ဆွေ့ဆွေ့ခုန်ဝမ်းသာပြီး မြို့ဘက်သို့ ထင်းရောင်းထွက်သော ကိုဖိုးထိုက်အား စားဖွယ်ရာ ဆန်၊ ဆီ၊ ငပိ၊ ဆားကလေးများဝယ်ခဲ့ရန် ပေးလိုက်လေသတည်း။

လူခြောက်ကလေးရွှေဖူးသည် မည်သည့်နည်းနှင့် ရလာသည်မသိ၊ ညစဉ်ပင် မဖွားအိလက်ထဲသို့လည်းကောင်း အိပ်ရာခေါင်းတွင်လည်းကောင်း ငွေမတ်စေ့၊ ငွေမူးစေ့၊ ဒင်္ဂါးစသဖြင့် တစ်နေ့လျှင် တစ်ခုကျ အိပ်မက်နှင့်ပြောကာ ထားသွားတတ်သောကြောင့် ဆင်းရဲလှရှာသော ကိုဖိုးထိုက်၊ မဖွားအိမှာ ရွှေဖူးကို ကျေးဇူးအတင်ကြီးတင်၍ နေရှာလေ၏။ တစ်နှစ်နီးပါးမျှ ထိုနည်းအတိုင်း နေ့စဉ်တစ်မတ်၊ ငါးမူး၊ တစ်ကျပ်စသည်ဖြင့် ရွှေဖူး၏ အထောက်အပံ့ကို ရလာခဲ့ရာ တောသူတောင်သားဘာဝ ခြစ်ခြစ်ကုတ်ကုတ် နေထိုင်စားသောက်တတ်ခြင်းကြောင့် ထမင်းအလျှင်မီရုံမက အဝတ်အစားကလေးများပါ ပြောင်ပြောင်လက်လက်ဖြစ်လာကြပြီး အသိုအမှီးကောင်းသော မဖွားအိလက်တွင် ငွေသုံးလေးဆယ် စုဆောင်းမိထား၍ သင့်တင့်သောနွားကလေးတစ်ရှဉ်းကို ဝယ်ကာ ယခင်စွန့်ပယ်ထားရသော လယ်ယာကလေးများကို ပြန်လည်ထူထောင် လုပ်ကိုင်စပြုကြရလေ၏။ ပေတူးနှင့်ပေစူးတို့ကိုလည်း ရွာဦးကျောင်းဘုန်းကြီး ဦးပဏ္ဍိတ်ထံသို့ လှူဖွယ်တန်းရန်ကလေးများနှင့် စာပေပညာသင်ကြားရန် အပ်နှံနိုင်သောအခါ ရွာထဲမှာ ကိုဖိုးထိုက်နှင့်မဖွားအိတို့သတင်း အတော်ကြီး၍ လာကြလေ၏။

ထိုသတင်း၏ အစဖြစ်လာရာကား လက်သည်ဒေါ်မင်းဘုံပင်ဖြစ်လေ၏။

"ကိုဖိုးထိုက်တို့ မဖွားအိတို့တော့ လူခြောက်ကလေး မွေးပြီးကတည်းကနည်းနည်းချောင်လည်လာကြပြီဟေ့ အရင်ဖြင့် အငတ်ငတ်အပြတ်ပြတ်နဲ့ အတော်ပဲ ကျပ်ရှာကြတယ်။ ခုတော့ . . လူခြောက်ကလေးရဲ့ကျေးဇူးနဲ့ လယ်ကလေး၊ ယာကလေးတွေ ပြန်လုပ်နိုင်လာပြီတော့။ ဒီလိုလူခြောက်ကလေးကို မွေးရတဲ့မိဘများဟာ ခုကြည့်စမ်း . . မမှန်ဘူးလား"ဟူသော စကားများဖြင့် တစ်ယောက်စကား တစ်ရာကြား၊ ရွာသူရွာသားများမှာ မဖွားအိ မွေးထားသော လူခြောက်ကလေးကို တစ်ယောက်တစ်လှည့် လာရောက်ကြည့်ရှုသူတွေမရှားအောင်ဖြစ်လာလေ၏။

ထိုအချိန်တွင်ကား လူခြောက်ကလေးရွှေဖူးမှာ ရာထူးတိုးတက်၍နေလေ၏။

ယခင်က ဖာစုတ်ကလေးနှင့်ထားရာမှ ခြောက်မူးတန် မှန်သေတ္တာကလေးနှင့်ဖြစ်နေပြီး တစ်ထွာသာသာရှိသော ပိုးလုံချည်ကလေးနှင့် သေးငယ်သည့် ဂျပန်ရှပ်အင်္ကျီကလေးကို ဝတ်ပေးထားကာ အနီးမှာလည်း ကစားစရာအိုးပုတ်၊ ချိုးရုပ်၊ ကော်ရုပ်ကလေး၊ ပစ်တိုင်းထောင်အရုပ်ကလေးများ ခြံရံထားသည်ကို တွေ့ကြရလေ၏။

ရွာသူရွာသားများက ဘယ်လိုနည်းနှင့် စီးပွားဖြစ်သည်ကို စုံစမ်းမေးမြန်းကြသောအခါ ကိုဖိုးထိုက်နှင့် မဖွားအိတို့မှာ မှန်ရာကို မပြောသာဘဲ ကိုဖိုးထိုက်မြို့သို့ ထင်းရောင်းသွားတိုင်း ရပေါက်ရလမ်းရှိသော အလုပ်ကလေးများ ကူညီလုပ်ကိုင်ပေးစေခြင်းဖြင့် အခကြေးငွေမပြတ် ရလာရာမှ စုဆောင်းသိုမှီးထားတတ်သော မဖွားအိကြောင့် နွားကလေးတစ်ရှဉ်း ဝယ်လာနိုင်ကြောင်း ယခုနှစ် စိုက်ပျိုးထားသော စပါးနှင့်နှမ်းများ၊ ပဲများမှာလည်း အလွန်ကောင်းနေကြောင်း မိုးလေအဖျက်အဆီးမရှိက ရှေ့အဖို့ ယခုထက်စီးပွားဖြစ်စရာရှိကြောင်းများ ကြားရသောအခါ "အေး . . ဒါလူခြောက်ကလေးမွေးရလို့ အလိုလိုစီးပွားဖြစ်လာတာတော့" ဟု ရိုးသားသော တောသူ တောင်သားများဖြစ်ကြသည့်အတိုင်း အားရဝမ်းသာစွာ ပြောဆိုရှာကြလေ၏။

သို့နှင့် များမကြာမီနှစ်များတွင် ကိုဖိုးထိုက်နှင့် မဖွားအိတို့မှာ ဥစ္စာတိုးပွား၍ ရွာလယ်တွင် ထယ်ဝါသော နှစ်ဆောင်ပြိုင် သွပ်မိုးပျဉ်ကာအိမ်ကြီးနှင့်ဖြစ်လာပြီး လယ်မြေ၊ ယာမြေများလည်း အမြောက်အမြားတိုးလာကာ လယ်ယာမြေမှထွက်သော ဆန်စပါးများ၊ ပဲပြောင်း၊ နှမ်းစသည်များကိုလည်း ကျီကြီးများနှင့် သိုလှောင်ရောင်းချလျက် လယ်ယာအတွက်အသုံးပြုရန် ကျွဲပိုင်၊ နွားပိုင်များလည်းပေါများ၊ စာရင်းငှားလုပ်သားတွေမြိုင်မြိုင်နှင့် ဖြစ်လာလေ၏။ ယခင်က စုတ်ချာသော မဖွားအိမှာလည်း ပုလဲနားကပ်ကြီးကတလျှပ်လျှပ်၊ ကျားခေါင်းလက်ကောက် အတုတ်ကြီးတဝင်းဝင်းနှင့် ဇန်းမော်

ပိုးဖျင်အင်္ကျီကို ဒိုးခံဝတ်နိုင်သည့်အခြေ ရောက်ရသည်မှာ လူခြောက်ကလေး ရွှေဖူး၏ ဂုဏ်ကျေးဇူးတွေသာ ဖြစ်လေတော့၏။

ရွှေဖူးသာ သူ၏အဆိုအားဖြင့် တစ်နေ့တခြား ကြီးပြင်းလာပြီဟု သိရပြီးလျှင် ခါတိုင်းနေ့စဉ်ရှာပေးနေကျ တစ်မတ်၊ ငါးမူး၊ တစ်ကျပ်မှ တစ်စတစ်စ များလာပြီး ငါးကျပ်မျိုး၊ တစ်ဆယ်မျိုး တိုးလာကာ တစ်ခါတစ်ခါလည်း လက်ကောက်၊ ပုတီးစသော ရွှေထည်ပစ္စည်းများကို ပေးတတ်ပေ၏။ အစပထမ၌ ကိုဖိုးထိုက်တို့မှာ ရွှေထည်ပစ္စည်းများကို မသင်္ကာသဖြင့် ရုတ်တရက်ထုခွဲရန် စိတ်မရဲသဖြင့် သေချာစွာကိုင်တွယ်ကြည့်ရှု စစ်ဆေးသောအခါ ထိုရွှေထည်ပစ္စည်းများမှာ လွန်စွာရှေးကျသော ဖက်လိပ်နားမှောင်း၊ နော်ဇာကုံး၊ ဆပ်ကုံး ပုတီးစသည်များဖြစ်၍ မြေထဲ၊ ရွှံ့နွံထဲတွင် ကာလအတန်ကြာ မြုပ်နစ်နေဘိအလား မြေနှင့်ရွှံ့ခြောက်များ ပါလာသည်ကိုတွေ့ရပြီး အိပ်မက်ထဲတွင် -

"စိတ်ချ၍သုံးကြပါ အရှင်မရှိတဲ့ပစ္စည်းတွေပါ အမေအဖေတို့ရဲ့ ဘာမှမပူပါနဲ့"

ဟူသော ရွှေဖူး၏အားပေးမှုကြောင့် ထုခွဲသုံးစွဲရာမှ တစ်စတစ်စ စီးပွားတက်လာပြီး သားနှစ်ယောက်ကိုလည်း အကျွေးအမွေး ထောင့်ငါးရာကုန် ရှင်ပြုနိုင်လျက် နောက်ဆုံးတွင် အလှူရေစက် လက်နှင့်မကွာသော တောသူဌေးကြီး ဦးဖိုးထိုက်နှင့်ဒေါ်ဖွားအိဟူသော အမည်သတင်းမှာ ရွာနီးချုပ်စပ်မျှမက အချို့သောမြို့ရွာနယ်ပယ်များကပါ အသိအမှတ်ပြုလာရသော အခြေသို့ ရောက်ခဲ့လေ၏။

❖ ❖ ❖

ပေစူးနှင့်ပေတူးတို့ကား လူပျိုဖားဖားတွေ ဖြစ်လာလေပြီ။ မောင်စူး မောင်တူးဟူသောအမည်နှင့် မြို့က အင်္ဂလိပ်ကျောင်းမှာ (၇) တန်း (၈) တန်း တွင် သင်နေရသဖြင့် ဘိုကေတာသသနှင့် ဘွတ်ဖိနပ် တကြွကြွနှင့် စတိုင်ကျအောင် ပြင်ဆင်ဝတ်စားရန် အတုမြင်အတတ်သင်၍ ပြီးကြလေ၏။ ကျောင်းပိတ်၍ ပြန်လာသောအခါ ရွာက အပျိုချောချောတွေကို သဘောရှိပိုးတတ်ကြ

ပြီးလျှင် မြို့တွင်လည်း တစ်ကိုယ်လျှင် ရည်းစားသုံးလေးယောက် ထားကြသူများဖြစ်သဖြင့် ပြန်လာတိုင်း မိဘထံမှာငွေညှစ်၍ နောက်ပိုးတို့စံနစ်အတိုင်း ရည်းစားခွန်ဆက်ကြရသည်လည်း ဒလဟောပင်။

သို့ရာတွင် ဦးဖိုးထိုက်နှင့် ဒေါ်ဖွားအိတို့မှာ မိမိတို့ကြွယ်ဝချမ်းသာသမျှ ဒီသားများ သုံးချင်တိုင်းသုံးသော်လည်း မကုန်နိုင်ဟု သဘောရသည့်အတိုင်း စေတနာထက်ထက်နှင့် ရက်ရက်ရောရော ပေးကမ်းလှူဒါန်းသူများဖြစ်သောကြောင့် သားတွေတောင်းတိုင်း မဖင့်မဆိုင်းပေးမြဲဖြစ်ရာ ကိုစူး ကိုတူး ဆိုသောအမည်သည် ကာလသမီးတို့နှုတ်ဖျားသီး၍ နေကြလေ၏။

သို့ပေတူးနှင့်ပေစူးတို့ လူပါးဝနေသလောက် ရွှေဖူးကလည်း အောက်ကျနောက်ကျမခံ ပေတူး ပေစူးတို့ ကျောင်းကပြန်လာတိုင်း အတုမြင်အတတ်သင်ကာ -

"အမေ ကျွန်တော်လည်း လူပျိုဖြစ်လာပြီဗျ၊ ကိုကိုတို့လို ဘွတ်ဖိနပ်တို့၊ လက်ပတ်နာရီတို့ ဝယ်ပေးပါ။ ကိုကိုတို့လူးတဲ့ ပေါင်ဒါဘူးမျိုးနဲ့ ရေမွှေးလည်းလိုချင်တယ်။ ကိုကိုတို့ဝတ်တဲ့ ဘလေဇာအကြားအကြားမျိုးလည်း တစ်ထည်ဝယ်ပေးပါ။ ဘန်ကောက်လုံချည်နဲ့ ပိုးလုံကွင်းလည်း လိုချင်သေးတယ်ဗျ"

ဟု အိပ်မက်တွင် ပူဆာလေရာ ဒေါ်ဖွားအိမှာ ကျေးဇူးရှင်ကလေးဟုဆိုထိုက်သော ရွှေဖူးအား ဖူးဖူးမှုတ်ထားသည့်အတိုင်း ပူဆာသောအထည်အဝတ်၊ အသုံးအဆောင်များကို လိုသည်ထက်ပိုအောင်ပင် ကျွန်းသေတ္တာနှင့် တစ်လုံးပြည့်အောင်ပင် ဝယ်ခြမ်းပေးထားလေ၏။

သို့နှင့် ရည်းစားပေါသော မောင်စူး၊ မောင်တူးတို့မှာ မိမိတို့၏ ရည်းစားထဲမှ အကြိုက်ဆုံး၊ သဘောအကျဆုံးသော မိန်းကလေးများကို ရွေးကောက်ကာ မိဘတို့အား တောင်းရမ်းပေးစေတော့၏။ ထို့ကြောင့် မောင်စူးမှာ ပေတောကုန်းရွာက ကျောင်းဒကာကြီးသမီး မမယ်သင်နှင့် မင်္ဂလာဆောင်ပြီး၍ ၎င်းနှင့်မရှေးမနှောင်းပင် မောင်တူးကလည်း ယင်းမာခြံရွာမြို့သူကြီးသမီး မအေး

ချိန့်နှင့် ထိမ်းမြားပြီးကြကာ မိဘဖြစ်သူ ဦးဖိုးထိုက်နှင့်ဒေါ်ဖွားအိတို့၏ ကျယ်ဝန်းသော နှစ်ဆောင်ပြိုင်သွပ်မိုး ပျဉ်ထောင်အိမ်ကြီးပေါ်တွင် ကိုယ်စီ ကိုယ်စီ အခန်းသီးခြားနှင့် လင်စုံမယား ပျော်ပါးသိုက်မြိုက်စွာ နေထိုင်ကြသောအခါ လူခြောက်ကလေးရွှေဖူးမှာလည်း အားကျမခံဖြစ်ပြန်ကာ -

"အမေရေ ကျွန်တော်လည်းမိန်းမလိုချင်တယ်ဗျ၊ ကျွန်တော့်ကိုမိန်းမတောင်းပေးကြပါ"

ဟု မကြာခဏ ပူဆာပြန်လေ၏။

ဦးဖိုးထိုက်နှင့် ဒေါ်ဖွားအိတို့မှာ ရွှေဖူးပူဆာသမျှ တစ်ခဏမကြာ အလိုပြည့်ဝစေခဲ့သော်လည်း ယခုနောက်ဆုံးအကြိမ် မိန်းမပေးစားရန် ပူဆာသောအခါ၌မူ အတော်ပင် ကြံရခက်၍ နေကြလေ၏။ ရွှေဖူးမှာ အကောင်အထည်လည်းပြရန်အခက်၊ မှန်သေတ္တာတွင် မလှုပ်မယှက် ပက်လက်နေသော လူခြောက်ကလေးမှတစ်ပါး မိမိဟို့သားဟု လက်ညှိုးထိုးပြရန်မရှိသောကြောင့် ဤလူခြောက်ကလေးကို မည်သည့်မိန်းမကမှ လင်အဖြစ်ဖြင့် ပေါင်းသင်းနိုင်မည်မထင်ရုံမက မိမိတို့က တိုက်တွန်းသည်တိုင်အောင်လည်း မိန်းမပေးစားရန်နှင့်ပတ်သက်၍ ညစဉ်အိပ်မက်ပေး၍ ပူဆာခဲ့ရာ ကိုဖိုးထိုက်နှင့် မဖွားအိမှာ ထိုကိစ္စအတွက် ရွှေဖူး၏အလိုဆန္ဒအတိုင်း ရုတ်တရက် မဖြည့်စွမ်းနိုင်ဘဲ အချိန်အခါဆွဲ၍ ချော့ထားရလေ၏။ သို့နှင့် နေ့ရက်တွေကုန်ခဲ့ပြန်ရာ ရွှေဖူးလည်း နောက်တစ်ချီလော၍ ပူဆာပြန်လေ၏။ ဒေါ်ဖွားအိလည်း ကြံရာမရဘော့သဖြင့် နောက်ဆုံးတွင် -

"ငါ့သားရယ် . . ငါ့သားလေးမိန်းမလိုချင်တာကို အမေတို့ကလည်း ပေးစားချင်တာမှ သိပ်ပေးစားချင်တာပါပဲ။ ငါ့သားလေးမင်္ဂလာဆောင်ပွဲမှာ သားအထွေးဆုံးကလေးမို့ မောင်တူး မောင်စူးတို့ထက်သာအောင် မင်္ဂလာဆောင်မှာ မြခြေကျင်းဇာတ်နဲ့ ဝက်သားဘီးစပတ်တုံးချက်ကျွေးမယ်။ ဒါပေတဲ့ ငါ့သားက အကောင်အထည်ပြစရာမရှိတဲ့အတွက် မိန်းမရှင်ကိုသွားပြီး စကားစပ်ဖို့ခက်နေတယ်ကွဲ့။ အမေတို့ဒါတစ်ခု စဉ်းစားမရတာနဲ့ ဒီလောက်တောင် အချိန်တွေကြာခဲ့တာပါသားရဲ့"

ဟု ချော့မော့ပြောရသည်တွင် လူခြောက်ရွှေဖူးသည် အနည်းငယ် ငြိမ်သွားပြန်လေ၏။

ဤအတောအတွင်းမှာပင် မောင်တူး၊ မောင်စူးတို့မယားများတွင် သားကလေးတွေကိုယ်စီနှင့် အပျော်ကြီးပျော်၍ နေကြလေရာ အမြဲအားကျနေသော ရွှေဖူးတွင် မနာလိုဝန်တို ဖြစ်လာသည်လားမသိရ -

"အမေတို့ . . ဒါပဲဗျ၊ သူများတွေကလေးတောင်ရပြီ ကျုပ်မှာ ခုထက်ထိ မိန်းမ,မရသေးဘူး။ အမေတို့ရှာမပေးချင်နေကြ"

ဟု အိပ်မက်နှင့်ပြောလျက် အတော်စိတ်ဆိုးနေပြီးလျှင် ညဥ့်လူခြေ တိတ်ချိန်များတွင် အိမ်သားများ အိပ်ပျော်နေကြသောအခါ တောင်ဟာပစ်၊ မြောက်ဟာခွဲ ဂျိုးဂျိုး ဂျိမ်းဂျိမ်း ဒိန်းဒိန်း အသံမစဲအောင် တစ်ယောက်တည်း ရန်ပွဲကျင်းပ၍နေလေရာ အိမ်သားအားလုံး ကောင်းစွာအိပ်ရသည်မရှိ ပုဏ္ဏက တိုက်သည်ကို ထိုင်၍ကြည့်နေရသကဲ့သို့ ဖြစ်နေကြလေ၏။

ဦးဖိုးထိုက်နှင့်ဒေါ်ဖွားအိတို့လည်း မိမိတို့အပေါ် ကျေးဇူးကြီးနေသော ရွှေဖူး၏စိတ်ဆိုးခြင်းကို မခံနိုင်။ သူအလိုရှိသည့်အတိုင်း မိန်းမပေးစားရန် ဆင်းရဲနွမ်းပါးသော အပျိုကလေးများကို ပစ္စည်းနှင့်မျှား၍ မိမိတို့၏သား လူခြောက်ကလေးရွှေဖူးကိုယူရန် ပြောကြသောအခါ မိန်းမပျိုကလေးများမှာ ရယ်ဖွယ်စကားပြော၍ လွှတ်လိုက်ကြပြီး အချို့ကလည်း -

"ကြောက်စရာကြီးဒေါ်ဒေါ်ရယ် ဒီလူခြောက်ကလေးနဲ့ ဘယ်လိုလုပ်ပြီး ပေါင်းသင်းရမှာလဲ မတော်တဆ ညများ အို . . ကြောက်ပါတယ် မတွေးဝံ့ပါဘူး။ မဟုတ်ဘူးဆို ဥစ္စာစောင့်ယူရတာကမှ အကောင်အထည်မြင်ရလို့ တော်သေးရဲ့"

ဟု မဲ့မဲ့ရွဲ့ရွဲ့ ပြောလွှတ်ကြသောကြောင့် ဒေါ်ဖွားအိမှာ ထိုအကြံကို လက်လျှော့ရပြန်လေ၏။

ရွှေဖူးလည်း တစ်နေ့တခြား ဒေါပွ၍သာ နေလေ၏။ အိပ်မက်ပေးသောအခါများတွင်လည်း အလွန်တရာ စိတ်ဆိုးလျက် -

"အမေ . . ကျုပ်တော့ဒီလိုမနေနိုင်ဘူး။ စိတ်ဆိုးလှပြီ ကျုပ်မိန်းမ ရရင်ရ မရရင် ခင်ဗျားမြေးကလေးတွေ လည်မျိုညှစ်သတ်ပစ်မယ်။ ခင်ဗျားတို့ တစ်အိမ်လုံးကိုလည်း တဖြည်းဖြည်းမျှင်းပြီးသတ်မယ်"

ဟုသာ အိပ်မက်ပေးနေသောကြောင့် ဒေါ်ဖွားအိတို့မှာ အကြောက်ကြီးကြောက်လာကြလေ၏။

"သားရယ် . . အဖေတို့အမေတို့လည်း ငါ့သားဖို့ မိန်းမလည်ရှာနေကြတာပါပဲ။ နို့ပေမဲ့ ဘယ်မိန်းကလေးမှ ပြောလို့မရဘူး။ ငါ့သားကို လူလည်း မဟုတ်၊ ဘာလဲမဟုတ်နဲ့ မယူဝံ့ပါဘူးလို့ ပြောနေကြတယ်။ အမေတို့တော့ မတတ်နိုင်ဘူး ငါ့သားအစွမ်းနဲ့ ငါ့သား ရှာနိုင်ရင်ရှာပါ။ တွေ့တာနဲ့တစ်ပြိုင်နက် အဖေ အမေတို့ လိုက်တောင်းပေးမယ်"

ဟု ပြောမှ လူခြောက်ကလေးလည်း ကျေနပ်ကာ -

"ဒါဖြင့် အစကဘာပြုလို့ ဒီလိုမပြောကြသလဲဗျာ။ ဒီလိုမှန်းသိရင် ကျုပ်ဟာကျုပ် မရှာရပါကလား။ ခုတော့ အလကားအချိန်တွေ ကုန်ခဲ့ရတယ်"

ဟုပြောပြီး ထိုနေ့ကစ၍ လူခြောက်ကလေးရွှေဖူး ငြိမ်ချက်သား ကောင်းသွားလေ၏။

သို့နှင့် နောက်လေးငါးဆယ်ရက်ခန့်ရှိသောအခါ ရွှေဖူးသည် မိခင် ဒေါ်ဖွားအိအား အိပ်မက်ဖြင့် -

"အမေ . . ကျုပ်တခြားသွားပြီး မိန်းမရှာနေတယ်၊ ကျွန်တော်ကြိုက်တဲ့ မိန်းမတစ်ယောက်တော့ သဲတောရွာမှာ တွေ့လာခဲ့ပြီ။ သူက ကြိုက်လား မကြိုက်လားတော့မသိဘူး။ လူပျိုလှည့်ကြည့်ရဦးမယ်ဗျ၊ ကျုပ်ခေါင်းက ကိုကိုတို့လို ဘိုကေလည်းမဟုတ်၊ ဆံရှည်လည်းမဟုတ်နဲ့ စုတ်ဖွားကြီးဆိုတော့ အပျိုက အော့ချင်မှာစိုးရတယ်။ ဒီတော့ ခေါင်းကိုဖုံးရအောင် ခေါင်းစွပ်ဦးထုပ်ကလေး တစ်ခု၊ မျက်နှာသုတ်ပဝါတစ်ခု၊ ကာကီဦးထုပ်နဲ့ ဂျာမန်ပဝါ သုံးလေးပိုင်း လောက်ဝယ်ပေးပါ"

ဟု ပြောသောကြောင့် ဒေါ်ဖွားအိလည်း နံနက်လင်းလျှင်လင်းခြင်း ရွှေဖူးတောင်းသမျှကို ဝယ်ခြမ်းပေးလိုက်လေ၏။

သို့နှင့် နောက်တစ်ညတွင် -

"အမေရေ နေရာကျလိမ့်မယ်ထင်တယ်ဗျို့၊ မိန်းမကလေးက ကျွန်တော့်ကို နည်းနည်းဂရုစိုက်လာပြီ။ ဒါနဲ့ . . ကျွန်တော်ဖို့ ပိုးအင်္ကျီနဲ့ ဘန်ကောက်လုံချည်ဝယ်ပေးပါဦး။ ကြက်သွေးကတ္တီပါဖိနပ်ကလေး တစ်ရံလည်း လိုချင်တယ်။ ရေမွှေးပုလင်းနဲ့ ပေါင်ဒါဘူးလည်း ကုန်တော့မယ် ထပ်ဝယ်ပေးပါဦး"

ဟု ပြောသောကြောင့် မိုးလင်းသည်နှင့်တစ်ပြိုင်နက် ပြည့်စုံအောင် ဝယ်ပေးရပြန်လေ၏။

တတိယနေ့တွင်ကား နေရာကျနေသည်လားမသိရ၊ ဖိုးရွှေဖူးမပေါ် လာဘဲရှိပြီး စတုတ္ထနေ့တွင်မှ ရောက်လာပြန်ကာ -

"အမေရေ . . အတော်နေရာကျလာပြီဗျ၊ ကောင်မလေးနဲ့ကျွန်တော် ရေတွင်းမှာစကားပြောရပြီး သူက ကျွန်တော့်ကိုမြို့သားထင်ပြီး နည်းနည်း ကြောက်နေတယ်ဗျ။ ဗြုန်းခနဲ ကြိုက်ပါတယ်ဆိုတာ ဖွင့်ပြောလိုက်ရင် လန့်သွားမှာစိုးရိမ်ရတယ်။ ဒီတော့ ပါးစပ်နဲ့ဖွင့်မပြောချင်ဘူး စာနဲ့ပြောချင်တယ်။ ကျွန်တော်လည်း စာမတတ်ဘူး၊ ကိုကိုပေတူးကို အပျိုပေးဖို့ မေတ္တာစာရေးခိုင်း ပေးပါ။ သူတို့ရေးတတ်ပါတယ်။ ပြီးတော့ ချောက်ပေါက်တွေလည်း ရေးထား ဦးမယ်ဗျနော်။ ကောင်းကောင်းရေးရဲ့လားလို့ အဖေ့ကိုဖတ်ခိုင်းဦး။ အမေလည်း စာမတတ်တော့ မဟုတ်တာတွေရေးထားရင် မသိဘဲနဲ့ သွားပေးမိလို့ ဂြိုဟ်ကျ နေဦးမယ်"

ဟု အားရဝမ်းသာဖြစ်လျက် နံနက်လင်းလျှင်လင်းချင်း မောင်တူး ကိုအကျိုးအကြောင်း လက်ကုတ်ပြောလေ၏။ မောင်တူးလည်း ရွှေဖူး၏ စေ့စပ် သေချာပုံကို ရယ်မောကာ -

"သူက . . ကျွန်တော့်ကိုများ မယုံသင်္ကာ ဖြစ်နေလိုက်သေးတယ်"

ဟုပြောပြီး ကျောင်းနေတုန်းက လေ့ကျင့်သားရပြီးဖြစ်သော မေတ္တာ စာမျိုးတစ်စောင်ကို လျင်မြန်သွက်လက်စွာရေး၍ ပေးလိုက်ရာ ဒေါ်ဖွားအိ လည်း စာမတတ်ရှာသဖြင့် ရွှေဖူးမှာသည့်အတိုင်း ဦးဖိုးထိုက်အား အကျိုး

အကြောင်းပြောပြီး ကောင်းမကောင်းအဖတ်ခိုင်းရာ ဦးဖိုးထိုက်လည်း ကျေးဇူးကြီးသောကိစ္စဖြစ်သဖြင့် ဂရုစိုက်၍ ဖတ်ပေးလိုက်ရာ စာမှာအကောင်းပင်ရေးထားကြောင်းသိရ၍ သေးငယ်စွာခေါက်ပြီး ရွှေဖူးနေသော မှန်သေတ္တာကလေးအနီးတွင် ချထားလိုက်လေသတည်း။

❖ ❖ ❖

နောက်တစ်နေ့တွင် ရွှေဖူးအိပ်မက်ထဲတွင် ပေါ်လာပြန်လေ၏။

"အမေရေ အမေပေးတဲ့စာတော့ရပြီ၊ မနေ့ညကလည်း ကောင်မလေးအိမ် အလည်ရောက်သွားတယ်။ သူ့အမေကြီးကလည်း ကျွန်တော့်ကို အတော်ပဲ အရေးလုပ်တယ်၊ သူ့ခမျာမှာ အတော်ဆင်းရဲရှာတယ်အမေရဲ့"

ဟု ပြောကာ တစ်ဖန်ဆက်လက်၍ -

"ကျွန်တော်လည်း သနားတာလည်းတစ်ကြောင်း၊ ချစ်တာလည်းတစ်ကြောင်းကြောင့် ကျွန်တော် . . သူ့ငွေသားလို့ပြောခဲ့တယ် သူ့အမေကြီးကကျွန်တော့်ကို သိပ်သဘောကျနေတာပဲ အမေရဲ့"

ဟု ဝမ်းသာအားရပြောပြီး -

"ဒီနေ့တော့ သူ့ကို ရွှေလက်ကောက်နဲ့ ဆွဲကြိုးကလေးတစ်ခုပေးမယ်လို့ ပြောထားတဲ့အတွက် ပေးရလိမ့်မယ်၊ အမေ့ဆီက စာကလေးလည်း လက်ကောက်နဲ့ ဆွဲကြိုးပေးတော့ အတူတူရော ပေးလိုက်မယ်နော်။ သူက စာဖတ်တတ်တယ်အမေ၊ ကိုကိုပေတူးတို့ဖတ်တဲ့ ဝတ္ထုစာအုပ်မျိုးလေးတစ်ခု ဖတ်နေတာတွေ့ခဲ့ရတယ်"

ဟု ပြောလေ၏။ ဒေါ်ဖွားအိလည်း အားရဝမ်းသာနှင့် -

"အေး . . အေး ကောင်းပါလေရဲ့တော် ဒီကောင်မကလေးက ငါ့သားကိုမြန်မြန်ကြိုက်ပါစေ လှလှကြီးမင်္ဂလာဆောင်ပေးလိုက်မယ်"

ဟု ပြောလေရာ ရွှေဖူးလည်း ဝမ်းမြောက်ခြင်းဖြင့် နှစ်ကြိမ်သုံးကြိမ်ဆွဲ့ခနဲ ခုန်လိုက်ပြီး -

"ဟီ . . ဟိ ကျွန်တော်မိန်းမရတော့မယ်နော်အမေ၊ သိပ်ဝမ်းသာတာပဲအမေရယ်။ ဒါနဲ့ အမေရေ ဟိုစာကလေးပေးပြီး ကောင်မကလေးက

ကြိုက်ပါပြီကိုဖူးရယ်လို့ပြောရင် နောက်ကျွန်တော်က သူ့ကို ဘယ်လိုလုပ်ရမလဲ ပြောစမ်းပါဦး"

ဟု ရယ်ဖြဲဖြဲနဲ့ပြောရာ ဒေါ်ဖွားအိလည်း ပြုံးရယ်လျက် -

"ဩော် . . ငါ့သားနှယ် မယားလည်းလိုချင်လိုက်တာ ဖျတ်ဖျတ်လူးလို့၊ ဒါမှနားမလည်ဘူးလား။ ဒီလိုနေရာ အမေကသင်ရတာမျိုး မဟုတ်ဘူးဟဲ့"

"ဩော် . . အင်း . . အင်းသိပါပြီဗျာ၊ ကျွန်တော်ငယ်ငယ်တုန်းက ညညထပြီး ကစားနေတော့ အဖေကအမေ့ကို ကျွန်တော်မြင်တယ်ဗျ ဟား . . ဟား . . ဟား"

"ဟဲ့ကောင်လေး ဘာတွေလျှောက်ပြောနေတာလဲ မတော်မတဲ့"

"ဟာ . . ဟ ခုလည်းကျွန်တော်မြင်ပါတယ်ဗျာ မနေ့ညကကို မြင်သေးတယ်"

"ရွှေဖူးမဟုတ်တာတွေမပြောနဲ့ တို့ဘုရားနဲ့ တရားနဲ့နေတာ အသက်ကြီးလှပြီ နင်ယုတ်ယုတ်မာမာမပြောနဲ့"

"ဟား . . ဟား အမေတို့ကိုပြောတာမဟုတ်ဘူးဗျ ဟိုဘက်အဆောင်ထဲက စုံတွဲတွေကိုပြောတာ။ ကိုကိုပေတူးနဲ့ ကိုကိုပေစူးတို့ လင်မယားတွေလည်း ကျွန်တော်ညတိုင်း သူတို့ကိုချောင်းကြည့်လို့ မြင်ရတယ်ခင်ဗျ"

"တယ်နော် . . ဒီကောင်ကလေးဟာ နင်ဒါတွေကြည့်ပြီး အားကျနေတာငါသိတယ်"

"ဒါပေါ့ဗျ ကျွန်တော်လည်းယောကျ်ားပဲ မိန်းမလေးဘာလေး လိုချင်သေးတာပေါ့။ ကဲဗျာ . . ဟိုကမျှော်လှရော့မယ် . . သွားတော့မယ်။ စာဖတ်ပြီး ကြိုက်ပါပြီကိုရွှေဖူးရဲ့လို့ပြောတာနဲ့ တစ်ချက်တည်း သူ့လက်ကိုဖမ်းဆွဲတဲ့ပြီး"

ဟုပြောကာ ရွှေဖူးခုန်ပေါက်မြူးတူးရင်း ပြေးလေ၏။ ထိုအချိန်တွင် သဲတောကြီး၏ ဆင်ခြေဖုံးအရပ်ရှိ ယိုင်ရွဲချိနဲ့သော တဲစုတ်ကလေးရှေ့ရှိ ဝါးကွပ်ပျစ်ကလေးပေါ်တွင် ဗိုင်းငင်နေသော မိန်းမပျိုကလေးတစ်ဦးနှင့် အနီး

တွင် ဆေးလိပ်တိုဖွာနေသော အမေကြီးတစ်ယောက်ကို လသာသာတွင် တွေ့မြင်ရလေ၏။ ၎င်းတို့၏အခြေအနေမှာ အလွန်တရာပင် ဆင်းရဲမွဲပြာကြောင်း မပြောဘဲသိနိုင်လေ၏။

"သမီးမယ်ချို ဒီနေ့မောင်ရွှေဖူးကလေး လာမယ်ပြောသွားတယ် မဟုတ်လား"

"ဟုတ်တယ်အမေ လာမယ်တဲ့၊ ကျွန်မဝတ်ဖို့လည်း ရွှေလက်ကောက် တစ်ရံနဲ့ ရွှေဆွဲကြိုးကလေးတစ်ကုံး ယူခဲ့မယ်လို့ ပြောသွားသေးတယ်"

"အေး . . အေး ဒီသူငယ်လေးကြည့်ရတာ ရိုးရိုးသားသားနဲ့ တော်ပုံရပါတယ်။ ငါတို့မှာလည်း အင်မတန်ဆင်းရဲနေတော့ ဒီသူဌေးသားတစ်ယောက် အမှီသဟဲရလိုက်ရင် တစ်သက်အေးမှာပဲသမီး စိတ်ကူးမလွဲနဲ့။ သူက များ ညည်းကိုမေတ္တာရှိပါတယ်လို့ပြောရင် လက်ခံလိုက်ကြားလား"

"အို . . အမေကလည်း သူက ဘာမှမပြောဘဲနဲ့ ရှက်စရာကြီး"

"ပြောပါလိမ့်မယ်အေ ငါလည်း ငယ်ရာကကြီးလာတဲ့ မိန်းမပါ။ ဒီသူငယ် တို့အိမ်လာလာနေတာ အဘိဓမ္မာတရားဟောမလို့ မဟုတ်ဘူးတော့။ ညည်းကိုကြိုက်ချင်လို့လာတာ။ အခုလာကာစမို့ ဘာမှမပြောပေ့တဲ့ တစ်နေ့ကျရင် ဒီစကားပြောမှာပဲ။ အဲဒီလိုပြောတဲ့အခါသာ ညည်းက ကေတိကာတိများမနေနဲ့ အမေသဘောတူရင် မငြင်းပါဘူး။ အမေ့ပြောပြီး တောင်းရမ်းယူပါလို့ပြော သူငယ်ကပိုက်ဆံပေါတဲ့သူဌေးသားတဲ့အေရဲ့ လူပုံကလေးလည်း မညံ့ပါဘူး။ ပိန်ပိန်ပါးပါး အသားညိုချောကလေးပါ။ သူလာမှဖြင့် မွှေးလိုက်တာ လည်းကြိုင်လို့ အဝတ်အစားကလည်း ပိုးတလဲ၊ ဖဲတလဲ၊ တရှဲရှဲမြည်တဲ့ အသစ်ကျပ်ချွတ်ချည်းပဲ။ အင်း . . သူဌေးသားကိုး အလဲလဲဝတ်နိုင်ပေမပေါ့"

ဟု ခေါင်းခါခါ လည်ခါခါ ပြောင်းဖူးဖက်ဆေးလိပ်တိုကို ခပ်နာနာ ဖွာရှိုက်ရင်း လက်ချာရိုက်၍နေလေ၏။

မယ်ချိုမှာလည်း ပိန်ပိန်ပါးပါး ညိုစိမ့်စိမ့်ချောသော သူဌေးသား မောင်ရွှေဖူးအား လာခဲ့မည်ပြောသွားသောစကားအရ ခဏ ခဏ မျှော်နေမိလေ၏။ ဝတ်ချင် စားချင်သော ငယ်ရွယ်သူတို့ ဓမ္မတာအတိုင်း တစ်သက်နှင့်

တစ်ကိုယ် ကိုင်ရုံမျှပင် မကြည့်ဖူးရှာသော ရွှေလက်ကောက်နှင့် ဆွဲကြိုးကလေးများကို ငါရတော့မယ်ဆိုသောစိတ်ဖြင့် တကြိတ်ကြိတ် ဝမ်းသာ၍နေရှာလေ၏။

“ကိုရွှေဖူးကလည်းနော် လာမယ်ပြောသွားပြီး လာခဲလိုက်တာ။ ဘယ်ဆီမှာ အလေလိုက်နေတာပါလိမ့်မလဲ ရွာထဲကအပျိုအိမ်တွေ လျှောက်ပိုးနေပြန်သလားမှမသိ။ အင်း . . သူဌေးသားဆိုတာ မျက်နှာများတတ်တာမျိုးပဲလေ။ ငါ့ကို ရိုးရိုးသားသားကြံတာမှ ဟုတ်ပါလေရဲ့လား တိတ်တိတ်ပုန်းအပျော်မယားအဖြစ်နဲ့ ထားမယ်လို့ ရည်ရွယ်ထားတယ်ထင်တယ်။ ဟယ် . . ဘယ်လိုပဲဖြစ်ဖြစ် ငါတို့မှာ အင်မတန်ဆင်းရဲတာ၊ ထမင်းတစ်လုပ်အေးအေးစားပြီး လက်ကောက်၊ ပုတီးတွေဝတ်ရဦးမှာ သူထားရာကနေလိုက်တာပေါ့။ ကုလားတရုတ်ယူရတာထက်၊ ကိုယ့်ဗမာအချင်းချင်း ယူရတာက မြတ်ပါသေးတယ်။ ကလေးတစ်ယောက်နဲ့ ပစ်သွားလည်း ကံတရားပေါ့။ ဇာတ်တူ အမျိုးတူချင်းက ပေါက်ဖွားတဲ့ကလေးမို့ အမျိုးမပျက်ရစ်တာပဲ ကျေးဇူးတင်ရဦးမယ်”

ဟု ခုနစ်စဉ်ပတ်တမ်း ခပ်ရမ်းရမ်းတွေးရင်း ရွှေဖူးအလာကိုသာ စိတ်အားထက်သန်စွာ မျှော်၍နေရှာလေ၏။

❖ ❖ ❖

ဒေါ်ဖွားအိလည်း သားမောင်ရွှေဖူးထံမှ သတင်းကောင်းကြားလို၍ စောင့်စားနေခဲ့ရာ ရွှေဖူးကား သုံးလေးရက်မြုပ်နေလေ၏။ သို့နှင့် တမျှော်မျှော်နေခဲ့ရာက နောက်တစ်နေ့ည အိပ်မက်တွင် ရွှေဖူးအားရဝမ်းသာ ပြေးတက်လာပြီး -

“အမေရေ . . နေရာကျပြီဗျို့၊ အပြည့်အစုံဝယ်ခြမ်းပြီး သွားတောင်းပေတော့။ ကျွန်တော့်အမေတို့ လာတောင်းပါလိမ့်မယ်လို့ ပြောထားခဲ့ပြီ။ ရွာကလူတွေ ဖိတ်ခေါ်ကျွေးမွေး မင်္ဂလာဆောင်ပြီး ကောင်မကလေးကိုခေါ်သာလာခဲ့ပေတော့။ နေ့ခင်းတော့ ကျွန်တော်မလာနိုင်ဘူး၊ သူတို့ကမေးလို့ရှိရင် အရေးကြီးတဲ့ကိစ္စကြောင့် မြို့ကိုကြွေးတောင်းခိုင်းလိုက်တယ်လို့ တော်အောင်ကြည့်ပြောပေတော့။ သူ့အမေကြီးလည်း ငွေတစ်ထောင်ပေးခဲ့ပါ။ အင်္ကျီလုံချည်တွေလည်းဝယ်သွားပါ။ ပွဲတွေ လမ်းတွေတော့ မခံပါနဲ့တော့။ ရွာကလူ

တွေသာ အကျွေးအမွေးကောင်းကောင်းနဲ့ ဧည့်ခံခဲ့ပါ။ ကျွန်တော်တို့နေစရာ လည်း အနောက်ဆောင်ထဲက အခန်းလွတ်တစ်ခုထဲမှာ အိပ်ရာခန်းနားအစုံ နဲ့ ပြင်ဆင်ပေးပါ -

- ဪ . . ဒါနဲ့ သူတို့အိမ်ကို အမေတို့မသိသေးဘူး။ သဲတောရွာ ထဲဝင်သွားရင် အနောက်ရွာတံခါးနားမှာ ထနောင်းပင်နဲ့ ရေအိုးစင်ကလေးနား က ယိုင်ရွဲ့နေတဲ့ တဲကလေးပဲ ဒေါ်လေးမယ်နဲ့ သမီးမယ်ချိုလို့မေးရင် ရပါတယ်။ သူတို့အိမ်ကို တိုက်ရိုက်သာဝင်သွားပါ။ အမေတို့လာလိမ့်မယ်လို့ ကျွန်တော် ပြောထားခဲ့တယ်"

ဟု ပြောသောကြောင့် ဒေါ်ဖွားအိလည်း နံနက်မိုးလင်းသောအခါ ဦးဖိုးထိုက်နှင့်တိုင်ပင်ပြီး လင်မယားနှစ်ယောက် ဝမ်းမြောက်ဝမ်းသာ ပြင်ဆင် ဝယ်ခြမ်း၍ နေကြလေသတည်း။

နောက်လေးငါးရက်ခန့်ရှိသောအခါ ဦးဖိုးထိုက်နှင့် ဒေါ်ဖွားအိတို့ လည်း အိမ်အနောက်ဘက် ခန်းကလေးတွင် လှည်းကျင်းသုတ်သင်လျက် အိပ်ရာခန်းနားပြင်ဆင်ထားခဲ့ပြီး စကားနှုတ်ထည့်ထားသော သားမောင်တူး၊ မောင်စူးနှင့်ချွေးမများပါခေါ်လျက် မင်္ဂလာဆောင်အတွက် ဝယ်ခြမ်းထားသော ပစ္စည်းများယူဆောင်၍ လှည်းသုံးစီးဖြင့် တပျော်တပါးကြီး မယားတောင်းထွက်ခဲ့ ကြလေ၏။ သို့နှင့် သဲတောရွာထဲသို့ လှည်းများဝင်မိပြီး ရွာသူကြီးအား ဒေါ်လေး မယ်နှင့် သမီးမချိုတို့ကို မေးမြန်း၍ ရွာကလူငယ်များလမ်းညွှန်သည့်အတိုင်း တဲကလေးသို့ရောက်လာကြရာ ချောမောလှပသော မယ်ချိုကလေးနှင့် အမယ် အိုကြီး ဒေါ်လေးမယ်တို့ကို တွေ့ကြရလေ၏။ ဒေါ်လေးမယ်လည်း တဲကထွက် ကာ ခရီးဦးကြိုပြုလျက်-

"ဪ- မြို့က သူဌေးမင်းဦးဖိုးထိုက်နဲ့ သူဌေးကတော်ကြီးဒေါ်ဒေါ် အိတို့ဆိုတာထင်ပါရဲ့ ကြွကြပါ- ကြွကြပါ၊ မောင်ဖူးက အမေတို့ အဖေတို့ လာလိမ့်မယ်ဆိုလို့ မျှော်နေဆဲပါပဲရှင်။ လာပါ၊ လာပါ၊ ဟဲ့- မယ်ချိုဖျာများခင်း ပါဟဲ့၊ ကျုပ်တို့ကဆင်းရဲတော့ ဧည့်ဝတ်ပြုရတာ အားနာနာပဲ သူဌေးမင်းနဲ့ သူဌေးကတော်တို့ရဲ့"

ဟု ဖော်ရွေစွာပြောလေရာ ဦးဖိုးထိုက်နှင့် ဒေါ်ဖွားအိတို့လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မိမိတို့အမည်များ အမယ်ကြီးသိထားသည်ကို ပြုံးမိကြလေ၏။ ထို့နောက် ဣန္ဒြေမပျက်ပင်-

"အို- ကိစ္စမရှိပါဘူး၊ မောင်ဖူးပြောလို့ ကျုပ်တို့သိပြီးပါပြီ ဒီလိုပေါ့ဗျာ၊ ဆင်းရဲတာ-ချမ်းသာတာ အရင်းမဟုတ်ပါဘူး၊ အားမနာပါနဲ့၊ ကျုပ်တို့ကလဲ ကိုယ့်သားမေတ္တာရှိတာကိုမှ ပေးစားချင်တာပါ။ သူငယ်မကလေးလဲ အတော်ရှာသားကပဲ၊ ကျုပ်သားနဲ့တော့ ရှေ့သွားနောက်လိုက်သိပ်ညီတာပေါ့၊ ဟော- ဒီကပါတဲ့ နှစ်ယောက်က မောင်ဖူးထက်အကြီးတွေ၊ ဟိုနှစ်ယောက်ကချွေးမများပဲ၊ ဒီကလေးတစ်ယောက်တည်း အိမ်ထောင်မကျသေးလို့ ကျုပ်တို့ကလဲ လိမ်လိမ်မာမာ ချွေးမကလေးတစ်ယောက်ရဖို့ မျှော်လင့်နေတာ၊ အတော်ပါပဲဗျာ"

ဟု ပြောသောအခါ အမယ်ကြီးသားအမိမှာ သူဌေးကြီးလင်မယားက သားနှင့်ပတ်သက်၍ မိမိတို့ကို အရေးတယူပြုသည်ကို များစွာ ဝမ်းမြောက်နေကြရာလေ၏။

"နို့- သူဌေးကတော်ကြီးသား မောင်ဖူးမပါသေးဘဲကိုး"

ဟု ပြန်ပြောသောအခါ-

"မောင်ဖူးလာပါလိမ့်မယ်ဗျာ၊ ငွေတစ်သောင်းကျော်လောက် အကြွေးရစရာရှိတာနဲ့ မန္တလေးကို အရေးတကြီးလွှတ်လိုက်ရတယ်ဗျ၊ ကိစ္စပြီးရင် အမီရောက်လာပါလိမ့်မယ်၊ တကယ်လို့ သူမရောက်သေးလဲ အရေးမကြီးပါဘူးဗျာ၊ ကျုပ်တို့ အပြည့်အစုံ ဝယ်ခြမ်းလာပါတယ်၊ ကျုပ်တို့မိဘများကိုယ်တိုင်တောင်းလို့ ရွာထဲကလူတွေဧည့်ခံပြီး သမီးကိုခေါ်သွားရမပေါ့-

ဟော- ဒီငွေတစ်ထောင်၊ မောင်ဖူးက မလေးမယ်ကို ကန်တော့လိုက်တာဗျ၊ ဟော- ဒီလက်ဝတ် လက်စားများကတော့ ကျုပ်သမီးမယ်ချိုအတွက် ကျုပ်တို့ကလက်ဖွဲ့တာ၊ မင်္ဂလာဆောင်မယ့်ရက်က သန်ဘက်ခါနေ့ကောင်းတယ်၊ ဒီတော့- မနက်ဖြန် တစ်ရွာလုံးဖိတ်ပြီး သန်ဘက်ခါကိစ္စပြီး တောင်းချင်

တယ်ဗျာ၊ ကျွေးဖို့မွေးဖို့တွေလဲ အပြည့်အစုံဝယ်လာတယ်။ သမီးမယ်ချို အတွက် ဝယ်လာတဲ့အဝတ်လဲ ပါသေးတယ်။

ဟဲ့- လှည်းသမားမောင်ပေါ်ရေ၊ လှည်းပေါ်ကကျွန်းသေတ္တာကြီးယူ ခဲ့ပါဟေ့ ”

ဟုပြောကာ သေတ္တာတွင်းမှ ပိုးဖဲကတ္တီပါစသော အဝတ်အထည်များ ကိုထုတ်ယူပြီး ဒေါ်ဖွားအိကိုယ်တိုင် မယ်ချိုကိုဝတ်ဆင်ကြည့်စေလေရာ၊ ဆင်း ရဲရှာသောသားအမိမှာ သိန်းထီပေါက်သလို ဝမ်းမြောက်နေရှာသောကြောင့် မောင်ရွှေဖူးမပါတာ ပါတာကိုပင် ဂရုမစိုက်နိုင်ဘဲ ဦးဖိုးထိုက်နှင့် ဒေါ်ဖွားအိ တို့၏ ရေပက်မဝင်နိုင်သော စကားလုံးထဲတွင် ဝမ်းမြောက်ခြင်းကြီးစွာနှင့် နစ်မြောနေရှာကြလေ၏။

နောက်တစ်နေ့တွင် ဒေါ်လေးမယ်နှင့် သူဌေးကြီးလင်မယား၏ဖိတ် ကြားချက်အရ တစ်ရွာလုံး ကြွက်စီ ကြွက်စီဖြစ်နေကြ၏။ သံဒယ်အိုးများနှင့် ဒူးခေါင်းလောက်ဝက်သားတုံးကြီးတွေ နှပ်နေကြသည်မှာ တစ်ရွာလုံး၏ နှာခေါင်းတွင်းသို့ မွှေးကြိုင်သင်းပျံ့သောရနံ့နှင့် နှုတ်ဆက်နေကြပြီဖြစ်၍ လျှာရည်တသွက်သွက်ကျကြကာ နက်ဖြန်ခါ အဝနှံကြတော့မည် တခဲခဲရှိ ကြလေ၏။

“မယ်ချိုတစ်ယောက်ဖြင့် သိပ်ကံကောင်းသွားတာပဲဟေ့၊ သူဌေးချွေး မဖြစ်သွားပြီ၊ လက်ဝတ်လက်စားတွေလဲ ညွတ်ညွတ်ကျိုးအောင်တင်သတဲ့ ဒေါ်လေးမယ်အတွက် ငွေဒင်္ဂါးတစ်ထောင်တောင်မှ ကန်တော့သတဲ့ အမယ် ကြီးတော်- သမီးမွေးရကျိုးနပ်ပါပေ့”

ဟူသောစကားများဖြင့် မင်္ဂလာဆောင်သတို့သား ဘယ်သူလဲဟု ကြည့်ရှုရန်ကိုပင် မေ့၍နေကြလေ၏။

နောက်တစ်နေ့ သူကြီးအိမ်ကအစ ရွာဝက အောင်နက်၊ ဂုတ်ကျား၊ မြီးတိုမတို့ပါမကျန် ဝိုင်း၍နှံလိုက်ကြသည်မှာ ဆန်အတင်းနှစ်ဆယ်ချက်နှင့် ဝက်ခွက်တစ်ရာကျော် တက်တက်ပြောင်လေ၏။ လက်ဖက်ရည်အကြမ်းနှင့်

ဖရုံယို၊ သကြားဆူးပေါက်၊ မလိုင်၊ ကရေကရာစသော အချိုပွဲများမှာလည်း တောင်းထဲတွင် ပုရွက်ဆိတ်မြည်းစရာပင်မကျန်တော့ပြီ၊ နေ့ခင်းက အဆီအဝ စားထားကြသောအရှိန်နှင့် ညဦးစောစောကပင် တစ်ရွာလုံးတိတ်တိတ် ဆိတ်ဆိတ်ဖြစ်၍ ဝက်ဆီရစ်ကာ အိပ်ကြလေ၏။ ရွှေဖူးလည်းညဥ့်နက်မှ ရောက်လာပြီး ဇနီးသည် မယ်ချုံနှင့် အဘယ်ပုံဖြစ်ကြသည်မသိ အခန်း ကလေးတွင် တခိခိရယ်မောနေ ကြသံများကိုကြားရပြီး နံနက်လင်းအားကြီးမှ-

"မြို့ကိုပြန်နှင့်မယ်၊ မင်းတို့နေ့ခင်းလောက်လိုက်ခဲ့ကြပေတော့"

ဟု ပြော၍ထွက်သွားရကား အတိုင်အဖေါက်ညီစေခြင်းငှာ နံနက်စာ စားပြီးမယ်ချုံကိုခေါ်၍ တပျော်တပါးကြီးပြန်လာကြလေရာ တစ်ယောက်တည်း ကျန်ရစ်ရှာသော ဒေါ်လေးမယ်မှာ ဝမ်းသာဝမ်းနည်းနှင့် ငွေထုပ်ကြီး စားပြတိုက် မည်စိုး၍ သူကြီးကိုပေတိုးအိမ် သွားအပ်ထားကာ အသုံးလိုမှသွားယူ သုံးစွဲရှာ လေ၏။

မယ်ချုံလည်း ယောက္ခမကြီးများအိမ်သို့ရောက်သောအခါ ကျယ်ဝန်း သောပျဉ်ထောင်အိမ်ကြီးတွင် အစစအရာရာပြည့်စုံ ပျော်ရွှင်စွာနေထိုင်ရပြီး ယောက္ခမကြီးများကလည်း အခြားချွေးမများထက် အသနားဖက်ကာ ကြင်နာ ယုယနေကြ၍ မိမိလင်ရက်ကောင်းလေစွဟု ကြိတ်ကာဝမ်းသာနေမိရှာလေ၏။

လင်စုံမယားတွေတပျော်တပါးကြီး သိုက်သိုက် ဝန်းဝန်းနေထိုင်ကြရ ၍ အပျော်ကြီးပျော်လျက်ရှိကြရာမှ မယ်ချုံမှာ အခြားသောလင်မယားများကဲ့သို့ နေ့ခင်းနေ့လယ်တွင် လင်ဖြစ်သူရွှေဖူးကို တစ်ကြိမ်တစ်ခါမျှမမြင်ရရှာဘဲ ညဥ့်နက် အိပ်ရာဝင်မှသာ ပေါ်ပေါ်လာတတ်ပြီး နံနက်တွင်လည်း မယ်ချုံမနိုးမီ ထသွားလေ့ရှိသောကြောင့် ချစ်ခင်စလင်မယားတို့ဓမ္မတာ မကျေနပ်ရှာသော မယ်ချုံကပင်-

"ကိုဖူး- ရှင်ဘယ်သွားသွားနေတာလဲ၊ နေ့ခင်းနေ့လယ်များလဲ တစ်ခါမှ အိပ်မနေဘူး၊ ညဆိုရင်လဲညဥ့်နက်မှပြန်တယ်။ နံနက်လဲရှင်"

ဟုမေးစပြုလာသောအခါ-

"ကျုပ်ကသိပ်အလုပ်များတယ်- မယ်ချုံရဲ့"ဟု ဖြီးစပ်စပ်ပြော၍-

"ရှင့်မှာ ဘာအလုပ်တွေများရတာလဲ၊ သားသုံးယောက်ရှိတဲ့အထဲက အစ်ကိုနှစ်ယောက်က အေးအေးနေကြရပြီး ရှင်တစ်ယောက်တည်းမှာ ဘာအလုပ်တွေများတာလဲ"

ဟု ဆင်ခြေတက်သော်လည်း အဖြေရခက်သောရွှေဖူးမှာ တောင်ဟာမြောက်ဟာအကြောင်းရှာ၍ ညာဝါးနေခဲ့သည့်တိုင်အောင် မယ်ချုံမှာ တစ်နေ့ထက်တစ်နေ့ မယုံသင်္ကာဖြစ်လာပြီး နောက်ဆုံးတွင် ယောက္ခမကြီး ဒေါ်ဖွားအိကို မရမကမေးနေလေတော့၏။

ဒေါ်ဖွားအိလည်း မယ်ချုံမှာမင်္ဂလာဆောင်ပြီး ရွှေဖူးနှင့် ပေါင်းသင်းနေလာသည်လည်း ခြောက်လလောက်ရှိပြီဖြစ်သောကြောင့် မထူးပြီဟူသောသဘောရကာ ရွှေဖူး၏ဖြစ်တော်ရာဇဝင်ကို ခင်းကျင်းပြီးမှ သေတ္တာတွင်းက လူခြောက်မင်းသားချောလေးကို ပြသည်တွင်မှ မယ်ချုံလည်းအကြောင်းမျိုးစုံသိရရှာပြီး ရင်ထဲတွင်ဟာတာတာကြီးဖြစ်လျက် တစ်ချက် တစ်ချက်ကြောက်သလို ဖြစ်မိသော်လည်း ထားခဲ့သည့်မေတ္တာစာတ်ခံမှာ အချည်းအနှီးမဖြစ်ဘဲ သံယော ဇဉ်နှောင်ကြိုးကလေးတည်းထားကာ အစစကောင်းရှာသော ရွှေဖူးအားလည်း သနားမိလျက် ဒေါ်ဖွားအိကလည်း သနားဖွယ်ကောင်းသော မိမိသားအား စိမ်းကားရက်စက် အချစ်မပျက်စေရန် အတန်တန်တောင်းပန်ပြီးလျှင် မယ်ချုံအား သမီးရင်းတမျှချစ်လျက် အခြားချွေးမများထက် ပိုမိုမြှောက်စားထားခြင်းကြောင့်တစ်ကြောင်း ဆင်းရဲစုတ်ချာသောဘဝမှ သူဌေးမကလေးတစ်ယောက်ဖြစ်နေရသောဘဝကို ခင်တွယ်ရင်းနှီးသည်တစ်ဌာနကြောင့်ဖြစ်ရာဘဝတွင် စိတ်နှလုံးဒုံးဒုံးချ၍ပျော်လိုက်ရရှာလေတော့သတည်း။

"အဲဒါဘာခေါ်သလဲဆရာရဲ့ သရဲလား၊ ပြိတ္တာလား၊ လူလဲမဟုတ်၊ သရဲလဲမဟုတ်၊ ဘယ်လိုခေါ်သလဲ"

ဟု လူခြောက်ကလေးရွှေဖူးအကြောင်းကို အစအဆုံးသိရှိခဲ့ရသော ဦးထွန်းဖြူက အဖြစ်အပျက်များကို ကျကျနနပြောပြီးသည်၏အဆုံးတွင် မရှင်း

မလင်းသောအချက်များ စောဒကတက်နေရာ ကျွန်တော်မှာ လူခြောက်ကလေး မွေးဖူးသူများအကြောင်းကို မကြာခဏကြားရသော်လည်း အမှတ်မဲ့သာလျှင်နေမိခဲ့ရာမှ ဦးထွန်းဖြူမေးမှပင် အဖြေကိုစဉ်းစားရလေ၏။

- ရှင်းရှင်းပြောရရင် မိခင်ပဋိသန္ဓေတည်စဉ်က ရိုးရိုးလူတန်းစေ့တဲ့ သားသမီးသန္ဓေတည်တာပဲ နေ့လစေ့ခါနီးမှာ လူ့ပြည်ကို ရောက်လာရာမှ မိဘများက လူခြောက်သေကလေးပဲဆိုပြီး အရေး မယူစွန့်ပစ်လိုက်တဲ့အတွက် လူ့ပြည်မှာ ဆက်မနေရမှာစိုးလို့ မိဘများကို အိပ်မက်နှင့် စကားပြောပြောပြီး ရွှေငွေစတဲ့ ပစ္စည်းကလေးများနဲ့ လက်ဆောင် ထိုးပေါင်းရရှာတယ်။ ဒါကြောင့် လူခြောက်ကလေးမွေးရင် စီးပွားဖြစ်တယ်လို့ အစဉ်အလာပြောကြတာပါပဲ ခင်ဗျာ"

ဟု ပြောမှ ဦးထွန်းဖြူလည်း အနည်းငယ်စဉ်းစားနေရာမှ သဘောကျလာဟန်အလား ခေါင်းကြီးတဆတ်ဆတ်ညိတ်ရင်း-

"အင်း- ဆရာလေးပြောသလို ဟုတ်မှာပဲ၊ ကျုပ်လဲ အစက မစဉ်းစားတတ်အောင်ဖြစ်ခဲ့မိတာကလား"

ဟု အားရကျေနပ်စွာပြောပြီး အနီးကလက်ဖက်ရည်ကြမ်းခရားကိုငှဲ၍သောက်လျက်ရှိလေသတည်း။

ဖ ဖ ဖ

## ကဝေ့ငိုကာ

### (၁၉၇၉-ခု၊ ဇွန်လတွင် ရေးသားခဲ့ပါသည်။)

"ဦးကြီးတို့ နယ်တစ်ဝိုက်မှာဖြင့် ဆရာလေးတို့ ဂုဏ်သတင်းက အင်မတန်မွှေးနေတာပဲ၊ စကားဝိုင်းကောင်းကောင်းဖြစ်လို့ ဝင်နားထောင်လိုက်ရင် အများအားဖြင့် ဆရာလေးတို့အကြောင်း လိုလိုချည်း ပြောနေကြတာတွေ့ရတယ်"

"ဒီတော့- ဦးကြီးလဲ ဒီလိုထူးခြားတဲ့ ဆရာသမားဆိုတာ တွေ့ကောင်းသလေဆိုပြီး ဆရာလေးတို့ရဲ့ ဆရာကြီးကို လာကန်တော့တဲ့အခါ ကြားရတာထက်တောင် ပိုပြီးကြည်ညိုလာခဲ့တယ်။ ဒါကြောင့်လဲ ရောက်ခဲရောက်လွယ်ဆိုတာလို ဆရာကြီးကျုပ်တို့ရှမ်းပြည်နယ်ထဲလာတဲ့အခိုက်မှာ နီးနီးကပ်အားရအောင် နေလိုက်ဦးမဟဲ့လို့ ဦးကြီးတို့မြို့ကို မပြန်နိုင်သေးဘဲ ရှိနေတာပဲဆရာလေးရဲ့"

ဟု နန်းခမ်းမှ ရောက်လာသော ဦးစောဟုန်ခေါ် ဘုရားဒကာကြီး၏ ပြောစကားကို နားထောင်ရင်းက ကျွန်တော်အား လွန်ခဲ့သည့်နေ့က ဦးစောဟုန် ပြောမည်ဟု ကတိခံထားခဲ့သော တွေကြုံဖြစ်ပျက်ခဲ့ရသည့်အကြောင်းများကို သွား၍သတိရမိသောကြောင့်-

"ဒါတွေထားပါဦး ဦးကြီးရယ် မနေ့က ဦးကြီးကျွန်တော့်ကိုပြောမယ် ဆိုတဲ့ အကြောင်းကလေးကို"

ဟု စကားမဆုံးသေးမီ ဦးစောဟုန်သည် ယခုမှသတိရသကဲ့သို့-

"အို- ဟုတ်ပ၊ ဦးကြီးမေ့နေတယ်၊ ဆရာလေးသတိပေးမှပဲ အမှတ် ရတော့တာပဲ၊ ဩော်- အသက်ကြီးမှဖြင့် ဘာမှမကောင်းတော့ပါဘူးလေ။ ဇရာ ဖမ်းလို့ လေဖျန်းလာတဲ့အချိန်ရောက်တော့ သတိတွေလဲ ချို့ယွင်းဖောက်ပြား ကုန်တော့တာပဲနော်"

ဟု ညည်းညည်းညူညူ ဖြစ်လေရာမှ သူပြောရမည့်စကားကို အစရှာ၍ နေဟန်ဖြင့် အတန်ငယ် ငေးမောစဉ်းစားနေလေ၏။

ကျွန်တော်ကား ကျေးရူးရှင်ဆရာကြီးနောက်ပါးတွင်လိုက်နေရင်း ကိုယ်တိုင်မျက်မြင်အဖြစ်အပျက်များကိုလည်းကောင်း၊ တခြားမှကြားသိရသော ထူးဆန်းသည့်အဖြစ်အပျက်အကြောင်းအရာတို့ကိုလည်းကောင်း၊ အထက်လမ်း၊ အောက်လမ်းပညာနှင့် စုန်းကဝေ၊ တစ္ဆေ၊ သရဲစသော နာနာဘာဝတို့နှင့် ဆက်စပ်လာသောကိစ္စများကို ကျွန်တော်၏မှတ်တမ်းတွင် အမြဲထည့်သို စုဆောင်းလာခဲ့သည့်ထုံးစံအတိုင်း ဦးစောဟုန်ပြောသည့်အကြောင်းအရာများ ကိုမှတ်သား၍ ပြင်ဆင်လျက်ရှိသည်ဖြစ်ရာ-

"ဩော်-ဆရာလေး မှတ်တမ်းထဲ ထည့်ထားမလို့လား အင်းကောင်းပ ကောင်းပ၊ ဒါမှလဲ နောက်လူများသိကြမယ်၊ ဦးကြီးတစ်သက်မတွေ့ဖူးတာ မကြားဖူးတာတွေပဲဆရာလေးရဲ့၊ ကဲ-ကဲ- မှတ်ပေတော့၊ ဦးကြီးပြောပြတော့ မယ်နော်"

"ဟုတ်ကဲ့ခင်ဗျာ-အမိန့်ရှိပါတော့"

"ဒီလို-ဒီလို ဆရာလေးရဲ့၊ ဦးကြီးတို့ဟာ ရှမ်းပြည်နယ်တောင်ပေါ်သား စစ်တွေဖြစ်သော်လဲ အရောင်းအဝယ်ကိစ္စတွေနှင့် ပတ်သက်ပြီး ဦးကြီးတို့ရဲ့မိဘဘိုးဘွားအစဉ်အဆက်က အောက်ပြည်အောက်ရွာကို အခေါက်ခေါက်အခါခါဆိုသလို အရောင်းအဝယ်ကိစ္စနဲ့ပတ်သက်ပြီး မရောက်တဲ့မြို့ရွာမရှိသလောက် ကူးသန်းသွားလာနေကြတော့ ဦးကြီးတို့ဟာ ရှမ်းသာဆိုတယ် မြန်မာဖြစ်မှန်းမသိဖြစ်နေကြတာပဲ၊ ဦးကြီးနဲ့တကွ ဦးကြီးရဲ့မိဘဘိုးဘွားတွေဟာ ခုကာလစကားနဲ့ပြောရမယ်ဆိုရင် ရင်ပေါင်တန်း ပခုံးချင်းယှဉ်နိုင်အောင် အစစအရာရာ လူဝါးဝ- လူရေလည်ပြီး ပါးပါးနပ်နပ် ဖျပ်ဖျပ်လတ်လတ်ရှိကြတယ်။ ဒါနဲ့- ဦးကြီးလူပျိုအရွယ်က ဦးကြီးရဲ့အဖေနဲ့အဘူအရောင်းအဝယ်ကိစ္စနဲ့ ညောင်ရမ်းမြို့အထိဆင်းလာ ကြတယ်။

အဲဒီအခါက ဦးကြီးတို့မြန်မာပြည်ကို ကုလားဖြူ ကုလားနီတွေလဲမရသေးဘူး။ ရှေးခေတ်ဆိုတော့ ခုလိုမီးရထားလမ်းတွေ ဘာတွေလဲမရှိသေးတော့ ကုန်းကြောင်းလာခဲ့ရတာပေါ့လေ၊ ဒါပေတဲ့ တစ်ခေါက်ဦးကြီးတို့သားအဖ ချလာတဲ့ကုန်တွေက မြင်းတွေကိုး။ ရှမ်းပြည်နယ်မှာ မြင်းတစ်ကောင်အကောင်းဆုံးမှ ငါးကျပ် တစ်ဆယ်နဲ့ဝယ်ပြီး မြင်းအုပ်ကြီးကို မြစ်သား-ကျောက်ဆည် စတဲ့တောင်ဘက် ကိုးခရိုင်လှည့်ရောင်းရင်းက ညောင်ရမ်းဆိုတော့လဲ တစ်ဆက်တည်းလိုနေတာနဲ့ ကျန်တဲ့မြင်းတွေကုန်သွားအောင် လှည့်ရောင်းနေရတယ်။

ဒီလိုနဲ့ ညောင်ရမ်းမြို့ပေါ်ရောက်တော့ ကျန်သေးကဲ့မြင်းကလေးအကောင်နှစ်ဆယ်ကျော်လောက်ကုန်သွားလို့ စုစုရရဒီတစ်ခေါက်ချလာတဲ့မြင်းကုန်က အမြတ်ရောအရင်းရော ငွေသားနှစ်ထောင်ကျော်လောက် လက်ထဲမှာရှိတော့ ဦးကြီးအဖေကလဲ ငွေသားကိုပိုက်သွားရတာထက် မန္တလေးအထိပြန်တက်ပြီး ရှမ်းပြည်နယ်မှာရောင်းချဖို့ စားကုန်သောက်ကုန်အချို့နဲ့ အဝတ်အထည်ကလေးများ ဝယ်သွားမယ်လို့ကြံနေတုန်း အဖေနဲ့ညီအစ်ကိုဝမ်းကွဲတော်တဲ့ ဘိုးနန်းကြာကမွေးတဲ့သား စောနောင်နဲ့သွားတွေ့တာကိုး ဆရာလေးရဲ့။

အဲဒီတော့ စောနောင်ဆိုတာ ဦးကြီးနဲ့ဆိုလဲ ညီအစ်ကိုဝမ်းကွဲပေါ့လေ၊ ဒါပေမယ့်သူက အရပ်အမောင်းကလဲကောင်း လူပုံကလဲချော သျှောင်တစောင်း

ကြီးနဲ့အသားဖြူဖြူ နဖူးကားကားကြီးနဲ့ဆိုတော့ ပွဲထဲကမင်းသားလတ်ကြီးများလို အတော်ကြည့်ကောင်းတယ်။

ခန့်လဲခန့် ချောလဲချော အပြောကလဲကောင်း၊ သတ္တိကလဲရှိ ပညာအရည်အချင်းနဲ့လဲပြည့်စုံ၊ ဘာပညာလဲဆိုတော့ ပယောဂပညာဆရာလေးရဲ့၊ စုန်းကဝေမှန်သမျှ သူတွေ့ခဲ့ရသလောက်တော့ သူ့ခြေဖဝါးအောက်ရောက်ခဲ့တာချည်းပဲ၊ ရှမ်းပြည်နယ်မှာနေတုန်းကထဲက သူ့အစွမ်းအစကိုယုံကြည်တာနဲ့ အောက်ပြည်အောက်ရွာကို ဆေးဝါးကုသဖို့ဆင်းသွားတာ-

-ဒီရောက်တော့ သူထင်သလောက်ထက်ပိုပြီး နေရာကျလာသတဲ့၊ လူပုံကချောချော လှလှပပဆိုတော့ ပျိုပျိုရွယ်ရွယ် ကဝေမလေးတွေမှန်သမျှ သူ့ကိုတစ်ဖက်သတ် အရူးအမူးချစ်ခင်ကြတာနဲ့ စုန်းတို့ရဲ့ မျက်မာန်ကို လျှော့လျှော့ပြီး အပြောခံကြတာလဲ မနည်းဘူးတဲ့-

-သူကလဲပယောဂဆရာသာဆိုပေတဲ့ အောက်လမ်းပညာလဲ လက်ကိုင်နဲ့ဟာဆိုတော့ စုန်းမတွေ၊ ကဝေမတွေ ဇော်ဂနီမတွေနဲ့လဲ ရောနိုင်သကိုး။

စုန်းမတွေ၊ ကဝေမတွေရဲ့အကျင့်ဟာလဲ သူတို့အရပ်ကို ပညာသည်တစ်ဦးလာတယ်ဆိုရင် ဝိုင်းပညာစမ်း၊ ပညာပြိုင်၊ လူကများတော့ တစ်ယောက်မနိုင်တစ်ယောက်နိုင်ပြီး လာသမျှတွေပြေးရအောင် လုပ်လွှတ်လိုက်တာပဲတဲ့။

ဒါနဲ့ စောနောင်ကလဲ အနယ်နယ်လှည့်အလာမှာ "ဝင်းပဒေါ" ဆိုတဲ့ရွာကြီး တစ်ရွာရှိတယ်။

အဲဒီရွာဟာ စုန်းတွေကဝေတွေပေါလွန်းလို့ အင်မတန်နာမည်ကြီးတာနဲ့ ဘယ်ဆရာမှမကပ်ဝံ့ဘူးဆိုကိုး၊ ဒီသတင်းစောနောင်ကကြားတော့ အဲဒီလိုလူပြောများတဲ့ စုန်းရွာ၊ ကဝေရွာမျိုးကိုသွားရမှာ ပျော်တယ်ဆိုပြီး "ဝင်းပဒေါ" ကိုသွားသတဲ့။

စောနောင်ဟာ သူ့သတ္တိလဲသူယုံတယ်။ စုန်းမတွေ၊ ကဝေမတွေအပေါ် သူ့ကိုမျက်နှာမြင်ချစ်ခင်ပါစေ၊ အသံကြားသနားပါစေဆိုတဲ့ ဆုတောင်းပြည့်နေတယ်ဆိုတာလဲ အတပ်သိနေတော့ သွားဖို့ရာဝန်မလေးဘူးတဲ့။

ဟိုရောက်တော့လဲ သူထင်တဲ့အတိုင်း ဝင်းပဒေါမှာရှိသ မျှ အရွယ်ကောင်းစုန်းမ၊ ကဝေမတွေဟာ သူ့ကိုဝိုင်းပြီး မေတ္တာရှိကြတာပဲ။ ခပ်ရွယ်ရွယ်စုန်း၊ ကဝေ မလေးတွေက သူ့ကိုချစ်နေတော့ ခပ်ကြီးကြီးစုန်းမ၊ ကဝေမကြီးတွေဟာလဲ အငယ်တွေရဲ့ မျက်နှာထောက်ထားပြီး သူ့ကို "ကာဗာ" ပေးထားကြရသတဲ့၊ အဲဒီလိုနဲ့ ဝင်းပဒေါမှာ စောနောင်နဲ့ စုန်းမပျို၊ ကဝေမပျို တွေ အလွမ်းသင့်ချင် တိုင်းသင့်နေကြရာက အဲဒီကဝေမအထဲမှာ ချစ်စရာအကောင်းဆုံး၊ အချောဆုံး၊ အလှဆုံး၊ မင်းနွဲ့ဆိုတဲ့ကဝေမလေးကို စောနောင်က အတော်ချစ် ခင်စွဲလမ်း မိသတဲ့၊ မင်းနွဲ့ကလဲ ရွာမှာရှိတဲ့ ကဝေပညာသည်လူပျို လူရွယ်ထဲက ဘယ်သူ့ အပေါ်မှအရေးမပေးဘဲ ဂုဏ်မောက်ခဲ့သလောက် စောနောင်ကို အရေး ပေးမြှောက်စားပြီး အလွန်အမင်းကြီး ချစ်ခင်စွဲလမ်းနေရှာသတဲ့။

အဲဒီလို တစ်ယောက်နဲ့တစ်ယောက် အတိုင်အဖောက်အချစ် ရက်ကန်းရက်နေကြတာကို မောင်လူယောင်ဆိုတဲ့ ကဝေပညာသည်ပေါက်စ တစ်ယောက်က မမင်းနွဲ့ကိုအသေအလဲ ကြိုးပမ်းကြံစည်နေသူဖြစ်လေတော့ ရှေးဦးမဆွကတဲက ခြေကန်ပြီးပိုးပမ်းလာရပါလျက် မင်းနွဲ့ဟာသူ့ကိုမချစ်ဘဲ ရွာလွန်ရွက်တိုက်တဲ့သဘောနဲ့ စောနောင်ကို မေတ္တာမျှသွားရပါမည်လားဆိုပြီး အငြိုးကြီး ငြိုးတော့တာပဲကိုဆိုပဲ- ဆရာလေးရဲ့။

အဲဒါနဲ့ "လူယောင်" ဟာ မင်းနွဲ့ကိုတစ်ဖက်သတ်စွဲပြီး စောနောင်ကို သတ်ပစ်ချင်လောက်အောင်မုန်းနေတော့ သူ့ပညာစွမ်းနဲ့လုပ်ပစ်ရမှာကလဲ စောနောင်မှာ ပညာကံ့မခေတဲ့ပြင် လူယောင်မှာသူ့ပညာကလဲ နုသေးတော့မ ပြိုင်ရဲ၊ သူ့ပညာကဝါရင့်တယ်ထားဦး၊ တစ်ရွာလုံးရှိသမျှကဝေပျိုကတွေက စောနောင်ရဲ့ဘက်ကနေပြီး အတိုက်အခံလုပ်မှာမြင်တော့ မပြိုင်ဝံ့ မဆိုင်ဝံ့နဲ့ တရွံ့ရွံ့ဖြစ်ပြီး အောင့်သက်သက်ကြီးနဲ့ ကြိတ်ခံနေရတယ်။ ဘယ်လိုမှမကြံ သာတဲ့အဆုံးတော့ မင်းနွဲ့ကိုသွားသွားပြီး အသနားခံတာပေါ့လေ။

"မင်းနွဲ့ရယ် တစ်ရပ်သားကိုမယုံပါနဲ့၊ ချစ်ခြင်းချစ်ရင် ကိုလူယောင် ကို ချစ်ပါ။ ကိုလူယောင်ဟာ မမင်းနွဲ့ကို ငယ်ငယ်ကလေးကတဲက အသည်းစွဲ

အောင် ချစ်လာရတဲ့သူပါ။ မချစ်နိုင်တောင် သနားဖို့တော့ ကောင်းပါသေးတယ်။ ဘာရယ် ညာရယ်ပေါ့လေ။ တစာစာနဲ့ ကြောင်နာအမဲခြောက်တောင်းသလို အခါအခွင့်ရတိုင်း မကြာမကြာသွားပြီး အသနားခံ ခံနေသတဲ့။ မင်းနွဲ့ကလဲ စောနောင်နဲ့မေတ္တာမျှပြီးပြီ။ ဒီတော့ နောက်ကို ဒီစကားမျိုး လာမပြောပါနဲ့လို့ ပြောတိုင်း ပြောတိုင်းပဲ အဲဒီအဖြေကိုဖြေလွှတ်လိုက်ဘယ်။ လူယောင်ကလဲ မင်းနွဲ့ ဘယ်ငိုပဲငြင်းငြင်း တစ်နေ့တစ်လံပုဂံဘယ်ပြေးမလဲဆိုတဲ့ ပုံစံမျိုးအားကိုးပြီး တစ်နေ့မသနားရင် တစ်နေ့သနားရဲ့ဆိုတဲ့ဗွဲနဲ့ လစ်သမျှအချိန်တိုင်း မင်းနွဲ့နောက်ကို ဇာကောက်ကောက်လိုက်ပြီး ပြောတာပဲတဲ့။

မင်းနွဲ့လုပ်ရမဲ့အလုပ်မှန်သမျှလဲ သူကချည်းခေါင်းခံပြီးလုပ်ပေးတယ်။ မင်းနွဲ့တို့အိမ်မှာ ရေခပ်စရာရှိလဲသူပဲ၊ ထင်းခွဲစရာရှိလဲသူပဲ၊ နွားကျွေးစရာရှိလဲသူပဲ၊ ပြောင်းရိုးစင်းစရာရှိလဲသူပဲ။

အို - ယုတ်စွအဆုံး- ဆရာလေးနှယ်၊ မောင်းထောင်းဆန်ဖွပ်ဆိုတဲ့ မိန်းမအလုပ်တွေထဲမှာတောင် သူတာဝန်ယူပြီးလုပ်ရှာတယ်။ ဒီတော့ မင်းနွဲ့နဲ့ လူယောင်ဟာ ကူရင်း၊ ညီရင်း၊ လုပ်ရင်း၊ ကိုင်ရင်း၊ ပူးတွဲ ပူးတွဲဖြစ်နေလေတော့ အချို့လူတွေက အထင်လွဲ အထင်မှား ဖြစ်လာကုန်ရောတဲ့။ ဒီအထဲမှာ မင်းနွဲ့ကိုစောနောင်ပိုပြီး ချစ်နေတာ မနာလိုတဲ့ကဝေမတွေကလဲ လဲခါနီးဖိတွန်းဆိုတာလို စောနောင်ကို မင်းနွဲ့ဟာလူယောင်နဲ့ ဘာလိုလိုဖြစ်နေတဲ့အကြောင်း ဝိုင်းပြီးကုန်းချောကြရော။

စောနောင်ကလဲ မင်းနွဲ့ကို အတော်ကလေးချစ်နေတော့ ဆံတစ်ပင်တင်းလာသပေါ့လေ။ သူများတွေပြောတာလောက်နဲ့မယုံလို့ သူကိုယ်တိုင်စောင်းပါးရိပ်ခြေ အကဲခတ်လေတော့လဲ မင်းနွဲ့ဟာလူယောင်နဲ့ တွဲတွဲ တွဲတွဲဖြစ်နေတာမြင်ရတော့ မသင်္ကာတဲ့စိတ်တွေပေါ်လာရောတဲ့။ သူ့စိတ်ထဲလဲ မင်းနွဲ့ကိုအတော်ချစ်ခင်နေလေတော့ မခံချိမခံသာသိပ်ဖြစ်နေတာပဲတဲ့-

ဒါနဲ့ နောက်ဆုံးတော့ မင်းနွဲ့ကို လူယောင်နဲ့ကြိုက်နေကြသလားလို့ ပြောင်ဖွင့်မေးရာ ဒီတော့မင်းနွဲ့မှာလဲ စောနောင်အထင်မှားတာမခံနိုင်တဲ့အတွက် လူယောင်လိုက်ကပ်နေတဲ့အကြောင်း ဖွင့်ပြောလေရာ-

-ဒီတော့စောနောင်က နောက်ကိုလူယောင်နဲ့နီးနီးကပ်ကပ်နေတာ မကြည့်ချင်ဘူး။ မင်းသူ့ကိုမေတ္တာမရှိရိုးမှန်ရင် အနားကပ်မခံဘဲ စကားပြတ်အောင်ပြောလိုက်ပါ-

မပြောဘဲရိသဲ့သဲ့လုပ်ထားလို့ ဟိုလူကရနိုးနိုးမျှော်လင့်ပြီး ပွတ်သီးပွတ်သပ်လိုက်လုပ်နေတာပေါ့၊ ဘာပေါ့နဲ့၊ ခပ်ထန်ထန်လေးပြောလိုက်ရင်ပဲ မင်းနွဲ့မှာစောနောင်စိတ်ကွက်ပြီး အချစ်ပျက်မှာမခံနိုင်တာနဲ့ နောက်တစ်နေ့ လူယောင်ကိုအပြတ်ပြောလိုက်တယ်၊ ဒါပေတဲ့ လူယောင်က ဒီလိုအပြတ်ပြောခံရပေါင်းများတော့ ထူးမခြားနားဆိုတာက်၊ ကပ်မြဲကပ်နေပြန်တာနဲ့ မင်းနွဲ့မှာနောက်ဆုံး ကြံရာမရတော့တဲ့အတွက် လူယောင်ကို ရက်ရက်စက်စက် ပါးနားရိုက်လွှတ်လိုက်ရောဆိုကိုး-

-ဒီတွင်မှ လူယောင်ကလဲ ငါကဒီလောက်ခဃ ဝဃလုပ်နေပါရက်နဲ့ သင်းကရက်စက်လေခြင်းဆိုပြီး မင်းနွဲ့ကိုအငြိုးကြီးငြိုးသွားရာက မစားရတဲ့ အမဲသဲနဲ့ပက်ချင်တဲ့စိတ်တွေလဲပေါ်လာ အချစ်ကြီးတော့ အမျက်ကြီးဆိုတာလိုလဲတစ်မျိုးပေါ့လေ-

သူတတ်ထားတဲ့ ကဝေပညာတွေကို အသုံးမချဘဲ တော်ရာချိတ်ထားပြီး ဓားရှည်ကြီးတစ်လက်ကို ထက်လှအောင်ကြိတ်သွေးနေတယ်။

မင်းနွဲ့နဲ့စောနောင်တို့ကတော့ ဘာသိမလဲ နှစ်ယောက်သားယှဉ်တွဲပြီး ပျော်တပြုံးပြုံးဖြစ်နေကြသပေါ့။ ဒါနဲ့တစ်နေ့တော့ စောနောင်နဲ့မင်းနွဲ့တို့နှစ်ယောက်ဟာ ရွာပြင်ဘက်ကကန်ပေါင်ရိုးကလေးပေါ်မှာ နှစ်ယောက်သားတစ်ယောက်ခါးတစ်ယောက်ဖက်ပြီး သမီးရည်းစားတို့ဘာဝ အမေ့အလျှော့ကျနေတုန်းမှာ အကြံသမားဖြစ်တဲ့လူယောင်က ပုန်းအောင်းချောင်းမြောင်းနေရာကထွက်လာတဲ့ပြီး အလစ်မှာနှစ်ယောက်စလုံးကို တဒအားခုတ်ပိုင်းလိုက်တာကိုး-

ကံဆိုးရှာတဲ့မင်းနွဲ့မှာ ဓားဖျားကနေမိရှာလို့ တစ်ခါတည်းပွဲချင်းပြီးခေါင်းပြတ်သေသွားရှာတယ်။

စောနောင်မှာတော့ သေကံမရောက်သေးလို့လားမပြောတတ်ဘူး၊ ပခုံးစွန်းသာခုတ်မိသတဲ့၊ လူယောင်လဲတစ်ခါတည်း ခြေဦးတည့်ရာစွတ်ပြေးရော ဆိုကိုး ရွာမှာရှိတဲ့ကဝေမတွေလဲ စောနောင်ကိုထိရဖလားဆိုပြီး ပြုစားလိုက်ကြတာ ဟိုကောင်ကိုထိလေသလား၊ မထိလေသလားတော့မဆိုနိုင်ဘူး၊ ကနေ့ထက်ထိ ပြန်ရောက်မလာတော့ဘူးလို့ စောနောင်ကိုယ်တိုင်ကပြောတာနဲ့ ဦးကြီးတို့သိရတယ်။ စောနောင်မှာတော့ မင်းနွဲ့သေကတဲက စိတ်လက်မကောင်းလှတာနဲ့ ခရီးထွက်လာရင်း ညောင်ရမ်းမြို့ကိုရောက်လာသတဲ့-

အဲဒါဦးကြီးတို့နဲ့စတွေ့တွေ့ခြင်း ကြားရတဲ့သူ့အဖြစ်အပျက်ကလေးပေါ့လေ၊ အဲဒါနဲ့ဦးကြီးရဲ့အဖေ ကိုစောနောင်က သွားကြဖို့ပြောတယ်။ ဟိုမှာသူ့အတွက်ပညာရှာစရာလဲ အင်မတန်နာမည်ကြီးတဲ့ ကဝေမကြီး "နော်ငြိမ်းဒွေး" ဆိုတာရှိတယ်လို့ကြားသတဲ့။

အဲဒီနော်ငြိမ်းဒွေးဟာ စော်ကဲကြီးတစ်ဦးရဲ့ဇနီး၊ သမီးချောကလေးတစ်ယောက်ရှိသတဲ့၊ ပညာသည်မှန်သမျှတို့ရဲ့ အချုပ်အခြာအဖြစ်နဲ့ ဟိုရှေးနှစ်ပေါင်းများစွာက ကျော်ကြားသလို ပညာစခမ်းကုန်တတ်လိုသူများနဲ့ ပညာချင်းပြိုင်လို့ အနိုင်တိုက်လိုတဲ့သူများဟာ "နော်ငြိမ်းဒွေး" ဆီကို အရောက်သွားကြရတယ်။

ဒီအတွက်သူလဲသွားမယ်ပေါ့လေ၊ ဦးကြီးတို့အဖေကို လိုက်ဖို့ပြောတာကတော့ ဟိုမှာဘော်တုံး ဘော်ခဲတွေဟာ ကျောက်ခဲသလဲလိုပေါများတဲ့အတွက် အလောင်းအစားတွေအားကြီးကြောင်း ဘော်တုံး ဘော်ခဲများကို ဓားနဲ့ပါးပါးလှီးပြီးဖြတ်ကာ ကျပ်ချိန်၊ ငါးမူးချိန်မှန်းပြီး အရမ်းသုံးကြကြောင်း သူတို့နယ်ကိုရောင်းချဖို့ကုန်ပစ္စည်းအပေါစားကလေးများ ချုံများ၊ မောင်းများ၊ ခလောက်များ၊ ကြေးစည်များ၊ ယူသွားလျှင် အကျိုးများကြောင်းများပြောတော့ ဦးကြီးတို့အဖေကလဲ စီးပွားရှာချင်တဲ့သူဆိုတော့ သွားချင်လာတာပေါ့လေ-

နောက်ဆုံး တိုတိုပြောပါရစေတော့ဆရာလေးရယ်၊ စောနောင်ရယ်၊ ဦးကြီးတို့သားအဖရယ်၊ ကြေးကုန်တွေဝယ်ပြီး ထွက်လာခဲ့ကြတာပါပဲ၊ သွားရ

လာရတဲ့ခရီးကလည်း ယခုကာလလိုလမ်းကောင်းပန်းကောင်း လည်းမဟုတ်တော့ အတော်လည်းဒုက္ခများတယ်ဆရာလေးရေ -

လမ်းမှာတွေ့ရတဲ့အခက်အခဲတွေကိုသာ စာဖွဲ့ရေးမယ်ဆိုရင် ရှေ့ဒိထက် ထူးဆန်းကြောက်မက်ဖွယ်ရာကောင်းတဲ့အဖြစ်အပျက်တွေကို ရေးစရာနေရာမကျန်ဘဲ နေတော့မှာမို့ မပြောပါရစေနဲ့တော့၊ ဒီလိုနဲ့ ဦးကြီးတို့သားအဖတူဝရီးသုံးယောက်ရယ်၊ နောက်လိုက် လမ်းပြနှစ်ယောက်ရယ်၊ မြင်းထိန်းတပည့်သုံးယောက်ရယ်၊ ပေါင်းလူရှစ်ယောက် နယ်စပ်ကိုဝင်မိကြပါရော-

တောင်အထပ်ထပ် တောအ‌ထပ်ထပ် တကယ့်နေခြည်မထိုးတဲ့ တောကြီးမျက်မည်း သားရဲတိရစ္ဆာန်တွေထူထပ်တဲ့နေရာ အရပ်တွေကိုဖြတ်ကျော်ပြီး လာခဲ့ကြရတယ်။ ခရီးကြမ်းလိုက်တဲ့ဖြစ်ခြင်းတော့ မပြောပါနဲ့တော့ဆရာလေးရယ်၊ နယ်စပ်ဝင်မိလေ ဆိုးလေပဲ တစ်ခါတလေ အသူတရာ နက်တဲ့တောင်နံရံချောက်ကမ်းပါး လူတစ်ခွင်စာကလေးရှိတဲ့လမ်းမှာ တောင်နံရံကြီးကျောကပ်ပြီး သွားကြရတယ်။

ရေတံခွန်တွေ စမ်းဇလုပ်တွေကလည်း ကြောက်စရာကြမ်းတမ်းတာပဲ၊ ဦးကြီးတို့နယ်ထဲက “မန်းဆန်ရေတံခွန်” ကြီး ကြီးကျယ်တယ်ဆိုတာ ဟိုကအိပ်နေသလောက်ရယ်။ မြင့်လဲမြင့် ရေစီးကလည်း အင်မတန်ကြမ်းတာပဲ၊ မြေပြင် တောင်ကြိုတောင်ကြားကဖြတ်ပြီးစီးတဲ့ ရေချောင်းများဟာလဲ ရေမြှုပ်ရေပန်း တွေဖွာထွက်အောင် ကြမ်းလာတာပဲ၊ ချောင်းငယ်မြောင်းငယ်ကလေးတွေ ရေစီးကြမ်းတာထက် ရှမ်းပြည်နယ်တောင်ပိုင်း “အင်းလေး” ခေါ်တဲ့ အထိကရ အင်းကြီးထဲက ခွဲထွက်စီးဆင်းလာတဲ့မြစ်ကြီးတစ်ခုက ပြောစရာမရှိအောင် ပိုပြီးကြမ်းတယ်။

အဲဒီမြစ်ကြီးထက်ပိုပြီးကြီးကျယ် ကြမ်းတမ်းတာကတော့ သံလွင်မြစ်ကြီးပဲဆရာရေ့ -

အဲဒါလောက် ကြမ်းတဲ့နေရာတွေကို တဖြည်းဖြည်းနဲ့ ပင်ပန်းကြီးစွာကျော်ဖြတ်လာခဲ့ကြတာ နောက်ဆုံးတော့ ကြက်ဖိုကြီး၊ ကြက်ဖိုကလေးဆိုတဲ့

စော်ဘွားကြီးများရဲ့ လက်ကတုံးတောင်ဝှေး ကျွန်ယုံကြီးတစ်ဦးလို့ခေါ်လောက်တဲ့စော်ကဲကြီး "လောင်းပုံ" ရဲ့ နယ်ထဲရောက်လာကြတာပါပဲ။ အဲဒီနယ်ထဲမှာ စော်ကဲကြီးလောင်းပုံလက်ထက်က တစ်နယ်လုံး ဖျားဖျားတုန်ကြောက်ရ၊ ရွံ့ကြရတဲ့အပြင် အနီးအနားမှာရှိတဲ့ တခြားစော်ကဲများကလည်း "လောင်းပုံ" ကို သိပ်ကြောက်ရွံ့ကြရတယ်။

လောင်းပုံဆိုတာ ဦးကြီးကအခေါ်လွယ်အောင် မြန်မာဆန်ဆန်ခေါ်တာ ဆရာလေးရဲ့၊ သူ့နာမည်အသံထွက်ကို ကျကျနန မြန်မာစကားနဲ့ရေးပြလို့ဖြစ်နိုင်မယ်မထင်ဘူး၊ အနီးဆုံးရေးရမယ်ဆိုရင် "လောက်ပွန်းင်" လို့ရေးရမှာပဲ၊ ဒါကြောင့် ဦးကြီးတို့ကခပ်လွယ်လွယ် လောင်းပုံလို့ပြောလိုက်တယ်။ အဲဒီစော်ကဲကြီးလောင်းပုံရဲ့ဒဏ်ကို အနီးအနားကစော်ကဲတွေလည်းမခံနိုင်၊ အဆုံးတော့ ကိုယ့်နယ်ကိုပစ်ပြီး ပြေးကြရော -

ပြေးကြတဲ့အဲဒီနယ်တွေကို လောင်းပုံကဟိန်းဟောက်လှန့်ဖြန့်ပြီး သိမ်း ပိုက်ယူလိုက်ရတာပဲ -

အဲဒီလိုနဲ့ စော်ကဲကြီးလောင်းပုံရဲ့နယ်ကြီးဟာ တစ်စတစ်စကျယ်ပြန့်လာတယ်။ ဒီလိုမိုက်ကြေးခွဲပြီး နယ်ချဲ့တဲ့အခါမှာ စော်ကဲလောင်းပုံတစ်ဦးတည်းရဲ့ တန်ခိုးကြောင့်မဟုတ်ဘူး ဆရာလေးရဲ့။ လောင်းပုံရဲ့ဇနီး စော်ကဲကတော်ကြီး "နော်ငြိမ်းဒွေး" ဆိုတဲ့ ကဝေတကာ့ဘုရင်မကြီးရဲ့ အကူအညီကြောင့် အစစ အရာရာပိုပြီး တန်ခိုးကြီးတာပဲတဲ့။ ကဝေတကာ့ဘုရင်မကြီး "နော်ငြိမ်းဒွေး"ရဲ့ အစွမ်းနဲ့ တခြားစော်ကဲတွေမှာ လက်နက်၊ ဓား၊ လှံ၊ လူဦးရေ သာတယ်ဆိုဦး၊ အဆိုးဆုံးတစ်နေ့ကျတော့ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးရတာပဲတဲ့။ သူ့လက်အောက်မခံပါဘူးလို့ ခေါင်းမာတဲ့နယ်သူနယ်သားတွေလဲ ကဝေတကာ့ဘုရင်မကြီး နော်ငြိမ်းဒွေးဟာသူ့အစွမ်းနဲ့ နှိမ်နှင်းပြီး အညွန့်တုံး၊ ဘဝဆုံး၊ နာလန်မထူနိုင်အောင် ဒဏ်ခတ်တယ်။ အချို့ရွာတွေကိုလည်း ဖွဲပြာကဲ့သို့ ပျက်သုဉ်းပျောက်လွင့် ကုန်ကြသည်အထိ ဖိပြီးနှိပ်စက်ခဲ့တယ်။

နောက်ဆုံး နယ်ကြီးတစ်နယ်လုံးကိုပင် သူတို့လင်မယားရဲ့ ဩဇာအာဏာဖုံးတော့မလို ဖြစ်လာတဲ့အချိန်မှာ ကံအားလျော်စွာဆိုသလိုပဲ

စော်ကဲကြီးလောင်းပုံဟာ လူကြီးနာနဲ့သေတယ်။ ဒီတွင်တအားယုတ်သွားတာ ပေါ့။ သို့ပေတဲ့ ကျန်ရစ်တဲ့ကဝေမကြီး နော်ငြိမ်းဒွေးအရှိန်ကြောင့် သူ့လက်အောက်ရောက်နေတဲ့ နယ်ပယ်သားတွေဟာ နည်းနည်းပါးပါးမှ ခေါင်းမထောင်ကြဝံ့ကြဘူး။

နော်ငြိမ်းဒွေးလည်း နယ်သားတွေရဲ့အကြောင်းသိတော့ ရှေးကထက်ရက်စက်ကြမ်းကြုတ်တဲ့ အပြုအမူတွေနဲ့ ပညာအားကိုး အမျိုးမျိုးဆိုးသွမ်းလာတဲ့အတွက် စော်ကဲကြီး "လောင်းပုံ" လက်ထက်ကထက် ပိုပြီးကြောက်ရွံ့ကြပြန်တယ်။

သူ့လင်ရှိတုန်းကလို နယ်မချဲ့ပေမဲ့ ရှိရင်းစွဲနယ်ပယ်များကိုလက်ထဲက လွတ်ထွက်မသွားအောင်ဟာ ကဝေတို့ရဲ့ တန်ခိုးအာဏာတွေပြပြပြီးလက်ထဲမှာ မြဲမြဲကြီးဆုပ်ကိုင်ထားတယ်။ နော်ငြိမ်းဒွေးရဲ့ စိတ်ထဲမှာလည်း သူတို့ပိုင်ဆိုင်တဲ့အရင်းခံနယ်ထဲက နယ်သူနယ်သားတွေကသာ သူတို့ကိုမေတ္တာရှိတာ -

နောက်တိုးလာတဲ့ လက်အောက်ခံနယ်သားတွေကတော့ သူတို့ကိုကြောက်လို့သာ ငုံ့နေရတယ်။ နည်းနည်းကလေးမှ မေတ္တာမရှိဘူး ဆိုတာသိရတယ်။ ဒါကြောင့် ဒင်းတို့ဟာ ငါသေရင်ကျန်ရစ်ခဲ့တဲ့ ငါ့အဆက်အနွယ် သားသမီးများကို ပုန်စားပုန်ကန်ပြုကြမှာပဲ။

ဒီတော့ ဒီနယ်သားတွေ ပုန်ကန်တော်လှန်ခြင်း မပြုနိုင်ကြအောင် ငါ့အဆက်အနွယ်တွေကို ငါရှိတုန်းကကဲ့သို့ အစဉ်အဆက်ကျိုးနွံလေအောင် ဆိုပြီး ကြိုတင်စီမံထားခဲ့တဲ့အတွက်လည်း ကဝေဘုရင်မကြီး နော်ငြိမ်းဒွေးဟာ သေသွားတဲ့နောက် ကျန်ရစ်ခဲ့သော သမီးတစ်ယောက်က အမေ့ခြေရာ နင်းပြီး သူ့မိဘပိုင်တဲ့နယ်အတွင်းက လူတွေကို အာဏာရှင်မတစ်ဦးအဖြစ်နဲ့ ဆက်လက်ပြီးအုပ်ချုပ်နေသတဲ့။

နယ်သားတွေမှာလည်း ရှေးတုန်းက ဆိုးသွမ်းရက်စက်ခဲ့တဲ့ အရှိန်ကြောင့် သမီးလက်ထက်ထိ မော်မကြည့်ဝံ့အောင် ကြောက်နေကြတာပဲတဲ့။

တခြားစော်ကဲတွေကလည်း ရှေးကအရှိန်ကြောင့် ကဝေသမီးလက်ထက်ထိအောင်ပဲ ဒီနယ်နားကိုမချဉ်းဝံ့အောင်ရွံ့နေကြသတဲ့။ ဒီအကြောင်းတွေ

ကို ဦးကြီးတို့ "ညောင်ရမ်း" မြို့က မထွက်ခင်မသိရဘူး။ အပင်တပန်းခရီးကြမ်း လာရပြီး ဒီနယ်ထဲရောက်ခါမှ ဒီအကျိုးအကြောင်းတွေကြားရတယ်။ စောနောင် တော့ဖြင့် ကဝေမကြီးနော်ငြိမ်းဒွေး မရှိတော့ဘူးကြားရတဲ့အတွက် အတော် ကလေး စိတ်အားပျက်သွားပုံရတယ်။

သို့ပေတဲ့ နော်ငြိမ်းဒွေးရဲ့အဆက်အနွယ် သမီးကလေးတစ်ယောက် ကျန်ရစ်သေးတယ်ဆိုတော့ ပညာအမွေကလေး နည်းနည်းပါးပါးရမလားလို့ မျှော်လင့်အားထားတန်သလောက် အားထားဖို့ရာ ဝိုင်းပြီးပြောကြရတာပေါ့လေ။

ခဲရာခဲဆစ် စွန့်စားလာရပြီးတော့မှ ဘယ့်နှယ်လုပ်တော့မလဲ- ဆရာလေးရယ် . . .

ရှေ့တိုးရင်သာတိုးရမယ် နောက်ဆုတ်ဖို့တော့မဖြစ်နိုင်တော့ဘူး။ ပြန်ရမဲ့ခရီးက ရှေ့တိုးရမှာထက် ဝန်လေးနေတာကို။ ဒီတော့ လာမိတဲ့လက်စနဲ့ ထူးခြားတာတစ်ခုတွေ့ရလည်းမနည်းဘူး။ ဦးကြီးရဲ့အဖေကလည်း မောင်းတွေ၊ ခြူတွေနဲ့ဘော်ခဲတွေကို တဖြည်းဖြည်းလဲလာခဲ့တာ ကုန်ချင်သလောက်ဖြစ် နေပြီ။ ရှေ့တိုးရမဲ့ခရီးကလည်း နော်ငြိမ်းဒွေးတို့ပိုင် ဆိုင်တဲ့နယ်ထဲသာဝင်ဖို့ ရှိတော့ ရှေ့ကိုသာဇွတ်တိုးခဲ့ကြပါရော ဆရာလေးရယ်။

ဒီလိုနဲ့ သူတို့နယ်ထဲဝင်မိရော နယ်သူနယ်သားတွေက ကွယ်လွန်သူ ကဝေမကြီးနဲ့ သမီးမှော်ဘုရင်မကို နတ်ဆိုး နတ်ဝါးများကို ကြောက်ရွံ့စွာကိုး ကွယ်သလို ကိုးကွယ်နေရရှာကြောင်းသိရတယ်။

တစ်ခါတစ်ခါတွေ့တဲ့ ရွာကလေးတွမှာဝင်ပြီး စတည်းချပြီးပါလာ တဲ့ကြေးကုန်များရောင်းချရင်း သူတို့နယ်ရှင်များအကြောင်းကို စကားစပ်မေးတဲ့ အခါမှာ ကွယ်ရာမှာတောင် မကောင်းမပြောဝံ့ကြဘူး။

နတ်ဆိုးများလိုကြောက်နေကြပြီး မျက်စိမျက်နှာပျက်ပျက် ကြောက် ကြောက်ရွံ့ရွံ့နဲ့ "မပြောပါရစေနဲ့ ဘုရင်မကြီးကိုသိပ်ကြောက်ရတယ်"တဲ့။ အရင် ကသေသွားတဲ့ ဘုရင်မကြီးဟာ ယခုဘုရင်မရဲ့အမေပဲ၊ စုန်း ကဝေပညာကို တစ်ဖက်ကမ်းခတ်တတ်မြောက်တဲ့အတွက် အင်မတန်ကြောက်စရာကောင်းတဲ့ အကြောင်း ယခုဘုရင်မကတော့ အမေကြီးက အထူးသင်ပြသွားတဲ့အတွက်

စုန်းကဝေ ပညာတင်မကဘူး၊ မှော်ပညာကိုပါတတ်မြောက်တဲ့အတွက် မှော်ဘုရင်မလို့ခေါ်ကြသတဲ့။

နာမည်ကိုမေးရင် ဘယ်သူမှမပြောဝံ့ကြဘူး။ ဘုရင်မနာမည်ကိုပြောလိုက်တာနဲ့တစ်ပြိုင်နက် ကျောက်ရုပ်ကျောက်တိုင်ဖြစ်သွားရသတဲ့။ နို့ပြီးတော့ ဘုရင်မရဲ့ အမေကြီးလက်ထက်က ပြုစား ဒဏ်ခတ်ထားတဲ့ရွာတွေလဲ အတော်များများရှိတယ်။ တချို့နယ်သူနယ်သားနဲ့ ဩဇာမခံတဲ့စော်ကဲသားမယား၊ အိမ်ထောင်စုတွေကို ပြုစားဒဏ်ခတ်ထားတာတွေ အတော်ပဲများတယ်။ ခမျာများမှာ ငရဲသူ၊ ငရဲသားတွေ ငရဲခံနေရသလို ခံစားနေရတဲ့အကြောင်းကြားရတယ်။ နို့ပြီးတော့- မကြာသေးခင်ကပဲ ဘုရင်မဆီရောက်လာတဲ့လူသားတစ်ယောက် ဧည့်သည်အဖြစ်နဲ့ ရှိနေကြောင်းတွေသိရလေတော့ စောနောင်ကလည်းဒါဖြင့်ရင်သူလဲ ဘုရင်မဆီကိုရောက်အောင်သွားမယ်ဆိုပြီး လက်ဆောင်ပစ္စည်းတွေနဲ့ ခရီးပြင်းရှေ့ဆက်နှင်ကြတာပဲ။ စောနောင်ရဲ့စိတ်ထဲမှာ သူ့ကိုပျိုပျိုရွယ်ရွယ်သဲဝေမတွေမှန်ရင် ချစ်ကြလိမ့်မယ်ဆိုတာ ယုံကြည်လာသကိုး- ဆရာလေးရဲ့။

ဒါကြောင့်လဲ ရှေ့တိုးသွားဖို့ အားတက်လာတာပေါ့။ လမ်းသွားလမ်းလာလွယ်ကူပါစေတော့လို့လည်း ဘုရင်မရဲ့နယ်သားထဲက လူ(၃-၄) ယောက် ကို နောက်ထပ်ငှားလာရပြန်တယ်။

အဲဒီလိုလာရင်းနဲ့ တစ်နေ့တော့ ပေနှစ်ထောင်လောက်မြင့်တဲ့ တောင်စောက်ကြီးတစ်ခုကိုဖြတ်ကျော်ပြီး သွားကြရပြန်သကိုး ဆရာလေးရဲ့။ တောင်စောက်ကြီးရဲ့ပုံဟာ ပုပ္ပါးတောင်လောက်မပြေလှဘူး။ မတ်စောက်စောက်ကြီးပဲ၊ တောင်မှာလည်း မီးခိုးလိုလို တိမ်ခိုးလိုလို အခိုးအငွေ့ တလူလူ ရစ်ဆိုင်းလွှမ်းမိုး နေတာတွေ့ရတယ်။ တောင်ပေါ်မှာလည်း တခြားတောင်တွေလို သစ်ပင်ဝါးပင်မပေါက်ဘဲ ထုံးခြောက်တောင်ကြီးများလို ချောပြောင်နေတယ်။ ဒါနဲ့ ဦးကြီးတို့လည်း ဒီတောင်ဟာဖြင့် အတော်ထူးဆန်းတာပဲဆိုပြီး နည်းနည်းဂရုစိုက်ကြည့်သွားကြတော့ တောင်ခုလပ်ဆီရောက်ရင်ပဲ တောင်ပတ်ကြားအက်ကြီးထဲက တစိမ့်စိမ့်ထွက်ကျနေတဲ့ ချော်မြုပ်၊ ရွှံ့ပူရေတွေမြင်ရတယ်။ အဲဒီရွှံ့ပူရေတွေဟာ တောင်ခြေနားက တစ်မိုင်ပတ်လည်လောက်ရှိတယ်ထင်ရတဲ့ ရွှံ့ရေကန်

ကြီးထဲ လျှောဆင်းနေတာတွေ့ရတာနဲ့ အဲဒီရွံ့ကန်ကြီးကို အံ့ဩပြီးကြည့်နေကြတုန်းမှာပဲ ရွံ့ပူကန်ထဲမှာ လောက်ထိုးသလို တရွရွကူးခတ်လှုပ်ရှားနေတဲ့ အကောင်တွေကို မြင်ရတယ်။

အကောင်တွေဟာ တစ်ကောင်လုံးရွံ့ပူနှစ်တွေ ဖုံးနေလေတော့ လှုပ်ရှားကူးယက်နေလို့သာ သက်ရှိသတ္တဝါရယ်လို့သိရတယ်။

ဘာကောင်မှန်းကွဲကွဲပြားပြားမမြင်ရဘူး။ ဒါနဲ့သေသေချာချာ စူးစူးစိုက်စိုက် ကြည့်လိုက်တဲ့အခါမှာမှ လားလားဆရာလေးရယ်၊ လူတွေကိုး လူတွေမှ ရွံ့ပူကန်ကြီးထဲတွင် ပူရှာလွန်းလို့ ကူးယက်နေကြရှာတယ်။ တစ်ကိုယ်လုံးမှာလည်း ရွံ့တွေလူးထားတာမို့ ယောက်ျား၊ မိန်းမ မကွဲပြားပါဘူး။ မည်းမည်းကောင်တွေသာ မြင်နေရတာပဲ၊ လူတွေကလည်း နည်းတာမဟုတ်ဘူး။ တစ်မိုင်ပတ်လည်ရှိတဲ့ ကန်ကြီးနဲ့ အပြည့်လောက်ရှိတာပဲ။

ဦးကြီးတို့လည်း အင်မတန်အံ့ဩပြီး ငေးကြည့်နေရင်း ဒုက္ခသည်တွေကို သနားတဲ့စိတ်နဲ့ ကယ်ဆယ်မယ်လုပ်ခါရှိသေး၊ လမ်းပြခေါ်လာတဲ့ အကောင်တွေက မျက်စိပျက်ပျက် မျက်နှာပျက်ပျက်နဲ့ လက်ပြတားဆီးပြီး သူတို့ရဲ့ ဘာသာစကားနဲ့ -

“အမယ်လေး၊ ဒါတွေသွားမကယ်နဲ့၊ သွေးသောက်တို့ရဲ့ သနားလို့ကယ်မိရင် သူတို့ကိုကုန်းပေါ်ရောက်အောင်ဆွဲမတင်နိုင်တဲ့အပြင် ကယ်တဲ့လူပါရွံ့ထဲကျပြီး တစ်ခါတည်းသူတို့နှင့်အတူ ရွံ့ပူထဲမှာ ကူးယက်နေရတဲ့ဘဝရောက်သွားမယ်။ အစကလူတွေ ဒါလောက်မများဘူး။ ကိုယ့်အမျိုးအဆွေ၊ မိဘမောင်ဘွားတွေဆိုပြီး ဝင်ဝင်ကယ်ကြတဲ့သူတွေ နောက်တိုးလာလို့ ဒီလောက်များနေတာ သွေးသောက်ရဲ့ -

- မကယ်နဲ့ . . မကယ်နဲ့၊ သူတို့ကိုဘယ်သူမှမကယ်နိုင်ဘူး။ သူတို့ဟာ ဘုရင်မကြီးရဲ့ ယက်ထက်တုန်းက ဒဏ်ခတ်သွားတဲ့သူတွေ၊ ဘုရင်မလေးလက်ထက်မှာလည်း ဆက်ပြီးခံနေရတာပဲ၊ ပညာစွမ်းနဲ့လုပ်ထားလေတော့ ဒါလောက်ပူတဲ့ရွံ့ပူရေ၊ ချော်ရေထဲမှာ ကူးယက်နေရပေမဲ့မသေဘူး။ ဒုက္ခကိုနှစ်ကြာကြာခံစားနေရတယ်။ သေသွားမယ်ဆိုရင် သူတို့ဟာ-အင်မတန်ကံကောင်းမှာပဲ။

"ခုတော့-ငရဲသူ ငရဲသားတွေလိုပဲ မသေဘဲနဲ့ ဝေဒနာအပြင်းအထန် ခံစားနေရတယ် သွေးသောက်တို့ရဲ့"

ဟု သနားကြင်နာစွာကြည့်ပြီး ငိုမဲ့မဲ့ကြီးလို မျက်နှာထားတွေနဲ့ ပြော ကြရှာတော့ ဦးကြီးတို့တတွေမှာလည်း အဲဒီဒုက္ခသည်တွေကြည့်ပြီး မသနားဘဲ မနေနိုင်ကြတော့ဘူး။

စောနောင်ကိုယ်တိုင်ကလည်း မျက်စိရှေ့မှာ မချိမဆန့်ဖြစ်နေရှာကြတဲ့ ဒုက္ခသည်တွေကို စုပ်တသပ်သပ်နဲ့ သနားလို့မဆုံးနိုင်အောင် ဖြစ်နေတာပဲ။

ဒါလောက်ရက်စက်ဆိုးသွမ်းကြတဲ့ ကဝေဘုရင်မ သားအမိကိုလည်း အတော်ပဲစက်ဆုတ်မိတယ်။ သို့ပေမယ့် ဒီနယ်ထဲကိုရောက်လာရင်းကိစ္စဟာ ကဝေဘုရင်မရဲ့သမီး မှော်ဘုရင်မဆိုသူကို တွေ့အောင်လာရခြင်းဖြစ်လေတော့ သူ့အပေါ်မှာ အငြိုး အာဃာတထားလို့လည်း မတော်ပေဘဲကိုး၊ အဲဒါနဲ့-ဖြစ်ပေါ်လာကြတဲ့ သနားစိတ်ကို မျိုသိပ်ချုပ်တည်းပြီး ခရီးကိုဆက်လက်ထွက်ခွာလာခဲ့ ကြပြန်တော့တယ်ဆရာလေးရဲ့။

ဒီလိုနဲ့ တောင်တန်းတစ်ခုကိုကျော်မိရင်ပဲ အထိကရကျောက်တောင်ကြီးတစ်ခုကို တွေ့ရပြန်ရော၊ ကျောက်တောင်ကြီးသာဆိုရတယ်။ တောင်လောက်ရှိတဲ့ ကျောက်တုံးကြီးတစ်တုံးပါပဲ။ အဲ . . တစ်ခုထူးခြားတာကတော့ အဲဒီ ကျောက်တုံးတောင်ကြီးဟာ ဟိုဘက် ဒီဘက် ဖိုးယိုပေါက်နေတဲ့ အပေါက်ကြီးတစ်ခုရှိတယ်။ အပေါက်ကြီးထဲကမှ လမ်းလုပ်ပြီး ဦးကြီးတို့ ဟိုဘက်ရောက်အောင် ဖြတ်သွားနိုင်တာကိုး။

အဲဒါနဲ့ ကျောက်ဂူပေါက်ကြီးထဲကိုဖြတ်မိကြတော့ အစက ဦးကြီးအထင် တစ်ဖက်တစ်ချက် နံရံလိုပိတ်မိနေတဲ့ နံရံကြီးရှိမယ် သဘောရတာ။ ဟိုရောက်တော့မှ ဂူကြီးဟာ အုန်းမှုတ်ခွက်ကြီးမှောက်ထားသလို အထဲမှာ ၁၅ ခန်းပတ်လည်လောက် အကျယ်ကြီးဖြစ်နေတာတွေ့ရတယ်။ နောက်ပြီးတော့ ဂူကြီးတစ်ခုလုံးမှာ လူတစ်ရပ်စာလောက်ရှိတဲ့ ကျောက်တိုင်တွေလိုဟာတွေ တစ်ခုနှင့်တစ်ခု တစ်ပေစီ နှစ်ပေစီလောက်သာဝေးတယ်။ ဂူတစ်ခုလုံး မှိုင်းငုံတွေ

ပေါက်နေသလို ဖွေးဖွေးဖြူ တွေ့ရတယ်ဆရာလေးရဲ့။ ဒါနဲ့ ဦးကြီးတို့သားအဖ တူဝရီးသုံးယောက်က -

"ဒါကဘာတွေလဲ မန္တလေးမြို့က ကုသိုလ်တော်ဘုရားထဲမှာတွေ ရတဲ့ကျောက်စာတိုင်ဟာမျိုးတွေလား" ဆိုပြီး သွားကိုင်ကြည့်မယ်အလုပ်မှာ လမ်းပြ နှစ်ယောက်က လက်ကို ဆတ်ခနဲ လက်ဖမ်းဆွဲထားလိုက်တာနဲ့။

"ဘာပြုလို့လဲ"

မေးတော့မှ -

"ဒါတွေလည်းခုနက ရွံ့ပူထဲကလူတွေလို ဘုရင်မကြီးလက်ထက်က ဒဏ်ခတ်ထားခဲ့တာတွေပဲ။ လူစင်စစ်ကကျောက်ဖြစ်နေကြတာတွေပေါ့ သွေးသောက်ရဲ့။ သွေးသောက်သွားကိုင်ရင် ကိုယ့်နေရပ်ကိုမပြန်နိုင်ဘဲ ဒီဂူထဲမှာ ကျောက်ရုပ်ကြီးတွေဖြစ်နေမှာပေါ့။ အစက အကြောင်းမသိတဲ့လူတွေဝင်မိရင် ကိုင်ကြည့်မိတာနဲ့ တစ်ခါတည်းကျောက်ဖြစ်နေကြတာတွေ မနည်းဘူးသွေးသောက်ရဲ့" လို့ပြောတာနဲ့ ဦးကြီးတို့မှာ သွားမကိုင်မိသေးတာကိုပဲ ပြန်ကျေးဇူးတင်ရသေးတယ်။

ကျောက်ရုပ်တွေကို သေသေချာချာကြည့်လိုက်ပြန်တော့လည်း စောစောက အမှတ်တမဲ့မို့ ကျောက်တိုင်တွေလို့ထင်မိခဲ့ပေတဲ့ ယခုစေ့စေ့စပ်စပ် ကြည့်လိုက်တော့မှ ကျောက်တိုင်သက်သက်လိုမဟုတ်ဘဲ ခေါင်းနဲ့၊ ကိုယ်နဲ့၊ ခြေနဲ့၊ လက်နဲ့၊ လူရဲ့အင်္ဂါအစိတ်အပိုင်းတွေပေါ်လာပြီး အချို့မှာ မိန်းမသဏ္ဍာန်၊ ကိုယ်နေကိုယ်ဟန် အချို့ကလည်း သားသည်အမေ၊ တချို့ကိုယ်ဝန်ဆောင်ဟာ ဆရာလေးနှယ် စုံနေတာပဲ။

ဦးကြီးကလည်း အဲဒီတုန်းက ခပ်ရွယ်ရွယ်ဆိုတော့ ကြောက်ရွံ့တဲ့စိတ် ကြက်သီးထချင်တဲ့စိတ်တွေ သိပ်ဝင်လာသကိုး၊ ဒါကြီးတွေမြင်ရတိုင်း ကျောတစိမ့်စိမ့် ကြက်သီးတဖိန့်ဖိန့်ဖြစ်နေတယ်။ စောနောင်ကတော့ ဘာမှမပြောနဲ့ လေးလေးနက်နက်ကြီးစဉ်းစားတဲ့သဏ္ဍာန်နဲ့ အံကြီးကြိတ်ပြီး တွေဝေနေရာက စုံစမ်းမေးမြန်းနေတယ်။

သူမေးလို့ ပြန်ပြောတဲ့အကြောင်းကတော့ ဒီကျောက်ရုပ်တွေက လည်း ရွှံ့ပုကန်ထဲကလူတွေလိုပဲ သေသွားတဲ့နော်ငြိမ်းဒွေးတို့လက်ထက်က ဒဏ်ခတ်ထားတယ်ဆိုပဲ။ ဒဏ်ခတ်တဲ့အပြစ်ကတော့ သူ့နယ်သားတွေထဲက တော်လှန်ပုန်ကန်ချင်တဲ့သူတွေရယ်၊ သူ့လက်အောက်ကိုမဝင်လိုတာကြောင့် ကိုယ့်နယ်ပယ်အတွက် ခုခံတိုက်ခိုက်ဖူးတဲ့လူတွေရယ်၊ တခြားနယ်ကစော်ကဲများနဲ့ သူတို့ရဲ့ဆွေမျိုးသားချင်းတွေရယ်၊ နောင်ကိုဘုရင်မရဲ့ သား၊ မြေး၊ မြစ်၊ အဆက်ဆက်တော်လှန်ခြင်းမပြုဝံ့အောင် ကဝေအတတ်နှင့် ပြုစားထားခဲ့ကာပဲတဲ့။ တချို့က ကယ်ဆယ်ဖို့ ကိုင်တွယ်ကြည့်မိကြတယ်။ တချို့ကလည်း ဘာပါလိမ့်ဆိုတဲ့သဘောနဲ့ ကိုင်ကြည့်မိကြတယ်။

အဲဒီလိုကိုင်ကြည့်မိကြတဲ့လူတွေဟာလည်း မေတ္တာရှိသက်သက်ကိုင်မိ၊ ထိမိရုံနှင့် ဒီနေရာမှာပဲ ကျောက်ရုပ်ဖြစ်သွားကြသတဲ့။

ဟုတ်ပါရဲ့၊ ဦးကြီးကိုယ်တိုင် ကျောက်ရုပ်တွေကို သေသေချာချာပြန်ကြည့်တဲ့အခါ အချို့ကျောက်ရုပ်များဟာ တစ်ခုကိုတစ်ခု ကိုင်ရက်သားကလေး ကျောက်ဖြစ်နေရှာတယ်။ ဦးကြီးတို့သားအဖကလည်း ဒီလောက်အစွမ်းထက်ထက်နဲ့ ပြုစားထားတဲ့ ပညာသည်တစ်ဦးရဲ့ လက်ရာခြေရာကို စစ်စစ်ပေါက်ပေါက် မေးမြန်းမိပြန်တယ်။

အဲဒီကျောက်ရုပ်တွေထဲမှာ အထွက်ဝမှာရှိတဲ့ တောင်ဝှေးကြီးကိုင်ရက်ခါးကုန်းကုန်း၊ မုတ်ဆိတ်ရှည်ရှည်၊ နှာခေါင်းချွန်ချွန်၊ မေးရိုးငေါငေါထွက်တဲ့အဘိုးကြီးတစ်ယောက် ပုံသဏ္ဌာန်နှင့်တူတဲ့ ကျောက်ရုပ်ကြီးဟာ ဒီဂူထဲမှာရှိသမျှကျောက်ရုပ်များရဲ့ အကြီးအကဲ အစောင့်အကြပ် စော်ကဲပဲတဲ့။

အဲဒီအဘိုးကြီးပုံဟာ တစ်ခါတစ်ခါလှုပ်ရှားပြီး လက်ညှိုးကြီးတငေါက်ငေါက်ထိုးကာ ပြင်းထန်စူးရှတဲ့ အသံကြီးနှင့်အော်လိုက်ရင် သူ့လက်ညှိုးက အခိုးအငွေ့တွေ စိမ်းစိမ်းနီနီတွေပန်းထွက်ပြီး ဟို- ကျောက်ရုပ်တွေကို အခိုးအငွေ့တွေရိုက်မိတာနဲ့ တစ်ပြိုင်နက် ရန်သူကို ထွားထွားညက်ညက်ကြေအောင် ဝိုင်းသတ်ပုတ်တတ်ကြတယ်တဲ့။ ခေါင်းဆောင်အဘိုးအို

ရုပ်ကြီး လှုပ်ရှားဟစ်အော်တာကလည်း အကြောင်းထူးရှိမှအော်သကိုး။ ဘယ်လိုအကြောင်း ထူးမျိုးရှိတဲ့အခါလဲဆိုတော့ ဒီကျောက်ရုပ်တွေကို လူပြန်ဖြစ်အောင် ဖြေတဲ့ ပညာသည်လာမယ်ဆိုရင် ဒီလိုအော်ပြီး ကျောက်ရုပ်တွေက ဝိုင်းသတ်အောင် "နော်ငြိမ်းဒွေး" က ကဝေအတတ်နဲ့ ဖန်တီးသွားတာပဲ။ အရင်တုန်းကတော့ "နော်ငြိမ်းဒွေး"ကို ကြောက်ရွံ့ထွက်ပြေးကြရတဲ့ လူတွေဟာ သူတို့ ဆွေဆွေ မျိုးမျိုးတွေက ကျောက်ရုပ်၊ ကျောက်တိုင်ဘဝနှင့် ဒုက္ခခံစားနေရတဲ့သူကို သွေးသားများအတွက် ရောက်ရာအရပ်က စရိတ်ကြေးငွေထောက်ပံ့ပြီး ချွတ်လွှဲနိုင်မယ့် ဆရာသမားတွေစေလွှတ်လို့ သူတို့နေရာအနီးအပါး ၃ွာ ဆရာများရောက်လာတဲ့အခါမှ ကျောက်ရုပ်တွေက ကဝေမကြီးနော်ငြိမ်းဒွေး အမိန့်ပြန်ထားခဲ့တဲ့အတိုင်း အဘိုးကြီးခေါင်း ဆောင်ပြီး ထွက်ခုခံကြသတဲ့။ ဒီလိုနဲ့ အရိုးမြေမှုန့်ဖြစ်ပြီး သေရရှာတဲ့ ဆရာတွေလည်း အတော်များခဲ့လေတော့ ယခုဖြင့် ရွံ့ပူထဲက ဒုက္ခသည်တွေရော ကျောက်ရုပ်ဖြစ်နေရှာကြတဲ့ ဒုက္ခသည်တွေရော ဘယ်သူကမှ မကယ်နိုင်လို့ လက်မှိုင်အချကြီးချနေကြတာ နှစ်ပေါင်းအတော်ကလေး ကြာခဲ့ပြီတဲ့ ဆရာလေးရယ်။

အဲဒါနဲ့- ဦးကြီးတို့လည်း သနားရုံမှတစ်ပါး လက်ဖျားနဲ့မှ တို့မကြည့်ဝံ့ကြတော့ဘဲ မျက်နှာလွှဲခဲ့ပြီး ရှေ့ခရီးကိုသာ ဆက်လာခဲ့ကြရတယ်။ နောက်ထပ်ပြီး နော်ငြိမ်းဒွေးဒဏ်ခတ်ခံခဲ့ရတဲ့ ဒုက္ခသည်သုံးလေးမျိုးလည်း တွေ့ရသေးတယ်။ တချို့က ခေါင်းသေး ကိုယ်ကြီးနဲ့ တောင်ကြားထဲမှာ ညည်းနေရှာတယ်။ ဗိုက်ကြီးက ပုတ်လောက်ရှိပြီး ခေါင်းကလေးက ရှောက်သီးလုံးလောက်၊ လက်ကလေး ခြေကလေးတွေက ခြောက်လသားအရွယ်လောက်ရယ်၊ ဘယ်လောက် သရဲပြိတ္တာကြီးတွေနဲ့တူသလဲလို့ ဦးကြီးတို့တော့မြင်တာနဲ့ သွေးပျက်မလောက်ဖြစ်သွားတယ်။ တချို့နေရာမှာတော့ လူကောင်အရှင်ပကတိနဲ့ ကမ္ဗဍာန်းရုပ်လိုပဲ အရိုးပဒေသာ ဝေါဝေါကြီးပေါ်မှာ တစ်နှစ်၊ ကိုးလ၊ ခေါင်းသွင်းထားဘဲ့ ဘုန်းကြီးပျံ အလောင်းခြောက်ကလေးတွေလိုပဲ ဗိုက်ထဲက အူခွေတွေ အတိုင်းသားနဲ့ ပိုးလိုးပက်လက်ကလေးအတိုင်း တအယ်အယ်နဲ့ ညည်းနေတာကို တွေ့ရတယ်။

တချို့နေရာမှာတော့ လူစင်စစ်က မျောက်ဝံကြီးတွေလိုဖြစ်ပြီး တိရစ္ဆာန်စိတ်ပေါက်နေလို့ ဟိုသစ်ပင်ခုန်၊ ဒီသစ်ပင်တက်နဲ့ တွေ့ခဲ့ရတယ်။ ဦးကြီးတို့ဖြင့် ဒါတွေမြင်ရတာ စိတ်မချမ်းသာလိုက်တာ ဆရာလေးရယ် . . .။ ကိုယ်ကလဲ မကယ်နိုင်၊ မြင်ရချက်ကလည်း မသက်သာနဲ့ အို- ဒီနယ်ကို လာမိတာဖြင့် မှားပြီလို့ကို တွက်ထားလိုက်မိတာပဲ။

ကြောက်လိုက်တာကလည်း ပြောလဲမပြောချင်ဘူး။ မကြာခဏ ဆိုသလို ကြက်သီးတဖျန်းဖျန်း၊ ကျောတချမ်းချမ်းနဲ့ဖြစ်ရင်း ရှေ့သာတိုးလာခဲ့ကြ ရတယ်၊ ဦးကြီးစိတ်ထဲတော့ နောက်များဖြင့် တန်ပါပြီ ရွှေတွေ၊ လှည်းနဲ့ တိုက်ယူ လှည့်ဆိုတောင် မသွားပါဘူးလို့ သန္နိဋ္ဌာန်ချထားလိုက်မိတာပဲ။

ဒါနဲ့ပဲနောက်ဆုံးတော့ မှော်ဘုရင်မနေတဲ့မြို့ဆိုပါတော့လေ၊ အဲဒီကို ရောက်ပါရော။ ပထမဆုံး ဘယ်သူ့ကိုတွေ့ရသလဲဆိုတော့ ဒီမြို့ကိုအုပ်ချုပ်တဲ့ သူကြီးဆီသွားရတယ်။

ဦးကြီးတို့ဆီကလိုခေါ်ရင်တော့ မြို့တော်ဝန်ပေါ့လေ။ အဲ . . သူဟာ ဘုရင်မလက်အောက်မှာဖြင့် အကြီးဆုံး၊ ဩဇာအရှိဆုံး၊ သူပြီးရင်ပြီးတာချည်း ပဲတဲ့ သူတို့လိုအခေါ်ကတော့ ဘုရင်မကိုယ်စားလှယ်၊ လက်အောက်ခံစော်ကဲ ချုပ်ကြီးဆိုကိုး ဆရာလေးရဲ့။

သူနာမည်ခေါ်ရတာ ခက်ခဲရှည်လျားလှတယ်။ လွယ်လွယ်မှတ် ရအောင်မြို့တော်ဝန်လို့ပဲပြောပါရစေတော့လေ။ အဲဒီမြို့တော်ဝန်ဆီရောက် သွားကြတော့ ဘာလုပ်လာသလဲမေး၊ ဦးကြီးတို့ကတော့ ကုန်ရောင်းရအောင်လာ ပါတယ်။ ဘုရင်မဖို့လည်း လက်ဆောင်ဆက်စရာပါ,ပါတယ်။ ဟို . . စောနောင်ကတော့ ဘုရင်မကိုဖူးချင်လို့ပါ။ ပညာတပည့်ခံရမယ်ဆိုလည်း ခံချင်ပါတယ်လို့ပြောပြီး မြို့တော်ဝန်ကိုလည်း ဦးကြီးတို့က ချြဘစ်လုံးနဲ့ မောင်း တစ်ခု လက်ဆောင်ပေးလိုက်တာကိုး။

အို . . ကိုရွှေမြို့တော်ဝန် သဘောကျသွားလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့။ ဒါနဲ့ ဦးကြီးတို့ကို သူကလည်း ကြည်ကြည်ဖြူဖြူပဲ တည်းခို

စရာကြီးတစ်ခုကိုပေးပြီး အသီးအရွက်၊ သား၊ ငါးများ၊ နေ့စဉ်စားလောက်အောင် လာပို့ ကြစေတယ်။

"ယခု ဘုရင်မ နယ်လှည့်ထွက်နေတယ်။ ဒါကြောင့် ဒီမှာ ခုနစ်ရက် လောက်စောင့်ကြဦး"

လို့ ပြောထားတာကိုး၊ ဦးကြီးတို့ကိုနေစရာပေးထားတဲ့ တဲကလေးဟာ အင်မတန်သာယာတဲ့ တောင်ကုန်းကလေးပေါ်မှာကိုး ဆယာလေးရဲ့။ တောင် ကုန်းကလေးပေါ်မှာပေါက်နေတဲ့ တောသစ်ပင်ကြီးတွေကလဲ အများအားဖြင့် မိုးထိအောင်မြင့်တက်သွားတဲ့ မြသားပြာသာဒ်ကြီးတွေလို အောက်ခြေက တဖြည်းဖြည်းအထက်ရှူးပြီး အဖျားချွန်တက်သွားတဲ့ ထင်းရှူးပင်ကြီးတွေသာ များတယ်။

တောင်ကုန်းကလေးရဲ့ တစ်ဖက်အနိမ့်မှာတော့ အင်မတန်ကြည်လင် အေးမြတဲ့ စမ်းရေချောင်းကလေးတစ်ခုရှိတယ်။ ကမ်းတစ်ဖက်ကို ကူးစရာ ဆောက်လုပ်ထားတဲ့ တံတားကလေးတစ်ခုလည်းရှိတယ်။ တံတားဆိုပေမယ့် သေသေသပ်သပ် ချောချောမောမောမဟုတ်ဘူး။ တောလိုက်အုံပါဖြစ်ကတတ် ဆန်း သစ်တုံးရိုင်းကြီးလေးငါးတုံးချခင်းပြီး ဘေးတစ်ဖက်တစ်ချက်လက်ရန်း များမှာလည်း ကောက်ကောက် ကွေ့ကွေ့ သစ်ကိုင်းအရိုင်းတွေကိုပဲ ဆက်စပ် ပြီးကာထားတာပဲ။

ချောင်းရေကလည်း အေးသလောက် ကြည်သလောက် ရေစီးလျှင်မြန် တယ်။ ချောင်းကလေးအထက်နားလျှောက်သွားရင် ပေတစ်ရာကျော်လောက် အမြင့်ကကျလာတဲ့ ရေတံခွန်ကိုလည်းတွေ့ရတယ်။ ချောင်းကလေးရဲ့ကမ်းတစ် ဖက်ကိုတော့ လူအရပ် တစ်ပြန်နှစ်ပြန်လောက်မြင့်တဲ့ ကိုင်းတောကြီးဟာ တစ်မျှော်တစ်ခေါ် မြင်မဆုံး ရှုမဆုံးပါပဲ။ အဲဒီလိုရှုမျှော်ခင်းလှပြီး သာယာတဲ့ ဌာနကလေးရောက်တော့လည်း စိတ်ဟာ ပျော်သလိုလိုရှိအလာသား။ ဒါပေတဲ့- လမ်းတုန်းကတွေ့ရတဲ့ ဒုက္ခသည်တွေကိုသွားပြီးသတိရလိုက်ရင် ပျော်ရွှင် သလိုလိုရှိတဲ့စိတ်တွေ အကုန်ထွက်ပြေးတာပဲဆရာလေးရဲ့။ ဦးကြီးရဲ့

အဖေကတော့လူကြီးမို့ ဟိုဟိုဒီဒီတယ်မသွားဘူး။ ကြေးကုန်ကလေးတွေကို ဘော်ခဲနဲ့လာပြီး လဲတဲ့ လူတွေကို အမြဲဧည့်ခံစကားပြောနေပေတဲ့ ဦးကြီးနဲ့ စောနောင်တို့ကတော့ အနီးအနားတောတောင်ထဲ လျှောက်လည်နေကြတာပဲ။

ဦးကြီးတို့သုံးယောက်မှာ မြို့တော်ဝန်က ဘုရင်မဧည့်သည်တော် အဖြစ်နဲ့ မျောက်ဖြူရေစလွယ်တစ်ခုစီ အထိမ်းအမှတ်ပေးထားတယ်။ အဲဒီ စလွယ်ပါရင် ဒီနယ်မှာဦးကြီးတို့ကို ရန်မမူတဲ့အပြင် တွေ့ရာမြင်ရာ အရိုအသေ ပေးပြီး အကူအညီတောင်းရင် ကြည်ဖြူစွာပေးကြရတယ်။ ဒီတော့- ဦးကြီးတို့ နှစ်ယောက်လည်း လည်အားရှိကြတာပေါ့။

ဒါနဲ့- တစ်နေ့တော့ ဦးကြီးနဲ့စောနောင်ဟာ လည်ပတ်ပြီး မောမောနဲ့ ချောင်းကူးတံတားလေးပေါ် အမောပြေထိုင်နေတုန်း တစ်ဖက်မှာ မြင်ရတဲ့ ကိုင်းတောကြီးထဲမှာ တစ်စုံတစ်ယောက်လာနေသလို ကိုင်းပင်တွေလှုပ်နေတာ တွေ့ရတယ်။ ဒါနဲ့- ဦးကြီးတို့လည်း လူလား၊ တောတိရစ္ဆာန်လားဆိုတာ တံတားလေး အကွယ်က အသာစောင့်ကြည့်နေကြတာကိုး။ နောက်ဆုံးတော့ ကိုင်းတောထဲက ချောင်းစပ်ကိုဘွားခနဲထွက်လာတဲ့ သတ္တဝါန်တစ်ခုမြင်ရတယ်။

မြင်ရတာကလည်း တော်တော်အံ့သြစရာကောင်းတာပဲ ဆရာလေး ရယ်။ အင်မတန် ကိုယ်လုံး ကိုယ်ပေါက်ချောမောလှပ ပြေပြစ်တဲ့ မိန်းမပျိုတစ် ယောက် ဥဒေါင်းမြီးလို ရှည်လျားနက်မှောင်တဲ့ဆံပင်တွေကို လေထဲမှာဖားလျား ချထားပြီး သူ့ကိုယ်ရဲ့အလယ်ပိုင်းလောက် နေရာလေးမှာသာ မျောက်ဖြူရေ ကြီးနဲ့ ဖုံးလွှမ်းဝတ်ရုံထားတယ်။

လက်တစ်ဖက်ကမှိန်းတံလိုလို ပြောင်ပြောင်လက်လက် အရာတစ်ခု ကိုကိုင်ထားတယ်။ သူ့လည်ပင်းဖြူဖြူကလေးမှာ ကြက်ဥခပ်ငယ်ငယ်လောက်ရှိ တဲ့ ငွေခရားပုံကြီးတစ်ခုကို သန္တာနီကြိုးနဲ့ သီပြီးဆွဲထားတယ်။ သူ့ရုပ်သူ့ရည်နဲ့ ရေမြေတောတောင်နဲ့ဟာ အင်မတန်အဆင်ပြေတာပဲ။ အဲ- တစ်ခုရှိရဲ့၊ သူ့ပုံ ကလေးကိုကြည့်လို့ကောင်းသလောက် ကြောက်စရာကောင်းတာက သူ့အနီးမှာ ခွေးလိမ္မာကြီးများလို ပွတ်သီးပွတ်သပ်ပါလာတဲ့ နွားမဒန်းမလေးလောက်ရှိတဲ့ ကျားသစ်နက်ကြီးပဲ- ဆရာလေးရဲ့။

အကောင်ကြီးက အလုံးအထည်လှကလှသနဲ့ နက်လိုက်တာကလည်း ပိန်းမှောင်နေတာပဲ။ ခြေရော၊ ခေါင်းရော၊ အမြီးရော၊ တစ်လျှောက်လုံးမည်းဆိုတဲ့ အနက်မျိုးပဲ။ နီရဲနေတဲ့သူ့ပါးစပ်ကြီးရယ်၊ ဖြူဖွေးနေတဲ့အစွယ်ကြီးတွေရယ်၊ စိမ်းဝါဝါအရောင်ထွက်နေတဲ့ မျက်လုံးနှစ်ဖက်ရယ်သာ အရောင်ကွဲဆိုလိုပါတော့တယ်။ စောနောင်နဲ့ဦးကြီးတို့မှာ ကြောက်စရာကောင်းတဲ့ ကျားသစ်နက်ကြီးပါပေတဲ့ လှပတဲ့အာရုံရှင်ကိုမြင်မြင်ချင်း မျက်တောင်မခတ် စူးစမ်းလေ့လာမိတယ်။ ဟိုကတော့ ဦးကြီးတို့ကို မမြင်သေးပါဘူး။ ရေစပ်ကိုဆင်းပြီး သူ့ကျားသစ်နက်ကြီးကို ရေသောက်စေတယ်။ သူလည်း ဘယ်အချိန်ကမောလာတယ် မသိဘူး။ ရေကုန်းသောက်လိုက်တာ အတော်ကြာတာပဲ။ ဒီအထဲ စောနောင်က-

"ကိုကြီးရေ- သိပ်လှတာပဲ၊ ကျွန်တော်တော့ဘာပဲဖြစ်ဖြစ် အသိဖွဲ့ရအောင်လှမ်းခေါ်လိုက်မယ်"

လို့တီးတိုးပြောသကိုး၊ ဦးကြီးကလဲ သဘောတူပလေ။

"အေး- ခေါ်ပေ့၊ နို့မို့- ရေသောက်ပြီး သူသွားချင်ရာသွားတော့မယ်၊ ခေါ်ကြည့်စမ်းပါလား"လို့ အားပေးလိုက်တာပေ့ါ၊ ဒီတော့- ကိုစောဂနောင်လဲ နှုတ်သွက် အာသွက်ဆိုသလိုပေ့ါလေ၊ လှမ်းပြီးနှုတ်ဆက်လိုက်တာကိုး၊ တံတားပေါ်က အသံကြားတာနဲ့ တစ်ပြိုင်တည်း ဟိုမချောလဲ ဆတ်ခနဲ ခေါင်းထောင်ပြီး တောင်တောင်မြောက်မြောက်ကြည့်လို့ တံတားပေါ်က ဦးကြီး တို့နှစ်ယောက်မြင်ရော ဒေါ်နဲ့ မောနဲ့ ခါးကြီးထောက်ပြီး လျှောက်လာတာပဲ။ ဦးကြီးတို့သူ့ကို မကြောက်ပေတဲ့၊ သူ့နောက်ကပါလာတဲ့ ကျားသစ်နက်ကြီးကို သေလောက်အောင်ကြောက်မိတာပဲ။ ဘသားချော စောနောင်ကတော့ ပြုံးစေ့စေ့နဲ့ ဆီးကြိုကြည့်နေတာပဲ ဟိုကအနားလဲရောက်ရော-

"ခုနကခေါ်တာ- တို့ပါကွဲ့၊ မင်းကိုမြင်မြင်ချင်း အင်မတန်ချစ်လှတာနဲ့ မိတ်ဆွေဖွဲ့ချင်လို့ခေါ်တာပါ၊ မင်းကျားကြီးကလည်း တယ်လိမ္မာပါကလား၊ လာပါ၊ တို့နဲ့လာပြီး စကားလေး- ဘာလေး ပြောလှည့်စမ်းကွ ဘာကွနဲ့"

ပတ်ချွဲ နပ်ချွဲလုပ်လိုက်ရင်ပဲ ဒေါ်နဲ့ မောနဲ့ စိုက်ကြည့်နေတဲ့မချော ဟာ မျက်နှာကလေး တဖြည်းဖြည်းချိုလာတာတွေ့ရတယ်။ ဒါထက် အဲဒီမိန်း မရဲ့ မျက်လုံးဟာလေ အင်မတန်ကြည်လင်ရွှန်းစိုပြီး မျက်လုံးအိမ်ဟာ အရည် တလဲ့လဲ့နဲ့ ပေါက်ထွက်တော့မယ့် သဏ္ဍာန်လိုပဲ ထက်မြက်စူးရှ တန်ခိုး အာနိသင်နဲ့ပြည့်ဝတဲ့ မျက်လုံးမျိုးလို့ ဆိုရမယ်ဆရာလေးရဲ့။

ပထမက ဒေါ်နဲ့ မောနဲ့ စူးရှထက်မြက် အရောင်တဝင်းဝင်းထွက်နေတဲ့ သူ့မျက်လုံးကလေးဟာ တဖြည်းဖြည်းနူးညံ့သိမ်မွေ့လာပြီး စောနောင်ကိုစေ့စေ့ ကြည့်ရင်း "ဘယ်ကလာလို့ ဘယ်သွားမှာလဲ ဘာတိုင်းရင်းသားလဲ"ဆိုတာ မေးတယ်။

ဒီတော့ စောနောင်က "ငါတို့ဟာ ရှမ်းတိုင်းရင်းသားကွဲ့၊ ဟောဒီ ငါ့အစ်ကိုကတော့ နင်တို့နယ်က မော်ဘုရင်မဆီမှာ လက်ဆောင်ဆက်ဖို့ နယ်သားတွေဆီမှာ ကြေးကုန်ရောင်းဖို့ လိုက်လာတယ်။ ငါကတော့ ပညာ သည်ပဲ။ ကဝေဘုရင်မကြီးဆီမှာ ပညာသင်ချင်လို့ လာခဲ့တာ၊ ဒီရောက်တော့ ကဝေဘုရင်မကြီးမရှိတော့ဘူး၊ သူ့သမီးဘုရင်မသာရှိတယ်ကြားတာနဲ့ မော်ဘုရင်မဆီမှာ ပညာတောင်းချင် တပည့်ခံချင်လို့လာတာပဲ။ ဒါပေတဲ့ အခု မော်ဘုရင်မမရှိသေးဘူး။ နယ်လှည့်ထွက်နေတယ်ဆိုတာနဲ့ ဧည့်သည်တော် အဖြစ်နဲ့ စောင့်ဆိုင်းနေရတယ်"ဆိုပြီး ကိုယ်မှာလွယ်ထားတဲ့ မျောက်ဖြူရေ စလွယ်ပြတာကိုး၊ ဒီ့ကာမှ မျောက်ဖြူရေစလွယ်မြင်တော့ အရိုအသေပြုပြီး ပြုံးပြုံးကြီးဖြစ်လာတာပဲ။ ဘုရင်မဧည့်သည်တော်ဆိုလို့ ပိုပြီးဂရုစိုက် ခင်မင်သွားတယ်။ ဂရုစိုက်တာတော့ ဦးကြီးကိုရော စောနောင်ကိုရော အတူတူပါပဲ၊ ဒါပေတဲ့ ကောင်မလေးရဲ့ မျက်နှာကို ကြည့်ရတာ စောနောင် အပေါ်မှာ ပိုမိုပြီး အရေးယူတာတွေ့ရတယ်။ သူ့မျက်လုံးဟာ ဦးကြီးကို ကြည့်တဲ့အခါနဲ့ စောနောင်ကိုကြည့်တဲ့အခါဟာ မတူဘူး။

ဒီတော့- ကောင်မလေးဟာ စောနောင်အပေါ်မှာ မရိုးမသားဖြစ်နေပြီ ဆိုတာ ဦးကြီးအကဲခတ်မိတာပဲ၊ စောနောင်ကတော့ သူ့ကိုယ်သူ ဗိယာက်က

အတော်စန်းပွင့်နေတယ်ဆိုတာ ယုံကြည်ပြီးသားကိုး ဒါနဲ့ မကြာခင်ပဲ အတော်အရောတဝင်ဖြစ်သွားတယ်။

ကောင်မလေးကို မေးကြည့်တော့ မှော်ဘုရင်မရဲ့ တပည့်မ"နော်မုန်း" ဆိုတဲ့ ပညာသည်ကလေး တစ်ဦးပါပဲတဲ့။ တစ်ခါတစ်ခါလဲ ဘုရင်မဆီကိုဝင်ပြီး ခစားတယ်တဲ့။ အများအားဖြင့်တော့ ကျားသစ်နက်ကြီးနဲ့ တစ်ကိုယ်တည်း တောထဲလှည့်ပြီး နေတာပဲလို့သိရတယ်။ သူ့အနားက ကျားသစ်နက်ကောင်ကြီးဟာ သူ့ပညာစွမ်းကြောင့်လား၊ ယဉ်ကျေးနေလို့လားတော့ မပြောတတ်ဘူး။ သူ့သခင်နဲ့ ဦးကြီးတို့စကားပြောနေတဲ့အခါ ခွေးလိမ္မာ ကြောင်လိမ္မာကလေးများလိုပဲ ငြိမ်ငြိမ်ကလေး ဆောင့်ဆောင့်ထိုင်နေတယ် ဆရာလေးရဲ့။

ဒါနဲ့ တိုတိုပြောရမှာဖြင့် မှော်ဘုရင်မကိုစောင့်ရင်းနဲ့ စောနောင်နဲ့ အရိုင်းမကလေး "နော်မုန်း" တို့ဟာ နေ့တိုင်းတွေ့ဆုံပြီး တစ်ယောက်နဲ့ တစ်ယောက်လည်း အတော်ကြီး ချစ်ကျွမ်းဝင်သွားကြရာက နောက်ဆုံးတော့ မမြင်ရမနေနိုင်တဲ့ အခြေအနေဖြစ်သွားကြရော၊ ဦးကြီးကလည်း စောနောင်နဲ့ အတူ တောထဲနေ့ တိုင်းထွက်ပေတဲ့ စမ်းချောင်းကလေးရောက်ရင် စောနောင်နဲ့ လမ်းခွဲကြရော၊ ဒါမှလည်း သူတို့ချစ်သူချင်းချင်း စိတ်ရှိလက်ရှိ ထင်ချင်သလို နေကြရမှာကိုး။ အဲဒီလိုနဲ့ ရှောင်ရှောင်ပြီး ဦးကြီးတစ်ယောက်တည်း တံတားကလေးပေါ်က ငါးမျှားနေတဲ့အခါမျှားနေ၊ တောလမ်းလျှောက်ပြီး တောကြက်တောငှက်ကလေးတွေ ပြောင်းမှုတ်တဲ့အခါ မှုတ်နေပြီး နေဝင်ကာနီးမှ စောနောင်နဲ့အတူ တဲအိမ်သို့ ပြန်လာကြတယ်။ စောနောင်နဲ့နော်မုန်းတို့မှာလည်း စမ်းချောင်းကလေးထိပ်က ရေတံခွန်နားမှာတစ်လဲ တောင်ပေါ်မှာတစ်လဲဆိုသလိုပဲ ချစ်သူချင်းလက်တွဲပြီး ပျော်ပွဲခံနေကြသပေါ့လေ၊ သူတို့သွားလေရာရာ နောက်မှာလည်း ကျားသစ်နက်ကြီးဟာ တကောက်ကောက် လိုက်နေတာပဲတဲ့။

အဲဒီလိုနဲ့ နေ့တွေရက်တွေ အတော်သာကုန်လာခဲ့ပြီး နောက်ဆုံးမြို့တော်ဝန်ကြီးချိန်းတဲ့နေ့ ရောက်လာပါရော၊ ဦးကြီးတို့ကတော့ ဘုရင်မကိုတွေ့ရပြီလို့ထင်ထားတာ အချိန်ကုန်တော့မှ မြို့တော်ဝန်ဆီက သူငယ်တစ်ယောက်

ပေါက်လာပြီး ဘုရင်မခရီးလွန်နေလို့ ချိန်းတဲ့ရက်မှာ မရောက်လာနိုင်ဘူး၊ နောက်ထပ်စောင့်နေပါဦးလို့ အပြောခိုင်းလိုက်တယ်။

ဦးကြီးတို့ကလည်း ခပ်အေးအေးပဲစောင့်နေကြတာပေါ့၊ စောနောင်ကတော့ တစ်သက်လုံးစောင့်ရတောင် အပန်းမကြီးပေါ့လေ။ သူကောင်မလေးနဲ့နေရာကျနေသကိုး၊ နောက်တော့ ဦးကြီးကလည်း စောနောင်နဲ့လိုက်တဲ့အခါမှ လိုက်တော့တယ်။ တဲအိမ်မှာ အိပ်ချင်တဲ့အခါ ပျင်းပျင်းနဲ့ အိပ်နေရစ်တာပဲ။ တစ်ခါတစ်ခါလဲ ဘုရင်မနေတဲ့ နန်းတော်ခေါ်ကြပါစို့လေ -

အဲဒီအဆောက်အဦကြီးကို အဝေးက မျှော်ကြည့်မိတယ်။ တော်တော်ကြီးကျယ်တဲ့ ကျောက်တိုက်အဆောက်အဦကြီးပါပဲ၊ သစ်ချွန်တွေစိုက်ထားတဲ့ တံတိုင်းရှည်ကြီးနဲ့ ကာရံထားတယ်၊ အဲဒီအထဲကို ဘုရင်မအမိန့်မပါဘဲ ဘယ်သူမှဝင်မလာရဘူးတဲ့။ သူ့ကျောက်တိုက်နန်းတော်ကြီးဟာ ဦးကြီးတို့က ယဉ်အောင်သာခေါ်ရသကိုး၊ ပုံပန်းကတော့ ကျကျနန လှလှပပ မဟုတ်ပါဘူး။ ပေါင်းအိုးကြီးလိုလို၊ ဂူကြီးလိုလို၊ ဘုလုံးလုံး၊ ရှည်လျားလျား တည်ဆောက်ထားတဲ့ အင်မတန်ကြီးတဲ့ ကျောက်တိုက်ကြီးပေါ့လေ။

အဲဒီတိုက်ကြီးရဲ့ အနောက်ဘက်နားမှာ ဦးကြီးတို့နေတဲ့နေရာကလေးလိုပဲ တောင်ကုန်းပေါ်မှာဆောက်ထားတဲ့ တဲကလေးတစ်ခုကိုလှမ်းမြင်ရတယ်။ ဒါနဲ့ မေးမြန်းကြည့်တော့ အရင်တစ်နှစ်ကရောက်လာတဲ့ ဧည့်သည်တစ်ဦးကို နေထိုင်ဖို့ပေးထားတယ်တဲ့၊ အဲဒီလူကတော့ ယခုပညာသင်တပည့်လဲခံတယ်။ ဘုရင်မရဲ့ အမှုကိစ္စတွေကိုလည်း လုပ်ကိုင်ဆောင်ရွက်ပေးတယ်။ နယ်သူနယ်သားတွေရဲ့ အကျိုးရှိရာရှိကြောင်းလည်း ဆောင်ရွက်ပေးတဲ့အတွက် အဲဒီလူကိုဘုရင်မကရော၊ နယ်သူနယ်သားတွေကရော သူ့အပေါ်မှာ တော်တော်ကျေးဇူးတင်ပြီး ခင်မင်မြောက်စားထားတယ်။

ဒါကြောင့်- ဘုရင်မရဲ့ နန်းတော်ထဲကို နေ့နေ့ညည တံခါးမရှိဝင်ထွက်နိုင်သတဲ့။ ယခုလည်း အဲဒီလူဟာဘုရင်မရဲ့ အကျိုးကိုလိုလားအားကြီးတာနဲ့ သံလွင်မြစ်တစ်ဖက်ကမ်းကိုကူးဖြတ်ပြီး ယိုးဒယားနယ်စပ်အထိ နယ်ချဲ့ဖို့ အကြံနှင့် သွားနေတယ်လို့ကြားရတယ်။

ဒါနဲ့ ဦးကြီးကစောနောင်ကို ဒီအကြောင်း တစ်ဆင့်ပြောပြတဲ့အခါ စောနောင်ကလည်း အေးအေးပါပဲ။

"ကျွန်တော်တို့လည်း မှော်ဘုရင်မနဲ့တွေ့ကြတဲ့အခါ တစ်ယောက်အကြောင်း တစ်ယောက်သိကြလို့ရှိရင် ဒီလိုပဲ မြှောက်စား ချစ်ကြည်လာမှပေါ့ အစ်ကိုကြီးရယ်"

လို့ ပြောတယ်။ ဒီလိုနဲ့ မှော်ဘုရင်မကလဲ တော်တော်နဲ့ ပြန်မလာနိုင်ပါဘူး။ တစ်နေ့ တစ်နေ့နဲ့ စောင့်ကြတာလည်း အတော်ကြာခဲ့ပြီ။ စောနောင်ကတော့ သူ့အဆင်နှင့်သူဖြစ်နေလို့ ပျော်တာပေါ့လေ။ တစ်နေ့ဖြင့်လည်း နော်မုန်းနဲ့ ဘယ်နေရာသွားပြီး ဘယ်အနားမှာ ဘာလုပ်ကြတယ်။ ဘယ်စကားပြောပြီး ဘယ်ခရီးသွားကြတယ်နဲ့ ညအိပ်ရာဝင်တိုင်း တီးတိုး တီးတိုးနဲ့ အဖေမကြားအောင်ဖောက်သည်ချနေတာပဲ။

တစ်ခါတလေလဲ သူက "နော်မုန်း"ကို ဘယ်၍ဘယ်မျှချစ်ကြောင်း နော်မုန်းကလည်းသူ့ကို ဘယ်ရွေ့ဘယ်မျှ ချစ်ခင်ယုယကြောင်း သူ့သဘောအရဆိုလျှင် နော်မုန်းနဲ့အတူနေရမည်ဆိုက တစ်သက်လုံးနေနိုင်ကြောင်း တွေပြောနေတာပဲ။ ဦးကြီးကလည်း ကြာတော့ နားကြားပြင်းကပ်လာရော။

"ဟေ့စောနောင် မင်းမှာလည်း ဒါနဲ့ အချိန်ကုန်နေပြီ။ မင်းကတော့ မက်လုံးကလေးရှိလို့ ပျော်မှာပဲ၊ ဒါပေမယ့်လည်း တို့သားအဖက မင်းဘုရင်မ စောင့်စားနေရတာနဲ့ ပျင်းလှပြီကွာ။ ပါလာတဲ့ကုန်တွေလည်း ရောင်းချကုန်သလောက်ဖြစ်နေပြီ။ အဖေကလည်း ပြန်ချင်ပြီပြောပြောနေတယ်။ မင်းကိစ္စက ဘယ်လိုအဆုံးသတ်မှန်း မသိရသေးတာနဲ့ မှော်ဘုရင်မပြန်မလာအောင်ဆိုင်းနေရတယ်။ မှော်ဘုရင်မကလည်း ဘယ်တော့များမှပြန်လာပါ့မလဲဆိုတာ တစ်ညည်းတည်း ညည်းနေတာပဲ"

လို့ပြောလိုက်တော့ -

"အစ်ကိုကြီးကလဲဗျာ၊ ကိုယ့်အကျိုးပြီးတာနဲ့ ပြန်ချင်ကြရောလား။ မှော်ဘုရင်မ ပြန်ရောက်တဲ့အခါ ကျွန်တော်ဒီမှာပဲနေရစ်ရမလား၊ ပြန်လိုက်ရ

မလားမသိသေးဘူး။ နေရစ်ရရင်လည်း အစ်ကိုကြီးတို့သားအဖပြန်ကြတာပေါ့။ ဘုရင်မလာရုံတော့ဆိုင်းပါဦးဗျာ”

လို့ပျာပျာသလဲတောင်းပန်တာပဲ။ တစ်ခါတစ်ခါတော့လဲ ကဝေ တကာ့ဘုရင်မ ဒဏ်ခတ်ထားတယ်ဆိုတဲ့ ဒုက္ခသည်တွေကိုတရားသဖြင့် ကယ်ဆယ်ဖို့ကောင်းတဲ့အကြောင်း စကားစပ်မိသွားတဲ့အခါ စောနောင်ဟာ အမှတ်တမဲ့ မနေတဲ့အကြောင်းသိရတယ်။

“ကျွန်တော်လေ အစ်ကိုကြီး၊ နော်မုန်းနဲ့တွေ့တဲ့အခါတိုင်းလိုလိုပဲ အဲဒီဒုက္ခသည်တွေရဲ့ အကြောင်းစကားစပ်မေးမိတယ်”

“နော်မုန်းရယ် နင်တို့ဘုရင်မရဲ့အမေ ဘုရင်မကြီးဟာ ဒီလူတွေကို ဘယ်တော့မှ ပြန်ဖြေလို့မရအောင် ဒဏ်ခတ်ထားခဲ့သလား”

လို့ မေးတဲ့အခါ -

“ဒီလိုလည်းမဟုတ်ပါဘူး ကိုစောနောင် မယ်တော်ကြီးအလိုကတော့ ဒီလူတွေကိုဘယ်တော့မှ မဖြေချင်ဘူး။ ဘယ်သူမှဖြေလို့ မရအောင်လုပ်ထားခဲ့တယ်။ လုပ်သူကိုယ်တိုင်မဖြေသမျှမပြေဘူး”

တဲ့လို့ ပြန်ပြောတော့ -

“ဟာ- ဒါဖြင့် ဒီလူတွေဒုက္ခပေါ့။ ဒဏ်ခတ်ထားခဲ့တဲ့ ဘုရင်မကြီးသေသွားပြီဆိုတော့ သူတို့ဘယ်တော့မှ ပြန်မကောင်းနိုင်ရှာဘူးနော်၊ ဘယ်သူမှလဲ မတတ်နိုင်ဘူးပေါ့။ နင်တို့ဘုရင်မကလေးကရော အဲဒီလူတွေကို မဖြေနိုင်ဘူးတဲ့လား”

လို့မေးပြန်တာနှင့်-

“ဘုရင်မလေးဆီမှာတော့ သူ့မယ်တော်ကြီးဆီကရလိုက်တဲ့ ဖြေနည်းရော၊ ပြန်ပြီးပြုစားနိုင်တဲ့နည်းရော ရှိတယ်ထင်ပါရဲ့”

လို့ ပြောတယ်-

“ဒါဖြင့် နင်တို့ဘုရင်မကလေးဟာ ဒီဒုက္ခသည်တွေကိုသွားကြည့်ပြီး သနားတဲ့စိတ်ကလေးပေါ်လာတဲ့အခါ ဖြေပေးချင်မှာပဲနော်၊ ဘုရင်မကလေး

ဟာ အတော်သဘောကောင်းတယ်လို့ နင်ပြောတာထောက်ရင် ဒီလူတွေကိုဘာလို့ ပြန်ပြီးဖြေမပေးတာလဲ”

လို့မေးမိတယ်။

“အို ဘုရင်မကလေးဟာ သနားတတ်တာတော့ မှန်ရဲ့၊ ဒါပေတဲ့- အဲဒီလူတွေကိုဖြေဖို့ကတော့ အားကြီးခက်တယ်။ ဖြေလိုက်တာနဲ့တစ်ပြိုင်တည်း ဘုရင်မကိုပြန်ပြီး ခုခံကြလိမ့်မယ်ဆိုတာ အတပ်သိနေတယ်။ ဒါကြောင့်- ကျားသေကို အသက်သွင်းမိသလိုနေမှာစိုးလို့ မဖြေတော့ဘဲနေတယ်”

လို့ပြန်ပြောတယ် “ကျွန်တော်လည်းဒါနဲ့ အားမရသေးဘူးအစ်ကိုကြီးရဲ့၊ ဘုရင်မနဲ့ အကျွမ်းတဝင်ဖြစ်လို့ သူ့ပညာတွေ ကိုယ့်လက်ထဲရောက်တဲ့အခါ အဲဒီဒုက္ခသည်တွေကို ကယ်ဆယ်ချင်တဲ့စေတနာ အမြဲရှိနေပါတယ်အစ်ကိုကြီးရဲ့”

လို့ပြောတာကိုးဆရာလေးရဲ့။ ဒီတော့ ဦးကြီးတို့ကလဲ နေရာကျစေချင်တာပေါ့လေ။

ဒါပေမယ့် မော်ဘုရင်မက ရန်သူအသက်သွင်းပေးရမလားလို့ စောနောင်အပေါ်မှာရန်ငြိုးဖွဲ့ပြီး ဒုက္ခသည်တွေနှင့်အတူ ဒဏ်ခတ်ထားပြန်ဦးမှာလဲ တစ်မျိုးကြောင့်ကြမိတာနဲ့ စောနောင်ကို သူ့ရည်ရွယ်ချက်လူမရိပ်မိအောင် လျှို့ဝှက်ထားဖို့သတိပေးရပြန်တယ်။ စောနောင်ကိုယ်တိုင်ကလည်း အလိမ္မာသဘောနဲ့ နော်မုန်းကလေးကို လှည့်ပတ်ချော့မော့သွေးဆောင်ပြီး -

“နော်မုန်းရယ် နင်တို့ဘုရင်မ စိတ်မဆိုးဘူးဆိုရင် ဒီဒုက္ခသည်တွေကို ကယ်ဆယ်ချင်စမ်းပါဘိတယ်။ ကယ်ဆယ်နိုင်အောင် နင်တို့ဘုရင်မဆီမှာ ပညာသင်တပည့်အဖြစ်နဲ့နေရစ်ရရင် တစ်နေ့ကျဒီလူတွေကို ကယ်ဆယ်နိုင်မလားမသိဘူးကွယ်၊ နင်ကောဘုရင်မရဲ့တပည့်ပဲ ဒီလူတွေကိုမကယ်နိုင်ဘူးလား”

လို့ မေးစမ်းကြည့်တဲ့အခါ၊ နော်မုန်းကလေးဟာ မျက်စိမျက်နှာပျက်သွားပြီး-

"အို .. ကိုစောနောင်ကလည်း ဘုရင်မ မကြိုက်မနှစ်သက်တဲ့ အလုပ်တွေကို စိတ်မကူးစမ်းပါနဲ့၊ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး။ နော်မုန်းလဲ ဘုရင်မနှစ်ဦးဆက်ပြီးလုပ်ထားတဲ့အလုပ်ကို မဖျက်ဆီးဝံ့ဘူး။ ဖျက်ဆီးနိုင် လောက်တဲ့ ပညာစွမ်းလည်းမရှိဘူး။ သေသွားတဲ့ကဝေ ဘုရင်မကြီးရဲ့လက်ရာ ကို ဘယ်လိုကဝေမျိုးမှ လာပြီးမဖျက်ဆီးနိုင်ဘူး -

- ကဲ .. ကိုစောနောင်ရယ် နော်မုန်းနဲ့ အခုလိုချစ်ချစ်ခင်ခင် နေချင်လို့ရှိရင် ဒါတွေကိုစိတ်ကူးမထည့်စမ်းပါနဲ့။ ဒါတွေကိုချည်း ကြံစည်နေလို့ ရှိရင် အကြံမထမြောက်ရုံမကဘူး၊ ကိုစောနောင်နဲ့ နော်မုန်းတို့နှစ်ယောက်စလုံး အတိဒုက္ခ ရောက်ကြဖို့ပဲရှိတယ် ကိုစောနောင်ရဲ့"

လို့ ငိုမဲ့မဲ့ ပြောရှာသတဲ့။ ဒီတော့ စောနောင်ဟာ တော်တော်စိတ်ပျက် သွားဟာပေါ့လေ။ သို့ပေမယ့် နော်မုန်းကလေးကိုလည်းချစ်နေတော့ သူမကြိုက် တဲ့အလုပ်ကိုမလုပ်လိုတဲ့ သဏ္ဌာန်နှင့် ဟန်မပျက်နေခဲ့သတဲ့။ သူ့စိတ်ထဲမှာတော့ အခွင့်သာမယ်ထင်တဲ့အခါမျိုးမှာ မဖြစ်ဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ဇွဲကို အမြဲ မွေးမြူထားတာပဲ။ ဒီလိုနဲ့ပဲ စောနောင်ဟာ နော်မုန်းနဲ့ နေ့ရှိသမျှတောထဲမှာ အချစ်ပွဲခံနေကြပြီး နော်မုန်းရဲ့ လှပကျော့ရှင်းတဲ့ကိုယ်ကလေးဟာ စောနောင်ရဲ့ ရင်ခွင်ထဲမှာ အချစ်ပွဲတော်အုပ်ကလေးအဖြစ်နဲ့ အချစ်ဘောဇဉ်တွေသုံးပြီး ပျော်တပြုံးပြုံးဖြစ်နေလိုက်ကြတာ နေ့တွေရက်တွေကုန်လာတာကိုပင် သတိမရ ရှာကြဘူး။ အချိန်ရှိသမျှမှာ စမ်းချောင်းကလေးဘေးက အမြဲတွေ့ဆုံကြတဲ့နေ ရာမှာ လာတွေ့၊ တွေ့ပြီးအပျော်ကြီးပျော်မွေ့နေကြတယ်။

မှော်ဘုရင်မကလည်း ယနေ့ထက်ထိမရောက်လာသေးဘူး။ မြို့တော် ဝန်ကြီးလုပ်သူကလည်း ဦးကြီးတဲကိုမကြာခဏလာပြီး ဘုရင်မ မလာသေးကြောင်း ဘယ်အထိနယ်လှည့်နေသည်မသိကြောင်းပြောရင်း မျှော်ရင်းနဲ့ပဲနောက်တစ် လလောက်ရှိလာတယ်။ ဒီတော့ မြို့တော်ဝန်ကြီးဟာ သူ့ဘုရင်မအတွက် စိုးရိမ်စပြုလာရော-

ကျောက်နန်းတော်ကြီးထဲမှာလည်း အခြွေအရံတပည့်သားမြေးတွေ ခေါင်းချင်းရိုက်ကုန်ကြပြီ။ မြို့တော်ဝန်ကြီးမှာ-

"ကိုင်း- ငါတို့ဘုရင်မလည်း မပေါ်လာဘူး။ ဘယ်အထိခရီးလွန်နေသလဲ၊ အခါတိုင်း ဘယ်တော့မှ ဒီလောက်ကြာကြာမသွားဖူးဘဲနဲ့ မြုပ်နေတာကေန္တ ငါတို့ဘုရင်မကလေး ဘေးရန်တစ်ခုခုနှင့်တွေ့နေပြီထင်တယ်။ သို့အတွက်နယ်သူနယ်သားများက နယ်နှံ့အောင်တောနင်းပြီး ဘုရင်မကိုရှာကြရမယ်"

လို့ အမိန့်အပြင်းအထန်ထုတ်လိုက်တာနဲ့ မှော်ဘုရင်မကလေးရဲ့တပည့်ငယ်သားများနဲ့ နယ်သူနယ်သားများဟာ အရေးတကြီး တောနင်းပြီးရှာကြပါရော-

ဒီလိုနဲ့ နောက်နှစ်ရက်လောက်ကြာတော့ စောနောင်ဟာ မျက်နှာမသာမယာနဲ့ တဲကိုပြန်လာတာတွေ့ရတယ်။ ခါတိုင်းဆိုရင် နော်မုန်းနဲ့သွားတွေ့ပြီးပြန်လာတိုင်း သူ့မျက်နှာဟာ အမြဲရွှင်လန်းနေတာပဲကိုး။ ဒီနေ့ငါ့ညီထူးပါတယ်၊ ဘာများပါလိမ့်လို့ အိပ်ရာတဲရောက်မှ သူ့ကိုအကျိုးအကြောင်းမေးတော့မယ်ဆိုပြီး အဖေလည်းမကြားအောင် သူ့အနားတိုးတိုးကပ်ပြီး-

"ဟော့ စောနောင်၊ မင်းဒီနေ့ မျက်နှာမသာဘူး။ ဘာများအကြောင်းထူးလာလို့လဲ"

လို့ မေးလိုက်တော့ "ဟာ- အစ်ကိုကြီးရာ နော်မုန်းအတွက်ပါ၊ ကျွန်တော်တို့တစ်လကျော်နှစ်လနီးနီး၊ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်နေကြပြီးမှ ပြုန်းခနဲအကြောင်းတစ်ခုခုကြောင့်ခွဲကြရတော့ သူ့ခမျာကလေးလဲမခွဲချင်ကျွန်တော်ကလဲမခြင်ရမနေနိုင်ဆိုတာလိုဖြစ်ပြီး စိတ်အပျက်ကြီးပျက်ခဲ့ရပြီ။ နက်ဖြန်ကစပြီး ကျွန်တော်သူနဲ့တွေ့နေကျနေရာကို သွားရတော့မှာမဟုတ်ဘူး၊ အစ်ကိုကြီးရဲ့"

လို့ ဝမ်းနည်းသံကြီးနဲ့ ပြောတာနဲ့-

"အို- ဘာကြောင့်တုံးကွဲ့၊ နော်မုန်းကမင်းနဲ့ ဘာပြုလို့ခွဲခွါကြရတာလဲဆိုတော့"

"သူတို့ဘုရင်မကို အရေးတကြီးလိုက်ရှာဖို့ မြို့တော်ဝန်ကြီးက အမိန့်ထုတ်လိုက်တဲ့အတွက် နယ်နှံ့အောင်ခရီးထွက်ရတော့မယ်တဲ့အစ်ကိုကြီးရဲ့၊ သူ့

ခမျာကျွန်တော်ကိုမခွဲချင်ဘဲနဲ့ ခွဲသွားရရှာတယ်ဗျာ၊ သွားခါနီးကျွန်တော့်ကိုယ်ကိုသူ့လက်ကလေးနဲ့တအားဖက်ပြီး အားရပါးရကြီးနူတ်ဆက်လိုက်တာလေ ကျွန်တော့်ပါးတွေ ခုထိနွေးနွေးကလေးကျန်ရစ်ပါသေးတယ်ဗျာ"

လို့ ငိုသံပါကြီးနဲ့ ပြောတာကိုဦးကြီးကလည်း-

"မင်းနှယ်ကွာ- ဒီလောက်ဖြစ်မနေစမ်းပါနဲ့ ယောကျာ်းပဲဟာ သူလဲတစ်ခါတည်း ခွဲသွားတာမှမဟုတ်ဘဲ၊ သူ့ဘုရင်မကိုတွေ့ရင်ပြန်လာမှာပေါ့"

လို့ ပြောတာတောင် -

"ဒါတော့ သိပါရဲ့ အစ်ကိုကြီးရယ်။ သို့ပေမယ့် ကျွန်တော်လေသူ့ကိုအတော်စွဲလမ်းနေပြီခင်ဗျ။ အရင့်အရင်တွေ့ရတဲ့ဟာတွေဆိုရင် ဘယ်သူမှဟုတ်ဟုတ်ငြားငြား မရှိလှပါဘူး။ လူယောင်ဓားနဲ့ခုတ်လို့သေသွားတဲ့ မင်းနှဲ့ကလေးကိုတောင် သေမှသာ ပိုပြီးသနားမိတယ်။

ရှိစဉ်တုန်းက နော်မုန်းကိုချစ်သလောက် လေးလေးနက်နက်မရှိဘူးအစ်ကိုကြီးရဲ့။ အစ်ကိုကြီးမို့ ကျွန်တော်မရှက်ဘဲ ပြောရတော့မယ်။ ကျွန်တော့်မျက်စိထဲမှာ မှောက်ဖြူရေကြီးကို မလုံ့တလုံ ခြုံထားတဲ့နော်မုန်းရဲ့ကိုယ်လုံးကိုကွင်းကွင်းကွက်ကွက်မြင်မြင်နေတာပဲ။ သူ့ကလေးကို ကျွန်တော်ရင်ခွင်ကြားမှာ ပွေ့ပိုက်ထားပြီး ချစ်အားနဲ့ ကျီစယ်ကြပုံကလေးတွေကို တရေးရေးထင်မြင်ပြီး အင်မတန်လွမ်းမိတော့တယ်။

"ဒီဘုရင်မဟာ ဘယ်နေရာသွားပြီး နေမှန်းမသိတဲ့ဟာ သူကလေးကအလကားနေရင်း စပ်ကြားကသွားပြီးရှာရတယ်ဗျာ"

မကျေမချမ်းကြီးပြောပြီး စောင်ကြီးခေါင်းမြီးခြုံ အိပ်လိုက်တာပဲဒါပေမယ့်လည်း အိပ်မပျော်ပါဘူး။ တရှူးရှူးနဲ့သက်ပြင်းကြီးချပြီး တောင်လူးလိုက် မြောက်လှိမ့်လိုက်နဲ့ဟာ ဦးကြီးတရေးနိုးတိုင်းတွေ့ရတာပဲ။ ဒီလိုဖြစ်တာဟာ တစ်ညမဟုတ်ဘူးဆရာလေးရဲ့။ သူနဲ့ နော်မုန်းနဲ့စပြီးခွဲခွါတဲ့နေ့ကစပြီးညတိုင်းညတိုင်း ဒီနည်းချည်း ဖြစ်နေတော့တာပဲ။

နံနက်လင်းပြန်လည်း ထမင်းမှန်း ဟင်းမှန်းမသိနဲ့ နော်မုန်းနဲ့တွေ့နေကျချောင်းကမ်းဘေးသွားပြီး တငေးငေးတငိုင်ငိုင်နဲ့ မှိုင်နေတော့တာပဲ။ ဦးကြီး

မှာတော့ ကြားထဲက အဖေမသိအောင်ဖုံးရတာတစ်မျိုး သူ့ကို တိုးတိုး တိုးတိုးနဲ့ နားချရတာတစ်ဖက်ကြာတော့ စိတ်ညစ်လာရောဆရာလေးရယ်။

ဒီလိုနဲ့ လေးငါးရက်လောက်ရှိတော့ ဦးကြီးတို့တဲအိမ်ကို မြို့တော်ဝန် ဆီကလူရောက်လာပြန်တယ်။ မနေ့ကဘုရင်မပြန်ရောက်လာပြီ၊ အဲဒါ လက် ဆောင်ဆက်စရာများနှင့်အတူ အခုလွှတ်လိုက်တဲ့လူနဲ့ လိုက်ခဲ့ကြပါဆိုတာ အပြောလာတယ်။

ဘုရင်မကြာနေတဲ့အကြောင်းစုံစမ်းကြည့်တော့လည်း ဘာမှမဖြစ်ပါ ဘူး၊ နယ်စပ်ထိအောင် လျှောက်သွားနေတာတစ်ကြောင်း၊ ဘုရင်မအကျိုး ဆောင်မယ်ဆိုပြီး ယိုးဒယားနယ်စပ်ထိအောင်သွားတဲ့ ဧည့်သည်ကိုလည်း တကယ့်စေတနာနဲ့ ဖြောင့်ဖြောင့်တန်းတန်း သွားတယ်မသွားဘူးဆိုတာသိရ အောင် နောက်ယောင်ခံပြီး လိုက်ချောင်းနေတာတစ်ကြောင်းများကြောင့် ရုတ်တရက်ပြန်မရောက် နိုင်တာပါလို့ပြောတယ်။

အခုလည်း အဲဒီအကျိုးဆောင်ဧည့်သည်တော်ရဲ့အကြောင်း ချီးမွမ်း နေသတဲ့။ ဘုရင်မဟာ တပည့်တစ်ဦးတစ်ယောက်ကို ကိုယ်တိုင်စုံစမ်းအကဲ ခတ်တတ်တဲ့အကျင့်ရှိဆိုသကိုး။ ဒါနဲ့တိုတိုပြောမယ်လေ၊ ဦးကြီးတို့တူဝရီးသား အဖဘုရင်မထံဝင်ကြဖို့ပြင်ဆင်နေသပေါ့။

စောနောင်ကတော့ ဘုရင်မပြန်လာပြီဆိုတာနဲ့တစ်ပြိုင်တည်း နော်မုန်းလည်းပြန်ရောက်လာပြီထင်ပြီး သိပ်မျက်နှာရွှင်တာပေါ့လေ။ ဒါတွေ အားမရသေးဘူး။

"ခင်ဗျားတို့ဘုရင်မကို ဘယ်သူရှာတွေ့သလဲ၊ အခုအရှာထွက်တဲ့သူ တွေပြန်ရောက်လာပြီလား"

ဘာလားနဲ့ သွားစစ်နေပါလေရော။ ဒီတော့ဟိုလူက-

"ဘုရင်မဟာ သူ့ဖာသာရောက်လာကြောင်း အရှာထွက်တဲ့လူတွေထဲ က တစ်ဦးတစ်ယောက်နဲ့မှ မတွေ့ခဲ့ရကြောင်း"

ပြန်ပြောတော့ မင်းသားချော စိတ်ပျက်သွားတာပါပဲ။

ဒီလိုနဲ့ မှော်ဘုရင်မနေတဲ့တိုက်ကြီးထဲရောက်လာကြပါရောဆိုပါတော့။ တိုက်ခန်းကြီးက ကျယ်လိုက်တာလွန်ရော၊ ကျယ်သလောက် နံရံတွေမှာ လူအရိုးကောင်တွေ တိရစ္ဆာန်အမျိုးမျိုးရဲ့ အရိုးကောင်တွေ ဆွဲချိတ်ထားတဲ့ အပြင် အင်မတန်ကြောက်စရာကောင်းတဲ့ ထိုးကွင်းမှင်ကြောင်တွေနဲ့ လူအရေခွံအမျိုးမျိုးတွေကိုလည်း ကားကျက်ပြီး နံရံတွေမှာ အလှဆွဲထားတယ်။

တိရစ္ဆာန်အရေခွံဆိုတာလည်း စုံနေတာပဲ။ အပြင်ကခွဲညားသလောက် အထဲမှာ ကြောက်စရာကောင်းတယ်- ဆရာလေးရဲ့။ အောက်သိုးသိုး စူးဝါးဝါး အနံ့ဆိုးကြီးတစ်မျိုးကလည်း နံချက်သားဆိုးလိုက်တာလွန်ရော။

အဲဒါ- ပထမတွေ့ရတဲ့အခန်းကြီးပေါ့လေ။ အဲဒီအခန်းကိုဖြတ်ပြီး နောက်တစ်ခန်းကိုကူးလာပြန်တယ်။ အဲဒီအခန်းကြီးကလည်း အကျယ်ကြီးပဲ၊ ဒီထဲမှာ ဘာတွေရှိသလဲဆိုရင် ထွာဆိုင်လောက်ရှိတဲ့ သစ်ပင်ကြီးတွေကာထားတဲ့ လှောင်အိမ်တွေနဲ့ထည့်ပြီးမွေးထားတဲ့ ကိုးတောင်ပြည့်ကျားကြီးတွေ၊ ကျားသစ်ကြီးတွေ၊ ကျားဖြူ၊ မျောက်ဝံဖြူ၊ မြွေအမျိုးမျိုးထဲမှာ ဆွတ်ဆွတ်ဖြူတဲ့မြွေ၊ ရဲရဲတောက်နီတဲ့မြွေ၊ သပိတ်ရောင်မည်းမှောင်နေတဲ့မြွေ၊ ဖွတ်အမျိုးမျိုး၊ သင်းခွေချပ် အမျိုးမျိုး၊ ဝက်ဝံ၊ အိုး- စုံသွားတာပဲ။

ဒီအထဲ ကျားသစ်နက်ကြီးတစ်ကောင်လည်းပါတယ်။ အဲဒီကျားသစ်နက်ကြီးကို စောနောင်တွေ့လိုက်ရင်ပဲ ဦးကြီးကိုတိတ်တိတ်လက်ကုတ်ပြီး -

"အစ်ကိုကြီး- ဟိုမှာ ကျားသစ်နက်ကြီးလှောင်ထားတယ်။ နော်မုန်းနဲ့ပါတဲ့ ကျားသစ်နက်ကြီးအရွယ်ပဲ၊ အို အားကြီးတူတယ်။ ဧကန္တ နော်မုန်းပြန်ရောက်လာပြီထင်တယ်။ သူရှိရိုးမှန်ရင် နေရာကျတာပဲ အစ်ကိုရဲ့။ ဒီတိုက်ကြီးထဲမှာ သူ့မျက်နှာကလေးမြင်ရမှာပဲ"လို့ အားရဝမ်းသာပြောနေတာနဲ့ လူတွေ မရိပ်မိအောင် အသာလက်ကုတ်ပြီး သတိပေးလိုက်ရတယ်။

ဒါနဲ့ နောက်တစ်ခန်းကို ဖြတ်ကူးရပြန်တယ်။ အဲဒီအခန်းမှာတော့ ဦးကြီးတစ်သက်မမြင်ဖူးတဲ့ တိရစ္ဆာန်ကြီးတစ်မျိုးကိုတွေ့ရတယ်။ သူ့ပုံပန်းက

တော့ ပုတ်သင်ညိုကြီးများလိုပဲ တစ်ကိုယ်လုံးဆူးတွေအတက်တွေနဲ့၊ အရွယ်က တော့ ပုတ်သင်ညိုလိုမငယ်ဘူး ဆရာလေးရေ။ တစ်ကောင်တစ်ကောင်လူ လောက်ရှိတယ်။ အချို့များ လူ့ကိုယ်ထက်တောင်ကြီးသေးတယ်။

တိုက်ခန်းကြီးတစ်ခုလုံးမှာ လွတ်လွတ်လပ်လပ် လွှတ်ထားတာပဲ။ ဟိုသွားဒီသွားနဲ့ လူတွေမြင်တော့ သူတို့က ဆူးတောင်ကြီးတွေကြွပြီး ဒေါသ တကြီးနဲ့ ပါးစပ်ပြင်နေတယ်။ သူတို့အခန်းထဲမှာ လူရိုးတွေ၊ တိရစ္ဆာန်အရိုး တွေပြည့်နေတာပဲ။

ညှီစို့စို့ ပုပ်ဟောင်ဟောင် အနံ့ကြီးကလည်း နံလိုက်တာ။ သူတို့အပေါ် သစ်ပင်ခြောက်ကြီးတွေရှိတယ်။ အကိုင်းတွေပေါ်မှာနားနေတဲ့ လင်းတနီကြီး တွေဟာလည်း တစ်ကောင်တစ်ကောင်မငယ်လှဘူး၊ ငှက်ကြီးဝံပိုကြီးတွေ လောက်ရှိမယ်။

သူတို့ရဲ့ စားကြွင်းစားကျန်တွေကို ထိုးဆိတ်စားနေလိုက်ကြတာ၊ အဲဒီ အခန်းထဲ ဦးကြီးတို့ဖြတ်သွားနိုင်ရုံ လမ်းကလေးကိုဘေးက သံတိုင်၊ သစ်တိုင် တွေနဲ့ အခိုင်အမာ ကာထားလို့သာပေါ့။ နို့မဟုတ် အဲဒီအကောင်ကြီးတွေက အမြီးနဲ့ပုတ်တာနဲ့သေရဲ့။

ဒီလိုနဲ့ လာခဲ့ရာ နောက်ဆုံးအခန်းကျတော့ ဘုရင်မနဲ့တွေ့တာပါပဲ။ ဘုရင်မက အတော်မြင့်မြင့်ကထိုင်လို့ အနားကအခြွေအရံတွေကရပ်လို့ ဘုရင် မရဲ့ အလုံးအရပ်ကတော့ နော်မုန်းတို့လောက်ပဲ။ ဒါပေမယ့် မျက်နှာကစပြီး ခြေသလုံးတစ်ဝက်ထိအောင် သန္တာနီ၊ သန္တာနက်တွေနဲ့ ရက်ချုပ်ထားတဲ့ ပိုက် ကွန်ကွက်လို အထည်ကြီးခြုံထားလို့ မျက်နှာတော့ သေသေချာချာမမြင်ရဘူး။ ခြေဖျား လက်ဖျားကိုမြင်ရတဲ့ အသားအရောင်ဟာ နော်မုန်းလို ဖြူဝါဝါမဟုတ် ဘဲ တို့နီမည်းမည်း- ညိုပုတ်ပုတ်အရောင်ထွက်နေတယ်။ သူ့အနားက အခြွေ အရံမိန်းကလေးတွေကတော့ သူလို ငါလိုတွေပါပဲ။

မြို့တော်ဝန်ကြီးက ရှေ့တည့်တည့်က ခစားပြီး ဦးကြီးတို့ဝင်လာတော့ သူကပဲခရီးဦးကြိုပြု နေရာထိုင်ခင်းပေးပြီး ပါလာတဲ့ မောင်းများ၊ ခြူများ၊

ကြေးစည်များကို ဘုရင်မထံဆက်ပြီး တီးပြကြရတယ်။ ဘုရင်မကလည်း အတော်သဘောကျပုံရတယ်။ ဦးကြီးတို့တတွေ လာတဲ့ကိစ္စကိုမေးတယ်။ ဘုရင်မရဲ့ စကားပြောသံဟာ တိုနံ့နံ့နဲ့ ဒေါသတကြီး ဝေါက်ဝေါက်ပြောလေတော့ ဦးကြီးတို့ဖြင့် လန့်လန့်သွားတာပဲ။ စောနောင်ဆိုတဲ့လူကတော့ ဘာမှမပြောဘဲ ဘုရင်မရဲ့ အခြွေအရံတွေထဲမှာ သူအချစ်နော်မုန်းဂါလေးများပါမလားလို့ လည်တဆန့်ဆန့်ဖြစ်နေတာပဲ။

ဒါပေမယ့် နော်မုန်းရဲ့ အစအနတောင် မမြင်ရပါဘူး။ ဒါနဲ့ မြို့တော်ဝန်ကပြောလို့ စောနောင်ဟာ ပညာသင်တပည့်ခံဖို့ ရောက်လာရကြောင်းသိတော့ ဘုရင်မက-

"ကောင်းပြီ ပညာလိုချင်ရင်မင်းနေရစ်ခဲ့။ ဟိုလူတွေ သူတို့အရပ်ပြန်ချင်ပြန်ပါစေ၊ မပြန်လိုကနေပါစေ၊ ဒါပေတဲ့ ငါ့ရဲ့ပညာမင်းကိုပေးရမှာဖြင့် ကျိန်စာအတိုက်ခံရလိမ့်မယ်။ ငါ့ပညာရတဲ့အခါ ငါ့ကို ကာမပြန်ပါဘူး။ ငါမကြိုက်တဲ့အလုပ်ကို မလုပ်ပါဘူး။ ငါတို့ရဲ့အစီအမံကို ဖျက်ဆီးလိုတဲ့ အကြံအစည်မထားပါဘူး ဆိုတာဓားလျှံ ကိုစိမ်ထားတဲ့ရေနဲ့ သစ္စာရေတိုက်ပေတော့"

လို့ ဆိုတာနဲ့ စောနောင်လည်း မငြင်းနိုင်မရှောင်နိုင်ဘဲ အားလုံးရွှေ့တွင်ပဲ သစ္စာရေသောက်လိုက်ရတယ်။ ပြီးတော့မှ- ဘုရင်မက-

"မောင်မင်း- နက်ဖြန်ကစ၍ နေ့တိုင်းနေ့တိုင်း ငါ့ထံကိုပညာတပည့်ခံဖို့ ဝင်ရမယ်"

လို့- အမိန့်ရှိလေတော့ -

"ကောင်းပါပြီ" လို့ဝန်ခံရတယ်။

ဘုရင်မရဲ့စကားပြောသံကြီးဟာ အင်မတန်ဒေါပါတယ်။ အားကြီးကြောက်စရာကောင်းတာပဲ။ ယိုးဒယားနယ်စပ်သွားတဲ့ ညှော်သည်တော်ပြန်လာပြီး ခစားဖို့ဝင်လာတဲ့အကြောင်း လူငယ်တစ်ယောက်ကလာပြောလို့ ဘုရင်မက-

"ဝင်ခဲ့စေ"

ဆိုတာနဲ့ ဝင်လာတယ်။ လူပုံက နှုတ်ခမ်းမွေးသဲ့သဲ့၊ မြက်ခမောက် ဆောင်းလိုက်လို့ ပြာရင့်ရင့်ရောင် ဘောင်းဘီကြီးနဲ့ ကုန်း ကုန်း ကုန်း ကုန်း လုပ်ဝင်လာတယ်။

ဦးကြီးတို့နဲ့ ဘေးချင်းယှဉ်တဲ့နေရာတစ်ခုမှာ ဝင်ထိုင်အကျိုး အကြောင်းပြောလို့ ဘုရင်မကလည်း သူ့ကို ချီးမွမ်းစကား·ကျေးဇူးတင်စကား ပြောတယ်။ နောက်ပြီး စောနောင်ဘက်ကို လက်ညှိုးထိုးပြပြီး နောက်ရောက် လာတဲ့ ပညာသင်တပည့်ဖြစ်ကြောင်း ပြောဆိုမိတ်ဆက်ပေးတာနဲ့ အဲဒီ-ညှေ့သည်နှင့် စောနောင်ဟာ တစ်ဦးကိုတစ်ဦး လှမ်းကြည့်ပြီး အံ့အားကြီးသင့် နေကြတာတွေ့ရတယ်။

ဘုရင်မဟာ ဒီလူကိုအတော်အရေးပေးတယ်။ မြို့တော်ဝန်ကြီးနှင့် အားလုံးကလည်း အတော်ယုံကြည်ချစ်ခင်နေကြတယ်တဲ့။ ဒါနဲ့ သူတို့ချင်း ဟန် မပျက်နှုတ်ဆက်၊ ဘုရင်မနဲ့လည်း စကားပြောစရာရှိတာပြောပြုပြီး တဲအိမ်ပြန် ရောက်ကြရော။ စောနောင်လည်း မျက်နှာမသာဘူး။ သူ့မျက်နှာမသာပုံက ခါတိုင်းလို နော်မုန်းကို လွမ်းလို့ချည်း ဟုတ်ပုံမရဘူး။ ဒေါသရောင်သန်းနေ တယ်။ ဒါနဲ့ အနားကပ်မေးမြန်းတော့မှ ဟိုမှာတွေ့ခဲ့တဲ့ကောင်ဟာ တခြားသူ မဟုတ်ဘူး။

"ဝင်းပဒေါ" မှာ မင်းနွဲ့နဲ့သူ့ကို ဓားနဲ့ခုတ်ပြေးတဲ့ "လူယောင်" ဆိုတဲ့ အကောင်ပဲတဲ့။ သူက ဒီအရပ်မှာလာပြီး တွင်ကျယ်နေတယ်၊ ဘုရင်မနှင့်တကွ နယ်ကလည်း သူ့ကို ယုံကြည်လေးစားနေရတော့ ဒီမှာသူကတစ်ပန်း သာသလို ဖြစ်နေတယ်။

ဒီကောင်ဟာသူ့ကို မကောင်းကြံပြီး ဘုရင်မကိုအထင်လွဲအောင် ကုန်းချောမလားမသိဘူး။ ရန်သူဟောင်းနဲ့ဖြင့် လာတွေ့ရပြီ၊ တစ်ချီတစ်ပွဲတော့ နွှဲရတော့မှာပဲလို့ ပြောတာနှင့် ဦးကြီးလည်းစောနောင်အတွက်စိတ်မချလို့ အဖေတစ်ယောက်တည်း ပြန်လွှတ်လိုက်ပြီး ညီအစ်ကိုနှစ်ယောက် ကျန်ရစ် ခဲ့ကြတယ်။

စောနောင်ရဲ့ စိတ်လည်း တယ်ကောင်းပုံမရဘူး။ နော်မုန်းပြန်မလာ

လို့ လွမ်းတာကတစ်မျိုး၊ ရန်သူလက်မနီးအောင် သတိထားရတာကတစ်ဖက် ပညာသင်ရာမှာ ဘုရင်မကိုကြောက်ရတာထက် ဘုရင်မအအော်အငေါက် အကြိမ်းအဝါးခံရတာကတစ်ဖက်၊ လက်နက်၊ ဓား၊ လှံ စိမ်ထားတဲ့ သစ္စာရေတွေ သောက်ထားရလို့ စိတ်ထင်တိုင်း မလွန်ဝံ့တာကတစ်နည်း။

ဒီအထဲမှာ သူအချစ်ဆုံးဖြစ်တဲ့နော်မုန်းက ခုထိပြန်မလာ။ ဘုရင်မကို အရှာထွက်တဲ့လူတွေအားလုံး ပြန်ရောက်လာသည့်တိုင်အောင် နော်မုန်းပြန် မလာတော့ စောနောင်မှာ ရင်ကွဲနာကျတော့မလောက်ဖြစ်နေရှာတာပဲ။ အား လပ်တဲ့အချိန်ဆိုသ၍မှာဖြင့် နော်မုန်းနှင့် အမြဲတွေ့နေကျ စမ်းချောင်းကလေး ဘေးမှာ အမှိုင်ကြီးမှိုင်နေတာပဲ။

ဦးကြီးမှာလည်း သူအတွက်စိတ်မချတာနဲ့ ဓားလွယ်တစ်စင်းသိုင်းပြီး သူ့အနီးအပါးမှာ ဒရဝမ်ကြီးလုပ်ပြီး စောင့်ရှောက်နေရတော့တာပဲ။

လူပုံလည်း တမဲ့နေ့တခြားခြောက်ခန်းလာတယ်။ နော်မုန်းကလည်း တစ်ခါတည်းကို စုန်းစုန်းမြုပ်သွားတာပဲ။ သေပဲသေသလားမသိရ။ စောနောင် ကတော့ စိတ္တဇနဲ့ပဲ တနွမ်းနွမ်း တနယ်နယ်နှင့် အလွမ်းသည်ကြီး ဖြစ်ကျန်ရစ် ရှာတယ်။

"ဩော်- နော်မုန်း- နော်မုန်း ကိုစောနောင်ကို ချစ်တယ်ဆိုပြီး ပစ်သွားရက်လေခြင်းကွယ်"

ဆိုတဲ့ ညည်းညည်းညူညူ သက်ပြင်းရှူရင်းပြောလိုက်တဲ့ စောနောင်ရဲ့ အသံဟာ ဦးကြီးရဲ့နှလုံးသားကိုပင် ဖောက်ထွင်းသွားသလို ကြင်နာသနား အခံရခက်သွားမိတော့တာပဲ ဆရာလေးရယ်။ သူတို့ဘဝအကြောင်းက ဤမျှသာ ပေါင်းစေလို့ ပါခဲ့သလားမှ မသိဘဲကိုး။

ကဲ- ကဲ- တော်တော်လဲညဉ့်နက်လှပြီ- ဆရာလေးရဲ့၊ စောနောင်နဲ့ လူ့ယောင်တို့ရဲ့ နောက်ဆပ်အဖြစ်အပျက်တွေကို ပြောရရင်မိုးလင်းတောင်ပြီး ဦးမှာမဟုတ်ဘူး။ ဒီတော့- ယနေ့ည ဒီကပဲရပ်ကြစို့။ နက်ဖြန်ညကျမှ စောနောင်နဲ့ လူယောင်တို့အရေးတော်ပုံမှာ ဘုရင်မကဘယ်ဘက်ကဆိုတာရယ် နော်မုန်းဘယ်အဖြစ်ရောက်သွားတယ်ဆိုတာရယ် ကျောက်ရုပ်တွေ၊ ရွှံ့ပုထဲက

ဒုက္ခသည်တွေအတွက် စောနောင်ဘယ်လို ခဲခဲယဉ်းယဉ်းအသက်စွန့်ပြီး အလုပ်လုပ်ရတယ်ဆိုတဲ့ ဟာတွေကို ဇာတ်ရည်လည်အောင်ပြောပြပါဦးမယ်"

ဟု ဆိုကာ ဦးစောဟုန်စကားဖြတ်၍ အိပ်ရာဝင်သွားတော့သဖြင့် ကျွန်တော်လည်း ရေးသားနေသော မှတ်တမ်းစာအုပ်ကို ဤမျှနဲ့ပဲ တစ်ခန်းရပ်လိုက်ရပါတော့သတည်း။

**ကိုကိုလေး**